www.burmeseclassic.com

လုံး ချင်း ဝ တ္ထု သည်

# လွန်း★တာရို

ပိုးပဝါလေးပေးခဲ့ပါ



ဧပြီ 2012

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

3 MAR 2013

# ပိုးပဝါလေးပေးခဲ့ပါ

## လွန်း★★တာမှီ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်သန်း (မြဲ-၀၉၃၂)<br>ရဲအောင်စာပေ၊ အမှတ်(၂)၊<br>ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)<br>အမှတ်-၂၂၅၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဝိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၀၉၄ |

၈၉၅.၈၃

လွန်းတမို

ဝိုးပါလေးလေးနဲ့ပါ/လွန်းတမို၊ ရန်ကုန်၊

ရဲအောင်စာပေ၊ ၂၀၁၂။

(၂၉၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) ဝိုးပါလေးလေးနဲ့ပါ


အခန်း ( ၁ )

"နင် ... ဆက်မပြောနဲ့ ... ပန်းသစ်တော် ... "

"ဟင် ... "

"နင် ... ငါ့ကို ဘာမှဆက်မပြောနဲ့ ... "

"ဝုန်း ... "

ဒေါသနဲ့ ထ,ရပ်တော့ ... ထိုင်ခုံက နောက်ပြန်လှန်ကာ လဲကျသည်။ အားနဲ့ဆောင့်တွန်းကာ အော်ပစ်လိုက်တာမို့လည်း ပန်းသစ်တော်ကိုယ်လေး ယိုင်သွားကာ ပုခုံးစွန်းလေးပေါ်မှာ ဆံပင်ရှည်တွေ ဖရိုဖရဲလေးဖြစ်ကာ တင်သွား၏။

"အဟင့် ... "

ပန်းသစ်တော် ဝမ်းနည်းသွားတော့ မျက်ရည်နဲ့ရှိုက်သံက တဆက်တည်းကပ်လိုက်သည်။ မျက်နှာလေးပေါ်မှာ လက်ဝါးလေး နှစ်ဖက်ကို ဖြန့်ကာ အုပ်ပစ်လိုက်ရင်း ခေါင်းကလေးကို ငုံ့ချပစ်လိုက်တော့ ဆံပင်ရှည်တွေက ပန်းသစ်တော်ရဲ့ ဝင်းနှစ်သော မျက်နှာလေးတခြမ်းကို ဖုံးကွယ်သွားသည်။

"ဒီမှာ ... နင်အခုမှလာပြီး ငါ့ရှေ့မှာ မျက်ရည်ကျပြနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ငါဘယ်လောက်ထိချစ်တယ်ဆိုတာ နင်သိရဲ့သားနဲ့ ငါ့စိတ်ကို နင်စမ်းနေတာ ... ဒါကိုအကြောင်းအမျိုးမျိုးပြပြီး နင် ငါ့ကို မလှည့်စားနဲ့ ... ငါက နင့်ရဲ့ရည်းစား ... နင့်မျက်လုံးတွေကိုကြည့်လိုက်တာနဲ့ ဒီကိုရောက်မလာခင် လမ်းမှာ နင်ဘာတွေဖြစ်လာတယ် ... ဘာတွေလုပ်လာတယ်ဆိုတာ ငါအကုန်သိပြီးသား"

"အဟင့် ... အဲဒါ ... ဆန္ဒနားလည်အောင် ပန်းသစ်တော် ရှင်းပြခဲ့တယ်လေ၊ ဆန္ဒရဲ့ ... ပန်း ... ပန်းသစ်တော် တောင်းပန်ပါတယ် ဆန္ဒရယ် ... ပန်းသစ်တော်ကို အထင်မလွဲပါနဲ့"

"အဟင့် ... ဟင့် ... ဟင့် ... "

နေရာက CAPITAL HYPER MARKET ထဲက ကော်ဖီဆိုင်လေးမှာ ဖြစ်နေတာမို့ လူအချို့ဝိုင်းကြည့်နေတာကိုလည်း ပန်းသစ်တော် ရှက်ပါသည်။ တကယ်ဆို ဆန္ဒကို သိပ်ချစ်လို့ ဆန္ဒဘဝလေးကို အရမ်းသနားလို့ ပန်းသစ်တော် အရှုံးပေးလာတာပါ။

"ဆန္ဒရယ် ... ဆန္ဒဘာဖြစ်လို့ ပန်းသစ်တော်ကို ဒီလောက်တောင် မယုံမကြည်ဖြစ်နေရတာလဲဟင် ဆန္ဒ ... ဆန္ဒဆီကို လာခါနီးမှာ မေမေက အလစ်မပေးဘဲ စောင့်ကြည့်နေလို့ ပန်းသစ်တော် လာတာ နောက်ကျသွားတာပါ ... လမ်းမှာလည်း ပန်းသစ်တော် ဘာမှမလုပ်ပါဘူး ... ဘယ်သူနဲ့မှလည်း ပန်းသစ်တော်မတွေ့ပါဘူး"

"နင် ... ငါ့ကို မလိမ်နဲ့ ပန်းသစ်တော် ... "

"ဟာ ... ဆန္ဒကို ပန်းသစ်တော် မလိမ်ပါဘူး ဆန္ဒရဲ့ ... "

မျက်ရည်လေးသုတ်ကာ ပန်းသစ်တော် ဖြေမိသည်။

"ဒါဆို ငါမေးတာကို နင်မှန်မှန်ဖြေမလား ... ငါလုံးဝပေါက်ကွဲနေတဲ့ကိစ္စတစ်ခုကို နင်အမှန်အတိုင်းဝန်ခံမလား"

"ဆန္ဒရယ် ... ဆန္ဒကို ပန်းသစ်တော် ချစ်ခဲ့တာ ငယ်ငယ်





လေးကတည်းက ချစ်ခဲ့တာပါ၊ ဒီနေ့အထိလည်း ဆန္ဒတစ်ယောက်တည်းကိုပဲ ပန်းသစ်တော် အရူးအမူးချစ်နေခဲ့တာလေ၊ ဒါကိုတောင် ဆန္ဒဘာဖြစ်လို့ ပန်းသစ်တော်ကို မယုံမကြည်ဖြစ်နေရတာလဲ"

"နင် ... နင် ငါ့ကိုဘာမှ အပိုတွေပြောမနေနဲ့၊ ငါ နင့်ကိုချစ်လာခဲ့တာလည်း နင်တို့ခြံထဲက ရှိသမျှလူတွေအားလုံးရဲ့ အနှိမ်ခံပြီးတော့မှ ချစ်လာခဲ့ရတာ ... ခြံရှေ့ကို ငါလာရပ်တော့လည်း ငါ့ကို မောင်းထုတ်တယ်၊ ခြံထဲကို ကျော်ဝင်တော့လည်း ငါ့ကိုဝိုင်းရိုက်တယ်၊ သူတို့ဘယ်လိုပဲခွဲခွဲ ... ငါနင့်ကိုကွဲခဲ့လို့လား၊ ချစ်တာခြင်းတော့ နင်ငါ့ကို ဘယ်တော့မှ လာမပြိုင်နဲ့ ... အေး ငါချစ်တဲ့နင့်ကိုလည်း ငါ့ရင်ထဲကနေ ဆွဲထုတ်လုယူသွားဖို့ ဘယ်သူမှလာမကြိုးစားနဲ့ ... အခု ... ငါနင့်ကိုမေးမယ်"

"ဟင် ... ဆန္ဒ ဘာမေးမှာလဲ"

"အခု ... နင့်နောက်ကို ဘယ်သူလိုက်လာလဲ၊ အဝါရောင်ပန်းစည်းလေးတစ်စည်းကိုကိုင်ပြီး FAIR LADY အနီရောင်ကားလေးနဲ့ နင့်နောက်ကို လိုက်လာတာ ဘယ်ကလူကြီးလဲ၊ အဲဒါ နင် ငါ့ကိုအမှန်အတိုင်း ဖြေစမ်း ... "

"ဟင် ... "

ဆန္ဒဆီက ဒေါသတကြီး မေးလိုက်သံအဆုံးမှာ ပန်းသစ်တော်ရဲ့ မျက်တောင်ရှည်ရှည်လေးတွေ ပင့်ကော့သွားရတာ အဆုံးထိပါ။ အဲဒါ ... ပန်းသစ်တော် မသိဘူးလေ ဆန္ဒရဲ့ ... ဘယ်က အဝါရောင်ပန်းစည်းလေးလဲ FAIR LADY အနီရောင်ကားလေးနဲ့ ဘယ်လူကြီးက ပန်းသစ်တော်နောက်ကို လိုက်လာလို့လဲ။ ပန်းသစ်တော်ကို နိုင်တယ်ဆိုပြီး ဆန္ဒမတရားမပြောနဲ့နော်။ ဆန္ဒ အဲလိုစွပ်စွဲရင် ဆန္ဒကို ပန်းသစ်တော် တစ်သက်လုံး မုန်းပစ်လိုက်မှာနော်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ပန်းသစ်တော် ... ငါမေးနေတာ နင်ဖြေလေ၊ နင် ငါ့ကို အသေကောင်လို ငေးကြောင်ကြောင်ပြန်ကြည့်မနေနဲ့၊ ဒီကိုလာရင်းနဲ့ လမ်းမှာ နင်တစ်ခုခုဖြစ်လာတာကိုသိလို့ ငါမေးနေတာ ... အဲဒါ ... နင်ဖြေစမ်း ..."

"ဆန္ဒ ..."

ပန်းသစ်တော်ရဲ့ ပုခုံးနှစ်ဖက်စလုံးကို မျက်နှာချင်းဆိုင်ကိုင်လှုပ်ရင်း အပေါက်ကွဲဆုံးမေးနေတာ မင်းဆန္ဒပါ ... ဒီလို ကိုင်လှုပ်တော့ စက္ကူပျော့ဖတ်လေးတစ်ခုလို ဆန္ဒလက်ထဲမှာ ပန်းသစ်တော်တစ်ကိုယ်လုံးယမ်းခါလျှက် ဆံပင်အနားလေးတွေလည်း တဖျတ်ဖျတ်လှုပ်သည်။ နှုတ်ခမ်းလေးတွေလည်း တဆတ်ဆတ်လှုပ်သည်။ မလှုပ်တာက ပန်းသစ်တော်ရဲ့ မျက်တောင်တွေ။

"ဆန္ဒနော် ... ပန်းသစ်တော်ကို အနိုင်မကျင့်နဲ့၊ ဆန္ဒမေးနေတာကို ပန်းသစ်တော် မသိဘူး၊ ပန်းသစ်တော်နောက်ကို ဘယ်သူလိုက်လာသလဲဆိုတာလည်း နားမလည်လို့ ပန်းသစ်တော် ဖြေနိုင်မှာမဟုတ်ဘူး"

"နင် ... နင်တကယ်မသိတာလား ပန်းသစ်တော်၊ အေး နင်မသိရင် ငါဖြေမယ်၊ နင့်နောက်ကို ZARA တံဆိပ်၊ အနောက်တိုင်းဝတ်စုံအပြာရောင်လေးနဲ့ အဝါရောင်ပန်းစည်းလေးကိုကိုင်ပြီး လူတစ်ယောက်လိုက်လာတယ်၊ အဲဒီလူက ဒီကော်ဖီဆိုင်ရဲ့ ဒေါင့်အကျဆုံးစားပွဲမှာ ဝင်ထိုင်နေတယ်၊ နေဦး ... နင်လှည့်မကြည့်နဲ့ဦး။ ငါပြောတဲ့စကားကို နင်ဆုံးအောင်နားထောင်လိုက်ဦး၊ သူ့ဆံပင်ပုံစံက ဘေးနှစ်ဖက်ကို အပြောင်ရှင်းထားတဲ့ ခပ်တိုတိုဆံပင်ပုံစံမျိုး အသားအရည်ကဝင်းပြီးတော့ မျက်နှာထားက တည်တယ်၊ မျက်ခုံးတန်းနှစ်ဖက်ကလည်း ထူပိတ်ပြီးတော့ အလည်မှာ ထိဆက်နေ





တယ်၊ ဟုတ်ပြီနော် ... ပန်းသစ်တော်၊ နေဦး ... နင်မပြောနဲ့ ငါဆက်ပြောမယ်၊ နင့်ကို မတိကျဘဲနဲ့ ငါဘယ်တော့မှ မစွပ်စွဲဘူး၊ နင်နဲ့ဒီလူ ငါမသိတဲ့ နောက်ကွယ်မှာ ပတ်သက်နေတယ် ..."

"ဆန္ဒနော် ... မဟုတ်ဘဲနဲ့ ပန်းသစ်တော်ကိုမပြောနဲ့နော်"

"ဟွန်း ..."

ဆန္ဒနှုတ်ခမ်းလေးက ဟွန့်ခနဲ မဲ့ကျသွားသည်။

"နင်ငါ့ကိုမလိမ်နဲ့၊ နင်နဲ့ဒီလူပတ်သက်နေလို့ ဒီလူအတင့်ရဲနေတာ၊ ဒီနေ့တစ်ကြိမ်ပဲ နင့်နောက်ကိုလိုက်ရင် ငါမပြောဘူး၊ အခု ဒီလူ နင့်နောက်ကိုလိုက်တာ ဒီတစ်ကြိမ်ပါနဲ့ဆိုရင် သုံးကြိမ်ရှိသွားပြီ"

"ဘုရားရေ ... ဒီလူလိုက်တာ သုံးကြိမ်တောင်ရှိသွားပြီ ဟုတ်လား ..."

ပန်းသစ်တော် အံ့သြသွားတာ ယုံတောင်မယုံနိုင်။

ဆန္ဒရဲ့ အေးစက်စက် မျက်ဝန်းတွေကို စိုက်ကြည့်ရင်း ပန်းသစ်တော်ရဲ့ နှုတ်ခမ်းလေးတွေက တဆတ်ဆတ်ပိုတုန်လာသည်။ ဆန္ဒမဟုတ်တာ ပြောနေတာလည်း မဖြစ်နိုင်ပါ။ ငယ်ငယ်လေးကတည်းက ပန်းသစ်တော်အပေါ်မှာ အမြဲယုံကြည်လာတဲ့ ဆန္ဒပဲ ... ယုံကြည်လို့လည်း ပန်းသစ်တော် ဘယ်လိုပဲနေနေ ဆန္ဒက အမြဲခွင့်ပြုလာခဲ့တာ၊ ကျောင်းက ယောက်ျားလေးသူငယ်ချင်းတွေနဲ့ တတွဲတွဲသွားလာနေတာတောင် လုံးဝသဝန်မတိုတတ်ခဲ့တဲ့ ဆန္ဒက မဟုတ်ဘဲနဲ့ ဒီလောက်ပေါက်ကွဲနေပါ့မလား။

ဒီလူ ပန်းသစ်တော်နောက်ကို တကယ်လိုက်နေလို့ ဆန္ဒ ဒေါသူပုန်ထသွားတာ။ ကြည့်ပါဦး ... လိုက်တာတောင် သုံးကြိမ်ရှိသွားပြီတဲ့။ ဘယ်တုန်းကလိုက်ခဲ့တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းသစ်တော် နှုတ်ကတဖွဖွရွတ်ရင်း ခေါင်းကလေးခါ ငြင်းပေမယ့် ဒါကို လက်မခံတဲ့ဆန္ဒက မျက်နှာတစ်ခုလုံးရဲလျှက် ပန်းသစ်တော်ရဲ့မျက်ဝန်းတွေကိုပဲ အသေစိုက်ကြည့်ကာ စကားကို တစ်လုံးခြင်း ဆက်ပြောသည်။

"ဒီမှာ ... နင် ငါ့မျက်လုံးတွေကို သေသေချာချာစိုက်ကြည့်စမ်း၊ လိပ်ပြာမလုံဘဲ နင်မျက်တောင်တစ်ချက်ခတ်တာနဲ့ နင်နဲ့ငါနဲ့ နှစ်ယောက်ကြားမှာ လုံးဝပွဲသိမ်းသွားမယ် ... ငါ နင့်ကိုစွပ်စွဲနေတာ၊ မသေချာဘဲနဲ့ စွပ်စွဲနေတာမဟုတ်ဘူး၊ နင်မှတ်မိတယ်မို့လား၊ Super one ရှေ့က ကော်ဖီဆိုင်လေးထဲမှာ နင်လာတာ နောက်ကျနေလို့ နင်နဲ့ငါ စကားများတဲ့နေ့က နင်စီးလာတဲ့ တက္ကစီကားလေးနောက်မှာ၊ ဒီလူစီးတဲ့ FAIR LADY ကားအနီရောင်လေးက ကပ်ပြီးတော့ ပါလာတာ၊ နင်ကားပေါ်ကဆင်းပြီး ဆိုင်ထဲဝင်လာတော့လည်း ဒီလူ နင့်နောက်မှာပါတယ်၊ ဆိုင်မှာထိုင်တော့လည်း နင်နဲ့မျက်နှာချင်းဆိုင်ဖြစ်မယ့်ထိုင်ခုံမှာ ဒီလူ တမင်ရွေးပြီးတော့ ဝင်ထိုင်သွားတာ ကော်ဖီတစ်ခွက်နဲ့အသားညှပ်ပေါင်မုန့်မှာပြီး နင့်ကိုတစ်ချိန်လုံးစိုက်ကြည့်သွားတာ ... ဒီလူ့ကို နင်သိကိုသိရမယ်"

"ဟား ... ပြဿနာပဲ ဆန္ဒရယ်"

"နင် ... မငြင်းနဲ့ ..."

ပန်းသစ်တော်တစ်ကိုယ်လုံး ကိုင်ရိုက်ပစ်လိုက်သလို ရပ်နေရတာတောင် ခြေက မခိုင်ချင်တော့ပါ။ ဆန္ဒနဲ့ ပန်းသစ်တော်ကြားမှာ ဒီလို ပြဿနာတွေ ဖြစ်လာအောင် ဒီလူ သက်သက်မဲ့ ဖန်တီးနေတာပါ။ ပြောရရင် ဆန္ဒနဲ့ပန်းသစ်တော်ကို ဘယ်တော့မှ ဆုံဆည်းမသွားအောင် နည်းလမ်းပေါင်းစုံနဲ့ခွဲဖို့ ကြိုးစားချင်နေတဲ့ အသိုင်းအဝိုင်းတွေက မျက်လုံးဒေါက်ထောက်ကြည့်နေကြတာ။





အဆိုးဆုံးက ပန်းသစ်တော်ဘက်က ဆွေမျိုးအသိုင်းအဝိုင်းတွေ။ ဆန္ဒကို ငယ်ငယ်တုန်းကပဲ နိုင်းချင်သလို နိုင်းခဲ့သလို ဆယ်တန်းဖြေတဲ့နှစ်ကိုရောက်တော့မှ ခြံထဲကိုတောင် အဝင်မခံတော့ဘဲ ခပ်တင်းတင်းပြောပြီး မောင်းထုတ်ခဲ့တာတွေ ... ဒါတွေ ဘာကြောင့်ဖြစ်ခဲ့ရတယ်ဆိုတာ သိခဲ့ပေမယ့် အဓိက အဖြေကတော့ မဟုတ်မခံ စတ်ဇတ်ကြီလေးနဲ့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ဆန္ဒမိုက်ခဲ့တာရယ် ပန်းသစ်တော်တို့နဲ့ ဘေးခြင်းကပ်ခြံထဲမှာ သစ်သားအိမ်စုတ်အဟောင်းလေးနဲ့နေပြီး ဆန္ဒတို့မိသားစုလေး ဆင်းရဲနေခဲ့တာရယ်၊ ဒီအဖြေနှစ်ခုကြောင့် သိပ်ချစ်ကြတဲ့ ဒီနှစ်ယောက်ကို အမျိုးမျိုးခွဲဖို့ သူတို့ကြိုးစားခဲ့တာ ပန်းသစ်တော် မသိဘဲနေပါ့မလား။

အခုလည်း အဝါရောင် ပန်းစည်းလေးနဲ့လိုက်လာပြီး ဆန္ဒကို အထင်လွဲအောင် ကြိုးစားနေတဲ့လူတစ်ယောက်က ပန်းသစ်တော်နောက်ကို သေချာပေါက်လိုက်လာခဲ့ပြီလေ။ ပန်းသစ်တော် ဘယ်လိုလုပ်ရမလဲ။ မဟုတ်ပါဘူး မပတ်သက်ပါဘူးဆိုတာ ဆန္ဒယုံအောင် ပန်းသစ်တော် ဘယ်လိုသက်သေပြရမလဲ။

"နင် ... မငြင်းနဲ့ ပန်းသစ်တော်၊ နင်ငါ့ကိုငြင်းဖို့ လုံးဝမကြိုးစားနဲ့သိလား၊ ဒီမှာ ... နင့်ကို ငါထပ်ပြောမယ်၊ ငါ့မျက်လုံးကို နင်သေသေချာချာစိုက်ကြည့်၊ လိုက်လာတဲ့ နင့်အကောင်ဘက်ကို လှည့်ကြည့်ဖို့ နင်မစဉ်းစားနဲ့ ... ဒီလူ့ကို ဒုတိယအကြိမ်ထပ်တွေ့တာ HAPPY WORLD မှာ သရဲရထားစီးတုန်းက ထပ်တွေ့တာ၊ အဲဒီနေ့ တက္ကစီပေါ်က နင်ဆင်းလာတုန်းကလည်း နင့်နောက်မှာပါလာတာ၊ အဲဒီ FAIR LADY ကားအနီလေးပဲ၊ ငါတို့ သရဲရထားစီးတော့ သူလည်းလိုက်စီးတယ်၊ ငါတို့ဘုရားပေါ်တက်တော့ သူလည်းလိုက်တက်တယ်၊ ဟော ... အခုလည်းကြည့်၊ နင်ရောက်လာတာနဲ့ နင့်



www.burmeseclassic.com

www.burmeseclassic.com



ကား နောက်မှာ ဒီလူ ...”

“ဟင့်အင်း ... ဟင့်အင်း ... အဲဒါ ပန်းသစ်တော်နဲ့ ဘာမှ မပတ်သက်ဘူး၊ ဒါ ... ဒါ ... ဆန္ဒနဲ့ပန်းသစ်တော်ကို မကွဲကွဲအောင် တမင်ဖန်တီးဖို့ လိုက်လာတာပဲနေမှာ ... ပန်းသစ်တော်ပြောတာကို ယုံပါဆန္ဒရယ် ... ပန်းသစ်တော် ဆန္ဒကို မလိမ်ပါဘူး ... နော် ဆန္ဒ ... နော် ...”

“ငါ ... မယုံဘူး ...”

“ဟင် ... ဆန္ဒ ...”

“နင်နဲ့မပတ်သက်ပါဘူးဆိုတာ ငါယုံအောင်တော့ နင်တစ်ခုခုနဲ့သက်သေပြရလိမ့်မယ်၊ နင်ပြတဲ့သက်သေကို ငါ့မျက်လုံးတွေနဲ့ မြင်ချင်တယ်”

“နင် ... နင်တကယ့်မြင်ချင်တာလား ဆန္ဒ ...”

“အဲဒါ လုံးဝအစတိအကျပဲ ... ငါသိချင်တာက သူနင့်နောက်ကို တကယ်လိုက်ခဲ့သလား၊ မလိုက်ခဲ့ဘူးလားဆိုတာရယ်၊ လိုက်ခဲ့ပါတယ်လို့ ဒီလူအမှန်အတိုင်းဝန်ခံခဲ့ရင် နင်ဘယ်လိုတုန့်ပြန်မလဲဆိုတာ ငါမြင်ချင်တယ် ...”

“ရတယ်လေ ဆန္ဒ ... ဆန္ဒယုံအောင် ပန်းသစ်တော် တစ်ချက်တည်းဖြေရှင်းပြမယ် ... ဒီလူ ပန်းသစ်တော်နောက်ကို တကယ်လိုက်ခဲ့တာမှန်ရင် ဆန္ဒနဲ့ မကွဲ့ကွဲအောင်ခွဲဖို့ ဒီလူ တမင်ညစ်စုတ်ပတ်ပြီး လိုက်လုပ်တာပဲဖြစ်မယ်”

“ကဲ ... နင်သွားတော့ ပန်းသစ်တော်၊ နင့်ကိုယ်ကို ချာခနဲလှည့်လိုက်တာနဲ့ ဒီလူနဲ့နင် မျက်လုံးအကြည့်ချင်းဆုံသွားမှာ နင်အလှပဆုံးဘယ်လိုသက်သေပြမလဲဆိုတာ ငါရင်ခုန်ခြင်းများစွာနဲ့ နင့်ကိုစောင့်ကြည့်နေမယ် ... ဟုတ်ပြီနော် ပန်းသစ်တော် ... ကဲ





ဒီလူကို နင်လှည့်ကြည့်လိုက်လို့ရပါပြီ”

“ဟွန်း ...”

နှုတ်ခမ်းလေးကို ဆတ်ခနဲမဲ့ပြီး ကိုယ်ကလေး ချာခနဲလှည့်ပစ်လိုက်တာ ပန်းသစ်တော်ရယ်လေ။ ဒီလိုအခြေအနေမျိုးကို တစ်ဖက်က ဖန်တီးလာခဲ့ပြီဆိုတော့ ပန်းသစ်တော် ဘယ်သူ့ကို ဂရုစိုက်ဖို့ လိုတော့မှာလဲ။

ပန်းသစ်တော် ရူးခနဲစိုက်ကြည့်လိုက်မိတာ နက်ပြာရောင်အနောက်တိုင်းဝတ်စုံလေးကို သေသပ်ကျနစွာ ဝတ်ဆင်ထားသည့် လူတစ်ယောက်။ စားပွဲပေါ်မှာလည်း ဆန္ဒပြောတဲ့ အဝါရောင် ပန်းစည်းကလေးကိုတင်လို့။

ဘယ်ဆိုးလို့လဲ။

ပန်းသစ်တော် လျှောက်လာတာကို မျက်တောင်ရှည်တွေ ချွတ်ခနဲ တစ်ချက်ကော့ကြည့်ကာ မသိသလို မဆိုင်သလို မျက်နှာလေးကို လွှဲပစ်လိုက်တာလေးက တကယ့်ကို အသည်းယားစရာလေးပါလား။

“ဖြောင်း ...”

“ဒေါင်း ...”

နံ့လွတ်တစ်လုံးကို ခပ်ကြမ်းကြမ်းဆွဲယူကာ သူနဲ့မျက်နှာချင်းဆိုင်ခုံမှာပဲ ပန်းသစ်တော် ခပ်တည်တည်ဝင်ထိုင်လိုက်တော့ ဖြူဖျော့ကျသွားတဲ့ သူ့မျက်နှာလေးက တအံ့တဩလေးနဲ့။ သူတစ်ကိုယ်လုံးကပဲ အေးစက်သွားခဲ့သလိုလို။

“မင်း ... မင်း ... ဘာဖြစ်လို့ ကိုယ့်ဆီကို ...”

အထိတ်တလန့် မော့ကြည့်ရင်း ခုန်ထွက်ကျလာသည့် စကားလုံးတွေကလည်း ချောမွေ့မှုမရှိသလို အဆက်အစပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ပိုဆိုးတာက ပင့်ကော့သွားသည့် မျက်တောင်တွေကိုလည်း ဟန်ဆောင်ကောင်းစွာနှင့် လှပအောင် သူကပြန်မသိမ်းနိုင်ခဲ့တာဘဲ ဖြစ်သည်။

"ဟွန်း … တဆိတ်လောက် ကျေးဇူးပြုပြီးတော့ ရှင်နဲ့ကျွန်မ ဆွေးနွေးပါရစေ၊ ရှင့်ကြောင့် ကျွန်မတို့ချစ်သူနှစ်ယောက် ပြဿနာ ဖြစ်နေတာ ရှင်မြင်တယ်မို့လား … အဲဒါ … အဝါရောင်ပန်းစည်း လေးတစ်စည်းကိုကိုင်ပြီး ကျွန်မနောက်ကို ရှင်သေချာပေါက် လိုက် လာတယ်ဆိုတဲ့ စွပ်စွဲချက်တစ်ခုကို ကျွန်မ ဖြေရှင်းနေရလို့ ရှင့်ကို ပြတ်ပြတ်သားသားပဲ ကျွန်မလာမေးတာ၊ ကျွန်မချစ်သူက ရှင် … ကျွန်မနောက်ကိုလိုက်တာ သုံးကြိမ်ရှိသွားပြီလို့ ကျွန်မကို အတိကျ ဆုံး စွပ်စွဲနေတယ် … အဲဒါ ဟုတ်သလား …"

"မင်း … စိတ်မဆိုးရင် ကိုယ်အမှန်အတိုင်းဝန်ခံမယ်၊ ကိုယ့် နာမည် လရောင်ခေတ်ပါ … ဟုတ်တယ်၊ မင်းကိုစိတ်ဝင်စားလို့ ကိုယ်လိုက်တယ် … "

"ဘာ … ဘာပြောတယ်"

ပန်းသစ်တော် ဝုန်းခနဲပြန်ထ,လိုက်သလို ဖြန်းခနဲ မြည်သွား အောင်လည်း သူ့ပါးတစ်ဖက်ကို အရှိန်ပြင်းပြင်းနဲ့ ရိုက်ချလိုက်သည်။

"ဖြန်း … "

ရိုက်ချလိုက်တာ အရှိန်ပြင်းပေမယ့် သူက နာကျင်ဟန် လေးတောင်မပြဘဲ လည်ထွက်သွားတဲ့ မျက်နှာလေးကို နေရာ တကျဖြစ်အောင် ပြန်ဆွဲယူလိုက်တာလေးက တကယ့်ကို သေသပ် တိကျနေခဲ့၏။ ပတ်ဝန်းကျင်တစ်ခုလုံး ဟာခနဲ ဟင်ခနဲ တုန်လှုပ် သွားချိန်မှာ သူက တကယ့်ကို ဘာမှဖြစ်မသွားတဲ့အတိုင်း အပြုံး လေးတစ်ခုနဲ့ ပန်းသစ်တော်ကို မော့ကြည့်သည်။





"ဒီအဖြေဟာ ကိုယ်သိပ်လိုချင်နေတဲ့ အဖြေတစ်ခုဆိုရင် မင်း လက်ခံနိုင်မလား ပန်းသစ်တော် … မင်းရဲ့ အဲဒီလို တုန့်ပြန်မှုကို ကိုယ်သိပ်ကျေနပ်တယ်သိလား … "

"ရှင် … ရှင် … "

"ပန်းသစ်တော် … ရပြီ၊ နင်ဆက်မပြောနဲ့တော့ … "

ဒီဘက်စားပွဲဝိုင်းလေးကို ဆန္ဒလျှောက်လာတာ အပြုံးမဲ့မဲ့ လေးနဲ့ …

"ငါ … ပြောမယ် … "

ခပ်တည်တည်ပဲ ဆန္ဒ ဝင်ထိုင်သည်။

"ခင်ဗျား … ခင်ဗျား … ဘာသဘောနဲ့ ကျွန်တော့်ကောင် မလေးနောက်ကို လျှောက်လိုက်နေတာလဲဟင် … ခင်ဗျား မရှက် ဘူးလား … "

ပန်းသစ်တော်ကတော့ တဆတ်ဆတ်တုန်နေသည့် နှုတ်ခမ်း လေးတွေကို အတင်းဖိကိုက်ကာ ထိန်းချုပ်ထားရဆဲ။ အပြောခံ လိုက်ရသည့် ဒေါသကြောင့် မွန်ထူပြီး ရိုက်ချပစ်လိုက်တာကို ပြန် တွေးလိုက်မိတော့ ကိုယ့်ကိုယ်ကိုယ်လည်း မယုံနိုင်။ ခုတော့ ဆန္ဒ ကပါ ထပ်လိုက်လာပြီး အဲဒီလူနဲ့ မျက်နှာချင်းဆိုင် ဖြေရှင်းဖို့ ကြိုး စားနေသည်။ ပန်းသစ်တော် ဆန္ဒနောက်မှာပဲ သည်အတိုင်းလေး ရပ်နေလိုက်မိ၏။

"ဟွန်း … ကိုယ် ဘာရှက်စရာလိုလို့လဲ မင်းဆန္ဒ … "

"ဟာ … ခင်ဗျားက ကျွန်တော့်နာမည်ကို သိနေတယ်"

ကြည့်စမ်း … ဒီလူ …

ဘယ်အချိန်ကတည်းက သူနဲ့ပန်းသစ်တော်ကြားထဲကို စွက် ဖက်နှောင့်ယှက်ဖို့ ပြင်ဆင်ထားခဲ့တာလဲ။ ပန်းသစ်တော် တုန့်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သွားတာကို လက်ခံနိုင်ပေမယ့် ဒီလူ့အနေအထားကိုတော့ ဆန္ဒ လက်မခံနိုင်ပါ။

မျက်တောင်တွေကော့လျှက် စိတ်ထိန်းကာ ဒီလူ့မျက်နှာကို ပဲ ဆန္ဒမော့ကြည့်သည်။ ခုမှ အနီးကပ်လေး ဆန္ဒသတိထားလိုက်မိ တာက ဒီလူရဲ့ တည်တင်းတဲ့မျက်နှာထားနဲ့ တိကျတဲ့ လေယူလေ သိမ်းကိုပါ။ အနောက်တိုင်းဝတ်စုံကို ဝတ်ထားတာလည်း တကယ့် ကို သေသပ်ခမ်းနားလို့။ တစ်ခုပဲ ဆိုးဝါးနေတာက ရည်းစားရှိနေတဲ့ ကောင်မလေးနောက်ကို လိုက်နေတာ ဒါကို ... ဒီလိုခပ်ပြတ်ပြတ် မဖြေရှင်းလို့ရမလား။

"ခင်ဗျား ... ခင်ဗျား ပြဿနာမရှာနဲ့နော် ဟေ့လူ"

မာမာထန်ထန်ပဲ ဆန္ဒက ဆက်ပြောသည်။

မျက်နှာထားကလည်း စောစောကထက် နှစ်ဆမာသွား၏။

ဒါကိုလည်း အဲဒီလူ တုန်လှုပ်ဟန်မပြ။

"ဟုတ်တယ် ဆန္ဒ ... မင်းတို့နှစ်ယောက်စလုံး စွပ်စွဲခဲ့သလို ပဲ ကိုယ်ပန်းသစ်တော်နောက်ကို လိုက်ခဲ့မိတာ ... ကိုယ်ဝန်ခံတယ်၊ ကိုယ်သူ့ကို စိတ်ဝင်စားသွားလို့ပါ"

"တော်ပြီ ဟေ့လူ ... ခင်ဗျား ဆက်မပြောနဲ့တော့"

ဆန္ဒအသက်ရှူမှားကာ မျက်တောင်လည်း မခတ်နိုင်တော့။

"နင် ... ကြားတယ်နော် ဆန္ဒ ... ဒါ ... [illegible] စွဲချင်လို့ ဒီလူတမင်သက်သက် လိုက်နေတာ၊ အဲဒါ နင်အပြတ်[illegible]"

"မှားတယ်"

"ဘာပြောတယ် ... "

"ဘယ်သူ့ပယောဂနဲ့မှ မင်းနောက်ကို ကိုယ်လိုက်ခဲ့တာ မဟုတ်ဘူး ပန်းသစ်တော် ... ကိုယ်က လရောင်ခေတ်ပါ၊ ကိုယ့်ကို





ဘယ်သူမှ အမိန့်ပေးလို့ မရသလို ဘယ်သူပေးတဲ့အမိန့်ကိုမှလည်း ကိုယ်က နာခံမှာမဟုတ်ဘူး ... အဲဒါ မင်းတို့နှစ်ယောက်စလုံးကို ကိုယ်အပြတ်သားဆုံးပြောနေတာ ... မမျှော်လင့်ဘဲ ပန်းသစ်တော် စီးသွားတဲ့ တက္ကစီကားလေးပေါ်မှာ သူ့ကိုတွေ့လိုက်ရလို့ ကိုယ့် စိတ်တွေ လှုပ်ရှားသွားပြီး လိုက်ခဲ့တာ"

"ခင်ဗျား ... ခင်ဗျား ... နားမလည်ဘူးလားဟင် ... ဦးလရောင်ခေတ်၊ ပန်းသစ်တော်က ကျွန်တော့်ရည်းစားလေ၊ ခင်ဗျားလို အဆင့်အတန်းမျိုးနဲ့ ရည်းစားရှိနေတဲ့ ကောင်မလေးကို စိတ်ဝင်စားစရာလား၊ ပထမဆုံးတစ်ခေါက်က မသိလို့ လိုက်ခဲ့တာ ကို ကျွန်တော် မကန့်ကွက်ချင်ပေမယ့် ခုတော့ ... ခင်ဗျားကြည့်စမ်း ပန်းသစ်တော်နောက်ကို ခင်ဗျားလျှောက်လိုက်နေတာ ဘယ်နှစ် ခေါက်ရှိနေပြီလဲ"

"ဟုတ်တယ် ဆန္ဒ ... ကိုယ့်ရဲ့အဲဒီလို အပြုအမူတွေအတွက် မင်းကိုယ့်ကို ကြိုက်သလို စွဲချက်တင်နိုင်တယ်၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာ ထိပါးအောင် စော်ကားမယ်ဆိုလည်း ကြိုက်သလို စော်ကားခွင့်ရှိ တယ်"

ရင်ထဲမှာ လှိုက်ဖြာတက်လာတဲ့ ဒေါသတွေကို ဆန္ဒဘယ်လို ထိန်းရပါတော့မလဲ။ ကြိုက်သလို စွဲချက်တင်ပါတဲ့။ ကြိုက်သလို စော် ကားပါတဲ့။ ဟွန်း ... အဲဒါ ခင်ဗျားပြောမှလား၊ ကျွန်တော်မကျေနပ် နေတာက ခင်ဗျားလုပ်ရပ်တွေကို မကျေနပ်နေတာ၊ ဒါကို ခင်ဗျား ဘယ်လိုဖြေရှင်းမလဲ။

"ကိုယ် မရှက်ပါဘူးဆန္ဒ ... စိတ်ဝင်စားတာထက်ပိုတဲ့ ရင် ခုန်သံတစ်ခုကြောင့် ချစ်သူရှိနေတဲ့ ကောင်မလေးတစ်ယောက် နောက်ကို အရှက်မဲ့စွာ သိက္ခာမဲ့စွာ ကိုယ်လိုက်ခဲ့မိတာကို ဝန်ခံ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုယ့်ရဲ့တစ်ဖက်သတ်ဆန်တဲ့ ရူးသွပ်မှုတွေကို ရုတ်သိမ်းပစ်ဖို့ အကြိမ်ကြိမ်အခါခါ ကိုယ်ကြိုးစားကြည့်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး၊ ဒါပေမဲ့ ... ဒီနေ့ကတော့ ကိုယ်ဆုံးဖြတ်ထားခဲ့တာတွေနဲ့ ဆန့်ကျင်ဘက်အရာတွေ ပြောင်းလွဲသွားခဲ့ပြီဆိုတာ ကိုယ်နားလည်လိုက်တယ်၊ တကယ်ဆိုရင် ဒီနေ့ ... ပန်းသစ်တော်နောက်ကို ကိုယ်လိုက်လာတာ ဒီအဝါရောင်ပန်းစည်းလေးနဲ့ ဆန္ဒတို့ချစ်သူနှစ်ယောက်ကို ဂုဏ်ပြုပေးအပ်ထားခဲ့ပြီးတော့ နိုင်ငံခြားကို ကိုယ်ထွက်သွားတော့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကိုယ်လိုက်ခဲ့တာပါ"

"အို ... ဒါဆို ... ရှင် ... ရှင်က ... "

ကိုယ်ပြုမိတဲ့ အမှားကြောင့် ပန်းသစ်တော်တစ်ကိုယ်လုံး ရှိန်းမြလျှက်။ ဆန္ဒကလည်း ပန်းသစ်တော်ကို လှည့်ကြည့်သည်။

ဒီအချက်ကိုပဲ မယုံနိုင်အောင် အံ့ဩသွားတဲ့သဘော။

"ဒါပေမဲ့ ... ခုတော့ ကိုယ့်ရဲ့ပါးတစ်ဖက်ကို လူပုံအလယ်မှာ ပြင်းပြင်းထန်ထန် ရိုက်သွားခဲ့တဲ့အတွက် ကိုယ့်ဆုံးဖြတ်ချက်ကို ပြောင်းပြန်လှန်လိုက်ပါပြီ"

"ဟင် ... ဘယ်လိုပြောင်းပြန်လှန်လိုက်တာလဲ"

"ကိုယ် ... ပန်းသစ်တော်ကို ရအောင်လက်ထပ်ယူတော့မယ်"

"ဟာ ... ခင်ဗျား ... "

"ဖြောင်း ... "

"ခွမ်း ... ချလွမ်း ... "

ဆန္ဒ ဝုန်းခနဲအထမှာ ခုံစောင်းနဲ့တိုက်မိကာ စားပွဲပေါ်က ကော်ဖီပန်းကန်တွေ ကြမ်းပြင်ပေါ် လွင့်စင်ကျပြီး ခွမ်းခနဲ ချလွမ်းခနဲ ကျကွဲသွားသည်။





"ခင်ဗျား ... ခင်ဗျားက ပန်းသစ်တော်ကို ဟုတ်လား ... [illegible] ... ဟား ... "

ဆန္ဒက ကိုယ်ကလေးကို တပတ်လှည့်ကာ တဟားဟား [illegible]ရယ်ချလိုက်တော့ ပုခုံးစွန်းနှစ်ဖက်ပေါ်က ဆံပင်ရှည်လေး [illegible]ကပါ ဘယ်ညာလေးဝဲကာ၊ တဖျတ်ဖျတ်ယမ်းသွားသည်။ [illegible]တော်အောက်တန်းကျတဲ့လူ။ တော်တော်ဂုဏ်သိက္ခာမဲ့တဲ့ [illegible]။ ချစ်သူရှိနေတာကို သိသိကြီးနဲ့ သူကပဲ ပန်းသစ်တော်ကို [illegible]အောင် လက်ထပ်ယူဦးမတဲ့ ... ဟား ... ဟား ... ။

ခွက်ထိုးခွက်လှန်လေး ဆန္ဒရယ်နေတာလည်း မဆုံးနိုင်။

ခင်ဗျားနားလိုက်လေ ဦးလရောင်ခေတ်ရဲ့ ... ခင်ဗျားကိုယ် [illegible]ဗျား အရမ်းချမ်းသာတယ်ဆိုပြီး ကျွန်တော်ချစ်သူကို ခင်ဗျားလု[illegible]သွားလို့ရမလား ... ကျွန်တော်ပြောချင်တာက နောက်ဆုံးပေါ် FAIR LADY ကားပေါ်မှာ အဝါရောင်ပန်းစည်းတွေတင်ပြီး သူများ[illegible]သူကို လိုက်လုဖို့ ခင်ဗျားဘယ်တော့မှ မကြိုးစားနဲ့။

အဲဒီကောင်မလေးက မင်းဆန္ဒဆိုတဲ့ ကောင်လေးနဲ့အသေ[illegible]အလဲချစ်နေတာ။ အကောင်းဆုံးက ခင်ဗျားယူလာတဲ့ ဒီအဝါရောင်[illegible]န်းစည်းလေးကို CAPITAL HYPER MARKET ထဲက အမှိုက်ခြင်း[illegible]လေးထဲကို ပစ်ထည့်ပြီး ခင်ဗျားလှည့်ထွက်သွားတာ အကောင်းဆုံး[illegible]ပဲ"

"ဟုတ်တယ်လေ ... ဆန္ဒ၊ ဘာဖြစ်လို့လဲ ပေးဆပ်ခြင်းတစ်ခု[illegible]ရယူခြင်းတစ်ခု မျှတမှ ဖြစ်တော့မယ်ဆိုတာ သိနေလို့ ဒီလောင်း[illegible]ကြေးတစ်ခုကို ကိုယ်ဖွင့်လိုက်တာ၊ ကိုယ့်ရဲ့ကုမ္ပဏီမှာ ဆယ်ရာခိုင်[illegible]နှုန်း ရှယ်ယာထည့်ထားတဲ့ ပန်းသစ်တော်ရဲ့အဖေဆီကို ကိုယ့်[illegible]နှုန်း တစ်ချက်ကောက်ဆက်လိုက်တာနဲ့ ပန်းသစ်တော်ကို [illegible]ချင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ယူပစ်လိုက်လို့ရတယ်ဆိုတာ မင်းသဘောပေါက်ထား လိုက်လေ ... ဆန္ဒ ... ”

“ဘာ ... ဘာပြောတယ် ... ”

“ကိုယ် ... မကျေနပ်လို့ ရအောင်လက်ထပ်ယူမှာ ... ”

“ခင်ဗျား ... ခင်ဗျား ... ”

ဒီလူ့ကို ဆန္ဒ ဘယ်လိုမှ သည်းမခံနိုင်တော့ပါ။

“ခင်ဗျား သိပ်လွန်လာပြီနော် ... ဦးလရောင်ခေတ်၊ ခင်ဗျား အရမ်းလွန်လာပြီနော် ... ”

ဆန္ဒ အသားတွေ တဆတ်ဆတ်တုန်နေသလို ဒယိမ်းဒယိုင် ဖြစ်ချင်သွားတဲ့ ကိုယ်ကိုလည်း ဆန္ဒဘယ်လိုမှ ထိန်းလို့မရ။

“ဆန္ဒ ... နင်ဘာမှမပြောနဲ့တော့၊ သူ ... ဖေဖေနဲ့ဘယ် လောက်ပဲရင်နှီး ... ရင်းနှီး၊ ပန်းသစ်တော် သဘောမတူဘဲနဲ့ သူ မတရားသိမ်းပိုက်လို့ရမလား၊ ပန်းသစ်တော်ချစ်တာ ဆန္ဒကိုပဲချစ် တာ၊ ဒါကိုဘယ်သူခွဲမလဲ ... ခွဲတဲ့သူကို ပန်းသစ်တော်အသေမုန်း တယ်”

ပန်းသစ်တော် နှုတ်ခမ်းလေးမဲ့ကာပြောရင်း ဆန္ဒလက်က လေးကို လိုက်ဆွဲသည်။ လှည့်ထွက်သွားဖို့လည်း ပန်းသစ်တော် ခြေလှမ်းပြင်လိုက်၏။ ဒါကိုပဲ ဆန္ဒက ပန်းချစ်တော်လက်တွေကို ဖယ်ချပစ်ကာ ...

“ခင်ဗျား သွားတော့နော် ... ဦးလရောင်ခေတ်”

“ဟာ ... ဆန္ဒ ... ”

စားပွဲပေါ်မှာ အစည်းလိုက်လေးချထားတဲ့ အဝါရောင်ပန်း စည်းလေးကို ဒေါသတကြီးနဲ့ ဆန္ဒက ဖျတ်ခနဲ ကောက်ယူပစ်လိုက် ကာ နံရံတစ်ခုဘက်ဆီကို ဝှီးခနဲ အသံမြည်သွားအောင် ပစ်ပေါက်





လိုက်တော့ ဖမ်းခနဲ အသံတစ်ချက်မြည်ကာ အပွင့်တွေကြွေပြီး ကြမ်းပြင်ပေါ်ကိုပဲ မရှုမလှ ပြန်ပြုတ်ကျသွားသည်။

“မင်း ... မင်း ... ”

“ဘာလဲ ဦးလရောင်ခေတ် ... ကျွန်တော့်ကို မကျေနပ်လို့ ခင်ဗျားထပ်မော့ကြည့်နေတာလား၊ ကျွန်တော်က မင်းဆန္ဒနော်၊ ခင်ဗျားဘယ်လောက်ပဲချမ်းသာ ချမ်းသာ ခင်ဗျားကြိုက်တဲ့ပုံစံမျိုးနဲ့ ခင်ဗျားကြိုက်တဲ့ လောင်းကြေးကို ဖွင့်လိုက်လည်း ခင်ဗျားကို မင်းဆန္ဒ ဂရုမစိုက်ဘူး၊ ရှင်းတယ်နော် ... ခင်ဗျားကို လူကြီးလူ ကောင်းတစ်ယောက်လိုသဘောထားပြီး ဒီနေ့ပွဲကို မင်းဆန္ဒလျှော် ပေးလိုက်တာ ရှယ်တူဘဝတူခြင်းဆိုရင် ဒီဆိုင်ထဲမှာ ခင်ဗျားပွဲသိမ်း သွားပြီ ... ချစ်သူရှိနေတဲ့ ကောင်မလေးတစ်ယောက်ကို လက်ထပ် ယူဖို့ ကြိုးစားတာ၊ ခင်ဗျားတော်တော်အရှက်မဲ့တဲ့သူ ခင်ဗျားတော် တော်အောက်တန်းကျတဲ့လူ ... ”

“ဆန္ဒ ... ”

အော်သံနှင့်အတူ ဆန္ဒလက်မောင်းတစ်ဖက်ကို ပြေးဆွဲရင်း ထွက်လာရတဲ့ မျက်ရည်လေးတွေဟာ နာကျင်ခြင်းတွေကြောင့်လား၊ ဒါဆိုရင် ကမ္ဘာမကြေတဲ့ အမုန်းတွေကရော ဘယ်နေ့ကစပြီး ပန်းသစ်တော်ရင်ထဲကို ရောက်လာခဲ့တာလဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"ဖြောင်း ... "

"ဘောင်း ... "

လက်လှမ်းမှီသမျှ လမ်းဘေးသစ်ပင်တွေဆီက သစ်ရွက်တွေကိုလည်း ဖြောင်းခနဲ အသံမြည်အောင် ရိုက်ချသည်။ လမ်းပေါ်မှာတွေ့သမျှ ဘီယာဗူးခွံ၊ စီးကရက်ခွံ ဗန်ဒါရွက်ကြွေတွေကအစ တစ်ခုမှ ချန်မထားဘဲ တွေ့သမျှ ပိတ်ကန်ကာ လျှောက်လာတော့ ဆန္ဒလက်ကိုပဲ ပန်းသစ်တော် အတင်းလိုက်ဆွဲနေရ၏။

"ဒီလူ ... ဒီလူကို ငါလုံးဝမကျေနပ်ဘူး ပန်းသစ်တော်၊ ဒီလူသက်သက်မဲ့ ငါ့ကို ဖြောင်စိမ်ခေါ်သွားတာ ... တောက် ... "

"ဖြောင်း ... "

"ဒေါင်း ... ဂျလောင်း ... "

နောက်ထပ် ဘီယာဗူးခွံတစ်ခုကို တောက်တစ်ချက် ပြင်းပြင်းခေါက်ရင်း ဆန္ဒက ပိတ်ကန်ပစ်လိုက်တော့ လမ်းဘေးပလက်ဖောင်းအတိုင်း ဒလိမ့်ခေါက်ကွေးလွင့်ကာ မြောက်ခင်းအစပ်ထဲရောက်သွားသည်။ အဲဒါ ... ဆန္ဒပဲ။ ဆန္ဒဆိုတာ အဲလို မဟုတ်မခံဇော်ဇော်ကြွစိတ်ကလေးနဲ့ ငယ်ငယ်လေးကတည်းက ဒီအတိုင်းလေးနေလာ





ခဲ့တာပဲ။ ကလေးတွေများရတဲ့ ကြားထဲမှာ မအေက မုဆိုးမ။ စီးပွားရေးလုပ်တာကလည်း အိမ်ကလေးရှေ့က ခြံအစပ်လေးမှာ အိမ်ဆိုင်ကလေးဖွင့်ထားတာကလွဲလို့ ဘာမှမရှိ။

ဖီးယို ဖီးပေါင်း အာလူးကြော် ကိတ်ခြောက်ထုပ်၊ ကော်ဖီမစ်ထုတ် အစရှိသည့် မုန့်ထုတ်ကလေးတွေနဲ့ ရေသန့်ဗူး အချိုရည်၊ အိမ်သုံးဆေးဝါးပစ္စည်းလေးတွေနဲ့ အိမ်သုံးပစ္စည်း တိုလီမိုလေးတွေလောက်ကိုသာ ဆိုင်မှာတင်ထားနိုင်တဲ့ဘဝလေးနဲ့ အသက်ဆက်ရုန်းကန်နေရတဲ့ဘဝ။

ပန်းသစ်တော်တို့နဲ့ဆို ခြံခြင်းကပ် အိမ်နီးချင်းတွေမို့ တစ်အိမ်နဲ့တစ်အိမ် အတွင်းသိ အစင်းသိ ခင်မင်လာခဲ့ကြတာလည်း ပန်းသစ်တော် မူလတန်းကျောင်းတက်စ အချိန်ကတည်းကပါ။ ဖြစ်ချင်တော့ ပန်းသစ်တော်တို့က တစ်နေ့တစ်ခြား စီးပွားတွေတက် ပျဉ်ထောင်သွပ်မိုးအိမ်ကလေးကိုလည်း ဟိန်းနေအောင် တိုက်သစ်ကြီးပြန်ဆောက်နိုင်ခဲ့ပေမယ့် ဘေးချင်းကပ်ခြံမှာ ရှိတဲ့ ဆန္ဒတို့အိမ်ကလေးကတော့ ပြုပြင်ဖာထေးမှုလေးတွေကိုပင် မလုပ်နိုင်ခဲ့ဘဲ တစ်နေ့တခြား ချုတ်ခြုံကျခဲ့ရတာလည်း ဒီနေ့အထိပဲ ဖြစ်ခဲ့သည်။

ဒီကြားထဲ ဆန္ဒကလည်း ဆိုးသည်။

ရှစ်တန်းလောက်ကတည်းက လူကြီးတွေမသိအောင် ဆေးလိပ်ခိုးသောက်တာ ကျောင်းမှန်မှန်မတက်ဘဲ ကျောင်းပြေးတာ၊ သူငယ်ချင်းတွေခေါ်ပြီး အုပ်စုဖွဲ့ ချိန်းရိုက်ကြတာ။ လမ်းပေါ်မှာ ဂစ်တာတွေတီးပြီး ညဉ့်နက်သန်းခေါင်အထိ ဆူညံနေခဲ့တာ၊ သေချာတာတစ်ခုက ဆန္ဒဘယ်လောက်ပဲဆိုးဆိုး အလည်ခွဲဆံပင်ရှည်လေးတယမ်းယမ်းနဲ့ တည်တင်းချောမောသော ဆန္ဒကိုတော့ ပန်းသစ်တော် တကယ်ခင်ခဲ့သည်။

ကျောင်းအားရက်တွေမှာဆို ပန်းသစ်တော်တို့အိမ်က ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



သမျှအလုပ်တွေကို ဆန္ဒကပဲ မငြီးမငြူလာလုပ်ပေးနေရတာ။ မေမေတို့ကဆို ဆင်းရဲတဲ့ဆန္ဒကို အမြဲနှိမ်နှိမ်ပြီးခိုင်းတတ်လို့ မေမေနဲ့ ပန်းသစ်တော် ပြဿနာဖြစ်ရတာလည်း ခဏ ခဏ။

"ဟဲ့ကောင်လေး ... ဆန္ဒ၊ နင့်ခြေထောက်ပေပေကြီးနဲ့ အိမ်ထဲထိဝင်မလာနဲ့နော်၊ ဒီမှာက ကျွန်းပါကေးပြားကြီးတွေခင်းပြီး ပြောင်လက်နေအောင် ပေါ်လစ်တင်ထားတာ၊ ရပ်နေ ရပ်နေ ... အိမ်ပေါက်ဝမှာပဲရပ်နေ၊ အဲဒီ ဆီပုံးကို ငါလာယူမယ် ..."

ခိုင်းလည်းခိုင်းသေး နှိမ်လည်းနှိမ်သေးတဲ့ မေမေပါ။

"မေမေရယ် ... ဆန္ဒသနားပါတယ်၊ သူ့ခမျာ မေမေကျန်ခဲ့တဲ့ ဆီပုံးကို ဈေးထဲအထိ အဝေးကြီးသွားပြီး လမ်းလျှောက်ယူခဲ့ရတာ၊ ဆန္ဒခြေထောက်က ဒီလောက်ပေနေတာလည်း မဟုတ်ဘဲနဲ့"

"ဟဲ့ ... ညည်းလေးက ဘာသိလို့ ငါ့ကိုပြန်ပြောနေတာလဲ၊ မူလတန်း အလယ်တန်းကျောင်းသားတုန်းက အိမ်ထဲကို ဘယ်လိုဝင်ဝင် ပြဿနာမရှိပေမယ့် အခု ... ညည်းလေးတို့က ကိုးတန်းတောင် ရောက်နေပြီလေ၊ ညည်းနဲ့အိမ်ထဲအထိဝင်လာပြီး ရောရောနှောနှောနေဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ ဒါကြောင့်မို့ နောက်မဝင်ရဲအောင် ကြိုပိတ်ထားတာ ..."

"မေမေရယ်၊ မေမေကလေ ... နေရာတကာ အဆင့်အတန်းခွဲပြီး ဆန္ဒအပေါ်မှာ တကယ်ရက်စက်တယ်သိလား၊ ဖေဖေ့ကားတိုက်မှုဖြစ်ပြီး လူသေတုန်းက သူတိုက်တာပါဆိုပြီး ဦးဦးထွန်းကထောင်ထဲဝင်သွားတာလေ၊ အဲဒါ ... ဆန္ဒအဖေမို့လို့ ဒီလိုအနစ်နာခံတာပေါ့၊ ကိုယ့်အိမ်နီးချင်းတွေအပေါ်မှာ မေမေဒီလို ရက်စက်တော့ ဆန္ဒကို ပန်းသစ်တော် ပိုသနားတယ်"





"အောင်မယ် ... ညည်းလေးက ..."

မေမေ မျက်ခုံးပင့်ကြည့်တာဟာ တစ်ခုခုကို စိုးရိမ်ထိတ်လန့်သွားတဲ့အတိုင်း။

"ဒီမှာ ... ညည်းလေး၊ ငါ့ကို ဘာမှ ဆရာလာလုပ်မနေနဲ့၊ သူတို့အဖေ ဘယ်လောက်ပဲ အနစ်နာခံခံ၊ အခု ... အဲဒီအဖေက ရှိတော့တာမဟုတ်ဘူး၊ မရှိတော့ပေမယ့် သူတို့အမေ အရင်းမရှိလို့ သားချင်းလည်း ငါပဲထုတ်ပေးနေရတာ၊ သူတို့ဒီထက်ကောင်းစားသွားအောင်လည်း ငါမြှောက်မပေးနိုင်ဘူး၊ ပြောရရင် ဒီကောင်လေးက ဂျစ်တစ်တစ်လေးနဲ့ဆိုးတယ်၊ လမ်းထိပ်ကွမ်းယာဆိုင်ဘေးမှာကွယ်ပြီး ဒီကောင်လေး ဆေးလိပ်ခိုးသောက်နေတာ မြင်တယ်၊ ဟွန်း ... ဒီနှစ် ကိုးတန်းအောင်ရင်ကံကောင်း၊ ညည်းလဲ ပေါင်းနဲ့၊ သူတို့မုန့်ဆိုင်လေးဘက်ကိုလည်း မသွားနဲ့၊ ညည်းဘာစားလဲ၊ ငါ့အိမ်မှာ အကုန်ဝယ်ထားပြီးသား"

ဒီလိုပြောပြီး မေမေက မဲ့ကာရွဲ့ကာ လှည့်ထွက်သွားတတ်ဆိုမယ့် ကျန်ခဲ့တဲ့ ပန်းသစ်တော်ရင်ထဲမှာတော့ ဆန္ဒကို သနားစိတ်အလေးနဲ့။

မေမေနှိမ်တိုင်း ပြောတိုင်းလည်း ဆန္ဒက ခေါင်းလေးငုံ့ကာ ချရှာသူပါ။

"ဟဲ့ကောင် ဆန္ဒ ... သွား ... သွား ... ဒီခြံတံခါးကြီးတွေက အခုမှ ဆေးအသစ်သုတ်ထားတာ နင်ကိုင်ရင် တံခါးမှာ လက်ရာတွေ ထင်သွားလိမ့်မယ်"

"ဟာ ... ကျွန်တော်မကိုင်ပါဘူး ကြီးကြီးမေရာ၊ ပန်းသစ်တော်က ခရေပန်းလေးတွေ လိုချင်တယ်ဆိုလို့ ကျွန်တော်သွားဆောက်ပြီး လာပေးတာပါ"

မေမေ နှိမ်နေတာကို မခံစားနိုင်တဲ့အဆုံး ဆန္ဒက မျက်



www.burmeseclassic.com

www.burmeseclassic.com



တောင်လေးကော့ကြည့်ပြီး တခွန်းတလေ ပြန်ပြောသွားရင်တောင် အပေါ်ထပ်ကို မေမေတက်လာပြီး တဖြစ်တောက်တောက်နဲ့ အမေ ပြောနေတာ ပန်းသစ်တော် ဘယ်လိုမှ နားမခံသာ။

"ဆန္ဒဆိုတဲ့ကောင်လေး လူလေးက လက်တောင့်လောက် လေးနဲ့ ငါ့ကိုတောင် ပမာမခန့် မော့ကြည့်ပြီးပြန်ပြောသွားတာ၊ ဟွန်း ... ဒီလိုပြောရအောင် ဒင်းကလေးက သူ့ကိုယ်သူ ဘာကောင် အောက်မေ့နေလို့လဲ၊ တော်ပြီ ... နောက်တစ်ခါ ဒီကောင်လေးကို ငါ့တိုက်ထဲ မဝင်စေနဲ့ ..."

"ကြည့် ... အဲဒီ မေမေ ..."

ဆန္ဒကိုထိတိုင်းလည်း ပန်းသစ်တော်က မခံနိုင်။

ဒီလိုနဲ့ ဆန္ဒရော ပန်းသစ်တော်ပါ ဆယ်တန်းရောက်သွား တော့ မေမေပိုဆိုးသွားသည်။ ခြံထဲမှာ ကားသုံးလေးစီးမက ရပ် ထားနိုင်လို့ မေမေ့မျက်နှာ ဟိုတုန်းကနဲ့မတူဘဲ မော့သွားတာ။ မိတ် ဆွေတွေကပါ ပြောလာရတဲ့အထိ။

"ဒေါ်မေမေသော် ... ဘယ်လိုဖြစ်သွားတာလဲဟင် ဟို တုန်းကဆိုရင် လမ်းမှာတွေ့တိုင်း နှုတ်ဆက်နေကြပါ"

"အဲဒါ ... ညည်းမပြောနဲ့လေ၊ လူဆိုတာ ကိုယ့်မှာမရှိရင်သာ ဟိုလူနဲ့တွေ့ရင်ပြုံးပြလိုက်၊ ဒီလူနဲ့တွေ့ရင် နှုတ်ဆက်လိုက် လုပ်ချင် ကြတာ၊ ဟော ... ကိုယ်က သူများထက်ပိုပြီး နည်းနည်းလေးသုံး နိုင်စွဲနိုင်လာပြီဆိုတာနဲ့ ကိုယ်ကစပြီး ပြုံးပြနှုတ်ဆက်ဖို့ဆိုတာ အောက်ကျတယ်ထင်ကုန်ကြတာ၊ ကိုယ့်မှာနည်းနည်းလေးရှိလာ တာနဲ့ သူများက ကိုယ့်ကို အရင်ပြုံးပြမှ မပြုံးချင်ပြုံးချင်နဲ့ ပြုံးပြတာ တွေဖြစ်လာတာ၊ ဟော ... အရမ်းလည်းချမ်းသာသွားရော ကိုယ်က ဘယ်လောက်ပဲ ပြုံးပြပြုံးပြ၊ ကိုယ့်ကိုတောင် ဘယ်တုန်း ကမှ မသိခဲ့သလိုလို ကြောင်တောင်တောင်လှမ်းကြည့်ပြီး မျက်နှာ





လွဲသွားတဲ့သူတွေက အများကြီးလေ၊ အခု ... ပန်းသစ်တော်တို့ အမေ ဒေါ်မေမေသော် ဖြစ်သွားတာ အဲလိုဖြစ်သွားတာ"

ဘာပဲပြောပြော မေမေရဲ့ အဲဒီဒဏ်ကို အခံစားခဲ့ရဆုံးက ဆန္ဒရယ်ပါပဲ။

"ဟိုလေ ... ကြီးကြီးသော် ပန်းသစ်တော်ရှိလားဟင်"

"ဟဲ့ ... ငါ့ခြံရှေ့မှာရပ်နေတာ ဘယ်သူလဲ"

ဆန္ဒမှန်းသိတာတောင် ရှေကိုင်းပါဝါမျက်မှန်ကြီးတပ်ပြီး မသိသလို ပြန်လုပ်နေတာ မခက်ပေဘူးလား။

"ကျွန်တော်ပါ ကြီးကြီးသော် ... ဟိုဘက်ခြံက ဆန္ဒပါ"

"ဟွန်း ... မင်းက ဆံပင်ရှည်နဲ့ဆိုတော့ ငါက ဘယ်ကလမ်း သရဲကောင်လေးလဲဆိုပြီး ကြည့်နေတာ၊ ပြောစမ်းပါဦး ... ပန်းသစ် တော်နဲ့တွေ့ချင်တာ ဘာကိစ္စ ..."

"ဒီနေ့ ... ပန်းသစ်တော်ရဲ့ မွေးနေ့မို့ မွေးနေ့လက်ဆောင် လေး ကျွန်တော် လာပေးတာပါ"

"ဘာ ... ဘာပြောတယ်၊ ပန်းသစ်တော်အတွက် မင်းက မွေးနေ့လက်ဆောင် လာပေးတာ ဟုတ်လား ... နေစမ်းပါဦး၊ နေစမ်းပါဦး ... ဒီလို မွေးနေ့လက်ဆောင်လာပေးရအောင် မင်းက ဘယ်ကအဖိုးအခရလို့လဲ"

"ကျွန်တော် ... ကျွန်တော် ... ဟိုဘက်နှစ်ခြံကျော်မှာ တိုက် ဆောက်တုန်းက ကျောင်းအားရက်တိုင်း အုတ်တွေသွားသယ်ပြီး စုထားတဲ့ ပိုက်ဆံလေးနဲ့ဝယ်ပေးတာပါ အန်တီ ... အသည်းပုံလော့ ကတ်သီးလေးပါတဲ့ ဆွဲကြိုးမျှင်မျှင်လေးပါ ဒီမှာလေ ... အန်တီကြီး ကြီးသော် ဆွဲကြိုးလေးကို ကတ္တီပါဗူးနီလေးနဲ့ ထည့်ထားတာ ကြီးကြီးသော် မယုံရင် ဒီမှာကြည့် ..."



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒက ဝမ်းသာအယ်လဲလေး ထုတ်ပြပေမယ့် ...

"ဒီမှာ ... ဒီလို အသည်းပုံလေးပါတဲ့ အမှတ်တရပစ္စည်းလေးကို ငှါသမီးပန်းသစ်တော်မွေးနေ့မှာ မင်းကပေးစရာလား၊ မင်း ... မင်း ... ငှါသမီးကို ဒါမျိုးပေးချင်ဦး ... "

"ဖြန်း ... "

"ဖြန်း ... "

မြန်လိုက်တဲ့ မေမေ့လက်က ဆန္ဒပါးပြင်လေး တစ်ဖက်တည်းပေါ်ကို သုံးလေးချက်အထိ ဆက်တိုက်ဆက်တိုက်ကျသွားတာ ပန်းသစ်တော်ဘဝမှာ ဘယ်တော့မှ မမေ့နိုင်စရာ အဖြစ်အပျက် လေးတစ်ခုအဖြစ်နဲ့ ဆန္ဒရဲ့အချစ်တွေအပေါ်မှာ ကမ္ဗည်းထိုးမှတ် ကျောက်တင်နိုင်ခဲ့တာပါပဲ။

ဒါကြောင့်မို့ ဆန္ဒဘယ်လောက်ပဲဆိုးဆိုး ဆန္ဒကို ပန်းသစ်တော် ချစ်ခဲ့ရတာလည်း ဒီနေ့အထိ။ ခုလည်း ... တစ်လမ်းလုံးမှာ တွေ့သမျှ ဗူးတွေ ခွက်တွေ စက္ကူစုတ်တွေ ကြွပ်ကြွပ်အိတ်တွေကို တဖြောင်းဖြောင်းနဲ့ ဆန္ဒကန်လာတာ။

"ဖြောင်း"

"ဘောင်း"

CAPITAL HYPER MARKET ထဲက ထွက်လာပြီး လက်ချင်းတွဲလျှောက်လာတာ သုဝဏ္ဏတံတားကြီးပေါ်ကိုပင် ပန်းသစ်တော်တို့နှစ်ယောက် ရောက်လာခဲ့ကြပြီ။ တံတားကြီးပေါ်က လှမ်းကြည့်လိုက်ရင် မြင်နေရတာတွေက ရန်ကုန်မြို့ရဲ့အထပ်မြင့် အဆောက်အဦတွေနဲ့ ရွှေတိဂုံဘုရားကြီးကို လှမ်းမြင်ဖူးမျှော်နေရတာက စိတ်ကြည်နူးစရာပင်။

ဆန္ဒကိုလည်း ချော့မော့ကာ ပန်းသစ်တော် ပြောမိသည်။





"ဆန္ဒရယ် ... အဲဒီ ဦးလရောင်ခေတ် ဆိုတဲ့လူကြီးပြောသွားတာကို ဆန္ဒရင်ထဲမှာ မထားစမ်းပါနဲ့ ပန်းသစ်တော်ကို ဒီလိုလုချင်တိုင်းလုလို့ရမယ်များထင်နေလို့လား၊ သူပြောသွားသလို ဖေဖေနဲ့ဘယ်လောက်ပဲရင်းနှီးရင်းနှီး ... ဒီလိုအတ္တကြီးတဲ့လူတစ်ယောက်လက်ထဲကို ဖေဖေကရော ရော့ ... အင့်ဆိုပြီး လွယ်လွယ်ကူကူခေါင်းညိတ်သဘောတူလိုက်မယ်လို့ ဆန္ဒထင်နေလို့လား၊ တစ်သက်လုံးမပါစေရဘူး သိလားဆန္ဒ ... ဒီလိုလူမျိုးကို လက်ထပ်ယူမယ့်အစား၊ ရေထဲကို ခုန်ချပြီးတော့ပဲ ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်မယ်"

ပန်းသစ်တော်ပြောပေမယ့် ဆန္ဒမျက်နှာလေးက ခုထိ ရဲနေဆဲ။

"ဟွန်း ... ဒီမှာ ... ဆန္ဒ ... "

ပန်းသစ်တော် ဆန္ဒလက်မောင်းလေးကို တင်းနေအောင်ပိုပြီးတော့ ဖက်လိုက်သည်။ ခန္ဓာကိုယ်နှစ်ခုကလည်း ခုမှပိုပြီးတော့ ပူးပူးကပ်ကပ်လေး ဖြစ်သွား၏။

"ဆန္ဒကို ပန်းသစ်တော်ကတိပေးတယ်၊ အတင်းအကျပ်တွေ ပေးစားလာမယ်ဆိုရင် ဆန္ဒဆီကို ရောက်အောင်ပဲ ပန်းသစ်တော် ပြေးလာခဲ့မယ်နော် ဆန္ဒ ... "

ချစ်ရသူကို စိတ်မဆင်းရဲစေချင်တာ ပန်းသစ်တော်ရဲ့ဆန္ဒ အမှန်ပါ။ ချစ်သူကို အားမငယ်စေချင်တာလည်း ပါတယ်လေ။

"ပန်းသစ်တော်ရယ် ... စောစောကကိစ္စကို ငါပြန်တွေးလိုက်တိုင်း ရင်ထဲမှာ တနုံ့နုံ့နဲ့ဖြစ်နေရတာ ဒါကို ... ငါဘယ်လိုဖြေပျောက်ရမလဲ၊ တကယ်ဆိုရင် ငါ့ဘဝရဲ့ တစ်ဦးတည်းသော နေမဝင်ဘုရင်မက နင်ပါ ... နင့်ဆီက အချစ်ကိုရအောင် ငါဘယ်လောက်ထိ အောက်ကျခံ ကြိုးစားခဲ့ရသလဲဆိုတာ နင်အသိဆုံး၊



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးသော် ... ငါ့ကို ဘယ်လိုနှိမ်နှိမ် ဘယ်လိုပဲအထင်သေးသေး၊ ငါခေါင်းငုံ့နေခဲ့ရတာ၊ နင်အသိဆုံးပါ ... ခုလည်း နင်အိမ်ကနေ ပျောက်သွားတာနဲ့ ကြီးကြီးသော်က ငါ့အမေကိုပဲ လာပြဿနာရှာပြီး အထက်စီးကနေ ပြောတော့မှာ ... အဲလိုအပြောခံရတိုင်းလည်း ငါ့အမေငိုတယ်၊ ငါ့ပါးတွေကိုလည်း ဘယ်ပြန်ညာပြန်ရိုက်တယ်၊ နင့်ကို မပတ်သက်တော့ဖို့ နင့်ကိုမေ့လိုက်ဖို့ ပြောတာလည်း ခဏခဏပဲ၊ ဒါပေမဲ့ ... ငါကမှ မနေနိုင်တာ၊ အခု ဒီကြားထဲ ဦးလရောင်ခေတ်နဲ့ပါ ပြဿနာထပ်တက်ခဲ့ပြီဆိုတော့ ..."

"ဟာ ... အဲဒါကို နင်မတုန်လှုပ်သွားနဲ့လေ ဆန္ဒ ... "

"ရမလား ပန်းသစ်တော်ရယ် ... သူက ဘော့စ် ... ငါက"

"နင် ... နင် အဲလိုမပြောနဲ့ ... ကိုယ့်ကိုယ်ကို နှိမ်ချပြီး နင် ဘယ်တော့မှ အဲလိုမတွေးနဲ့ ... ပန်းသစ်တော်တို့နှစ်ယောက်ရဲ့ အချစ်မှာ အကန့်အသတ်တွေမရှိဘူး၊ စည်းစိမ်ဥစ္စာတွေနဲ့ မပတ်သက်ဘူး၊ ငယ်ငယ်လေးကတည်းက ပန်းသစ်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်ခဲ့တယ်၊ သေတဲ့အထိလည်း နောက်ဆုံးနေ့အထိ ဆက်ချစ်သွားမယ် ... ဒါပဲလေ ဆန္ဒ ... ဘယ်တော့မှ စိတ်မလျော့လိုက်ဘဲနဲ့ ဆန္ဒအားတင်းထား၊ ပန်းသစ်တော်တို့နှစ်ယောက်ကို မေမေလည်းခွဲလို့မရဘူး၊ ဖေဖေလည်းခွဲလို့မရဘူး၊ ဦးလရောင်ခေတ်ကိုလည်း ဂရုစိုက်နေစရာမလိုဘူး၊ ပန်းသစ်တော်ကို ဆန္ဒချစ်တယ်မို့လား ..."

တံတားကြီးထိပ်မှာ နှစ်ယောက်သားရပ်ပြီး စကားပြောနေတာမို့ လေတိုက်လိုက်တိုင်း တဖျတ်ဖျတ်လွင့်နေတဲ့ ပန်းသစ်တော်ရဲ့ ဆံပင်ရှည်ရှည်လေးတွေက ဆန္ဒမျက်နှာလေးကို အဆက်မပြတ်လေး ထိရိုက်နေတာမို့ ဆွဲယူနေစရာတောင် မလိုဘဲ လေထဲမှာပဲ ဆန္ဒက မက်မက်မောမောလေး နမ်းရှိုက်သည်။





အဲဒါ ... ဆန္ဒရဲ့အချစ်ပါ။

ဒီနေ့အထိလည်း စည်းကျော်တာမျိုးတွေ ဆန္ဒက မလုပ်ခဲ့ပါ [illegible]ဆွေး။

ဒါကြောင့်မို့လည်း ဆန္ဒကို ပန်းသစ်တော်ကို ချစ်ခဲ့ရတာပေါ့။

"ပြောလေ ဆန္ဒ ... ပန်းသစ်တော်ကို ဆန္ဒချစ်တယ်မို့လား"

"ချစ်တာပေါ့ ... "

"ချစ်ရင် ပန်းသစ်တော်ပြောတဲ့စကားကို နားထောင် ဟုတ်ပြီလား ... ဦးလရောင်ခေတ်ကိုလည်း ခေါင်းထဲမှာ ထည့်မထားနဲ့၊ တစ်နေ့နေ့မှာ ဆန္ဒနဲ့ ပန်းသစ်တော်အတူတူနေမယ်၊ အဲဒီနေ့ကို ရောက်မချင်း အခက်အခဲတွေအားလုံးကို အတူတူဖြေရှင်းမယ်"

ချစ်သူရဲ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း အားပေးရတာ ...ာက် ရင်ခုန်ရတာမျိုး ဘယ်မှာရှိပါ့မလဲ ဆန္ဒရယ်။ တန်ခိုးရှိတဲ့ ...နဲ့ တိမ်တွေကိုချည်ဖို့ ကြိုးစားကြရမယ့် တို့နှစ်ယောက်ရဲ့ဘဝမှာ အိမ်တွေနဲ့ကြယ်ကလေးတွေဆီကို အရောက်သွားနိုင်ဖို့ အသက်တ...လိုအပ်နေတဲ့အရာလေးတစ်ခုရှိနေတာ ဆန္ဒသိပါတယ်။ အဲဒါဟာ ...တ်ဆိတ်ငြိမ်သက်သော အသံတစ်ခုနဲ့ နှစ်ဦးသဘောတူ ရေးဆွဲ...ာန်းရမယ့် လမ်းပြမြေပုံလေးတစ်ခုဖြစ်တယ်ဆိုတာလေ။ ဒါကို ဘယ်တော့မှ မေ့မပစ်လိုက်ဖို့ ပန်းသစ်တော် တောင်းဆိုပါတယ် ဆန္ဒရယ်။

ပန်းသစ်တော် ... တောင်းဆိုပါတယ်ကွယ် ... ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

"ဖြန်း ... "

"အဲဒါ ... ငါ့စကားကို ဆန့်ကျင်ဦး ... "

"ဖြန်း ... "

"အဲဒါ ... ငါ့စကားကို နားမထောင်ဦး ... "

"မင်း ... မင်း ... အခုချက်ချင်း ငါ့အိမ်ပေါ်ကဆင်း"

"ခွေးထက်မိုက်တဲ့ သားကိုငါမွေးထားမိတာ"

"ဟိုဘက်ခြံက ပန်းသစ်တော်လေးနဲ့ သွားမပတ်သက်ပါနဲ့ သွားမပတ်သက်ပါနဲ့လို့ ငါဒီလောက်ပြောထားတဲ့ကြားက ... မင်း သွားပတ်သက်တော့ ငါ့မှာ မျက်နှာမဖော်ရဲအောင် မေမေသော်က ငါ့အိမ်ပေါ်တက်ပြီး လာပြောသွားပြန်ပြီလေ၊ မင်းယောက်ျားလေး မဟုတ်ဘူးလားဆန္ဒ ... ကိုယ့်ကို ဒီလောက်ချိုးဖွဲ့နှိမ်ချပြီး ပြောနေတဲ့ မိန်းမတစ်ယောက်ကို မင်းက ယောက္ခမတော်ချင်နေတာလား ဆန္ဒရဲ့ ... မင်း ငါ့ကိုပြောစမ်းပါ ... မင်းငါ့ကိုပြောစမ်းပါ ... အီး အီး ... "

ဆန္ဒရဲ့ပါးကိုလည်း ဘယ်တစ်ဖက်ညာတစ်ဖက် ဖြန်းခနဲ





ဖြန်းခနဲ လွဲရိုက်။ ရင်ဘတ်ကိုလည်း တဘုန်းဘုန်းထုကာ ထားထား ညိုငိုတော့ သားငယ်လေးတစ်ယောက်နဲ့ သမီးငယ်လေးနှစ် ယောက်က မျက်ရည်လေးတွေဝဲပြီး ... တစ်ယောက်ကိုတစ် ယောက် တင်းကြပ်စွာ ဖက်ထားလျှက်။

ဒါပဲလည်း မေမေသော်လာပြောသွားတာကို မခံနိုင်လို့ ဆန္ဒကိုပဲ ရင်နာနာနဲ့ ထားထားညို ရိုက်နေမိတာပါ။

အမှီကအချက်က သားဆန္ဒကိုပဲ ဟိုဘက်တစ်ခြံလုံးက ဝိုင်း နှိမ်နေကြတာ။ သူ့သမီး ပန်းသစ်တော်ကို ဆန္ဒနဲ့သဘောမတူလို့တဲ့။ ဒီလောက်ပြောထားတဲ့ကြားက အလစ်မှာ ချိန်းတွေ့ကြလို့တဲ့ ဒါကို ထားထားညို ဘယ်လိုလုပ်တားနိုင်မှာလဲ။ ပြီးတော့ ဒီကလေးနှစ် ယောက်ကလည်း ငယ်ငယ်လေးကတည်းက သံယောဇဉ်တွယ်တာ လာကြတဲ့ ကလေးနှစ်ယောက် ... အရွယ်ကလေးတွေရလာတော့ မှ ချစ်သူတွေ ဖြစ်ကုန်ကြတာ။ ဒါတွေကို မေမေသော် သိပါလျှက်နဲ့ အထက်စီးကနေ တစ်ဖက်သတ်ကြီးဖိပြောပြီး ဒီဘက်အိမ်မှာ ဝုန်း ဒိုင်းကြဲ လာသောင်းကျန်းသွားတာ။ တူ့သလားတန်သလားတဲ့။ ငါ့သမီးကို ပိုးလိုဥပြီး မွေးလာတာတဲ့။ ကိုယ့်မှာက အစစအရာရာ အဆင်ပြေအောင် ကလေးတွေနဲ့ ရုန်းနေရတာမို့ ဟိုဘက်က မျက် ထောင့်နီနဲ့ကြည့်ပြီး မျက်နှာမော့ ခါးထောက်ရန်တွေ့သွားတာကို ထားထားညို ဘယ်လိုခံစားနိုင်တော့မှာလဲ။

မခံစားနိုင်တော့ ဆန္ဒကိုပဲ ရိုက်သည်။

ရိုက်တာမှ ဘယ်ရောညာရော ထပ်ကာထပ်ကာရိုက်ပြီး နောက်ဆုံးမှာတော့ ထားထားညိုပဲ ချုံးပွဲချ ထိုင်ငိုရတဲ့အဆင့်ကို ရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် … ဟင့် … ဟင့် … "

"အဟင့် … ဟင့် … ဟင့်"

"မင်းကို မေမေပြောနေတာ မင်းနားလည်ရဲ့လားဟင်ဆန္ဒ"

"ကိုယ်နဲ့အဆင့်အတန်းခြင်းမတူတော့တဲ့ မိန်းကလေးတစ်ယောက်ကို မင်းဘာဖြစ်လို့ ဒီလောက်ထိ တန်းတန်းစွဲချစ်နေရတာလဲ … မင်းမှာ ပန်းသစ်တော်ကလွဲရင် တခြားချစ်စရာ မိန်းကလေးတွေ မရှိတော့ဘူးလား … "

"မင်း … မေမေ့ကိုပြောစမ်း … "

"မေမေမေးတာကို မင်းဖြေစမ်း … "

"ထားညို … ငှါမြေးလေးကို နင်မရိုက်ပါနဲ့ ဒီကိစ္စမှာ ငါမြေးလေးအပြစ်မရှိတာကို ငါသိတယ် … လာ … လာ မြေးလေး … ဖွားဆီကိုလာ … "

သားအမိတွေ ဖြစ်နေတာ ဖွားသူဇာ မကြည့်ရက်ပါ။

ထစ်ခနဲဖြစ်လိုက်တာနဲ့ ဒီမြေးလေးကိုပဲ သမီးထားညိုက မောင်းချနေတာ။ အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်နားသို့ကပ်နေတာတောင် ဖွားသူဇာက ကျမ်းမာဖျတ်လတ်နေဆဲ။ ဘေးလူတွဲစရာမလိုဘဲ ခြံထဲမှာ အနှံ့လျှောက်သွားနေတာ။ ခုလည်း အိမ်ပေါ်က ဆူညံသံတွေကြောင့် လှေကားလက်တန်းလေးကိုကိုင်ပြီး ဖွားသူဇာ တက်လာခဲ့တာပါ။

"အဟင့် … ဟင့် … "

အမေ့ကိုမြင်တော့ ထားညို ပိုလို့တောင် ငိုမိသည်။

"ဟွန်း … ညည်းလည်း မငိုနဲ့ထားညို … အဲဒီဘက်ထဟာတွေကို ငါမပြောချင်လို့ကြည့်နေတာ ခြံချင်းကပ်နေလာကြတဲ့





ဒီနှစ်အိမ်မှာ တစ်အိမ်က စီးပွားတွေတက် တိုက်ကြီးဟိန်းနေအောင် ဆောက်သွားနိုင်တာနဲ့ပဲ စီးပွားမတက်ဘဲ ပျဉ်ထောင်သွပ်မိုးအိမ်အလေးနဲ့ ဒီအတိုင်းကျန်ခဲ့တဲ့ မိသားစုတွေကို ဒင်းတို့ဘက်က နှိမ်ရောလား … ပန်းသစ်တော်လေးနဲ့ငှါမြေးလေးက ငယ်ငယ်လေးကတည်းက အတူတူဆော့ကစားရင်း ဒီအရွယ်တွေ ရောက်လာကြတာ၊ အခုမှ … မတူဘူး မတန်ဘူးလေးနဲ့ ကတ်ကတ်လန်နေအောင်သာပြောနေလိုက်တာ … ငါနားခါးတယ်၊ ငှါမြေးလေးဆိုးနေတာလည်း သူ့ကိုနှိမ်လွန်းလို့ မခံချင်စိတ်လေးနဲ့ဆိုးနေတာ ငှါမြေးလေးကို ညည်းမရိုက်နဲ့ … "

"ကြီးကြီးညိုရေ … ဗိုဗိုအချိုရည် ရှိလား … "

"ဟော … "

အိမ်ရှေ့ဈေးဆိုင်လေးမှာ ဝယ်သူရောက်လာတာမို့ မျက်ရည်ကို ကပျာကယာသုတ်ပြီး ဆိုင်ကလေးဆီကို ပြန်ပြေးရတာလည်း အားထားညိုပါ။ ပြောရရင် မနက်မိုးလင်းလို့ မျက်လုံးနှစ်လုံးပွင့်ကတည်းက အငယ်လေးတွေ ကျောင်းသွားဖို့ပြင်ရဆင်ရ ထမင်းဟင်းတွေချက်ရနဲ့ နောက်ဖေးမီးဖိုချောင်လေးထဲမှာ ဖတ်သီ ဖတ်သီလေး အလုပ်လုပ်ရတာ။

ဟော … အဲဒါပြီးပြန်တော့ …

ခြံထောင့်က အိမ်ဆိုင်ကလေးကိုပြေးဖွင့်။ ဈေးကနေ လိုတဲ့ပစ္စည်းလေးတွေကို စက်ဘီးကယ်ရီသမားလေးနဲ့လှမ်းမှာ။ မနေ့က ယူထားတဲ့ပစ္စည်းဖိုးတွေကို ဘောက်ချာလေးနဲ့တိုက်ရှင်း ပေးစရာရှိတာက ဘယ်လောက်။ ကျန်နေတာက ဘယ်လောက်နဲ့ တွက်ချက်ရတာ ဆိုင်စ,ဖွင့်ကတည်းကပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကြီးကြီးညို မျက်နှာလည်း မကောင်းပါလား ဘာဖြစ်လို့လဲ ..."

"မပြောချင်ပါဘူး သင်းသင်းရယ် ... အဟင့် ..."

မေးကာမှ မျက်ရည်ပိုကျချင်တာ ထားညိုရဲ့အကျင့်ပါ။ လေးထောင့်ရေခဲသေတ္တာအဟောင်းလေးထဲက ဗွီဗွီအချိုရည်ဗူးကို အဖုံးဖွင့်နှိုက်ထုတ်ရင်း မျက်ရည်က ရေခဲသေတ္တာထဲ ပြုတ်ကျသည်။

ဖြေ တော့လည်း အသံလေးကတုန်လို့ ...

"မင်း ... မင်းဆန္ဒပေါ့ ... သင်းသင်းရဲ့ ..."

"ဟင် ... ဆန္ဒ ဘာဖြစ်လို့လဲ"

"ပန်းသစ်တော်နဲ့လေ ... အဟင့် ..."

စကားကို အဆုံးထိလည်း ပြန်မပြောနိုင်။ ပြောရင်း ... ရင်ထဲမှာ ဝမ်းနည်းလာရတာမို့ မျက်ရည်က ဆွဲမချရပါဘဲ တစ်ပေါက်ပြီးတစ်ပေါက် ဆက်တိုက်ကျလျှက်။ အချိုရည်ဗူးကို လက်တစ်ဖက်က လှမ်းပေးရင်း ... ကျန်လက်တစ်ဖက်နဲ့ မျက်ရည်ကို သုတ်ရသည်။

"ပန်းသစ်တော် ... ဟုတ်လား ..."

သင်းသင်းဆိုတာ ဆန္ဒတို့နဲ့ပြိုင်တူကြီးလာတဲ့ မျက်စောင်းထိုးအိမ်က ကောင်မလေးပေါ့။ ပန်းသစ်တော်နဲ့ဆိုလည်း ရွယ်တူလေးတွေပါ။

"မေမေသော်က မတူဘူး မတန်ဘူးဆိုပြီး အိမ်မှာလာပြောလို့ အဟင့် ... အဲဒါ ... ဆန္ဒကိုပြောပြီး ကြီးကြီးညို ငိုနေတာ"

"ဟာ ... ကြီးကြီးညိုရယ် ... အဲဒီခြံထဲကဟာတွေ ဆန္ဒကိုငယ်ငယ်လေးကတည်းက အမျိုးမျိုးခိုင်းနေတာလေ၊ သူတို့မချမ်း





သာခင်တုန်းက ငါးပိရည်ဆိုလည်း ဆန္ဒပဲပြေးဝယ်ရ၊ ငံပြာရည်ဆိုလည်း ဆန္ဒပဲပြေးရှာရနဲ့ ဒီလောက်ခင်တဲ့ဟာတွေက အခုမှ သဘောမတူဘူးပြောတာ ... အရမ်းအကျင့်ယုတ်တယ်၊ ဟိုတစ်နေ့ကလည်း ဒေါ်မေမေသော်ကိုယ်တိုင် ခြံဝကိုထွက်လာပြီး ဆန္ဒကိုမောင်းထုတ်နေတာတွေ့လိုက်သေးတယ်၊ ဆန္ဒသနားပါတယ် ကြီးကြီးညိုရယ် ... ဆန္ဒကိုမဆူပါနဲ့ ..."

မှန်တာပြောရင် ဒီပတ်ဝန်းကျင်ကလူတွေအားလုံး ဆန္ဒဘက်က။ သတင်းတွေအမျိုးမျိုးကြားပြီး ဆန္ဒကိုပဲ သနားနေကြသည်။

"ဆူတာတော့ မဟုတ်ဘူးပေါ့သင်းသင်းရယ် ... သင်းသင်းတို့မြင်တဲ့အတိုင်း ဟိုတုန်းက သစ်သားအိမ်လေးတွေနဲ့အတူတူနေလာခဲ့ကြတာမှန်ပေမယ့် ... အခု သူတို့က မိုးမမြင် လေမမြင်ဘဝကို ရောက်နေကြတာလေ သင်းသင်းရဲ့ ... ကိုယ့်ဆိုရင် လမ်းမှာတွေ့တာတောင် မေမေသော်က ခေါ်ချင်တော့တာမဟုတ်ဘူး"

"အို ... သူတို့မခေါ်တော့ဘာဖြစ်လဲ၊ နှုတ်ဆက်နေရတာလေကုန်တောင်သက်သာသေးတယ် ... သင်းသင်းတို့ကတော့ ရှင်းတယ်၊ အဲဒီတစ်ခြံလုံးမှာ ပန်းသစ်တော်နဲ့ပဲ စကားပြောတယ် ... သူက စိတ်ထားလေးက တံအားဖြူစင်တာ ဆန္ဒနဲ့ချစ်နေတာကိုလည်း သင်းသင်းတို့အားလုံးက သဘောတူတယ်၊ ဟွန်း ... ဒီလောက်အဆင့်အတန်းခွဲချင်နေတာ ပန်းသစ်တော်ကို ခိုးပြေးဖို့ ဆန္ဒနဲ့တွေ့မှ မြှောက်ကို ပေးလိုက်ဦးမယ်"

"အမလေး ... မလုပ်ပါနဲ့ သင်းသင်းရယ် ..."

ဒါကိုတော့ ထားထားညို မျက်ကလဲဆန်ပြာ တားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခိုးပြေးလို့ ပေါင်းရရင်လည်း ကိုယ့်သားလေးပဲ တစ်သက်လုံး အနှိမ်ခံနေရတော့မှာ။ ပြီးတော့ ... ကိုယ့်သားလေးကလည်း မဟုတ်မခံ ဇာတ်ဇာတ်ကြဲလေးနဲ့ မိုက်ကန်းကန်းလေးလုပ်မယ့်ကောင်လေး။

"အဟင့် ... "

သင်းသင်း လှည့်ထွက်သွားတော့မှ မျက်ရည်က ထပ်ကျသည်။

မျက်ဝန်းထဲမှာလည်း ဟိုတုန်းက အကြောင်းတွေကို ပြေးမြင်သတိရမိ၏။ ဟိုဘက်ခြံက သစ်သားအိမ်ကလေးကို ပန်းသစ်တော်တို့ စပြောင်းလာတဲ့နေ့ ...

"မေမေရေ ... "

"မေမေ ... ဘယ်မှာလဲဗျ"

"ဟောဟဲ ... ဟောဟဲ ... "

အလယ်ခွဲဆံပင်လေးနဲ့ ထားထားညို့ဆီကို အမောတကောလေး ပြေးလာတဲ့ သားဆန္ဒ၊ အိမ်ရှေ့မှာ မတွေ့တော့ နောက်ဖေးမီးဖိုချောင်ကလေးထဲကို ဒုန်းစိုင်းကြဲခုန်ပေါက်ပြီးတော့ သားကလေးက ပြေးတက်လာသည်။

"ဟဲ့ ... ဆန္ဒ ... မေမေ ဒီမှာလေ၊ ဘာဖြစ်လို့လဲ ပြောစမ်း"

"ဟောဟဲ ... ဟောဟဲ ... "

ထားထားညို့ မေးနေပေမယ့် ဟောဟဲလိုက်အောင် ပြေးလာတာမို့ ထားထားညို့မေးတာကို သားကလေးဆန္ဒ ရုတ်တရက်မဖြေနိုင်ပါ။ သည်တုန်းက သားကလေးက လေးတန်းကျောင်းသားအရွယ်လေးပဲရှိသေးတာ။ အငယ်လေးနှစ်ယောက်ဆိုရင် အဲဒီတုန်းက မမွေးသေး။

"ဟဲ့ ... မေးနေတာ ဖြေလေ၊ လမ်းပေါ်မှာ ကစားရင်း ဟိုဘက်လမ်းက ကလေးတွေနဲ့ မင်းရန်ဖြစ်လာပြန်ပြီလား"

"မဟုတ်ဘူးမေမေ ... မဟုတ်ဘူး ... မဟုတ်ဘူး"

အမောပြေအောင် အသက်ကို ဖုတ်လိုက် ဖုတ်လိုက်ရှူရင်းနဲ့ ခေါင်းကလေးကိုင်းကာ ခေါင်းကိုလည်း အဆက်မပြတ် ခါနေသည်။

"ဟို ... ဟိုဘက်က ခေါင်းရင်းခြံထဲကို လူသစ်တွေ ပြောင်းလာပြီ မေမေရ ... "

"ဟဲ့ ... ဘယ်က လူတွေ ပြောင်းလာကြတာလဲ"

"အဲဒါ ... အဲဒါတော့ သားလည်းမသိဘူးမေမေ ... ဗိုင်နာကားကြီးနဲ့ပစ္စည်းတွေ အပြည့်တိုက်ပြီးပြောင်းလာတာ၊ အဲဒါ ... အဲဒါလေ ... ပြောင်းလာတဲ့လူတွေထဲမှာ ဂါဝန်အဖြူရောင်လေးဝတ်ပြီး ဂုတ်ဝဲဆံပင်လေးနဲ့ သားတို့အရွယ်ကောင်မလေးတစ်ယောက်လည်း ပါလာတယ်မေမေရ ... မေမေ အခုထွက်ကြည့်လိုက်တာနဲ့ အဲဒီကောင်မလေးကို မေမေတစ်ခါတည်း မြင်သွားမယ် ... လာမေမေ ... မေမေ့ကိုသားပြမယ် ... "

"ဟဲ့ ... ဟဲ့ ... အို မေမေ့လက်ကိုမဆွဲနဲ့နော် ... ဒီမှာ မေမေက ဟင်းအိုးကြီးတန်းလန်းနဲ့ကွယ် ... "

ဝမ်းသာအားရမျက်နှာကလေးနဲ့ ထားထားညို့လက်ကို သားကလေးက အတင်းဆွဲခေါ်နေတော့တာ။

"မရဘူး မေမေ ... မေမေ့ကို အရမ်းပြချင်လို့သားလာခေါ်တာ၊ လိုက်ကြည့်ပါ ... မေမေရာ၊ ကောင်မလေးမျက်နှာလေးက အရမ်းချစ်ဖို့ကောင်းလို့ မေမေ့ကိုခေါ်နေတာပါ၊ မျက်လုံးလေးက







www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆွဲထားသလို အရမ်းဝိုင်းစက်နေတာမေမေ ... လာ မေမေ လာ ... "

အဲဒါနဲ့ပဲ သားကလေးပြတဲ့ကောင်မလေးကို မသိမသာက လေး ထွက်ကြည့်ခဲ့ရတဲ့ ထားထားညို။

"တွေ့လားမေမေ ... တွေ့လား ... တွေ့လား ... မြရွှေ့က ဗာဒံပင်ရိပ်အောက်မှာရပ်နေတာ ချောတယ်နော်မေမေ ... အသား လေးကအစ ဖြူဝင်းနေတာ၊ သူ ... သူက သားကိုလည်းမသိဘဲနဲ့ ပြုံးပြတယ်မေမေရဲ့ ... အရမ်းသဘောကောင်းတဲ့ကောင်မလေး။ နောက်ဆိုရင် သားနဲ့အိမ်နီးချင်း သူငယ်ချင်းတွေဖြစ်လာမှာနော် မေမေ ... အဲဒါဆိုရင် နောက်ဖေးက စိန်ပန်းပင်ကြီးအောက်မှာ သားတို့အတူတူဆော့မယ်နော် ... အဲဒီကျရင် မေမေသားကို မဆူရ ဘူးနော် ... "

အရမ်းဝမ်းသာနေတဲ့ သားငယ်လေး။

ခြံချင်းက ကပ်လျက်မို့ ဟိုဘက်ခြံကို ချောင်းကြည့်ရတာလဲ အမော။

နောက်တော့ ဘာမှမကြာလိုက်ဘဲ ခဏလေးနဲ့ခင်သွား သည်။

"ဆန္ဒရေ ... ကြီးကြီးသော်ကို လမ်းထိပ်စတိုးဆိုင်က ခေါင်း လျှော်ရည်ထုတ်လေး သွားဝယ်ပေးပါဦး ... ဒီမှာ မင်းသူငယ်ချင်း ပန်းသစ်တော်က စိတ်ကောက်နေလို့ ... "

မခိုင်းနဲ့ ...

ခိုင်းတာနဲ့ ချာခနဲနေအောင် သားငယ်လေးက လှည့်ပြေး တော့တာ။ ပြီးတော့လည်း ... ဒီလိုလုပ်ပေးရတာကို ဝမ်းသာအားရ





ပျော်ရွှင်နေတဲ့မျက်နှာလေးနဲ့ပါ။ ပန်းသစ်တော်ကို သူ့ဖေဖေက မိန်း ကလေး စက်ဘီးလေးတစ်စီး ဝယ်လာပေးတဲ့နေ့ကဆို ပန်းသစ် တော်ကို စက်ဘီးစီးသင်ပေးရင်း သားငယ်လေးက နောက်က လိုက်တွန်းပေးတာ ... တစ်ကိုယ်လုံးချွေးတွေနစ်ပြီး မျက်နှာလေး ကပါရဲလို့။

ကျောင်းသွားတော့လည်း အတူတူ ...

ကျောင်းပြန်တော့လည်း အတူတူ။

လေးတန်း ... ငါးတန်း ... ခြောက်တန်း ခုနစ်တန်း၊ ရှစ်တန်း။

"ဟော့ကောင် ... ပန်းသစ်တော်ကို ဘယ်သူစ,တာလဲ မင်းလား ... "

ပန်းသစ်တော် တစ်ခုခုဖြစ်ပြီဆိုတာနဲ့ ရင်ဘတ်အင်္ကျီစကို ခပ်ပြတ်ပြတ်စုကိုင်ကာ ပြဿနာရှာ စိမ်ခေါ်တတ်ခဲ့တာ မင်းဆန္ဒ ရယ်ပါပဲ။ ကျောင်းသွားရင်းပဲဖြစ်ဖြစ်၊ ကျောင်းပြန်ရင်းပဲဖြစ်ဖြစ်၊ တစ် နေရာရာမှာ ထိုးလာကြိတ်လာ ပြဿနာတက်လာပြီဆို ဗေဒင် မမေးနဲ့။ အဲဒါ ... ပန်းသစ်တော်ကြောင့်ပါပဲ။ ကိုယ်ထိုးလာတဲ့နေ့ဆို အကြောင်းမဟုတ်ပေမယ့် ကိုယ့်ထက်အင်အားကြီးလို့ ဟိုဘက်က ထိုးလွှတ်လိုက်ပြီဆိုတာနဲ့။

"အမလေး ... မေမေ့သားလေးရယ် မျက်လုံးတွေလည်း ယောင်လို့ပါလား၊ ကြည့်စမ်း ... နှုတ်ခမ်းလေးလည်းကွဲပြီး ပြန်လာ တာ ... ပြောစမ်း ... ပြောစမ်း ... မေမေ့သားလေး ဘယ်မှာရန်ဖြစ် လာတာလဲ"

"ဟွန်း ... အများနဲ့တစ်ယောက်မို့ သားခံလိုက်ရတာမေမေ



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ရပ်ကွက်ကကောင်တွေပေါ့ … လမ်းမှာ ပန်းသစ်တော်ကို စလိုက်ပေးလို့ သားနဲ့ဖြစ်တာ၊ ထိုးတာလည်း သားကအရင်စထိုးတာ၊ အဲဒါ … မင်းမင်းအောင်ရဲ့အစ်ကိုက သူ့ညီကိုထိုးလို့ဆိုပြီး သားကိုအများနဲ့တစ်ယောက် ဝိုင်းထိုးလို့ သားခံလိုက်ရတာ … အရှယ်မတူလို့ သားအရှုံးပေးလိုက်တာ … သားဆယ်တန်းရောက်မှ အဲဒီကောင်တွေကို ပြန်ချမယ်"

အဲလိုလည်း မိုက်ကန်းကန်းလုပ်တတ်တဲ့ သားကလေး။

ဖြစ်ချင်တော့ သားဆန္ဒနဲ့ပန်းသစ်တော် ရှစ်တန်းစာမေးပွဲဖြေလို့အပြီးမှာပဲ မေမေသော်တို့က စီးပွားတွေတရိပ်ရိပ်တက်လာတာ။ အုတ်တံတိုင်းအမြင့်ကြီးကာလျှက်။ ခမ်းနားသော နှစ်ထပ်တိုက်သစ်ကြီးကို ဆောက်နိုင်သွားခဲ့ပြီ။ ခြံထဲမှာ ကားတွေရပ်ထားတာလည်း အကောင်းစားကားတွေချည်းပဲ သုံးလေးစီးမကအောင်ပေါ့။

ပန်းသစ်တော်ရဲ့ဖေဖေ ဦးမောင်မောင်ပြုံးဆိုလျှင် ဟိုတုန်းက ပုဆိုးလေးဝတ်ပြီး မြန်မာလွယ်အိတ်ကလေးနဲ့ စီးပွားရှာခဲ့တာဖြစ်ပေမယ့် ဟော … စီးပွားလည်းတက်သွားရော ဘောင်းဘီတိုအပွနဲ့ တီရှပ်အကောင်းစားကိုဝတ်ပြီး ဟန်းဖုန်းတကိုင်ကိုင်ပြောနေရာကနေ ခုတော့ … အနောက်တိုင်းဝတ်စုံတွေ၊ နက်ကတိုင်လ်ရောင်စုံတွေနဲ့ ပြောင်လက်နေတဲ့ ရှူးဖိနပ်ကိုသာ စီးတတ်သူတစ်ယောက်ဖြစ်သွားခဲ့ရတာတောင် ဘာကြာသေးလို့လဲ။

သိမ်ငယ်ခဲ့ရတာတော့ ထားထားညို့တို့မိသားစုလေးပါပဲ။

"ဟဲ့ … အိမ်မှာ မကုန်တဲ့ဟင်းထမင်းတွေ ဒီအတိုင်းထားလည်း သိုးမယ့်အတူတူ ဟိုဘက်ခြံက ထားထားညို့ကို သွားပေးစမ်း





ငါပေးခိုင်းလိုက်တယ်ပြော … ကြားလား … "

အိမ်ဖော်တွေခန့်ထားတာလည်း နှစ်ယောက်သုံးယောက်။

ကိုယ်က မရှိသူမို့ မျက်နှာငယ်နေချိန်မှာ အိမ်က လင်တော်မောင်ကိုထွန်းကို ဒရိုင်ဘာရာထူးပေးပြီး ဟိုခိုင်း ဒီခိုင်း ခိုင်းပြန်တော့ ကိုထွန်းမှာလည်း ခေါင်းကလေးတညိတ်ညိတ်နဲ့ လက်ကလေးနောက်ပစ်ကာ ဒီလိုခိုင်းခဲ့တာကိုပဲ ကျေးဇူးတင်နေရတဲ့ဘဝ။

နောက်တော့ … ကိုထွန်းကားတိုက်မှုဖြစ်ကာ လူသေတယ်ဘာညာနဲ့ ရင်ထိတ်စရာတွေဖြစ်လာတော့ … မေမေသော်ကိုယ်တိုင် ဒီဘက်ခြံကိုကူးလာကာ ပျာယာခတ်နေအောင် ကလေးတွေကိုလည်း အဝတ်အစားတွေဝယ်ပေး၊ အိမ်ဆိုင်လေးတည်နိုင်အောင်လည်း အရင်းတွေထုတ်ပေးနှင့် ဘာကြောင့်ဒီလိုသဘောကောင်းခဲ့တယ်ဆိုတာလည်း ဖြစ်ကာစတုန်းက ထားထားညို့ မရိပ်မိခဲ့။

အမှုပြီးလို့ ကိုထွန်းထောင်သုံးနှစ်ကျသွားခဲ့ချိန်မှာ မေမေသော်ကတော့ ဒုံရင်းအတိုင်းပဲ ပြန်ဖြစ်သွားခဲ့သည်။ ဒီဘက်ခြံကို ကူးလာဖို့နေနေသာသာ ကိုယ့်သားလေးသွားတာကိုပင် မျက်နှာထားတင်းတင်းနဲ့ … သားကလေးကလည်း အရပ်ကလေးမြင့်မြင့်လေးနဲ့ အသားအရည်လေးကအစ ဝင်းကာ လူပျိုပေါက်အရွယ်ကလေးဖြစ်လာခဲ့ပြီ မဟုတ်လား။

"နင့်ကို ငါ့ကားတွေ ရေဆေးခိုင်းမလို့ခေါ်လိုက်တာ … လာလာ … အိမ်ထဲမဝင်နဲ့ ဒီကွက်လပ်မှာပဲ လာဆေး … ဆပ်ပြာရည်ထဲမှာ အဝတ်စုတ်ကလေး စိမ်ပြီး သေသေချာချာတိုက်ဆေးနော်၊ အပွန်းရာ အစဉ်းရာတွေလည်း ထင်သွားဦးမယ် … "



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှိမ်ပြီးတော့ခိုင်းလေ ပန်းသစ်တော်လေးက ဂရုဏာဖြစ်ရလေပါပဲ။

"ဆန္ဒ ... နေပူနေတယ်လေ နင်ခဏလောက်နားလိုက်ပါဦးလား ... ဒီမှာ နင့်အတွက် ငါစတော်ဘယ်ရီဖျော်ရည်လေးတိုက်မလို့ ဖျော်ထားတာ လာသောက်လိုက်ဦး ... "

ဒါကို ဒေါ်မေမေသော်က မျက်စောင်းတရွယ်ရွယ်။ သူ့သမီးကို မျက်ရိပ်ပြပြီး တိုက်ထဲပြန်ဝင်ခိုင်းနေတာ ... ဆန္ဒကရော မသိဘဲနေပါ့မလား။

"ပန်းသစ်တော်ရယ် ... အိမ်မှာဖျော်သောက်တာထက်စာရင် ငါက နင်နဲ့အတူတူ ဆိုင်မှာသွားသောက်ချင်တာသိလား"

တမင်အရွဲ့တိုက်ပြီး ဒေါ်မေမေသော်မခံချင်အောင် ပြန်ပြန်ပြောတတ်တာလည်း ဆန္ဒရဲ့အကျင့်။ ဒီလိုနဲ့ပဲ ဆယ်တန်းကို ရောက်လာတော့ ...

"ကြီးကြီးသော် ... ပန်းသစ်တော်ရှိလား ... "

"မင်း ... မင်း ဘာလာလုပ်တာလဲ ဆန္ဒ ... "

"ပန်းသစ်တော်က သချာအတူတူတွက်မယ်ဆိုပြီးခေါ်ထားလို့ ... "

"ဟာ ... မလာနဲ့ ... မလာနဲ့ ... "

"ဟင် ... ဘာဖြစ်လို့လဲ ... ကြီးကြီးသော်ရဲ့ ... "

"ပန်းသစ်တော် မအားဘူး"

"ဗျာ ... "

"နောက်တစ်ခါကျရင် ငါမခေါ်ဘဲ ဒီဘက်ခြံကို မင်းမလာနဲ့ လာရင် မင်းကိုဘယ်သူမှ ခြံတံခါးမဖွင့်ပေးဘူးဆိုတာ မင်းနားလည်





ထား ... မင်း ... မင်း ငါ့ကိုမကျေမနပ်နဲ့ပြန်မော့ကြည့်မနေနဲ့ ... မင်းက ကျောင်းလည်းပြေးတယ်၊ ဟိုနေရာရန်ဖြစ်လိုက် ဒီနေရာရန်ဖြစ်လိုက်နဲ့ နာမည်လည်းတအားပျက်တယ် ... ဖြစ်နိုင်ရင် ငါ့သမီးကို မင်းမေ့လိုက် ... "

"ကြီးကြီးသော် ... ရက်စက်တယ်ဗျာ၊ ကျွန်တော်တို့နှစ်ယောက်ကို အဲလိုတော့ ကြီးကြီးသော်မခွဲပါနဲ့ ... ကျွန်တော် ... ကျွန်တော် ... ပန်းသစ်တော်ကို အရမ်းခင်လို့ပါ ကြီးကြီးသော်"

"မခင်နဲ့ ... မခင်နဲ့ ... "

ခြံတံခါးသံတိုင်လေးကိုကိုင်ရင်း ခေါင်းငိုက်စိုက်ကျခဲ့ရတဲ့ သားငယ်လေး။

သူရင်မနာဘဲ နေပါတော့မလား။

သူတို့ဘက်က အဆင့်အတန်းခွဲတာတွေ နှိမ်တာတွေများလာတော့ ... မာနမျက်နှာလေးနဲ့ သားငယ်လေးရဲ့မျက်နှာထားလေးတည်သွားတာ ... ဆယ်တန်းစာမေးပွဲတွေ ဖြေကာနီးလောက်မှာပါပဲ။

မေမေသော်အလစ်မှာ ဒီဘက်ခြံကို ပန်းသစ်တော် ရောက်လာရင်လဲ ...

"ဟင် ... နင်းဘာလာလုပ်တာလဲ ပန်းသစ်တော် ... "

"အောင်မယ် ... နင်က ... "

ဆန္ဒမျက်နှာလေးတည်နေတာကို ပန်းသစ်တော် ... နားမလည်နိုင်ပါ။

"ဘာလဲ ... ဆန္ဒ၊ နင် ... ပန်းသစ်တော်ကို စိတ်ကောက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ပန်းသစ်တော်ကလည်း အရင်လိုမဟုတ်တော့ပါ။ ဝင်းနှစ်တဲ့ မျက်နှာလေးပေါ်မှာ ကော့ချွန်သောနှာတံလေးက အံစက်နေပြီး မျက်တောင်ကော့ကော့ရှည်ရှည်ကြီးတွေက မျက်ဝန်းနက်နက်လေးတွေကို အုပ်မိုးယှက်ဖြာကျနေတာ နှုတ်ခမ်းလေးနှစ်မွှာက စိုအိလုံးချွန်နေတာ အရပ်ကလေးမြင့်ပြီး ... ကိုယ်လုံးကလေးကအစ တင်းတင်းရင်းရင်းကလေးဖြစ်လာတာ ထားထားညိုပင် မနည်းမော့ကြည့်ယူရတဲ့အထိ။

"မကောက်ပါဘူး ... ငါတို့ခြံထဲကို နင်ရောက်လာလို့မေးတာ"

"ဆန္နရယ် ... ဟိုနေ့ညနေက ခြံဝကနေ နင်လှည့်ထွက်ပြန်သွားတာကို ပန်းသစ်တော်မြင်လိုက်လို့ ဆန္နဆီကို ပန်းသစ်တော်လိုက်လာတာပါ ... အခုလည်း ဆန္နစိတ်ကောက်နေတာကို ပန်းသစ်တော်သိတယ် ... မကောက်နဲ့နော်ဆန္န ... ဆံပင်ကြီးကလည်း အရမ်းရှည်နေပြီ ... ညှပ်ဦး ..."

"ဟွန်း ... ငါစိတ်မကောက်ပါဘူး ဒါပေမဲ့ ... နင့်အမေကြီးကြီးသော်ကိုတော့ ငါတအားမုန်းသွားတယ် ... ဒါကြောင့်မို့ နင်တို့ခြံဘက်ကို ငါမလာတော့တာ"

"ညက အိမ်ရှေ့က ခြံဝမှာ ဂစ်တာထိုင်တီးနေတာ ပန်းသစ်တော်မြင်သားပဲ ... ဆန္န သီချင်းဆိုတာလည်း ကြားတယ်"

"ဟင် ... နင်ဘယ်က ကြည့်နေတာလဲ"

"အပေါ်ထပ်ဝရန်တာ လိုက်ကာကြားထဲက ..."

"ငါ ... ပေါက်ကွဲနေလို့ဆိုတာပါ ..."

"ဆန္နဆိုတာ အရမ်းနားထောင်လို့ကောင်းတယ်သိလား"





"အဟွန်း ..."

"နောက်တာမဟုတ်ဘူးနော်ဆန္န ... နှုတ်ခမ်းလေးက မဲ့မသွားနဲ့ ... တကယ်ပါပဲ ... စာမေးပွဲတွေ ဒီလောက်နီးနေတာတောင် စာမကျက်ဘဲ ဂစ်တာတွေ ထိုင်တီးနေလိုက်ကြတာ"

"ငါအောင်ရင် နင်က ဘာပေးမှာမို့လို့လဲ ..."

"ဆန္နလိုချင်တာပေးမယ်လေ ..."

"ငါလိုချင်တာ တစ်ခုတည်းပါ ..."

"ဟင် ... ဆန္န ... နင်လိုချင်တာဘာလဲ ..."

"အခု ... မပြောသေးဘူး ..."

"ဆန္နနော် ... ပန်းသစ်တော်ကို ဦးနှောက်စားအောင် မလုပ်နဲ့နော် ..."

သူငယ်ချင်းနှစ်ယောက် ...

စိတ်ကောက်တဲ့သူကကောက် ချော့တဲ့သူကချော့နဲ့။

ထားထားညို ပီတိဖြစ်မိပေမယ့် ရင်ထဲမှာလေးနေတာကို ဘယ်သူသိနိုင်မလဲ။ ငယ်ငယ်လေးကတည်းက ပေါင်းလာကြတဲ့ သူငယ်ချင်းလေးတွေ။ တစ်ယောက်ကိုတစ်ယောက် မတွေ့ရရင် မနေနိုင်လို့။ ပန်းသစ်တော်လေးက လိုက်လာတာပါ ... ဟောဒီယတ်တန်းလည်းအောင်ရော ... ဘယ်အချိန်ကဘယ်လို သမီးရည်းစားတွေဖြစ်သွားမှန်း ထားထားညိုပင်မသိလိုက်။ ပန်းသစ်တော်ရဲ့ ဓါတ်ပုံလေးနဲ့ ဓါတ်ပုံလေးနောက်မှာ ရေးထားတဲ့စာတန်းလေးကို တွေ့တော့မှ ထားထားညို မျက်လုံးပြူးခဲ့ရတာ။

ချစ်သော ဆန္နအတွက် ... သိပ်ချစ်တဲ့ ပန်းသစ်တော်ဆိုပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ... ဘုရား ...

ဒါကို မေမေသော် ... မသိပါစေနဲ့၊ ဒါကိုမေမေသော် မကြားပါစေနဲ့။

ဒါပေမယ့် ... ထားထားညို ဆုတောင်းက မပြည့်ခဲ့ပါ။

သိသွားတဲ့ တစ်နေ့မှာတော့ ...

"ဖြန်း ... "

"အဲဒါ ... မတန်မရာမှန်းဦး ... "

မျက်နှာလေးလည်ထွက်သွားရတဲ့အထိ။ မေမေသော်ရဲ့ လက်ဝါးရိုက်ချက်က ပြင်းထန်သွားခဲ့သလို ဖြစ်ရတဲ့အပြစ်ကလည်း ထားညိုရဲ့အိမ်ဆိုင်လေးပေါ်မှာ လာဖြစ်ရတာမို့။

"ဟင် ... မေမေသော် ... နင် ... နင် ... ငါ့သားလေးကို ရိုက်တယ် ဟုတ်လား ... နင် ... နင်ရက်စက်လှချည်လား မေမေသော်ရယ် ... နင်ဒီလိုရိုက်ရအောင် ငါ့သားလေးမှာ ဘာအပြစ်ရှိလို့လဲဟင် ... မေသော် ... ငါ့သားလေး ... ငါ့သားလေး ... "

တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ ဘယ်ကဘယ်လိုကျလာမှန်းမသိသည့် မျက်ရည်တွေကိုလည်း သုတ်ဖယ်ပစ်ဖို့ သတိမရနိုင်ဆိုင်က ထိုင်ခုံပေါ် ဘယ်လိုပြန်ပြုတ်ကျသွားမှန်းပင် မသိလိုက် မြင်ကွင်းတွေကပါ ဝါးကုန်သည်။

"မရိုက်လို့ရမလား ထားညို ... ငါ့သမီးကို အချောင်နိုက် နင့်သားကြီစည်နေတာကို ငါသိလို့ရိုက်တာ ... ခြံနားနီးချင်းတွေ ဆိုပြီး ကျွေးထားမွေးထား ချေးငှားကူညီထားတာတွေတော မထောက်ဘဲ နင့်သားက ငါ့သမီးကို မတန်မရာမှန်းနေလို့ တာ ... အရှုး ... နင့်သားလောက် ရှူးတာ နင့်သားပဲရှိတယ် ...





ရိုက်တာကိုမကျေနပ်ရင် နင်တို့တိုင်ချင်ရာကို သွားတိုင်နိုင်တယ် အရူး ... ကိုယ့်ဘဝကိုယ်နားမလည်တဲ့အရူး ... ပြောစမ်း ... ငါ့သမီးကိုအချောင်ရမယ်လို့များ နင်စိတ်ကူးယဉ်နေသလား ... မင်းဆန္ဒဆိုတဲ့ အကောင်စုတ်ရဲ့ ... "

ပြောချင်တာပြော ... အော်ချင်တာအော်သွားတဲ့ မေမေသော်ရဲ့ ရင့်သည်းစော်ကားမှုတွေကို မျက်ရည်ပေါက်ပေါက်ကျရင်း ကြိတ်မှိတ်သည်းခံလိုက်ရတော့ အိပ်ရာထဲလဲသွားသည်အထိ ထားညို ... ချုံးချုံးကျသွားသည်။ ထိုအချိန်မှာပဲ ... ကြားလိုက်ရတဲ့သတင်းဆိုးက ထောင်ထဲမှာ ကိုထွန်းဆုံးခဲ့ပြီတဲ့။

သားအမိတွေ ကူကယ်ရာမဲ့သွားခဲ့သလို ...

ဘုန်းကြီးငါးပါးပင့်ပြီး အိမ်မှာဆွမ်းသွတ်တော့ ... သွက်သွက် ဆူပွက်နေတဲ့ နှလုံးသားထဲက ရိုက်ပုတ်သံတွေကြောင့် ရေစက်ကပါ ပြုတ်ကျလှုက် သတိလစ်မေ့မျောသွားခဲ့ရတာ ဆေးရုံပေါ်ရောက်သည်အထိတောင် ဖြစ်သွားခဲ့ရသည်။

ထမင်းကျွေးသည့် ကျေးဇူးရှင်ရယ်လို့ ကိုထွန်းက ဘဝရေစက်ပါ ပေးဆပ်သွားပေမယ့် ... မကောင်းတတ်လို့ ပို့လိုက်သည့် ဘက်ခြံက ကူငွေပစ္စည်းလေးက ဘုန်းကြီးငါးပါးအတွက် တို့နှံ့နဲ့ မျက်နှာသုတ်ပုဝါလေးငါးထည်နဲ့ ကိုယ်တိုက်ဆပ်ပြာခဲလေးငါးခဲရယ် ...

အံကြိတ်တက်ခေါက်တော့လည်း ကိုယ့်နှုတ်ခမ်းတွေပဲနာ သည်။

ဒေါသနဲ့မီးဝင်းဝင်းတောက် ပေါက်ကွဲပြရမယ်ဆိုပြန်တော့ မျက်နှာငယ်ငယ်လေးတွေနဲ့ အရွယ်မရောက်သေးသည့် ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



အောက်က ကလေးလေးတွေရဲ့မျက်နှာက ... မအေမျက်ဝန်းတွေကိုကြည့်ကာ တောင်းပန်တိုးလျှိုးနေကြသလိုလို ဖြစ်နေကြသည်မို့ သားတွေ သမီးတွေမသိအောင် ရှိုက်ငိုရင်း ဒေါသနဲ့မခံချင်စိတ်တွေကို မြိုသိပ်လာခဲ့ရတာလည်း ဒီနေ့အထိ။

ခုတော့ ... သားဆန္ဒကိုလည်း ပါးတွေပိတ်ရိုက်ခဲ့သည်။

ဆိုင်မှာတစ်ယောက်တည်း ထိုင်တွေးရင်း သင်းသင်းပြန်ထွက်သွားကတည်းက စိုလက်စ,မျက်ရည်တွေကိုလည်း ထားထားညို ... မသုတ်နိုင်ခဲ့။

သားဆန္ဒကလည်း မေမေသော် မကျေနပ်လေ အရွဲ့တိုက်ပြီး ပိုတွဲလေမို့ ... ထားထားညို ဘာလုပ်ရမှန်းမသိတော့ဘဲ သားဆန္ဒကိုပဲ ဒေါသနဲ့ မရိုက်ခဲ့မိတာဖြစ်သည်။

ဒီလိုရိုက်လည်း သားဆန္ဒက နောက်ဆုတ်သွားမယ်ထင်သလား။

ထားထားညို ဆုတောင်းလိုက်မိတာက လူကြီးတွေရဲ့ နိုင်ကွက်ရက်စက်မှုတွေကြောင့် လူငယ်တွေ စိတ်အလိုမလိုက်သွားကြဖို့ပဲဖြစ်သည်။

ကံကြမ္မာဆိုတာကရော ...

ကိုယ်ဖြစ်စေချင်သလို ဖြစ်လာမှာတဲ့လား။

အဲဒီလိုသာ ဖြစ်လာမယ်ဆိုရင် ...

❧ ❧ ❧

အခန်း ( ၄ )

"ဟဲလို ... အမိန့်ရှိပါရှင် ... "

"ကျွန်တော် ... ဦးမောင်မောင်ပြုံးနဲ့ စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့ပါရှင် ... ခဏလေးတော့ ကိုင်ထားပါနော် ... ကိုမောင်က ဘုရားခန်းထဲရောက်နေလို့ပါ ... အခုဆက်နေတာ ဘယ်သူပါလဲရှင် ... "

"ကျွန်တော် လရောင်ခေတ်ပါ ... "

"ရှင် ... ဦး ... ဦးလရောင်ခေတ်ဆက်နေတာ အို ... အားနာလိုက်တာ ဥက္ကဋ္ဌကြီးရယ် ... ကျွန်မ ... ကျွန်မ မသိလို့မေးမိတာ စိတ်မရှိပါနဲ့နော် ... ဥက္ကဋ္ဌကြီး ... "

မေမေသော်တစ်ယောက် အသံတွေလည်းတုန်၊ စိတ်တွေလည်းလှုပ်ရှားကာ ဟန်းဖုန်းလေးကို ကိုင်ရင်း ဘုရားခန်းဆီ ကမျာကယာပြေးလာတာ ... လမ်းမှာ ခလုတ်တိုက်လဲမသွားတာ ကံကောင်း။

"ကိုမောင်ရေ ... ကိုမောင် ... ဒီ ... ဒီမှာ ကိုမောင့်ဆီကို ဦးလရောင်ခေတ် ဖုန်းဆက်နေတာ ... ကျွန်မ ယုံတောင်မယုံဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက် ... ပြောလိုက် ... နောက်မှဘုရားရှိခိုး ... ”

“ဟင် ... ဟုတ်လို့လားမေရဲ့ ... ဥက္ကဋ္ဌက ကိုယ့်ဆီကို ဘယ်တုန်းက ဖုန်းဆက်ဖူးလို့လဲ ... မေနားကြားမှားတာ ဖြစ်မယ်ထင်တယ်”

တစ်ဖက်က အသံတွေကြားနေရတာကိုလည်း နှုတ်ခမ်းလေးမဲ့ကာ လရောင်ခေတ်က ပြုံးသည်။ ဟွန်း ... လရောင်ခေတ်ဆိုတာ နာမည်တစ်လုံးနဲ့ အဲဒီလိုရှင်သန်နေတာလေ မင်းဆန္ဒ ... လရောင်ခေတ်ဆိုတဲ့ နာလည်တစ်လုံးကိုကြားလိုက်တာနဲ့ လက်တွေနောက်ပစ်သွားတာ ... ခေါင်းတွေငုံ့သွားတာ ထိုင်ရတော့မလို ထရတော့မလိုဖြစ်သွားတာတွေက အဆန်းတကြယ်ကိစ္စတွေမှ မဟုတ်တော့တာ။ ခမ်းနားတာတွေအားလုံးထက် ပိုပြီးတော့ ခမ်းနားတဲ့ ဘဝတစ်ခုထဲမှာ လရောင်ခေတ် အမြဲရှင်သန်နေတယ်ဆိုတာ မင်းကိုပြရတော့မယ့်အချိန်ကို ရောက်နေလို့ ... ပန်းသစ်တော်ရဲ့ FATHER ဆီ၊ ကိုယ် ဖုန်းခေါ်လိုက်တာ ... ဆောရီးပဲဆန္ဒ၊ ကိုယ်က ပြောတဲ့အတိုင်းလုပ်တတ်တဲ့ လရောင်ခေတ်ဖြစ်နေလို့ပါ။

“ဟဲလို ... ”

တစ်ဖက်က မဝံ့မရဲလေးပြန်ထူးလိုက်တဲ့အသံကလေးကို နားထောင်ပြီး ဆုံလည်ကုလားထိုင်ကြီးပေါ်ကနေ ခြေထောက်နှစ်ဖက်နဲ့အားယူကာ ကုလားထိုင်ကို တစ်ပတ်လှည့်ပစ်တော့ နံရံတွေမျက်နှာကြက်အလှမီးဆိုင်းတွေ၊ ပန်းချီကားကြီးတွေကပါ တစ်ပတ်လည်ထွက်သွားသည်။

“အဟွန်း ... ကျွန်တော် လရောင်ခေတ်ပါ ဦးမောင်မောင်ပြုံး ... ”





“ဟာ ... ဥက္ကဋ္ဌ ... ”

ဦးမောင်မောင်ပြုံးတစ်ယောက် ... ကိုင်ထားတဲ့လက်ထဲက ဖုန်းပင် ပြုတ်ကျတော့မလိုဖြစ်သွားသည်။ ဥက္ကဋ္ဌမှ တကယ့်ဥက္ကဋ္ဌအစစ်။

“ကျွန်တော် ... ကျွန်တော် မောင်မောင်ပြုံးပါ ဥက္ကဋ္ဌ ... အမိန့်ရှိပါ၊ ကျွန်တော် ဥက္ကဋ္ဌရဲ့အမိန့်ကို နာခံနေပါတယ်”

နားရွက်ကြီးပါ ဖုန်းထဲဝင်သွားတော့မတတ် အတင်းဖိကပ်ကာ ဦးမောင်မောင်ပြုံးတစ်ဖက်က ဥက္ကဋ္ဌအသံကို နားစွင့်သည်။ ဥက္ကဋ္ဌနဲ့ ဒီလို ဖုန်းပြောခွင့်ရတယ်ဆိုတာ နည်းတဲ့အခွင့်အရေးလား။ ပြီးတော့လည်း ... ဒီဖုန်းကို ကိုယ်က စဆက်တာလည်းမဟုတ်။ ကုမ္ပဏီမှာ ဆယ်ရာခိုင်နှုန်းလောက်ပဲ ရှယ်ယာဝင်ထားတဲ့ကိုယ့် ကို ဒီလိုတကူးတက ဖုန်းဆက်ရအောင်လည်း ကိုယ်ကဘာမို့လို့လဲ။

“ဒီလိုပါ ဦးမောင်မောင်ပြုံး ... ”

“ဟုတ် ... ဟုတ်ကဲ့ခင်ဗျ ... ”

“ဦးမောင်မောင်ပြုံးလို ကုမ္ပဏီရဲ့ ရှယ်ယာဝင် ဒါရိုက်တာတစ်ယောက်ကို ကုမ္ပဏီနဲ့မသက်ဆိုင်တဲ့ကိစ္စတစ်ခု ပြောရမှာ ကျွန်တော် အရမ်းအားနာလို့ပါ ... ”

“ဗျာ ... ဥက္ကဋ္ဌ ... ကုမ္ပဏီနဲ့မဆိုင်တဲ့ကိစ္စ ဟုတ်လား ... ဟို ... ဟို အားမနာပါနဲ့ဥက္ကဋ္ဌ ... ဘယ်လိုကိစ္စပဲဖြစ်ဖြစ် ဥက္ကဋ္ဌပြောရင် ကျွန်တော်တို့က နားထောင်ရမှာပါ”

“ကျွန်တော်ပြောမှာ လူမှုရေးကိစ္စ ဖြစ်နေလို့ပါ ... ”

“ဗျာ ... ”

ဆုံလည်ကုလားထိုင်ကို အားယူကာ တစ်ပတ်ထပ်လှည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း အလှမွေးငါးကန်ကြီးနဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားမယ့် ညာဘက်အခြမ်းမှာ ရပ်ပစ်လိုက်သည်။

အလှမွေးငါးကန်ကြီးက Lucky Fish ငါးကြီးကိုကြည့်ပြီး ဒီစကားတွေပြောရင် ပိုကောင်းမလားဆိုတဲ့ စိတ်ကူးနဲ့ပါ။

"လူမှုရေး ... ဟုတ်လား ဥက္ကဋ္ဌ ... "

ဦးမောင်မောင်ပြုံးကတော့ ခုထိ အသံတွေက တုန်နေဆဲ။ ဘေးကရပ်ကြည့်နေသည့် ဒေါ်မေမေသော်ပင် စိတ်လှုပ်ရှားစွာ ရင်ဘတ်လေးဖိလျှက် နားထောင်နေကာ မျက်တောင်ခတ်ဖို့တောင် သတိမရ။

"ဒီလိုပါ ... ဦးမောင်မောင်ပြုံး အပိုစကားတွေနဲ့ ခြိမ့်ခြိမ့်သိုင်းဝိုင်းပြီးပြောနေစရာ အကြောင်းမရှိလို့ လိုရင်းကိုပဲ ကျွန်တော်တည့်တည့်ပြောပါရစေ ... ဦးမောင်မောင်ပြုံးကသာ ခွင့်ပြုပေးနိုင်တယ်ဆိုရင် ပန်းသစ်တော်ကို ကျွန်တော်လက်ထပ်ပါရစေ ... "

"ဗျာ ... ဥက္ကဋ္ဌ ... ပန်းသစ်တော်ကို ... ပန်း ... ပန်းသစ်တော်ကို ... "

"ကျွန်တော့်စကားရိုင်းသွားရင် ခွင့်လွှတ်ပါ ... ဦးမောင်မောင်ပြုံး ... ကျွန်တော် ပန်းသစ်တော်ကို ရွေးချယ်လိုက်တာ၊ နှလုံးသားနဲ့ရော ဦးနှောက်နဲ့ပါ ရွေးချယ်လိုက်တာပါ ... "

"ကျွန်တော် ... ကျွန်တော် ဒီစကားကြားရတာ ယုံတောင်မယုံဘူး ဥက္ကဋ္ဌ ... ဘယ်လိုဖြစ်ပြီး ကျွန်တော့်သမီးလေး ပန်းသစ်တော်ကို ရွေးချယ်လိုက်သလဲဆိုတာလည်း ကျွန်တော်နားမလည်နိုင်ဘူး ... ကျွန်တော် ... ကျွန်တော် ... "

"မမျှော်လင့်ဘဲ ... သူနဲ့တွေ့လိုက်ရလို့ပါ ... "





ဒါ့ထက်ပိုပြီးတော့လည်း ... သူမပြောချင်။

အရေးကြီးတာ သူပြောတာကို အရှင်းလင်းဆုံး ဦးမောင်မောင်ပြုံး နားလည်နိုင်ဖို့ သူ့ရဲ့အဓိက ဆိုလိုရင်းကို ဦးမောင်မောင်ပြုံး သဘောပေါက်ဖို့ လက်ရှိအခြေအနေမှာ ပြောရင်ဖြစ်မယ်ဆိုတာလည်းသိသည်။ ဖြစ်ရင် ဘာဆက်လုပ်မယ်ဆိုတာလည်း ဖယားကွက်ထဲမှာ အကုန်သိမ်းကြုံးထည့်ပြီးသား ကုမုဒြာကြာပန်းလေးပွင့်ဖို့ လရောင်လေးဆမ်းပေးလိုက်ရတာ ခက်လို့လား ...

လရောင်ခေတ် ဒီလိုပဲ နားလည်သည်။

"ကျွန်တော် ... ကျွန်တော် အားလုံးနဲ့တိုင်ပင်ပြီး ဥက္ကဋ္ဌကို ဒီနေ့ပဲ အဖြေပြန်ပေးပါ့မယ် ... အကောင်းဆုံးဖြစ်စေရမယ်ဆိုတာလည်း ကျွန်တော် တာဝန်ယူပါတယ်"

"ကျေးဇူးပဲနော် ... ဦးမောင်မောင်ပြုံး ... ကျွန်တော် ဖုန်းချလိုက်တော့မယ် ... "

"ဟုတ် ... ဟုတ်ကဲ့ပါ ခင်ဗျာ ... "

အသံလှိုင်းတွေ ပြတ်တောက်သွားပေမယ့် ရင်ထဲမှာ ရိုက်လာတဲ့ လှိုင်းတွေကိုတော့ ဦးမောင်မောင်ပြုံး ဘယ်လိုထိန်းရမှန်းမသိတော့ပါ။

"ငါ ... ငါအိပ်မက် မက်နေတာလား၊ ငါအိပ်မက် မက်နေတာလား ... "

မျက်ဝန်းတွေပြူးကြောင်လျှက် ... ခနီးသည်မေ့ကို ဦးမောင်မောင်ပြုံး လှမ်းကြည့်သည်။

"ဘာတဲ့လဲ ... ကိုမောင် ... "

မေကလည်း သိချင်စိတ်နဲ့ လှမ်းမေးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ပန်း ... ပန်းသစ်တော်ကို တောင်းတာ ... လက်ထပ်ပါရစေတဲ့ ..."

"ဘာပြောတယ် ... ရှင့်ရဲ့ကုမ္ပဏီဥက္ကဋ္ဌက ပန်းသစ်တော်ကို လက်ထပ်ခွင့်တောင်းတာ ဟုတ်လား ... ရှင် ... ရှင်တကယ်ပြောတာနော် ... ရှင်နားကြားလွဲတာ မဟုတ်ပါဘူးနော် ..."

"သေ ... သေချာလို့ မင်းကိုပြောတာပေါ့ မိန်းမရဲ့ ..."

"အမလေး ... ကိုမောင်ရယ် ... ဒါ ... ဒါ ... မိုးနတ်မင်းကြီးအလိုကျ ဖြစ်လာတာပဲနေမှာ ဒီလောက်လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ ဦးလရောင်ခေတ်က ပန်းသစ်တော်ကို လက်ထပ်ခွင့်တောင်းတာ ... ရှင်ဘာလို့ တစ်ခါတည်း အဖြေမပေးလိုက်ရတာလဲဟင် ကိုမောင်ရဲ့ အမလေး ..."

ဒေါ်မေမေသော် ရင်ဘတ်ကိုဖိချထားသလို ထိုင်လိုက်ရတော့မလား ... ဘုရားခန်းကနေပဲ အောက်ထပ်ကိုပြေးဆင်းသွားရတော့မလား။ အရူးတစ်ပိုင်းလိုဖြစ်ကာ ကယောင်ချောက်ချားနှင့် သမီးလေး ... သမီးလေး ပန်းသစ်တော်ကို ဦးလရောင်ခေတ်က တောင်းတာတဲ့။ တိမ်ပလ္လင်စံနန်းမှာ တခမ်းတနားနေတဲ့ ဦးလရောင်ခေတ် သွားတော့ စကြာယဉ်စီးတော့ရွှေခြေနင်း။ မြန်မာပြည်မှာ လက်ညှိုးထိုးလို့မလွဲအောင် ပိုင်ဆိုင်ထားတဲ့ ချမ်းသာကြွယ်ဝမှုတွေ ... ဒါကို စဉ်းစားတိုင်ပင်နေဖို့တောင် လိုသေးလို့လား။

"ရှင် ... ရှင် ဖုန်းပြန်ဆက်ပြီး တစ်ခါတည်းအဖြေပေးလိုက်၊ အို ... ရှုတ်ပါတယ်၊ ရှင်ပြောရတာ မျက်နှာပူရင် ကျွန်မပဲပြောမယ် အားလုံးကို ကျွန်မပဲစီစဉ်မယ် ... ပေး ... ပေး ... ရှင့်လက်ထဲက





ဖုန်းကျွန်မကိုပေး ..."

စိတ်မထိန်းနိုင်တော့တာ ... ဒေါ်မေမေသော်ပါ။

"ဟာ ... မေရယ် ... အခုချက်ချင်းကြီးပြန်ဆက်တော့ ကောင်းမလား ..."

"အို ... သူကတောင် ... မိုးလားကဲလားလုပ်မနေတော့ဘဲ တောင်းတာ ကျွန်မတို့က ... ဘာအိုက်တင်ခံနေစရာလိုသလဲ၊ ဦးလရောင်ခေတ်လိုလူမျိုးကို ကိုယ်ကတောင် ပိုက်ကွန်တွေ ထောင်ချောက်တွေနဲ့ ... အုပ်ဖမ်းသင့်ရင်တောင် ဖမ်းရဦးမှာ၊ အခုဟာက စိန်တွေမိုးပေါ်က ကျလာတာ ... ခေါင်းအနာခံပြီး ထွက်မကောက်ရဲစရာ ဘာရှိလဲ ... ရှင်မကောက်ရဲရင် ဘေးဖယ်လိုက်၊ ကျွန်မထွက်ကောက်မယ် ... အောက်ကျခံပြောသင့်ရင်လည်း ကျွန်မပဲပြောမယ် ... မျက်နှာအငယ်ခံရရင်လည်း ကျွန်မပဲ မျက်နှာအငယ်ခံမယ်"

ဒေါ်မေမေသော်ဆိုတာ အဲလိုပါ။

"ကိုယ် ... ကိုယ် ... အခုပဲ စဉ်းစားနေတာ သိလားမေ၊ ဦးလရောင်ခေတ်လို ကုမ္ပဏီအစည်းအဝေးတွေတက်လိုက် နိုင်ငံတကာ စီးပွားရေးညီလာခံတွေသွားလိုက် လုပ်နေတဲ့လူတစ်ယောက်က ဒီလောက်အလုပ်တွေများနေတဲ့ကြားက ကိုယ့်သမီးပန်းသစ်တော်နဲ့ ဘယ်လိုပတ်သက်သွားသလဲဆိုတာ ကိုယ်စဉ်းစားရတာ ပန်းသစ်တော်ဆီက တစ်ခုခုပြောသံလည်း ကိုယ်မကြားရဘူး"

"အမလေးကိုမောင်ရယ် ... ပြောရအောင်လဲ ရှင့်သမီးက ဦးလရောင်ခေတ်ကိုသိဖို့နေနေသာသာ နာမည်တောင်ကြားဖူးမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ရှင့်ကုမ္ပဏီကိစ္စတွေကိုလည်း သမီးလေးက စိတ်မဝင်စားဘူး ... ”

“အေး ... ဒါကို သူတို့နှစ်ယောက် တို့မသိတဲ့နောက်ကွယ်တစ်နေရာမှာ ပတ်သက်မိသွားလို့ ဒီကိစ္စပေါ်လာတာပဲလို့ ကိုယ်ကတော့ ထင်တယ် ... ”

“ကိုမောင်ရယ် ... အဲဒါက ရှင်လတ်တလော စဉ်းစားနေစရာလား ... သူတို့ဟာသူတို့ နတ်ပြည်ခြောက်ထပ်မှာပဲတွေ့တွေ့၊ ငရဲကြီးရှစ်ထပ်မှာပဲဆုံဆုံ ခေါင်းအခြောက်ခံပြီး ရှင်ဒါကို တွေးမနေနဲ့ ဦးလရောင်ခေတ်လို လူမျိုးနဲ့တွေ့ပြီး ... ရှင့်သမီး မှည့်တစ်ပေါက်စွန်းလာခဲ့ရင်တောင် စွန်းလာတဲ့မှည့်တစ်ပေါက်ကို ရွှေချပေးသင့်ရင်တောင် ကျွန်မတို့က ရွှေချပေးရမှာ ... စိန်စီရမယ့်ကြိုးဆိုတာ ပိုးကိုက်ထားလည်း တန်ဖိုးရှိတယ်”

ဒေါ်မေမေသော်ပြောပေမယ့် ဦးမောင်မောင်ပြုံးကတော့ ခေါင်းတခါခါ လည်တခါခါ။ ခေါင်းထဲက ဆံပင်တွေကြားထဲ လက်ထိုးဖွလိုက် ... ဘုရားခန်းပြတင်းပေါက်နားမှာ ခေါက်တုန့်ခေါက်ပြန် လျှောက်လိုက်နှင့် တိကျသေချာတဲ့ အဖြေတစ်ခုကို ဘယ်လိုမှ လည်း စဉ်းစားလို့မရ။

သမီးနဲ့ဦးလရောင်ခေတ် ဘယ်လိုပတ်သက်သွားခဲ့တာလဲ။

သမီးနဲ့ဦးလရောင်ခေတ် ဘယ်နေရာမှာ ဆုံတွေ့သွားခဲ့တာလဲ။

နောက်ဆုံးမှာတော့ ဘယ်လိုမှ မအောင့်နိုင် မအည်းနိုင်ဖြစ် နေတဲ့ ဒေါ်မေမေသော်က ဖုန်းကို ဖျတ်ခနဲကောက်ယူကာ ဆက် လိုက်လေပြီ။





“မေ ... မဆက်နဲ့ဦးလေ ... ”

ဦးမောင်မောင်ပြုံး ဘယ်လိုပဲ တားတား ...

ဒီအိမ်မှာ အာဏာအရှိဆုံးက ဒေါ်မေမေသော်လေ။

သိတယ်မို့လား

“ဟဲလို ... ခေတ်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌကြီး ဦးလရောင်ခေတ်နဲ့ ကျွန်မစကားပြောချင်လို့ပါရှင် ... ကျွန်မက ဦးမောင်မောင်ပြုံးရဲ့ဇနီးပါ ... ”

“ဟုတ်ကဲ့ ... ကျွန်တော် လရောင်ခေတ်ပါ ... ”

“ဟို ... ဟိုလေ စောစောက သမီးလေးပန်းသစ်တော်ကိစ္စကို ဥက္ကဋ္ဌကြီးက တောင်းဆိုတယ်ဆိုလို့လေ ... ကျွန်မတို့မှာ ဝမ်းသာလုံးဆို့ပြီး မယုံနိုင်အောင်ဖြစ်နေလို့ ဥက္ကဋ္ဌကြီးကို ဖုန်းပြန်ဆက်ရတာပါရှင် ... မအားလပ်နိုင်အောင် အလုပ်တွေများနေရင်လည်း ကျွန်မတောင်းပန်ပါတယ် ... ဥက္ကဋ္ဌကြီးပြောတဲ့ သမီးလေးနဲ့ကိစ္စကိုလည်း ကျွန်မတို့မိသားစုတွေ တိုင်ပင်ပြီးပါပြီ”

“သဘောတူတယ်ဆိုတဲ့ အဓိပ္ပာယ်လား ... ”

“ဟာ ... တူပါတယ်ရှင် ... တူပါတယ် ... တူပါတယ်၊ ဒီကိစ္စအတွက် ဥက္ကဋ္ဌကြီးဘက်က ကြိုက်သလိုစီမံခန့်ခွဲပါရှင် တရားဝင်လေးဖြစ်အောင် ဥက္ကဋ္ဌကြီးဘက်က လူကြီးစုံရာလေးနဲ့ လာတောင်းဖို့ မအားမလပ်ဖြစ်နေရင်တောင် ကျွန်မတို့ကပဲ လာတောင်း ... ဟင် ... အမလေး ဥက္ကဋ္ဌကြီးရယ် ... ကျွန်မတို့မှာ အရမ်းဝမ်းသာနေရတာနဲ့ပဲ စကားတွေတောင် မှားကုန်ပါပြီရှင် ဟင်း ... ဟင်း ... ”

“ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အန်တီ ... ကျွန်တော်



www.burmeseclassic.com

ကိုလည်း ဥက္ကဋ္ဌကြီးလို့မခေါ်ပါနဲ့ ... ဖြစ်နိုင်ရင် မောင်လရောင်ခေတ်လို့ပဲ ခေါ်ဝေါ်သုံးနှုန်းစေချင်ပါတယ်၊ ကျွန်တော် မနေတတ်လို့ပါ"

"အို ... မဟုတ်တာရှင်၊ ကျွန်မတို့က ဥက္ကဋ္ဌကြီးရဲ့ကုမ္ပဏီမှာ မဖြစ်စလောက် ရှယ်ယာလောက်လေးကိုပဲ ထည့်ထားနိုင်လို့ ဥက္ကဋ္ဌကြီးနဲ့အစည်းအဝေးမှာတွေ့ရင်တောင် ရဲရဲတင်းတင်း မော့မကြည့်ဝံ့တဲ့သူတွေပါ ... ဥက္ကဋ္ဌကြီးနဲ့ကျွန်မတို့မိသားစုရဲ့အဆင့်က မိုးနဲ့မြေလို အရမ်းကိုပဲ ကွာခြားပါတယ်ရှင် ... ဒါကြောင့်မို့ ဥက္ကဋ္ဌကြီးကို ဥက္ကဋ္ဌကြီးလို့ပဲ ကျွန်မခေါ်ပါရစေ ..."

ကိုယ့်ထက်ချမ်းသာတော့ အောက်ကျခံ ...

ကိုယ့်လောက်မရှိသူကိုကျတော့ အထင်သေး ...

ဒါကိုတော့ နှုတ်ခမ်းလေးမဲ့ကာ ဦးမောင်မောင်ပြုံးရင်နာမိသည်။ အနီးစပ်ဆုံး ဥပမာပြရမည်ဆိုလျှင် ဟိုဘက်ခြံက မင်းဆန္ဒတို့မိသားစုလေးကို မေမေသော် သွားသွားပြီး မောက်မောက်မာမာဆက်ဆံနေတာ ကိုထွန်းမျက်နှာက ရှိသေးတဲ့ဟာကို ဒီလိုအထင်သေးနှိမ့်ချနေလို့ဖြစ်မလား။

မကြိုက်ပေမယ့် ကိုယ်ဝင်ပြောလျှင် ကိုယ်နဲ့ပဲစကားများမှာမို့ ထိပ်တိုက်မတွေ့အောင်ရှောင်ရင်း ... စကားနည်းရန်စဲပဲ ဦးမောင်မောင်ပြုံးနေလာခဲ့ရတာလေ ...

ခုတော့ ကြည့်ပါဦး ...

ဦးလရောင်ခေတ်နဲ့စကားပြောတာကျတော့ ပါးစောင်းကြီးဖောင်းနေအောင် ပြုံးကာ နှုတ်ခမ်းက နားရွက်မှာ တက်ချိတ်တော့မည်။





"ဟုတ်ကဲ့ပါရှင့် ... ဟုတ်ကဲ့ပါ ... အို ... ကျေနပ်ပါတယ်၊ ဥက္ကဋ္ဌကြီးရဲ့ ... ဒီကြားထဲမှာ သမီးလေးပန်းသစ်တော်ကို ဘယ်သူနဲ့မှ ပတ်သက်လို့မရအောင် သံကွန်ခြာ ခုနစ်ထပ်နဲ့အုပ်ထားဆိုလည်း ကျွန်မအုပ်ထားပေးပါ့မယ်ရှင် ... ဟင်းဟင်း စိတ်ချပါ ... စိတ်ချပါ ဘယ်သူနဲ့မှ မဖြစ်စေရပါဘူး၊ ကျွန်မ အုပ်ထားတာကိုမကျေနပ်လို့ ဥက္ကဋ္ဌကြီးကိုယ်တိုင်လာအုပ် ... အဲ ... အဲ ... ဥက္ကဋ္ဌကြီးကိုယ်တိုင်လာထိန်းသိမ်းမယ်ဆိုလည်း လာထိန်းသိမ်းပါရှင် ... ဒါပဲနော် ဥက္ကဋ္ဌကြီး ... ဟုတ်ကဲ့ပါရှင့် ... တာ့တာ ... တာ့တာ ... ဟင်း ... ဟင်း"

"ငါ့သမီးနဲ့မညားဘဲ မင်းနဲ့ညားတော့မယ်ထင်တယ်"

"အို ... အဲလိုညားတော့လည်း ကောင်းတာပေါ့ဥက္ကဋ္ဌကြီးရယ် ... ဟာ ကိုမောင့် ... ရှင်လုပ်တာနဲ့စကားတွေမှားကုန်ပြီ၊ ...တွေ့ပါပဲ ... ဟား ... ဟား ... အဆင်ပြေတယ်၊ အဆင်ပြေတယ်၊ ...ကျွတ်တာနဲ့ လက်ထပ်ပွဲကြီးကို အခမ်းနားဆုံးကျင်းပမယ်တဲ့ အိမ်...ဆိုလည်းဝင်ပါရစေ ... ထွက်ပါရစေတဲ့၊ ကျွန်မ ... ကျွန်မ ... ရှင့်ကို ...သိလို့ တစ်ခုလောက်တော့ မေးဦးမယ် ... ဟိုလေ ... ဟို ... ဟို ... ရှစ်မိုင်လမ်းဆုံနားမှာ အခုအသစ်ဆောက်နေတဲ့ ဟိုတယ်ကြီး... ဦးလရောင်ခေတ်ပိုင်တာဆို ..."

"ဟုတ်တယ်လေ ..."

"ကမာရွတ်လှည်းတန်းနားက Super Market ကြီးက ..."

"အဲဒါလည်း သူ့ပဲပေါ့ ..."

"ဟို ... ဟို အင်းလျားလမ်းက ရေကူးကန်ပါတဲ့ ခြံကျယ်ကြီး... ..."



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"သူနေတာ ... သူနေတာ ..."

"အမလေး ကိုမောင်ရယ် ... အဟင့်ဟင့် ... ကျွန်မဝမ်းသာတာ စိတ်တောင်ထိန်းလို့မရတော့ဘူး ... ကျွန်မ ဘယ်လိုလုပ်ရမလဲ ဟင် ... ကိုမောင်၊ ခြံထဲမှာပဲ လျှောက်ပတ်ပြေးရမလား၊ သစ်ပင်ပေါ်ပဲ ခုန်တက်လိုက်ရမလား ..."

"စိန်နဲ့သံပုရာ ဖျော်သောက်လိုက် ..."

"ဟင် ... ဘာပြောတယ် ..."

ဦးမောင်မောင်ပြုံး လှည့်ထွက်လာတာ အမြင်ကတ်လို့ပါ။

ဟွန်း ... ရူးသွားလို့ကတော့ ရှာသာကြီးကိုပို့ပြီးသားပဲ။

ဘာပဲပြောပြော ခုချိန်မှာ ဦးမောင်မောင်ပြုံး သတိရလိုက်တာ ထောင်ဆေးရုံမှာ ကိုထွန်းကို လူနာသွားကြည့်ရင်း သူပြောသွားတဲ့စကားလေးတွေကိုပါ။

"ကိုမောင်ရယ် ... ကျွန်တော့်သားမင်းဆန္ဒနဲ့ ကိုမောင့်သမီးပန်းသစ်တော်တို့က ငယ်ငယ်လေးကတည်းက အရမ်းခင်လာကြတဲ့သူငယ်ချင်းတွေပါဗျာ ... ဘယ်လိုအကြောင်းမျိုးနဲ့ပဲဖြစ်ဖြစ် သူတို့နှစ်ယောက်ကိုမခွဲဖို့ ... နောက်ဆုံးအနေနဲ့ ကျွန်တော် တောင်းပန်ပါရစေ ... အခု ... အခု ကျွန်တော့်သားလေးကို မမမေက ပါးရိုက်ပြီး နှိမ့်နှိမ့်ချချ ဆက်ဆံတယ်လို့ ကျွန်တော် သတင်းကြားရတယ်၊ ကျွန်တော် စိတ်မကောင်းလို့ ထောင်ထဲမှာတောင် မျက်ရည်ကျတယ်၊ ကျွန်တော့် ... ကျွန်တော့်သားလေးက ပန်းသစ်တော်လေးကို သိပ်ချစ်တာ ကိုမောင်ရဲ့ ... ကိုမောင်တို့ စပြောင်းလာတဲ့နေ့ကတည်းက ကျွန်တော့်သားလေးက ဒီဘက်ခြံကနေပြီး ပန်းသစ်တော်လေးကိုပဲ သူ့ခမြာ ငေးကြည့်နေခဲ့တာ၊ ဒါလေးတစ်ခု





တော့ ခင်ဗျားကူညီပါဗျာနော် ... ကိုမောင် ... ကိုမောင့်အတွက် ကျွန်တော်ဘယ်လောက်အထိ ပေးဆပ်ခဲ့တယ်ဆိုတာ ကိုမောင်သိပါတယ် ... ဒီကတိလေးကိုတော့ ကျွန်တော့်ကို ပေးပါဗျာ"

မဆုံးခင် တဖွဖွမှာသွားခဲ့တဲ့ စကားလေးတွေ။

ခုတော့ ... ဦးမောင်မောင်ပြုံး ဘာလုပ်ရပါတော့မလဲ။

ကိုယ့်သမီးလေးချစ်နေတာ မင်းဆန္ဒဆိုတာလည်း ဦးမောင်မောင်ပြုံးသိထားတော့ ... ခက်နေသည်။ ဒါကြောင့်မို့ ဦးလရောင်ခေတ်ကို ရုတ်တရက် အဖြေမပေးခဲ့တာပါ။ ခက်နေတာက မေမေသော့်ကို ဦးမောင်မောင်ပြုံး မနိုင်တာဘဲ။ သူကိုယ်တိုင် ဖုန်းကောက်ဆက်ပြီး မင်္ဂလာအခမ်းအနားကိစ္စတွေအတွက်ပါ ခွင့်ပြုလက်ခံခဲ့ပြီဆိုတော့ ဟား ... ဆက်တီခုံပေါ် နောက်ပြန်မှီချရင်း စိတ်ပျက်လက်ပျက်နဲ့ မှေးခနဲ အိပ်ပျော်သွားသည်။

ဒါတောင် ... သေရွာပြန်ကိုထွန်းက အိပ်မက်ထဲမှာ လည်ပင်းလာညှစ်လို့တဲ့။ ဦးမောင်မောင်ပြုံး ဇောချွေးတွေပြန်ပြီး လန့်နိုးလာတာလည်း ဧည့်ခန်းထဲက ဆူညံသံတွေကြောင့်။

"ဟဲ့ ... ပန်းသစ်တော် ဘယ်ကို ခိုးထွက်သွားတာလဲ ရှာစမ်း ရှာစမ်း ... လိုက်ရှာကြစမ်း ... ဒီလောက်ပြောထားတာတောင် မမှတ်တဲ့ဟာမလေး ..."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

"ဆန္ဒရယ် ... ပန်းသစ်တော်ကို ကယ်ပါဦး ... အဟင့်ဟင့် စောစောကပဲ ဖေဖေနဲ့မေမေဆီကို တိုက်ရိုက်ဖုန်းဆက်ပြီး ပန်းသစ်တော်ကို လက်ထပ်ခွင့်ပေးဖို့ တောင်းလိုက်ပြီ ဆန္ဒရယ် ..."

"ဟာ ... ဘယ်သူတောင်းတာလဲ ..."

"ဦးလရောင်ခေတ်ပေ့ါ ဆန္ဒရဲ့ ..."

"ဘာပြောတယ် ... ဦးလရောင်ခေတ်က ဖုန်းဆက်ပြီး လက်ထပ်ခွင့်တောင်းတယ် ဟုတ်လား ... ပြောပါဦး ... သူဒီလို တောင်းတော့ ဦးနဲ့ကြီးကြီးသော်က ဘယ်လိုအဖြေပေးလိုက်လဲ"

"အဟင့် ... ဖေဖေက ဘာမှမပြောပေမယ့် မေမေက ခေါင်းညိတ်သဘောတူလိုက်တယ်၊ အဲဒါကြောင့်မို့ ... စက်ဘီးလေးနဲ့ အလစ်မှာ ခိုးထွက်လာပြီး ဆန္ဒကိုရပ်ကွက်ထဲမှာ ပန်းသစ်တော် လိုက်ရှာနေတာ ... အဲဒါ ... ဆန္ဒလက်ဖက်ရည်ဆိုင်မှာ ထိုင်နေတယ်ဆိုလို့ ပန်းသစ်တော်လိုက်လာတာ ... သွားမယ်နော် ဆန္ဒ၊ ဆန္ဒနဲ့ပန်းသစ်တော် အဝေးဆုံးကို ထွက်ပြေးကြမယ်"

"ဟွန်း ..."





ဆန္ဒနှုတ်ခမ်းကလေးကို မဲ့လိုက်တာ မခံချင်စိတ်ကလေးနဲ့ပါ။

ဦးလရောင်ခေတ်ကတောင်းတာနဲ့ပဲ ဆန္ဒဒီလိုလုပ်စရာလိုသလား။ မလိုပါဘူး ... သူ့ကို ကျွတ်နေစရာအကြောင်းလည်း ဘာမှမရှိဘူး။

"ဟုတ်တယ် ဆန္ဒ ... ပန်းသစ်တော် ပြောတာကို ငါတို့အားလုံး ထောက်ခံတယ် ... မင်းပြောလို့ ဦးလရောင်ခေတ်ဆိုတဲ့လူကြီး အကြောင်းကို သိလိုက်ရကတည်းက ငါတို့စိတ်ထဲမှာ တအားမုန်းနေတာ ... ဒီလူကြီးကို မင်းလုံးဝအရှုံးမပေးနဲ့ ... တစ်ခုခုဖြစ်တာနဲ့ ငါတို့သူငယ်ချင်းတွေအားလုံး မင်းဘက်က ဝိုင်းဖိုက်မယ်၊ ထောင်ထဲဝင်ရရင်လည်း တစ်ပျော်ကြီးဝင်သွားလိုက်ရုံပဲ ..."

"ဟုတ်တယ်ကွာ ဆန္ဒ ... ဒီအခြေအနေမှာ ပန်းသစ်တော်လက်ကိုဆွဲပြီး မင်းတို့နှစ်ယောက် ခိုးပြေးတာအကောင်းဆုံးပဲ ... မင်းတို့နှစ်ယောက်သိပ်ချစ်တာသိလို့ ငါတို့ပြောနေတာ ... အချစ်ဆိုတာ နှစ်ပင်လိမ်မှရတဲ့ ကြိုးတစ်ချောင်းရဲ့ ရှင်သန်ခြင်းပဲ၊ ဒါကို မင်းသဘောပေါက်ရင် ပန်းသစ်တော်ကိုခေါ်ပြီး မင်းဒိုးတော့၊ ဒါနဲ့ နေပါဦး ပန်းသစ်တော် ... နင်က ဆန္ဒကိုခေါ်ပြီး ပြေးမယ်ဆိုတော့ နင့်မှာ ပိုက်ဆံဘယ်လောက်ပါလဲ ..."

ပူးလေးက မျက်တောင်တစ်ချက်ပင့်ကြည့်ကာ မေးသည်။

ပန်းသစ်တော် မဖြေဘဲ အင့်ခနဲငိုချ၏။ လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း ပန်းသစ်တော်လက်ကလေးကို ဆန္ဒ ဆုပ်ကိုင်ထားတာ တင်းကျပ်နေသည်။

"ပူးလေးရာ ... ရုတ်တရက်အလစ်မှာထွက်လာရတော့ ဟိုမှာ



www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်လေးတစ်ကွင်းပဲပါလာတာ မင်းမမြင်ဘူးလား ... "

"ဒါဆိုလည်း ငါနှစ်ထောင်ထည့်တယ် ... ဟော့ကောင်"

"ငါလည်း ရှစ်ရာထည့်မယ် ... ပါတာအကုန်ပဲ ... "

"ငါ့မှာ သုံးထောင်ရှိတယ်ကွ ... "

"ရော့ကွာ ... မားသားကြီးက ငါ့ကိုမီးသွေးအိတ်ဝယ်ခိုင်း လိုက်တာ မဝယ်တော့ပါဘူး၊ ကိုယ့်အထာနဲ့ကိုယ်ပဲ အိမ်ရောက်မှ ကြည့်ရှင်းလိုက်မယ် ... ရော့ ... ဒီမှာ လေးထောင်၊ အဲဒါ ... ငါတို့ အားလုံးသိပ်ချစ်တဲ့ မင်းတို့နှစ်ယောက်အတွက် လက်ဖွဲ့တာ"

"ဟင် ... "

စားပွဲပေါ်မှာ ထောင်တန်အဟောင်းလေးတွေနဲ့ နှစ်ရာတန် လေးတွေ ချက်ချင်းပုံသွား၏။ ဒါကိုကြည့်ပြီး ... ပန်းသစ်တော်ရဲ့ ရှိုက်သံလေးပိုကျယ်လာတာ ရင်နင့်စရာလေးပါ။ မျက်နှာလေးကို လက်ဝါးကလေးအုပ်ပြီး တသိမ့်သိမ့်ရှိုက်ငိုတော့ ဆံပင်ဖျားလေး တွေ တဖျတ်ဖျတ်လှုပ်သည်။

ဒါကို ... ရင်ထဲမှာ မခံစားနိုင်တာ ဆန္ဒ ...

ဆန္ဒနှုတ်ခမ်းလေးက မဲ့ပြီးရင်းမဲ့ရင်း ...

"မလိုဘူး ... သူငယ်ချင်း ... ချစ်သူကို သူများနဲ့ပေးစားမှာ ကြောက်လို့ ခိုးပြေးတယ်ဆိုတာ သူရဲဘောကြောင်တဲ့ကောင်တွေ လုပ်တာ ... မင်းဆန္ဒ ဘယ်တော့မှ မကျူးတ်ဘူးနားလည်လား ... ဦးလရောင်ခေတ်ကို လုံးဝမျက်နှာချင်းဆိုင်ပြီး ပေါ်တင်စိမ်ခေါ်မယ် ပန်းသစ်တော် ... နင်မကြောက်နဲ့ ... နင် ... ဒီနေ့အိမ်ကိုပဲ အေး အေးဆေးဆေးပြန် ... ငါ ... နင့်ကိုယုံတယ် ... ဟုတ်ပြီလား"

"ဆန္ဒ ... မင်းမှားနေပြီ"





ဝင်းကိုက ခေါင်းကိုအဆက်မပြတ်ယမ်းရင်း ဆန္ဒသဘော ထားကို ကန့်ကွက်သည်။ ထိုင်ခုံကိုလည်း ဆန္ဒနဲ့အနီးဆုံးရောက် အောင် ရွှေ့ယူကာ ထိုင်လိုက်၏။

"ပြောလေ ... ဟော့ကောင် ငါဘာမှားလဲ ... "

"မင်းပြောတော့ ... ဦးလရောင်ခေတ်ဆိုတာ အရမ်းချမ်း သာတယ်ဆို ... သူ့အရှိန်အဝါကို မင်းဘာနဲ့လိုက်ဖိုက်မလဲ၊ ငါတို့မှာ ရှိတာ မခံချင်စိတ်နဲ့ မာနပဲရှိတာ ... ရက်တွေကြာလာတာနဲ့မင်း ပြာသွားမယ် ... ကမ္ဘာပေါ်မှာ ကြောက်စရာအကောင်းဆုံးမီးက ငွေစက္ကူတွေနဲ့ပုံတိုက်ပြီး ရှို့တဲ့မီးပဲ ... မင်းတို့နှစ်ယောက် ဒီအတိုင်း ပဲ ... ဆက်နေသွားရင် ဦးလရောင်ခေတ်ရဲ့ တိုက်စစ်မျှားဦးအောက် မှာ မင်းတို့နှစ်ယောက်စလုံးရဲ့အသည်းတွေအားလုံး ပေါက်ထွက် ကြေမွသွားလိမ့်မယ် ... အကောင်းဆုံးက ဦးလရောင်ခေတ်ကို နိုင် ချင်ရင် ပူးလေးပြောသလိုပဲ ... ဒိုးတော့ ... "

"ဟွန်း ... ငါဂရုမစိုက်ဘူး ဝင်းကို ... "

ဆန္ဒကတော့ အေးဆေးပါ။

"ကဲ ... ပန်းသစ်တော် နင်ပြန်တော့ ... "

"အဟင့် ... "

"မငိုနဲ့ဟာ ... နင်အဲလို ငါ့ရှေ့မှာငိုတာ မကြိုက်ဘူးလို့ နင့် ကိုငါ ဘယ်နှစ်ခါပြောရမလဲ ... ပန်းသစ်တော်၊ ကမ္ဘာပေါ်မှာ ငါ မြင်ဆုံးနဲ့မကြားချင်ဆုံးက နင့်မျက်ရည်နဲ့ရှိုက်သံပဲ ... "

"ဆန္ဒ ... ဆန္ဒ ... ပန်းသစ်တော်ကို တကယ့်မချစ်လို့ငိုတာ ပန်း ... ပန်းသစ်တော် ဒီလောက်အလစ်မှာ ထွက်ပြေးလာတာ တောင် ဆန္ဒဘာဖြစ်လို့ ပန်းသစ်တော်ကို ခေါ်မသွားရဲတာလဲ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းလို့ ပန်းသစ်တော်ငိုတာ ... အဟင့် ... ”

“ဟား ... ”

ဆန္ဒ လေပူတွေကို ဟားခနဲမှုတ်ထုတ်ပြီး မျက်နှာလေးကို မော့ပစ်လိုက်မိပြီ။ နဖူးပြင်လေးကြားထဲကို လက်ချောင်းကလေး တွေ ထိုးသွင်းကာ ခေါင်းကိုအဆက်မပြတ် ခါပစ်လိုက်တော့ ပုခုံး စွန်းနှစ်ဖက်ပေါ်က ဆံပင်ရှည်တွေ ... ပုခုံးစွန်းပေါ်မှာပဲ ဒရွတ်တိုက် ပြေးကာ ဘယ်ညာယမ်းသွားသည်။

“နင် ... နင် ... ငါ့ကိုကွိုင်လာမစားနဲ့ ပန်းသစ်တော်၊ နင့်ကို မချစ်လို့ ငါပြန်ခိုင်းနေတာမဟုတ်ဘူး ... ဒီလိုနည်းမျိုးနဲ့ ဦးလရောင် ခေတ်ကို အနိုင်ယူလိုက်ရမှာ အရမ်းအောက်တန်းကျတယ်ထင်လို့ ငါခိုးမပြေးတာ ... ယောက်ျားပီသတဲ့ ယှဉ်ပြိုင်ချင်းမျိုးကိုပဲ ငါရွေး ချယ်ချင်တယ် ... နင်ဘာမှ ဒီလူ့ကိုဂရုစိုက်နေစရာမလိုဘူး”

“သူ ... သူက ပန်းသစ်တော်ကို အရမ်းနာကျည်းသွားလို့ အတင်းရအောင်လက်ထပ်ယူနေတာလေ ဆန္ဒရဲ့ ... မေမေက လည်း နောက်နေ့တွေကစပြီး ပန်းသစ်တော်ကို ချုပ်ချယ်တော့ မယ်”

“နင့်ကို ရွှေကြုတ်ထဲမှာထည့်ပြီး အာခံတွင်းထဲမှာငုံထားလဲ ငါရအောင် ဖောက်ထွက်ပြီး ... နင့်ဆီကိုရောက်အောင်လာခဲ့မယ် ပန်းသစ်တော် ... နင်ဘာမှပူမနေနဲ့ ... ”

“ဟိုမှာ ... ဟိုမှာ ... ကြီးကြီးသော် ပန်းသစ်တော်တို့ လက် ဖက်ရည်ဆိုင်မှာ ... ”

“ဟာ ... ဆန္ဒ ... ဟိုမှာ ... ပန်းသစ်တော်တို့အမေ လိုက် လာနေပြီ ... ”





“အဟင့် ... ပန်းသစ်တော်ကို ကယ်ပါဦးဆန္ဒ ... ”

“အဟင် ... ဟင့် ... ဟင့် ... ”

ပန်းသစ်တော် ပြေးလို့လည်းမရတော့ပါ။

ပုန်းလို့လည်းမရတော့ပါ ... မေမေက ကားနဲ့လိုက်လာခဲ့ပြီ။

“ပန်းသစ်တော် ... ညည်းအခုထွက်ခဲ့စမ်း ... ”

“ဟွန်း ... ”

ကြီးကြီးမေနဲ့ပန်းသစ်တော်ကြားမှာ ဖျတ်ခနဲထရပ်လိုက် တာ မင်းဆန္ဒပါ။

“ကျွန်တော် ... တောင်းပန်ပါတယ် ကြီးကြီးမေ ... ပန်းသစ် တော်ကို မရိုက်ပါနဲ့ ... ”

“မင်း ... မင်း ... လူမိုက်လုပ်ပြီး ငါ့ရှေ့မှာပိတ်ရပ်မနေနဲ့ နင့်မျက်နှာကိုမြင်ရတာ နေလိုမီးလိုပူတယ် ... နင် ... အခုဖယ်”

ကြီးကြီးမေ ပုခုံးကိုဆောင့်တွန်းတော့ ... ယိုင်ထွက်မသွား အောင် ကိုယ်ကိုမတ်ရင်း ... စိတ်ကိုပါ ဆန္ဒကထိန်းသည်။ ကြီးကြီး မေကို ငယ်ငယ်လေးကတည်းက ကိုယ့်အဒေါ်တစ်ယောက်လို ခင် မင်လာခဲ့ရလို့လည်း ကြီးကြီးမေ ခက်ထန်သမျှ မောက်မာသမျှတွေ ကို ခေါင်းငုံ့ခံလာခဲ့ရတာပါ။

“လာစမ်း ... ”

လက်ဖက်ရည်ဆိုင်ထဲကနေ ပန်းသစ်တော်ရဲ့ဆံပင်လေး တွေကို စုကိုင်ဆောင့်ဆွဲရင်း ခပ်ကြမ်းကြမ်းခေါ်ထုတ်သွားတာကို လည်း မျက်လုံးစုံမှိတ်ကာ ဆန္ဒကျင်ဘက်ကို ကျော်ခိုင်းလှည့်ပစ် ရင်း နှုတ်ခမ်းလေးတွေကို ဖိကိုက်မိလိုက်တာဟာ တုန့်ပြန်ခွင့်မရှိတဲ့ အရှုံးတစ်ခုတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင် မိုးကောင်းကင်ကြီးကိုမော့ကြည့်ကာ ...

ကားတိုက်လို့ရယ်ချလိုက်ချင်ပေမယ့် တကယ်ဝဲတက်လာရတာက မျက်ဝန်းထောင့်က မျက်ရည်တွေ။

"ဟာ ... ဆန္ဒ ... မင်း ... မင်းမျက်ရည်ဝဲနေတယ်၊ ဟုတ်လား ... မင်းစိတ်ထိခိုက်သွားလို့လား ... မင်း ... မင်း ... "

ဝင်းကို မျက်တောင်မခတ်နိုင်အောင် တအံ့တဩဖြစ်လျှက်။

သူငယ်ချင်းအားလုံးရဲ့ စာနာမှုမျက်ဝန်းအကြည့်လေးတွေက ဘယ်ကိုမှရောက်မသွားဘဲ ဆန္ဒရဲ့မျက်ဝန်းထောင့်တစ်နေရာလေးမှာပဲ ငြိမ်သက်ရပ်တန့်နေသည်။

"ရတယ် ... သူငယ်ချင်း ငါဘာမှမဖြစ်ဘူး ... ပန်းသစ်တော်အတွက် ငါစိတ်မကောင်းလို့ပါ ... ကဲ ... လက်ဖက်ရည်ဖိုးတွေရှင်းလိုက်ကွာ သူငယ်ချင်း ... "

သူငယ်ချင်းတွေမမြင်အောင် ခါထုတ်ပုတ်ချလိုက်ရတဲ့ မျက်ရည်စက်လေးတစ်စက်။ ပုခုံးစွန်းပေါ်က ဆံပင်တွေပေါ်ကို ထိကျသွားတာ ဒီပြဿနာရဲ့ အဆုံးသတ်စာမျက်နှာတော့ လုံးဝမဖြစ်နိုင်သေးပါ။

လက်ဖက်ရည်ဆိုင်အပြင်ဘက် လမ်းမပေါ်ကိုရောက်မှ ဖြောင်းခနဲ ... ပိတ်ကန်ပစ်လိုက်တာ လေထဲဝဲကျလာတဲ့ ဗာဒံရွက်ခြောက်လေးတစ်ရွက်။

"ဝေါ ... ဝူး ... "

"ကျွီ ... ကျွီ ... ကျွီ ... "

တစ်ဖက်အနားမှာ ကြားလိုက်ရတာ ကိုယ့်အနားကနေဖြတ်ပြီး ဝေါခနဲ မောင်းသွားတဲ့ကားတစ်စီးရဲ့ ခပ်ပြင်းပြင်းဘရိတ်အုပ်





လိုက်သံပဲဖြစ်သည်။ ပြီးတော့ ... တဝေါဝေါအသံပေးကာ နောက်ပြန်ဆုတ်လာတာလည်း ကိုယ့်နားရောက်တဲ့အထိ။

ဆန္ဒ မော့ကြည့်လိုက်တော့ ...

ဘယ်သူဖြစ်ရမှာလဲ ... ဦးလရောင်ခေတ်လေ ...

"ဟာ ... ခင်ဗျား ... "

"ကိုယ်ပါ ဆန္ဒ ... ပန်းသစ်တော်ပျောက်နေတယ်ဆိုပြီး ကိုယ့်ကို ဖုန်းဆက်လို့ ... "

"ခင်ဗျား ရှုပ်မနေနဲ့ ... "

"ဟင် ... "

"ဂျောက် ... "

ဇွတ်ခနဲနေအောင် ဦးလရောင်ခေတ်နဲ့ ကားတံခါးကိုဆွဲဖွင့်ပြီး ဆန္ဒ ခပ်တည်တည်ပဲ ကားထဲထိုင်ပစ်လိုက်ပြီ။

"ဟာ ... ဟော့ကောင်တွေ မင်းတို့မလိုက်နဲ့ ... ဒီပြဿနာကို ငါတို့နှစ်ယောက်ပဲရှင်းမယ် ... မိုးချုပ်ရင် ညတိုင်းဆုံနေကြ နေရာလေးကိုပဲလာခဲ့ ... "

လိုက်ဖို့ပြင်လိုက်သည့် သူငယ်ချင်းတွေကို လက်ပြတားလိုက်ရင်း ဦးလရောင်ခေတ်ဘက်ကို မျက်နှာပြန်လှည့်သည်။

"ခင်ဗျား ... မောင်းလိုက်ပါ ဦးလရောင်ခေတ် ... "

"ကိုယ် ဘယ်ကိုမောင်းရမလဲ ... "

"ခင်ဗျားကြိုက်တဲ့ နေရာကိုမောင်း ... "

"ဟွန်း ... ကိုယ်ကလည်း ဆန္ဒနဲ့တွေ့ချင်နေတာ အတော်ပါပဲ ... ကိုယ်ထင်နေတာက ပျောက်နေတဲ့ ပန်းသစ်တော်ကို ဆန္ဒသတ်သွားပြီထင်လို့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဦးလရောင်ခေတ် ကျွန်တော် ... အဲလို အောက်တန်းကျမယ်လို့ခင်ဗျားထင်နေလို့လား ... ဟား ... ဟား၊ မိန်းမတစ်ယောက်ကို ချစ်တာကလွဲရင် ခင်ဗျားလောက်မရူးသွပ်ဘူးဆိုတာ ခင်ဗျားယုံထား ... ကျွန်တော်က မင်းဆန္ဒပါ ... အခုပဲ ... ပန်းသစ်တော်ကို ပြန်ခိုင်းလိုက်တာ ... ခင်ဗျားက ပန်းသစ်တော်ရဲ့ အဖေနဲ့အမေဆီမှာ လက်ထပ်ခွင့်တောင်းလိုက်တယ်ဆိုလို့ ပန်းသစ်တော်က ကျွန်တော့်ဆီပြေးလာတာ"

"ဟင် ... ဒါကိုတောင် မင်းက ပြန်ခိုင်းလိုက်တယ်"

"ခင်ဗျားကို ဂရုစိုက်စရာမလိုဘူးထင်လို့ ပြန်ခိုင်းလိုက်တာလေ ... ဦးလရောင်ခေတ်ရဲ့ ... လိုသလား ... လိုသလား ... ချစ်သူကို ပေါ်တင်ကြီးလိုက်လုတဲ့ ဂုဏ်သိက္ခာ တစ်စက်မှမရှိတဲ့လူတစ်ယောက်ကို ကျွတ်ပြီးတော့ ... ပန်းသစ်တော်ကို သုတ်သွားစရာလိုသလား ... ဟား ... ဟား အဲလိုအလုပ်မျိုးတွေ ခင်ဗျားပဲလုပ် ... သိလား ... "

ဆန္ဒရယ်ချရင်းပြောတော့ အလည်ခွဲဆံပင်ရှည်တွေက မျက်နှာလေးတခြမ်းကိုဖုံးကာကျလာ၏။ ဒါကိုလည်း နဖူးပြင်လေးကြားထဲ လက်ကလေးထိုးသွင်းကာ ဆန္ဒပြန်ဖယ်သည်။

"ကိုယ် ... ကြားပါတယ် ... ကိုယ်စုံစမ်းလို့သိထားရသလောက်ပြောရမယ်ဆိုရင် ဆန္ဒနဲ့ပန်းသစ်တော်က ငယ်ငယ်လေးကတည်းက တစ်ယောက်ကိုတစ်ယောက် အရမ်းခင်ခဲ့တဲ့၊ သူငယ်ချင်းချစ်သူတွေဆိုတာ ကိုယ်သိထားခဲ့တယ် ... ဆန္ဒတို့မိသားစုလေးက သိပ်အဆင်မပြေလို့ ဟိုဘက်က ဆန္ဒကို လက်မခံနိုင်အောင်ဖြစ်နေတာကိုလည်း ... ကိုယ်နားလည်ထားတယ် ... "





ဦးလရောင်ခေတ်ကတော့ အေးဆေးပါပဲ။

ခရမ်းနုရောင် ရှပ်အင်္ကျီ အကွက်စိပ်ကလေးကို ကြယ်သီးတွေ ဇွပိတ်နေအောင်တပ်ပြီး သေသပ်ခံ့နားနေအောင်ဝတ်ထားတဲ့ပုံစံလေးက နုပျိုချောမောတဲ့မျက်နှာလေးကိုပါ ပိုပြီးတော့ တည်တင်းသွားစေခဲ့၏။ အောက်မှာက စတိုင်လ်ပန် နက်ပြာရောင်ရောင်လေးကိုဝတ်ထားကာ လက်ပြောင်သော အနက်ရောင်ရှူးကလေးကိုလည်း စီးထားလျှက်။

ပြောရရင် ပုံစံကခံ့နားပေမယ့် အတွေ့တွေကြီးနေတာက ခက်နေသည်။

"ဟွန်း ... ကိုယ်ပိုပြီးတော့ စိတ်ဝင်စားတာက မင်းဆန္ဒဆိုတဲ့ကောင်လေးတစ်ယောက်ဟာ မိဘကလည်း ချို့တဲ့၊ ရပ်ကွက်ထဲမှာလည်း လူဆိုးလူမိုက်လေးဆိုပြီး နာမည်တွေကပျက်နဲ့ ဒါကိုတောင် ... ပန်းသစ်တော်ဆိုတဲ့ ကောင်မလေးက တန်းတန်းစွဲလေးချစ်နေတယ်ဆိုတော့ ကိုယ်ဘယ်လိုနားလည်ရမယ်မှန်းမသိတော့လို့ စိတ်ဝင်စားသွားတာ ... "

"နေပါဦး ... ခင်ဗျား အခုဘယ်ကိုမောင်းနေတာလဲ"

"မင်းနေတဲ့အိမ်ကလေးကို ကိုယ်သွားကြည့်ချင်လို့ ... "

"ဟာ ... ကျွန်တော်ဘယ်မှာနေတယ်ဆိုတာ ခင်ဗျားသိလို့လား ... "

"လရောင်ခေတ်ဆိုတဲ့နာမည်နဲ့ ကမ္ဘာကိုပတ်ပြီး စီးပွားရှာနေတာ မင်းဆန္ဒနေတဲ့အိမ်ကို သွားဖို့ ကိုယ့်အတွက်အခက်အခဲ မရှိနိုင်ပါဘူး"

"ခင်ဗျား ... ခင်ဗျား ... ကျွန်တော့်အိမ်အထိလိုက်ပြီး ရစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တော့ မကြိုးစားနဲ့နော် ... ဦးလရောင်ခေတ်၊ ကျွန်တော့်မှာ အမေရှိတယ်၊ ညီလေး ညီမလေးတွေရှိတယ် ... ပြီးတော့ ... ပန်းသစ်တော်နဲ့ကျွန်တော်နဲ့ကလည်း အိမ်ချင်းခြံချင်းကပ်ပြီးတော့ နေကြတာ"

"အဲဒါကိုယ်သိပါတယ် ... ဒါပေမယ့် ညဘက်ကြီးမှာ ကိုယ်ရောက်သွားတာမို့ အမှောင်ထဲက အိမ်ကလေးကို ကိုယ်သေသေချာချာမသိလိုက်ဘူး"

"ဟွန်း ... ခင်ဗျားတကယ်သွက်တယ်နော် ဦးလရောင်ခေတ် ... ပြီးတော့ ... ခင်ဗျားမျက်လုံးတွေကို ကျွန်တော်ကြည့်ရတာ တစ်ခုခုကို ခွေးမြေ့နာကျင်နေသလိုပဲ ... ဘာလဲဟင် ... ခင်ဗျားကို ပန်းသစ်တော်က လူလယ်ကောင်မှာ အရှက်ခွဲလိုက်လို့ ခင်ဗျား နာကျည်းသွားတာလား ..."

"အဲဒါ ကိုယ်ပြောပြီးပြီလေ ... ဆန္ဒ ... အဲဒီခံစားချက်ကို ကိုယ်ထပ်ပြီး မပြောချင်တော့ဘူး ..."

ဦးလရောင်ခေတ်က ဆန္ဒတို့ခြံရှေ့က အိမ်ဆိုင်ကလေးရှေ့မှာပဲ ကားလေးကို ညင်သာစွာ ထိုးရပ်လိုက်သည်။ သူကားပေါ်က ဆင်းမယ်လုပ်တော့မှ ဆန္ဒ ကမန်းကတန်းလှမ်းပြောလိုက်တာက

"နေဦး ... ဦးလရောင်ခေတ် ... ခင်ဗျား ကျွန်တော့်အိမ်ကို လိုက်လည်တာဆိုပေမယ့် ခင်ဗျားနဲ့ကျွန်တော် ဘယ်တော့မှ မိတ်ဆွေမဟုတ်ဘူးဆိုတဲ့အချက်ကို ခင်ဗျားသဘောတူရမယ် ... သေချာတာတစ်ခုက ပန်းသစ်တော်ကို လုယူဖို့ကြိုးစားနေတဲ့ ခင်ဗျားကို ကျွန်တော် ... အသေမုန်းတယ် ... ကဲ ... ခင်ဗျားဆင်းလို့ရပြီ"

ဆန္ဒ ခပ်ပြတ်ပြတ်ပဲ ပြောပေးလိုက်သည်။





ဒီလူ ... ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ ... သူများချစ်သူကို လိုက်လုနေတဲ့လူတစ်ယောက်မို့ သူ့ကို ဦးညွှတ်လေးစားနေစရာလား။

"အို ... ကြည့်ပါဦး ... ဒီအိမ်ဆိုင်ကလေးက မင်းတို့ဖွင့်ထားတဲ့ အိမ်ဆိုင်လေးလား ..."

အံ့သြသွားသံတစ်ခုရဲ့နောက်မှာ မြင်လိုက်ရတာက ဦးလရောင်ခေတ်ရဲ့ ကော့ညွှတ်ရှည်သွယ်သော မျက်တောင်တွေ ပင့်တက်သွားခဲ့တာပဲဖြစ်ပြီး မျက်ဝန်းတွေကတော့ ဂရုဏာအပြည့်နဲ့ ညို့မှိုင်းရီဝေသွားခဲ့တာပဲဖြစ်သည်။

ဒါကို ဆန္ဒက ဆံပင်ရှည်တွေကို ဖျတ်ခနဲ တစ်ချက်ယမ်းကာ

"ဟုတ်တယ်လေ ... ဦးလရောင်ခေတ် ... ဘာဖြစ်လို့လဲ"

"ကိုယ် ... စိတ်မကောင်းလို့ပါ ..."

"မလိုပါဘူး ... ကိုယ့်အခက်အခဲနဲ့ကိုယ် ရုန်းကန်နေရတဲ့ ကျွန်တော့်မိသားစုလေးရဲ့ဘဝကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ခင်ဗျား သနားနေစရာမလိုဘူး၊ ဟိုမှာ ခင်ဗျားကြည့်လိုက် ... ရှိန်သားလက်ရှည်အဖြူလေးနဲ့ ဒီဆိုင်လေးကို ဦးစီးရောင်းနေတာ ကျွန်တော့်အမေ ... မာနတော့ကြီးတယ်နော် ... သူ့ကိုအထက်စီးကနေ စကားပြောဖို့ ခင်ဗျားမစဉ်းစားနဲ့ ... ဟွန်း ..."

ဆံပင်တွေခါလျှက် ခေါင်းကိုမော့ပစ်လိုက်သလို ဆိုင်ပေါ်ကို ဦးလရောင်ခေတ်တက်သွားတော့ အမေက ... အထူးအဆန်းတစ်ခုလို ဦးလရောင်ခေတ်ကို မော့ကြည့်သည်။

"ဟင် ... သား ... ဧည့်သည်ပါလာတာလား ..."

"ဟုတ်တယ်အမေ ... ဒါပေမယ့် ဒီဧည့်သည်ကို အမေ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မဝင်စားနဲ့ ဒီဧည့်သည်အကြောင်းကိုလည်း အမေမသိချင်နဲ့ ...”

“အို ... သားငယ်လေး ... ဧည့်သည်ကို ဒီလိုမပြောရဘူးလေ အားနာဖို့တောင် ကောင်းလိုက်တာနော် ... ဟင်း ... ဟင်း ...”

အမေက ထူထူပူပူကလေးပြုံးရင်း ...

“ဟို ... ဟို ... စိတ်မရှိပါနဲ့နော် ... သားဆန္ဒရဲ့အပြုအမူအတွက် သားကို ကြီးကြီးတောင်းပန်ပါတယ် ... ဒါနဲ့ ... သား ... သားက ဘယ်သူလဲဟင် ...”

“ကျွန်တော်က လရောင်ခေတ်ပါ ...”

“အမေရာ ... အမေဘာဖြစ်လို့ ဦးလရောင်ခေတ်ကို စိတ်ဝင်စားနေရတာလဲ ... သူက သားတို့အိမ်ကို လိုက်ကြည့်ချင်တယ်ဆိုလို့ သားခေါ်လာတာ”

“သားဆန္ဒ ...”

ဆန္ဒကို အပြစ်တင်တော့မယ့်ပုံစံလေးနဲ့ အမေ့မျက်နှာက တည်သွားသည်။

“လောကမှာ ယဉ်ကျေးမှုနဲ့ လူ့ကျင့်ဝတ်ဆိုတာ ဒွန်တွဲပြီး အမြဲရှိနေကြတာလေ ... ဒါကို မင်းက ဆန့်ကျင်ပြီး ခပ်မာမာပြောနေရအောင် ... သူက မင်းရဲ့မိတ်ဆွေ မဟုတ်ဘူးလား ...”

“မဟုတ်ဘူး ...”

“အို ... ကြည့်စမ်း ... ဒါဖြင့် သူက ... ဘယ်သူလဲ ... မင်းရဲ့ရန်သူလား ...”

“ဟုတ်တယ် ...”

“အမလေးကွယ် ...”

မျက်တောင်တွေ ကော့ကြည့်ကာ ဒေါ်ထားထားညို နား





မလည်နိုင်။ ဧည့်သည်က သားထက်ပိုကြီးမှန်း သိသာနေတဲ့ဧည့်သည်ပါ။ ဝတ်ထားတာလည်း အဖိုးသားနားကြီးမှန်း သိသာစေတဲ့ အဝတ်အစားမျိုးတွေ လည်ပင်းမှာလည်း အနီရောင်နက်ကတိုင်လ်လေးကို ခမ်းနားသေသပ်စွာ ပတ်စည်းလို့ ... ထားထားညိုရဲ့ အကြည့်နှစ်ခု ဆုံဆည်းသွားတာလည်း မျက်ဝန်းတွေရဲ့ အနက်ရှိုင်းဆုံးနေရာအထိ ထိုးဖောက်စိုက်ဝင်သွားရတဲ့အထိ ကြည့်မိသွားခဲ့တာပါ။

ပြောရရင် ဒီလိုရှင်းသန့်ပြီးတော့ တည်တင်းချောမောတဲ့ လူလတ်ပိုင်းအရွယ်ကောင်လေးတစ်ယောက်ဟာ သားရဲ့ရန်သူတဲ့။ ဘယ်လိုဖြစ်လို့ မိတ်ဆွေမတိုးဘဲ ရန်သူတစ်ယောက်က တိုးလာရတာလဲ။

“ကဲ ... ဦးလရောင်ခေတ် ကြာရင် ... ခင်ဗျားနဲ့ကျွန်တော်နဲ့ကြားမှာ မဆိုင်တဲ့ဇာတ်လမ်းတွေ ရှုတ်ကုန်လိမ့်မယ်၊ အမေက မရဘူး၊ သူ့သားနဲ့ပတ်သက်နေသမျှလူတိုင်းကို စိတ်ဝင်စားတယ်၊ ဘာလဲ ... ဘယ်သူလဲနဲ့ သိချင်တယ်၊ မေးချင်တယ် ... ဒါကို ခင်ဗျားကလည်း ဖြေချင်မှာမဟုတ်ဘူး ...”

“အဲဒါတော့ မင်းမှားနေပြီဆန္ဒ ... သားကိုချစ်တဲ့အမေတိုင်း အမေတိုင်းဟာ သားရဲ့ပတ်ဝန်းကျင်မှာရှိနေသမျှ အရာတိုင်းကို စိတ်ဝင်စားတယ် ... အဲဒီလိုပဲ သားတွေကလည်း အမေရဲ့ရှိနေသမျှ ပတ်ဝန်းကျင်ကို စိတ်ဝင်စားရမယ် ... အမေလိုအပ်နေတဲ့ကွက်လပ်တိုင်းကို ဖြည့်နိုင်အောင် ကြိုးစားနေရမယ် ...”

“အဲ့ဒီတွေ ခင်ဗျားမပြောနဲ့ဗျာ ... ဦးလရောင်ခေတ်၊ ကျွန်တော် ဘယ်တော့မှပတ်သက်မှာမဟုတ်တဲ့ ခင်ဗျားမို့အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားစေချင်တာ … ကျွန်တော်ကလည်း … ဘယ်လို အကြောင်းပြချက်မျိုးနဲ့မှ ခင်ဗျားကို လက်မခံနိုင်ဘူးဆိုတာ ဖြောင့် အတိအလင်း ကြေငြာထားခဲ့ပြီးသား၊ ကျွန်တော်ပြောတာ ရှင်းပါ တယ် … ခင်ဗျားဟာ … မင်းဆန္ဒလေးစားရတဲ့ မိတ်ဆွေတစ် ယောက် ဘယ်တော့မှ မဖြစ်နိုင်ဘူး … ”

“ဟွန်း … ကောင်းပြီလေ … ဆန္ဒ … မင်းရင်ထဲက ခံစား ချက်ကို ကိုယ်နားလည်ပါတယ်၊ ဆန္ဒ မေမေကို နှုတ်ဆက်ပြီး တစ် နေရာရာမှာ ကိုယ်တို့နှစ်ယောက် ဆက်ဆွေးနွေးကြရင် ကောင်း မယ်ထင်တယ် ဆန္ဒ … အချိန်ရတယ်မို့လား … ”

“ဟာ … ရပါတယ် … ”

ပေါ့ပေါ့ပါးပါးပဲ ခေါင်းလေးညိတ်ကာ ဆန္ဒသဘောတူလိုက် သည်။

လက်ရှိအနေအထားမှာတော့ အံ့ဖွဲ့နာကျင်နေရတဲ့ ခံစား ချက်တွေနဲ့ ဦးလရောင်ခေတ်ကို ဆန္ဒရင်ဆိုင်နေခဲ့တာ။ မျက်ဝန်း တွေဆုံမိနေသမျှ ကြည့်လိုက်မိတဲ့နေရာတိုင်း မီးထ,တောက်ရစ တမ်းဆိုလျှင် အရင်ဆုံးပြာကျလောင်ကျွမ်းသွားရမှာက ဦးလရောင် ခေတ်ရဲ့ မျက်ဝန်းတွေပဲဖြစ်သည်။ ဒါကိုရော ဦးလရောင့်ခေတ်က သဘောပေါက်ပုံမလား။

နှစ်ယောက်သား ပြန်ထွက်လာတာ စားသောက်ဆိုင်လေး တစ်ခုဆီကိုပါ။

ဆိုင်ကလေးက သန့်ရှင်းသပ်ရပ်ကျယ်ဝန်းသလို လူကလည်း ရှင်းနေတော့ စိတ်ကြိုက် စကားပြောလို့ကောင်းသည်။ မှာထား သော အစားအသောက်တွေမလာခင် ဆန္ဒကပဲ စ၍ …





“ဒါ … ခင်ဗျား ကျွေးတာနော် … ဦးလရောင်ခေတ်၊ ကျွန် တော်မှာ ရေမရှိဘူး … ”

စတီးဇွန်းခက်ရင်းတွေကို စက္ကူစ,လေးဖြင့်သုတ်ရင်း ဦးလ ရောင်ခေတ် ပြုံးသည်။ ဆန္ဒ တစ်ချိန်လုံး အကဲခတ်နေတာလည်း ဦးလရောင်ခေတ်ရဲ့ လှုပ်ရှားမှုတွေကိုပါ သူပြုံးလိုက်တိုင်း နှုတ်ခမ်း ထောင့်စွန်းလေးနှစ်ဖက်မှာ ခပ်ရိပ်ရိပ်လေး ခွက်ဝင်သွားတတ်တဲ့ ပါးချိုင့်ရာလေးနှစ်ခုက ညို့ချက်ပြင်းသော ဖွဲ့ဆောင်မှုလေးတစ်ခုလို ဖြစ်နေခဲ့၏။

ထူတန်းနက်မှောင်သော မျက်ခုံးတန်းတွေ စိမ်းညို့နေတာ။

နီရဲသော နှုတ်ခမ်းနှစ်မွှာက ရှင်းသန့်ကြည်လင်နေတာ။ လက်ဖြာ တောက်ပသော မျက်ဝန်းတွေပေါ်မှာ သန်စွမ်းရှည်ကော့သော ချက်တောင်ကြီးတွေ၊ ရေပိတ်ယှက်ဖြာနေတာ ယောကျ်ားတန်မဲ့ ခင်းနှစ်သော အသားအရည်ကို ပိုင်ထားတာအဆုံး။ ခုမှ အသေ အချာလေး စိုက်ကြည့်ကာ ဆန္ဒ အံ့သြနေမိ၏။

လမ်းလျှောက်တော့လည်း ခါးကိုမတ်ကာ ကိုယ်ကိုဆန့် လျှက် ခြေလှမ်းမှန်မှန်ပဲ လျှောက်တတ်သလို လက်ကိုလွှဲလိုက်တာ ချက်နှာကို မော့လိုက်တာကအစ၊ ဘာတစ်ခုမှ အပြစ်ပြောစရာမရှိ အောင် တိကျသေသပ်နေတာက ဦးလရောင်ခေတ်ရဲ့ ဖွဲ့ဆောင်မှု တစ်ခုပါလို့ ပြောရင်တောင် ရလေမလား။

“ဟွန်း … ကိုယ်က ဆန္ဒကို ဖိတ်ခေါ်လာခဲ့တာလေ၊ ကိုယ် ဲ ကျွေးမှာပေါ့ … အဓိက ကိုယ်သိချင်တဲ့အကြောင်းအရာတွေကို ဆန္ဒကို ကိုယ်မေးချင်တာ … ”

“ဟင် … ခင်ဗျား … ဘာသိချင်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ကြိုတင်ပြီးတော့ တောင်းပန်ထားချင်တာကတစ်ခုက ကိုယ်အခုမေးမယ့် မေးခွန်းတွေကို ဆန္ဒမကျေနပ်လို့ ပေါက်ကွဲတုန့်ပြန်မယ်ဆိုလည်း ဆန္ဒကြိုက်သလို တုန့်ပြန်ခွင့်ရှိတယ် ဟုတ်ပြီနော် ... "

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... "

ဆန္ဒက ခေါင်းကလေးကို တဆတ်ဆတ်ညိတ်လိုက်သလို မျက်တောင်တွေကို ပင့်ဆန့်ကာ ဦးလရောင်ခေတ်ရဲ့ မျက်ဝန်းတွေကို စိုက်ကြည့်သည်။

"ဒါဆို ကိုယ်မေးမယ်နော် ... "

"မေး ... "

"ဆယ်တန်းစာမေးပွဲအောင်ပြီး တက္ကသိုလ်ဒုတိယနှစ်ကိုရောက်မှ ကျောင်းဆက်မတက်တော့ဘဲ ဆန္ဒ ဘာဖြစ်လို့ လေလွှင့်နေခဲ့တာလဲ ... ဒီမေးခွန်းရဲ့အဖြေကို ကိုယ်ပထမဆုံးသိချင်တယ်"

"ဟာ ... အဲဒါ ... ခင်ဗျားနဲ့ ဘာဆိုင်လို့မေးတာလဲ"

ဖျတ်ခနဲ ပြန်မော့ကြည့်ရင်း တုန့်ပြန်လိုက်တဲ့ ဆန္ဒရဲ့မျက်ဝန်းထဲမှာ မျိုသိပ်လို့မရနိုင်တဲ့ ဒေါသတွေပါ ပါသွားသည်။

"ခင်ဗျား ... ခင်ဗျား ... ဒါတွေကိုတောင် သိနေတယ်ဟုတ်လား ... ဒါ ... ဒါ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို ဖြောင်စည်းကျော်ပြီး ခင်ဗျားမေးနေတာ ... ကျွန်တော်ဟာကျွန်တော် ဆက်တက်ချင်လည်းတက်မယ် ... မတက်ချင်လည်း မတက်ဘူး၊ အဲဒါ ... ခင်ဗျားမမေးနဲ့ ... "

"မရဘူး ဆန္ဒ ... ဒီမေးခွန်းကို မင်းဖြေရမယ် ... "

"နေ ... နေပါဦး ဦးလရောင်ခေတ်၊ ဒီဖောတ်လမ်းမှာ





ခင်ဗျား က တရားခံလား၊ ကျွန်တော်က တရားခံလား၊ ခင်ဗျားကကျူး ကျော်တာလား ... ကျွန်တော်က ကျူးကျော်တာလား၊ ဟာသတွေ လာမလုပ်နဲ့ဗျာ ... ခင်ဗျားဟာ ကုမ္ပဏီပိုင်ရှင်မကလို့ကမ္ဘာကိုပိုင်တဲ့ စကြာဝတေးမင်းကြီးပဲဖြစ်ဖြစ် ... မြန်မာပြည်အလယ်ပိုင်းက တမာကိုင်းမှာ ခင်ဗျား ... သွားနားလိုက်သိလား"

ဆန္ဒ ဂရုမစိုက်ပါ။

ပြောပြီးတာနဲ့ မျက်တောင်တွေပြန်သိမ်းလျှက်။ မျက်ဝန်းအကြည့်တွေကိုပါ ပြတင်းပေါက်တွေဘက် ချာခနဲ လှည့်ပစ်သည်။ ဒါကိုလည်း ဦးလရောင်ခေတ်က အလျှော့မပေးပါ။ သုတ်လက်စ, စတီးခွန်းကို ပန်းကန်ထဲ ပစ်ချထည့်လိုက်ကာ ...

"ဟွန်း ... ဒီမေးခွန်းကို ဆန္ဒမဖြေချင်တာ ကိုယ်သိပါတယ်၊ ဒါပေမဲ့ ... ဒီမေးခွန်းရဲ့အဖြေဟာ ကိုယ်ဆီမှာရှိနေတယ် ... "

"ဟင် ... ဘယ်လိုအဖြေလဲ ... "

"အနှိမ်ခံရတာတွေများနေလို့ လောကကြီးကို ဆန္ဒအရွဲ့တိုက်နေတာ ... "

"ဟုတ်ပြီလား ... "

"ဟာ ... ခင်ဗျား ... "

ဆန္ဒ မျက်လုံးပြူးရပြန်ပြီ။

ဒါတွေကို ရက်ပိုင်းလေးအတွင်းမှာ ဒီလူ ဘယ်လိုသိသွားတာလဲ။

ဒီလို စပ်စုလှချည်လား။ ဒီလူတိကျလှချည်လား။ လွန်တယ်ဦးလရောင်ခေတ်ရာ ... ခင်ဗျားသိပ်လွန်တယ်ဗျာ၊ ကျွန်တော်တိုခင်ဗျားကို စိတ်မဝင်စားလို့ ခုထိလည်း ဘာမေးခွန်းမျိုးကိုမှ မမေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သေးဘူး။ မေးဖို့လည်း လုံးဝဆန္ဒ မရှိဘူး ... ခင်ဗျားဗျာ ယောက်ျား ကြီးတစ်ယောက် ဖြစ်နေပြီးတော့များ ခင်ဗျားမို့ ... ။

"ဟွန်း ... ကိုယ်ပြောတာ အရမ်းမှန်သွားလို့ ဆန္ဒမျက်လုံး ပြူးသွားတာလား၊ ဆန္ဒပေါင်းနေတဲ့သူငယ်ချင်းတွေကြားမှာ ဘွဲ့ မရတဲ့ကောင်၊ အလုပ်မရှိတဲ့ကောင်က ခင်ဗျားသမီးပန်းသစ်တော် ကို မရရအောင် လက်ထပ်ယူပြမယ်လို့ ဆံပင်ရှည်တွေ တခါခါနဲ့ ဒေါ်မေမေသော်ကို ဆန္ဒ ကြိမ်းနေခဲ့တာလေ ... "

"ခင်ဗျား ... ခင်ဗျားကို ... ဒါတွေ ဘယ်သူပြောခဲ့တာလဲ"

"အဲဒါ ... ဆန္ဒမမေးနဲ့လေ ... "

"ဟုတ်တယ် ... ဦးလရောင်ခေတ်၊ ခင်ဗျားပြောတာအမှန် ပဲ ... အခုလည်း ဒီအတိုင်းပဲ၊ ကျွန်တော်ဆုံးဖြတ်ထားတယ်၊ ခင်ဗျား နဲ့ မတွေ့ခင်က ပန်းသစ်တော်နဲ့ပတ်သက်လာရင် သူငယ်ချင်းတွေ ရှေ့မှာပဲ ကျွန်တော်ပေါက်ကွဲနေရတာ ... ကြီးကြီးသော် ကျွန်တော့် ကို ဘယ်လောက်နှိမ်လဲ၊ ဘယ်လောက်အထင်သေးမလဲ၊ အမေဆို လည်း ကြီးကြီးသော်ရဲ့ အထက်စီးကနေ အနိုင်ကျင့်စော်ကားတာ တွေ အမြဲခံခဲ့ရတယ် ... အမေ့ရဲ့အိမ်ဆိုင်ကလေးကိုလာပြီး မုန့်ထုတ် တွေလွှင့်ပစ်၊ ပစ္စည်းတွေရိုက်ခွဲနဲ့ ကျွန်တော့်အမေ ဘယ်လောက် ခံစားခဲ့ရသလဲ ... "

"ကိုယ် ... သိပါတယ် ... "

"ဟာ ... သိရင်လည်း ခင်ဗျားမမေးနဲ့လေ ... "

ပြဿနာပဲ ...

ခင်ဗျား ဘယ်လိုလူလဲ။

"ကောင်းပြီလေ ဆန္ဒ ... ဒီမေးခွန်းဟာ ဆန္ဒမခံစားနိုင်တဲ့





မေးခွန်းတစ်ခုဖြစ်နေလို့ ဒီမေးခွန်းကို ကိုယ်ပြန်ရုတ်သိမ်းပါတယ်၊ ကဲ ... နောက်ဆုံးတစ်ခုပဲ ကိုယ်မေးချင်တာက ကိုယ်ပန်းသစ်တော် ရဲ့ မိဘတွေဆီမှာ လက်ထပ်ခွင့်တောင်းလိုက်တာ ဆန္ဒ ဘယ်လို ခံစားရသလဲ ... "

"ကျွန်တော် အရှင်းဆုံးဖြေရမလား ... "

"ဖြေလေ ... ကိုယ်နားထောင်ကြည့်မယ် ... "

"ခင်ဗျားကို သတ်ချင်တယ် ... "

"ဟား ... ဟား ... "

ဦးလရောင်ခေတ် ရယ်ချလိုက်တာ ဆန္ဒကိုလည်း ဂရုမစိုက် ဘာနဲ့ပါ။ ဒီလိုရယ်လိုက်တာလည်း ကိုယ့်ကိုမတ်ဆန့်ကာ စားပွဲစွန်း နှစ်ဖက်မှာ လက်ထောက်လျှက်။

"ခင်ဗျား ... ခင်ဗျားမရယ်နဲ့နော် ... ဦးလရောင်ခေတ်၊ ကျွန်တော် ခင်ဗျားကို တကယ်သတ်ချင်တာနော် ... မယုံမရှိနဲ့ သိလား၊ ခင်ဗျားအလကားလူ ... ဂုဏ်သိက္ခာ တစ်စက်မှမရှိတဲ့လူ၊ ကျွန်တော်တို့နှစ်ယောက် ဒီလောက်ချစ်နေတာကိုသိပါလျှက်နဲ့ သူ များချစ်သူကို ခင်ဗျားဝင်လုတာ ... "

"ဒါကတော့ ဒီပွဲရဲ့အဖြေကို ဆန္ဒတို့ဘက်က ပြောင်းပစ် လိုက်တာလေ၊ ကိုယ်ဆုံးဖြတ်ခဲ့တာ မဟုတ်ဘူး ... ဒီနေ့လည်း ခွင့်မတောင်းဘဲနဲ့ ကိုယ့်ကားထဲကို ဆန္ဒ ဝင်ထိုင်လိုက်တာ"

"အဲဒါ ... ခင်ဗျားကို သတ်ချင်လို့ဝင်ထိုင်တာလေ ဦးလ ရောင်ခေတ်ရဲ့ ... ဒီလောက်ပြောထားတဲ့ကြားက ပန်းသစ်တော် ကို လက်ထပ်ခွင့် ခင်ဗျားလှမ်းတောင်းလိုက်လို့ ကျွန်တော်ပေါက် ကွဲနေတာ ... ဖြစ်နိုင်ရင် ကျွန်တော်ရဲ့အနှိမ်ခံ ဒီဇာတ်လမ်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ဝင်မရှုတ်ပါနဲ့ ...”

မျက်နှာထားကို နှစ်ဆတင်းပစ်ကာ ဆန္ဒအပြတ်ပဲ ပြောချ

သည်။

ကြာလာရင် ဒီလူရဲ့စော်ကားမှုတွေကို ဘယ်လိုမှ သည်းခံ နိုင်မှာလည်း မဟုတ်တော့ပါ။ ခံစားချက်တွေကို ထိန်းပြီး နား ထောင်နေရပေမယ့် ရဲနေတဲ့ ဆန္ဒမျက်နှာလေးကတော့ သိသာထင် ရှားလွန်းနေသည်။

“ကိုယ် ... မင်းကို အမှန်အတိုင်းပဲ ပြောမယ်နော် ဆန္ဒ”

“ပြောဗျာ ... ပြော ... ပြော ...”

“ပန်းသစ်တော်ကို မင်းချစ်သလို ကိုယ်လည်းချစ်တယ်”

“ဟာ ... ခင်ဗျား ...”

ဆန္ဒ ဝုန်းခနဲ ထ,ရပ်လိုက်တာ သွေးပျက်စွာနဲ့ပါ။

ဒီလို ထ,ရပ်လိုက်တော့ ယိုင်ချင်နေတဲ့ ခြေထောက်တွေကို ဆန္ဒ မနည်းထိန်းလိုက်ရ၏။

“မင်း ... မင်း ... သရုပ်မပျက်နဲ့လေ မင်းဆန္ဒ ... ကိုယ့် စကားဆုံးအောင် တဆိတ်လောက် ကျေးဇူးပြုပြီး မင်းနားထောင်ပါ ဦး ... လာပါ ... မင်းပြန်ထိုင်လိုက်ပါ ...”

“ဒီစကားကို ခင်ဗျားဆက်မပြောရင်ကောင်းမယ် ဦးလ ရောင်ခေတ် ... ဆက်ပြောရင် ခင်ဗျားနဲ့ကျွန်တော်နဲ့ နှစ်ယောက် ကြားမှာ ပွဲကြမ်းသွားမယ် ... ခင်ဗျားနောက်ကို ကျွန်တော်လိုက် လာတာ ပန်းသစ်တော်ကို ခင်ဗျား ... ဘယ်လောက်ချစ်သလဲဆိုတဲ့ စကားတွေ နားထောင်ဖို့လိုက်လာတာ မဟုတ်ဘူး ...”





“အဲဒါ ... ကိုယ်ဆွေးနွေးတာလေ ... ဆန္ဒ ကိုယ်တို့နှစ် ယောက်ကြားမှာ ရှိနေမယ့်အကောင်းဆုံး အဖြေတစ်ခုကို ရမလား ဆိုတဲ့ မျှော်လင့်ချက်နဲ့ကိုယ်ဆွေးနေတာ ... ဆန္ဒ၊ ပြန်ထိုင်လိုက်ပါ၊ ကိုယ်တောင်းပန်ပါတယ် ... ကိုယ် ဆန္ဒကို ပြောခဲ့ပြီပဲ ... ကိုယ်မေး တဲ့မေးခွန်းတွေ ကိုယ်ပြောမယ့်စကားတွေကို ဆန္ဒမကျေနပ်ရင် ကိုယ့်ကို ကြိုက်သလိုတုန့်ပြန်ခွင့်ရှိတယ်ဆိုတာ ...”

ဆန္ဒ စိတ်လျှော့ပြီး ပြန်ထိုင်လိုက်ရပေမယ့် ...

ခုံကို ဖြောင်းခနဲ ဒေါင်ခနဲအသံတွေမြည်သွားအောင် ဆွဲချ ကာ ပြန်ထိုင်လိုက်ရတာမျိုး။ ဆံပင်ရှည်တွေ ဘယ်ညာယမ်းသွား အောင် မျက်နှာလေးကို အဆက်မပြတ်ခါလျှက် ဆန္ဒပြန်ထိုင်တော့ ဦးလရောင်ခေတ်ကပါ သူ့ထိုင်ခုံကို ရှေ့ရောက်အောင် နည်းနည်း ထပ်တိုးသည်။

“ကောင်းပြီလေ ... ဦးလရောင်ခေတ်၊ ခင်ဗျား ဒီလောက် တောင်းပန်နေတော့လည်း ခင်ဗျားဆွေးနွေးတာကို ကျွန်တော် နားထောင်ကြည့်သေးတာပေါ့၊ ကဲ ... ခင်ဗျားပဲ အရင်ပြော၊ ဟုတ် ပြီလား ...”

“ဟွန်း ... ကိုယ်မရှက်ပါဘူး ဆန္ဒ ... CAPITAL HYPER MARKET မှာတွေ့တုန်းက ကိုယ်ပြောခဲ့သလိုပဲ TAXI တစ်စီးရဲ့ ကားနောက်ခန်းလေးမှာ ပါသွားတဲ့ ပန်းသစ်တော်ကို ကိုယ်စတွေ့ လိုက်ရကတည်းက ကိုယ့်နှလုံးခုန်သံတွေ၊ ကိုယ့်အသက်ရှူသံတွေ ရပ်တန့်သွားရလုနီးပါး ကိုယ်ခံစားလိုက်ရသလို Super One ရှေ့ အ စားသောက်ဆိုင်လေးထဲအထိ ကိုယ်လိုက်ကြည့်ခဲ့မိတာ၊ ကံဆိုးချင် တော့ ဒီကောင်မလေးဟာ ချစ်သူရှိနှင့်ပြီးသား ကောင်မလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်နေတာကို ကိုယ်သိလိုက်ရတယ်၊ ကိုယ်စိတ်မကောင်းဖြစ်သွားတာက ကိုယ်သိပ်ချစ်မိသွားတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ရည်းစားဟာ ကောင်မလေးကို မျက်နှာထားတင်းတင်းနဲ့ ဟိန်းဟောက်ခြိမ်းခြောက် အနိုင်ယူဖို့ ကြိုးစားနေတဲ့ ဂျစ်ပစီလို ကောင်လေးတစ်ယောက် ဖြစ်နေခဲ့တာကိုလေ ... ”

“ဟွန်း ... ”

ဆန္ဒ နှုတ်ခမ်းလေးက တိတိကျကျလေးတော့ မဲ့သွားသည်။

“ချိန်းထားတဲ့နေရာကို ရောက်လာတာ နောက်ကျနေတယ်ဆိုပြီး ပန်းသစ်တော်ရဲ့ ပုခုံးလေးကို ဆန္ဒပိတ်ရိုက်ပစ်လိုက်တာ ပန်းသစ်တော်နဲ့မျက်နှာချင်းဆိုင်မှာ ထိုင်ပြီး ပန်းသစ်တော်ရဲ့ နဖူးရှေ့က ဆံပင်စလေးတွေကို ဆန္ဒတအားဆုတ်ထားတာ ... ကောင်မလေးက ဂျစ်ပစီလေးလိုဖြစ်နေခဲ့ သူ့ချစ်သူကောင်လေးကို မျက်တောင်ရှည်လေးတွေ တဖျတ်ဖျတ်ပုတ်ပြီး အသည်းအသန် ဖြူဖျော့နေတဲ့ မျက်နှာလေးနဲ့ တောင်းပန်နေတာ ... ဒီမြင်ကွင်းကိုထပ်ပြီး ကိုယ်မြင်လိုက်ရတော့ ကောင်မလေးကို ကိုယ်သနားသွားတယ် ရင်ထဲမှာ နင့်သွားအောင်လည်းချစ်မိသလို ကိုယ်ပိုဖြစ်သွားတယ်၊ ဒါကြောင့်မို့ ... အားလုံးကိုစုံစမ်းပြီး ပန်းသစ်တော်နောက်ကို သုံးကြိမ်တိတိ ကိုယ်လိုက်ကြည့်မိခဲ့တာ ... ကိုယ် ဆန္ဒကိုမေးချင်တာက ပန်းသစ်တော်ကို ဘာဖြစ်လို့ ဒီလောက်တောင် အနိုင်ကျင့်ပြီး ဆန္ဒချစ်ခဲ့ရတာလဲ ... ပန်းသစ်တော်ကရော ဒီလိုအနိုင်ကျင့်နေတဲ့ ကောင်လေးတစ်ယောက်ကိုမှ တန်းတန်းစွဲလေးဖြစ်နေရတာလဲ”

“အဲဒါ ... ခင်ဗျားနဲ့ဆိုင်လို့လား ... ”

“ဟင် ... ”





“ကျွန်တော်နဲ့ပန်းသစ်တော် တစ်ယောက်ကိုတစ်ယောက် ဘယ်လိုပဲချစ်ချစ် ခင်ဗျားစွက်ဖက်ခွင့်မရှိဘူး ... ကျွန်တော် မကျေနပ်ရင် မကျေနပ်သလို ပန်းသစ်တော် နဖူးက ဆံပင်ကို တင်းနေအောင်ဆွဲပြီး ... ပါးကိုတောင် တဖျတ်ဖျတ်လေးနဲ့ တဆတ်ဆတ်လေးရိုက်ပစ်တတ်တာ ချစ်တာကြမ်းတော့ တုန့်ပြန်မှုတွေ ပေါက်ကွဲမှုတွေက ကြမ်းတယ် ... ဒီခေတ်လူငယ်တွေရဲ့ အချစ်က အဲဒါပဲ ဒါကို ... ခင်ဗျား ဂျေဝင်မနေနဲ့ ... ရှင်းပြီလား ... ”

“ကိုယ် ... ပန်းသစ်တော်ကို သနားလို့ပါ ... ”

“ဟား ... ပြဿနာပဲ ... ”

ဆက်ထိုင်နေရတော့မလို ထပဲထွက်သွားရတော့မလိုနဲ့ ဆန္ဒတစ်ကိုယ်လုံး ပူစပ်ပူလောင်ဖြစ်သွားသည်။

“ခင်ဗျား ... ခင်ဗျား မဆိုင်တာကို တော်တော်စွက်ဖက်ကျူးကျော်ချင်တဲ့ လူတစ်ယောက်ပဲဗျ ... သိရဲ့လား ဦးလရောင်ခေတ်ရဲ့ ... ဒီအချက်ကို အကြောင်းပြုပြီး ပန်းသစ်တော်ဆီက အချစ်ကိုရအောင် ခင်ဗျားတိုက်စစ်ဖွင့်တော့မလို့လား ... ”

“မင်းကြိုက်သလို စွဲချက်တင်နိုင်တယ် ဆန္ဒ ... ကိုယ်မင်းကိုပြောချင်နေတာလည်း အဲဒါပဲ ... မင်းလို လူဆိုးလေးတစ်ယောက်”

“ဘာပြောတယ် ... ”

ဆန္ဒ ဝုန်းခနဲ ထလိုက်ရပြန်ပြီ။

လက်ခါနေအောင် စိုက်ကြည့်လိုက်တဲ့ ဆန္ဒရဲ့မျက်ဝန်းအကြည့်တွေအောက်မှာ ဦးလရောင်ခေတ် တစ်ကိုယ်လုံးပြာကျသွားတော့မယ့်အတိုင်း။ ဆန္ဒက စိုက်ကြည့်သည်။

“ဆောရီး ဆန္ဒ ... ကိုယ်စကားပြောတာ မှားသွားတယ် ဒီလိုပါ ... မင်းလို မာကျောကျွတ်ဆတ်တဲ့ ခေတ်လူငယ်လေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က ဟုတ်ပြီနော် ... ကိုယ်သုံးနှုန်းရမယ့်စကားလုံးက ဒီလိုလေးပဲ ... ဖြစ်ရမှာနော် ... အဟွန်း ... ”

“ဘာလဲ ဦးလရောင်ခေတ် ... ဒီလိုစကားလုံးတွေပြောပြီး ကျွန်တော့်ဘဝရဲ့ လက်ရှိအခြေအနေတွေကို ခင်ဗျားတိုက်ခိုက်တော့မလို့ ... လမ်းကြောင်းဖွင့်လိုက်တာလား၊ ခင်ဗျား ... ကျွန်တော့်ကို ရိုက်ချိုးဖို့ မကြိုးစားနဲ့နော် ဦးလရောင်ခေတ် ... ရှိသမျှ အက္ခရာတွေအားလုံးထဲမှာ သုညအက္ခရာပေါက်ကွဲတာက အပြင်းထန်ဆုံးနော် ... ခင်ဗျား ... ခင်ဗျား ... ”

“တောက် ... ”

ဆန္ဒ တက်ခေါက်ပစ်လိုက်သလို ပြိုကျလာတဲ့ ဆံပင်တွေကို မျက်နှာပေါ်ကဖယ်ရင်း နှုတ်ခမ်းလေးကိုပါ တဆက်တည်းမဲ့သည်။

“ဆန္ဒရယ် ... ”

“ဟေ့လူ ... ခင်ဗျား ဆက်မပြောနဲ့တော့ ... ”

ဆန္ဒ အော်ချလိုက်တာ ကမ္ဘာပျက်သလိုပါ။ ဆန္ဒ ထရပ်တော့ ဆံပင်တွေ တဆတ်ဆတ်ခါသွားသည်။ နှုတ်ခမ်းတွေ တဖျတ်ဖျတ်တုန်သွားသည်။ ဒီလူ ... ဆန္ဒရဲ့ဘဝကို နှိမ်ချစော်ကားဖို့ ကြိုးစားလာတဲ့လူ။ ဒီစကားလုံးတွေနဲ့ ချိုးနှဲ့သွားအောင်တိုက်ခိုက်ပြီး ပန်းသစ်တော်ကို ဖြောင်သိမ်းပိုက်ဖို့ စစ်ကြေငြာတော့မယ့်လူ။

“ကိုယ် ... ကိုယ်ဆွေးနွေးနေတာ မပြီးသေးဘူးလေ ဆန္ဒ ကိုယ့်စကားဆုံးသွားတဲ့အထိ တည်တည်ငြိမ်ငြိမ်လေး မင်းဘက်ကနားထောင်ပေးဖို့လိုတယ် ... အဲဒါ ... ကိုယ် မင်းကို အမိန့်ပေးတာ မင်းနဲ့မပြိုင်ချင်လို့ မင်းခံစားချက်တွေသိအောင် ကိုယ်ကြိုးစားနေတာ ... ”

“ဗျာ ... ခင်ဗျားက ကျွန်တော့်ကိုအမိန့်ပေးနေတာ ဟုတ်





လား ... ဟား ... ဟား ... ခင်ဗျား ... ခင်ဗျား ... တကယ်ရယ်ရတဲ့သူပဲဗျာ ... ဟား ... ဟား ... ”

အရူးလေးတစ်ယောက်လို ကိုယ်ကလေးကို တစ်ပတ်လှည့်ကာ ဟက်ဟက်ပက်ပက်လေးပဲ ဆန္ဒရယ်ချခဲ့ရပါပြီ။ ခင်ဗျားက အမိန့်ပေးရအောင် မင်းဆန္ဒဆိုတဲ့ကောင်က ခင်ဗျားပေးတဲ့အမိန့်ကို လက်ပိုက်နာခံသွားမယ့်ကောင်လို့ ခင်ဗျားထင်နေသလား။

စဉ်းစဉ်းစားစားလည်း ခင်ဗျားပြောပါဦး ...

ချိန်ချိန်ဆဆလည်း ခင်ဗျားတွေးပါဦး။

ဆန္ဒရဲ့ ရယ်သံလေးက စားသောက်ဆိုင်လေးထဲမှာ လွှင့်ပျံလျှက် ... တချို့က မျက်လုံးလေးတွေ ဝေ့ဝဲထောင့်ကပ်ကာ ကြည့်နေကြသော်လည်း ဆန္ဒရယ်သံလေးက အရှိန်လျှော့ရပ်ကျမသွား။

ခေါင်းလေးမော့ကာ ရယ်လိုက်တော့ ...

ပုခုံးစွန်းနှစ်ဖက်ပေါ်က ဆံပင်ရှည်တွေ တဖျတ်ဖျတ်ရိုက်နေတာ ကြည့်လို့ပင် ကောင်းနေသေးတော့၏။

“မင်း ... မင်း ... အဲလို ရယ်သံမျိုးနှင့် မရယ်နဲ့လေဆန္ဒ ဒီဆိုင်ထဲမှာရှိနေတဲ့ ဝန်ထမ်းတွေက ကိုယ့်ကိုလေးစားနေတဲ့ချာတိတ်တွေ ကိုယ့်မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး လိုအပ်တာမှန်သမျှ ချိန်သားကိုက်လှုပ်ရှားသွားမှာ ... ”

“ခင်ဗျား မခြိမ်းခြောက်နဲ့ ဦးလရောင်ခေတ် ... ”

“ကိုယ်ခြိမ်းခြောက်နေတာ မဟုတ်ဘူး ... ဒီဆိုင်ရဲ့အခြေအနေကို သိလို့ ကိုယ်ပြောနေတာ ... ”

“ခင်ဗျား မပြောနဲ့ ... ”

“ဟာ ... မင်း ... ”

“အောက်တန်းကျတဲ့အလုပ်ကို ခင်ဗျားမလုပ်နဲ့နော် ...



www.burmeseclassic.com

www.burmeseclassic.com



ဦးလရောင်ခေတ်၊ အဲဒါ ... ခင်ဗျားကို ဆန္ဒပေါ်တင်ကြေငြာတာ၊ ကျွန်တော် ဒီနေ့ ခင်ဗျားနောက်ကို လိုက်လာတာ ... အဲဒီကိစ္စ ပြောင်ပြောချင်လို့လိုက်လာတာ ပန်းသစ်တော်ရဲ့အဖေနဲ့အမေဆီမှာ၊ လက်ထပ်ခွင့်တောင်းထားတာကို သုံးရက်အတွင်းမှာ ခင်ဗျား ပြန်ရုတ်သိမ်းပေးပါ ... မရုတ်သိမ်းဘဲ ရှေ့ဆက်တက်လာရင် ခင်ဗျား ... ကျွန်တော့်ကို အပြစ်မပြောနဲ့ ... ”

“ကိုယ် ... ပန်းသစ်တော်ကို ချစ်တယ်၊ ကိုယ့်ပါးတစ်ဖက်ကို လူလယ်ခေါင်မှာ ရိုက်ချသွားလို့ ရှုးမှူးပြီး တူးခါးနေအောင် ကိုယ် ချစ်သွားတယ် ... ”

“အဲဒါ ... ခင်ဗျား ... သွားသေလိုက် ... ”

“ဆန္ဒ ... နေဦးနော် ... မင်းမသွားနဲ့ဦးနော် ... ”

ပြောပြီးတာနဲ့ ချာခနဲလှည့်ထွက်သွားတဲ့ ဆန္ဒနောက်ကို အသည်းအသန် ပြေးလိုက်လာတာ ဦးလရောင်ခေတ်ပါ။

“ဆန္ဒ ... ”

ပုခုံးကို လှမ်းပုတ်ရင်း ဆုပ်ကိုင်လိုက်တာကိုလည်း ဆန္ဒက ဖြောင်းခနဲ ပုတ်ချကာ မျက်နှာချင်းဆိုင် ပြန်လှည့်ရင်ဆိုင်သည်။

“ခင်ဗျား ... မလိုက်နဲ့နော်၊ ဦးလရောင်ခေတ် ... ခင်ဗျားနဲ့ ကျွန်တော်နဲ့နှစ်ယောက်ကြားမှာ ငြိမ်းချမ်းရေးရစရာ ဘာအကန့်မှ မရှိတော့ဘူး ... ”

အသံက လိုက်တုန်နေသလို မျက်ဝန်းကပါ အေးစက်၏။

အော်လိုက်တာလည်း တခွန်းတည်းဖြစ်သည်။

“ဟွန်း ... ကောင်းပြီလေ ဆန္ဒ ... ဒီလောက်ဆိုရင် ဆန္ဒဘက်က အခြေအနေကို ကိုယ်သဘောပေါက်ပါပြီ၊ ကိုယ်ဘာဆက်လုပ်ရမလဲဆိုတာလည်း ပြတ်ပြတ်သားသား ရွေးချယ်လို့ရသွားပြီ၊





တကယ်ဆို ဒီဇာတ်လမ်းမှာ ကိုယ်အောက်တန်းမကျခဲ့ပါဘူး၊ ချစ်သူရှိနှင့်ပြီးသား မိန်းကလေးတစ်ယောက်ကို အဝေးကနေပဲ ခိုးကြည့်ငေးကြည့်မိခဲ့တာကလွဲရင် ... စကားတစ်ခွန်းပြောဖို့တောင် ဒီနေ့ထိ ကိုယ်ကြိုးစားခဲ့တာ ဘာမှမရှိခဲ့သေးဘူး၊ ဒါပေမဲ့ ... အခြေအနေတွေ အားလုံးက ကိုယ့်ကို စိမ်ခေါ်လိုက်သလိုဖြစ်သွားတယ် ... ဒါကြောင့်မို့ ကိုယ်နောက်မဆုတ်တော့တာပါ ... ”

“အဲဒါ ... ခင်ဗျားရူးသွားတာလေ ဦးလရောင်ခေတ်ရဲ့ မနာလိုစိတ်တွေ အတ္တတွေနဲ့ ခင်ဗျားလုံးဝရူးသွပ်သွားတာလေ ... ”

“ကိုယ်သဘောတူတယ် ... ဟုတ်တယ်၊ ဆန္ဒပြောသလိုပဲ ကိုယ်ရူးသွပ်သွားတာ၊ ကမ္ဘာပေါ်မှာ ကိုယ်လက်အထပ်ချင်ဆုံး မိန်းမဟာ ကိုယ့်ကိုလုံးဝပြန်ချစ်စရာမလိုတဲ့ ကိုယ်ကပဲ တစ်ဖက်သတ် ရူးသွပ်စွဲလမ်းနေအောင် မက်မောရတဲ့မိန်းမတစ်ယောက်ကိုပဲ ကိုယ်လက်ထပ်ချင်တယ် ... ”

“အဲဒါဆို ... ခင်ဗျား ထပ်ပြီးတော့လဲသေလိုက်လေ ဦးလရောင်ခေတ်ရဲ့ ... ခင်ဗျားထပ်ပြီးတော့ လဲသေလိုက် ... ”

တကယ်ရူးသွပ်သွားတာ ဆန္ဒလား။

ဘာကိုမှ မခံစားနိုင်တော့ဘဲ တအားကျူးအော်ပစ်လိုက်တဲ့ ဆန္ဒအသံလေးက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးသွားသည်။

ရမလား ... ဦးလရောင်ခေတ်ရာ။

ခင်ဗျား ဒီလိုလုပ်လို့ရမလား ... ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"အဟင့် ... သမီး မလိုက်ချင်ဘူးမေမေ ... "

"ဟဲ့ ... ညည်းလေးမလိုက်ချင်လို့ရမလား ... အဲဒီ RESTURANT မှာ တခမ်းတနားနဲ့ကို ကြိုတင်အော်ဒါမှာပြီး ... မောင်လရောင်ခေတ်က အထူးဧည့်ခံချင်လို့ မေမေတို့မိသားစုသုံးယောက်ကို ဖိတ်ထားတာ၊ ဝတ်လိုက် ... ဝတ်လိုက်၊ ဒီပုလဲနှစ်ရောင်ဇာဝမ်းဆက် လက်ရှည်ကလေးကိုပဲ ဝတ်လိုက်၊ ဒါလေးက ပဝါလေးလည်းရှိတယ် ... ပုလဲပုတီးလေးဆွဲလိုက်ရင်လည်း ကြည့်လို့ကောင်းတယ် ... "

"အဟင့် ... သမီးမလိုက်ချင်ပါဘူးလို့ မေမေ့ကိုပြောနေတဲ့ဟာကို ... "

"ပန်းသစ်တော် ... ညည်းလေးကို မေမေနှစ်ခါမပြောဘူးနော် ... အခန်းထဲမှာ တစ်နေကုန်ငိုနေလို့၊ မျက်ခွံလေးတွေလည်း မို့အစ်နေပြီ ... မေမေ လက်နဲ့ရေးထားတဲ့ကိစ္စကို ခြေနဲ့မဖျက်ချင်စမ်းနဲ့၊ နောက်နာရီဝက်လောက်ဆိုရင် ဖုန်းတဂွမ်ဂွမ်ဆက်ပြီး မောင်လရောင်ခေတ်က မေးတော့မှာ ... "





"အဟင့် ... ဟင့် ... ဟင့် ... "

"ဝတ်လိုက် ... ဝတ်လိုက် ... ဟဲ့ အောက်ထပ်ကဟာတွေအပေါ်ကိုတစ်ယောက်လောက်တက်လာစမ်း ... ဒုက္ခပါပဲ ... အရေးဆို ဘယ်ချောင်မှာကပ်ကပ်နေကြလဲ မသိဘူး၊ ဟဲ့ ... အောက်ထပ်ကဟာတွေ၊ ခေါ်နေတာ မကြားတော့ဘူးလား"

ကိုယ့်သမီးကိုလည်း ပြောရ ...

အောက်ထပ်က ကျေးဇူးရှင်တွေကိုလည်း အော်ခေါ်ရနဲ့ ဒေါ်မေမေသော် အလုပ်ရှုတ်ပျာယာခတ်နေတာ၊ ဟိုက ဖုန်းဆက်အကြောင်းကြားပြီးကတည်းကပါ။

ကိုမောင်ကတော့ သိတယ်မို့လား။ ထုံးစံအတိုင်း ဘုရားခန်းထဲမှာ လက်နောက်ပစ်လျှောက်ရင်း ခေါင်းခါလိုက် ခေါင်းညိတ်လိုက်နဲ့ တစ်ယောက်တည်း ဘာတွေတွေးလို့တွေးနေမှန်းမသိ။ ဒေါ်မေမေသော် စိတ်မရှည်တာလဲ အဲဒါပဲ။

"ကိုမောင် ... အဝတ်အစားလဲတော့လေ ... ဘယ်အချိန်ရှိပြီလဲ၊ မောင်လရောင်ခေတ် တစ်ယောက်တည်း စောင့်နေရတာအားနာစရာ၊ ကိုယ်က အရင်သွားစောင့်မှ သူ့ကိုလေးစားရာကျမှာပြင်လိုက် ... ပြင်လိုက်၊ ရှင့်အတွက် ရှပ်နဲ့ဘောင်းဘီရှည် အခန်းထဲမှာ ကျွန်မထုတ်ပေးထားတယ် ... "

ကြာတော့ မောင်လရောင်ခေတ် ... မောင်လရောင်ခေတ်နဲ့ တစ်ခေတ်တည်း ခေတ်နေတာကိုလည်း ဦးမောင်မောင်ဖြိုးစိတ်ထဲမှာ ဘဝင်တော့သိပ်မကျလှ။ ဟိုက ဖိတ်တယ်ပဲထား ကိုယ်က သမီးရှင် ... ဖုန်းထဲမှာပြောရတာတောင် ပူနေရတဲ့မျက်နှာကို ဘယ်သွားထားရမှန်းမသိဖြစ်ခဲ့တာ။

ဒီကိစ္စတွေကို မျက်နှာချင်းဆိုင်ပြီး ပြောရမယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မေတာမျက်နှာမပူပေမယ့် ... ကိုယ်ပူနေတာက ခက်နေသည်။ ပြီးတော့ ... ကိုယ့်သမီးကိုယ်တိုင်က ဒီကိစ္စကို သိပြီးကတည်းက အိမ်ကနေ ထွက်ပြေးဖို့တောင် ကြံစည်နေခဲ့သေးတာလေ။

ဟွန်း ... နောက်ကလိုက်တာ မြန်သွားလို့။

အဲဒီနေ့ကတည်းက အခန်းတံခါးပိတ် ဂျိတ်လုပ်ပြီး မအေကို ဆန္ဒပြနေခဲ့တာ။

"ကြီးကြီးသော် ... ခေါ်တယ်ဆို ... "

အိမ်အကူအလုပ်သမား မစိုးအသံကြားတော့မှ မေမေသော် နောက်ပြန်လှည့်သည်။

"ဟဲ့ ... ပန်းသစ်တော် စီးမယ့်ဖိနပ်ကို ယူလာစမ်း ... ပါကင်ဖူးနဲ့ထည့်ထားတဲ့ အနက်ရောင်ကြိုးသိုင်းဒေါက်ကလေးကို ပြောတာနော် ... ကြိုးလေးမှာ ကျောက်ရောင်စုံလေးတွေ စီထားတဲ့ ဖိနပ် ... ဟဲ့ ... ငါပြောတာကြားလား ... "

"ဟုတ် ... ကြားပါတယ် ကြီးကြီးသော် ... "

"ကြားရင်လည်း မြန်မြန်သွားယူ ... သွား ... သွား ... ငါ့ကို ကြောင်တောင်တောင်နဲ့ပြန်မော့ကြည့်မနေနဲ့ ... ဟိုမှာ စောင့်နေရမယ့် မောင်လရောင်ခေတ်လေးကို အားနာလို့ပြောနေတာ"

မစိုးကိုလည်းအော် ... ပန်းသစ်တော် အခန်းဘက်ကိုလည်း ပြန်ပြေးနှင့်။

"ဟင် ... ညည်းလေး ခုထိ မဝတ်သေးဘူးလား ... "

"မဝတ်ဘူး ... လိုက်ဆိုရင် ဒီအတိုင်းပဲလိုက်မယ် ... "

"ဘာပြောတယ် ... "

မေမေသော် ... ဒေါ်မပွဲဘဲ နေပါတော့မလား။

ဒါနဲ့ပဲ ပွဲကြမ်းသွားတာ ... တစ်အိမ်လုံး ဆူညံသွားသည်။





ပုခုံးတွေကိုလည်းရိုက်၊ ငယ်ထိပ်ကလေးကိုလည်းခေါက်နဲ့ အတင်းချွတ် အတင်းသွတ်ပြီး ဝတ်ပေးလိုက်တာတောင် မျက်ရည်က မတိတ်သေး။ ဖိနပ်စီးတော့လည်း မအေကိုအရွဲ့တိုက်ပြီး တမင်ပြောင်းပြန်ကြီးစီးထားသည်။ ခြုံရမယ့်ပဝါကိုလည်း ခါးမှာပတ်ထားအံ။

"ညည်းလေး ... ညည်းလေး မေမေ့ကိုမရွဲ့နဲ့နော်၊ မေမေလုပ်နေတာ အားလုံးကောင်းစားစေချင်လို့ လုပ်နေတာ ... ဘယ်သူမှမက်ခွင့်မရနိုင်တဲ့ အိပ်မက်မျိုးကို မက်ခွင့်ရနေတာတောင် ညည်းလေးက မျက်နှာထ,သစ်ချင်သေးလို့လား ... ပြန်ဝတ်စမ်း၊ ဖိနပ်ကို တည့်အောင်ပြန်ဝတ် ... "

မျက်ခွံတွေလည်း ငိုရလွန်းလို့ မို့နေသည်။

မျက်ဝန်းတွေလည်း မျက်ရည်တွေ သွန်ချရလွန်းလို့ ရဲနေသည်။ ဒါပေမဲ့ ... မိတ်ကပ်မကူတာတောင် ဝင်းနှစ်စိုပြေနေတဲ့ မျက်နှာလေး၊ ကိုယ်ဟန်ထင်းထင်းဝင်းဝင်းကလေးနဲ့ လုံးကြွအိစက်နေတဲ့ ကိုယ်လုံးလေးကိုကြည့်ကာ သမီးလေးကို နှမြောမိပေမယ့် ချမ်းသာခြင်းကိုတော့ မေမေသော် ပိုအလိုရှိသည်။

"ဟုတ်ပြီ ... ဟုတ်ပြီ ... မစိုး၊ သူ့ခါးက ပဝါလေးကိုဖြုတ်ပြီး လည်ပင်းမှာရွနေအောင် အခေါက်လိုက်လေးပတ်ထားပေးလိုက်စမ်း ... အနားချတာ နှစ်ဖက်ညီပါစေ၊ ဟင်း ဟင်း ... ခက်နေတာက မျက်ခွံတွေမို့နေတာ၊ ဟဲ့ ... ဟို မှန်တင်ခုံပေါ်က အိုင်းလိုင်နာအညိုတောင့်လေးယူပေးစမ်း ... ဘယ့်နှယ်ကွယ် သူ့ဗွေးက ချစ်လို့ဖိတ်တာ ... ဒီပုံစံနဲ့သွားလို့ကောင်းမလား ... "

မေမေ ဘာပဲပြောပြော ... အဲဒီ ဦးလရောင်ခေတ်ဆိုတဲ့လူကြီးကို ဒေါ်ပွနေတာ ပန်းသစ်တော်ပါ။ သူများမှာ ရည်းစားရှိနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို သိသိကြီးနဲ့ အဟင့် ... နောက်ထပ်ပါးတစ်ဖက်ကျန်သေးလို့ ထပ်တောင်းနေတာပဲဖြစ်မယ်။ မုန်းတယ် ... ရှင့်ကို ... ကျွန်မ အရမ်းမုန်းတယ် ဦးလရောင်ခေတ်ရဲ့။

တစ်သက်လုံး ရှင့်ကိုမယူဘူး။

ထွက်ပြေးလို့မရရင် ဒီအပေါ်ထပ်ကနေ ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေမယ်။ အဟင့် ... ပန်းသစ်တော် ဆန္ဒကို သနားလို့ပါ။ ပန်းသစ်တော် ဆန္ဒကို သတိရလိုက်တာနဲ့ချက်ချင်းပဲ ဗီရိုကြီးတံခါးသော့ကို သွားဖွင့်ကာ ဗူးနီလေးတစ်ဗူးကို ရှာဖွေကာ သွားထုတ်သည်။

ပန်းသစ်တော် ဆယ့်ကိုးနှစ်ပြည့်မွေးနေ့တုန်းက ဆန္ဒအမှတ်တရဝယ်ပေးထားတဲ့ ဆန္ဒရဲ့ ချွေးနည်းစာ ဆွဲကြိုးမျှင်ကလေးလေး။

"မကြီးစိုး ... ဒီဆွဲကြိုးလေး သမီးကိုဆွဲပေး ..."

"ဟင် ... ဒီ ... ဒီကြိုးလေးက ..."

မေမေသော် ဒီကြိုးလေးကို မြင်ဖူးပါတယ်ဆိုပြီး ကြည့်နေတာ ဟိုဘက်ခြံက မင်းဆန္ဒ ထုတ်ပြခဲ့ဖူးတဲ့ ဆွဲကြိုးမျှင်ကလေးလေး။ ကြည့်စမ်း ... ဒါလေးကို သမီးလက်ထဲမရောက်,ရောက်အောင်ပေးသွားတယ်ပေါ့လေ။ အကောင်စုတ်လေး ဘာမှတန်ဖိုးမရှိတဲ့ဟာလေးလောက်နဲ့။

"မဆွဲနဲ့ ... မဆွဲနဲ့၊ ဒီပွဲမှာ ဒါကိုထုတ်ပြပြီး ညည်းလေးဆွဲထားစရာ ဘာအကြောင်းမှမရှိဘူး ပန်းသစ်တော် ... ညည်းလေးကို မေမေပြောနေတယ်နော် ..."

"ဒါ ... မဆွဲရရင် သမီးမလိုက်ဘူးမေမေ ..."

"မေရာ ... သမီးကို စိတ်ထိခိုက်အောင် မင်းဘာမှပြောမနေနဲ့တော့ ဒီမှာ ... ကိုယ်လဲ အဝတ်အစားလဲပြီးပြီ၊ ကိုယ်တို့စောစော





ရောက်ပြီးသွားကြိုနေတာ အကောင်းဆုံးပဲ၊ ကဲ ... သမီး ကြိုက်တာဝတ်ပြီး အောက်ကိုဆင်းခဲ့တော့ ဟုတ်ပြီလား ... ဖေဖေကားထဲကပဲ စောင့်နေမယ် ... ကဲ ... မင်းလဲလာ ..."

ဒီလိုအဆုံးသတ်လိုက်တော့မှ ဆူညံခြင်းတွေ တစ်ခန်းရပ်သွားသည်။

ဟိုကိုရောက်တော့ ဦးလရောင်ခေတ်က မရောက်သေးပါ။ ဘာပဲပြောပြော ဒီပွဲမှာ ဘာမှလည်းသေချာမပြင်ဆင်ပါဘဲ လိုက်လာတာတောင် ပန်းသစ်တော်ရဲ့ပုံစံလေးက ဖူးစင်အိစက်လို့နေတာလေ။ ကြည့်လေ ... ကြည့်လေ ... မက်မပြေစရာ ရှုမဝမျက်နှာလေးက ကြယ်စင်လေးတွေ ဖြိုးဖြိုးဖျတ်ဖျတ်လက်နေလေသည့်နှယ်။

မေမေသော်မှာလည်း သမီးမျက်နှာကိုပဲ ကြည့်နေရတာအမော။

"မေ ..."

"ဟင် ... ကိုမောင် ..."

"ဥက္ကဋ္ဌအခုပဲ ဖုန်းဆက်သွားတယ် ... သူထွက်လာနေပြီတဲ့"

"ဟာ ... အဲဒါဆို ကားရပ်မယ့်နေရာမှာ ကျွန်မတို့ထွက်ကြိုနေမှ ကောင်းမှာပေါ့ ..."

"သမီး ... သမီးကရော ..."

"ဟာ ... သမီးမလိုက်ဘူးနော် ဖေဖေ၊ အဲဒီလို ထွက်စောင့်နေရင် မိန်းကလေးသိက္ခာကျတယ် ... သမီး ဒီအထိလိုက်လာတာပဲ သိပ်ကို လွန်လှပြီ ..."

"ကဲ ... မပြောတော့ဘူး ... ဖေဖေ့သမီး ဒီအခန်းထဲမှာပဲ တစ်ယောက်တည်းထိုင်နေခဲ့ ... ဟုတ်ပြီလား ..."



www.burmeseclassic.com

www.burmeseclassic.com



လင်မယားနှစ်ယောက် အခန်းအပြင်ကို ထွက်သွားတာလည်း ဒရောသောပါး။ ကိုယ့်ကုမ္ပဏီရဲ့ ဥက္ကဋ္ဌကို မလေးစားဘဲနေလို့ရမလား။ မေမေသော်နဲ့က ဖုန်းတွေ အပြန်အလှန်ပြောပြီး မောင်လရောင်ခေတ်လို့ ခေါ်ခွင့်ရတဲ့ပါဝါတွေ အဆင့်တွေမြင့်တက်သွားပေမယ့် ကိုယ်က ကုမ္ပဏီရဲ့ ရှယ်ယာရှင် ဒါရိုက်တာ။ ဥက္ကဋ္ဌကို ဥက္ကဋ္ဌလို မဆက်ဆံလို့ကောင်းမလား။

ဒါနဲ့ပဲ လာနီး … လာနီးနဲ့နှစ်ယောက်သား လက်ကလေးတွေ နောက်ပစ်ပြီး စောင့်နေလိုက်ကြတာ၊ ငါးမိနစ်လည်းမလာ၊ ဆယ်မိနစ်လည်းမလာ၊ ဖုန်းဆက်မေးရမယ်ဆိုပြန်တော့လည်း ကိုယ့်အဆင့်နဲ့အားနာ။

တကယ်က နောက်ဘက်အပေါက်ကနေ လရောင်ခေတ်ဝင်သွားတာ ဘယ်သူမှ မသိလိုက်။ သိလိုက်တာက ပန်းသစ်တော်တစ်ယောက်တည်း။

"ဟင် …"

မျက်နှာကို ဖျတ်ခနဲမြင်လိုက်တာနဲ့ပင် ပန်းသစ်တော် တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားရသည်။ မကြည့်ချင်လို့ မျက်နှာကို ဆတ်ခနဲလွှဲပစ်တော့ နှုတ်ခမ်းလေးတွေကပါ တိုင်ပင်ထားသလို မဲ့သွား၏။

"ကိုယ်ပါ … ပန်းသစ်တော် … လရောင်ခေတ်ပါ …"

သူ့ကိုယ်သူ မိတ်ဆက်ရင်း ခုံလွတ်တစ်လုံးကို ဆွဲကာ ဝင်ထိုင်တော့ … ပန်းသစ်တော် မျက်လုံးလေးပြူးသွားရ၏။ သူ့နောက်မှာ ဖေဖေတို့ပါမလာ။ ကပျာကယာ အခန်းပေါက်ဝကို လှည့်ကြည့်တော့လည်းမရှိ။ ဒါဆို … ဒီသီးသန့်အခန်းလေးထဲကို ဝင်လာ





ဘာ သူတစ်ယောက်တည်းလား။

"ရှင် … ရှင် … ဘာတွေလျှောက်လုပ်နေတာလဲဟင် ဦးလရောင်ခေတ် … ရှင် အခုလုပ်နေတာတွေအားလုံးကို ကျွန်မ ဆက်မခံဘူးနော် … ကျွန်မကို လွယ်လွယ်နဲ့ရမယ် ရှင်ထင်မနေနဲ့"

သူ့အရှိန်အဝါတွေကို ဂရုမစိုက်ဘဲ ပန်းသစ်တော် အပြတ်ပြောပစ်လိုက်သည်။ သူက တဆတ်ဆတ်တုန်နေသည့် ပန်းသစ်တော်ရဲ့ နှုတ်ခမ်းလေးတွေကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်ရင်းပြီးကာ။

"ဟွန်း … ရတယ်လေ … မင်းလက်မခံလည်း ကိုယ်ဂရုစိုက်ပါဘူး၊ ကိုယ်က ဒီပွဲကို ဆုံးအောင်ကတော့မှာ၊ ကိုယ့်ဘက်က အားပေးတဲ့ လက်ခုပ်သံတွေရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ဘာကိုမှ ကိုယ်လှည့်ကြည့်နေမှာ မဟုတ်ဘူး၊ ရှင်းတယ်နော် … ပန်းသစ်တော်၊ မင်းခေါင်းခါတာ ခေါင်းညိတ်တာ၊ ကိုယ့်အတွက် မလိုအပ်ဘူး အဲဒါ … ပြောချင်လို့ နောက်ဘက်အပေါက်ကနေ ကိုယ်လှည့်ဝင်လာတာ … ဒီအခန်းထဲက စားပွဲမှာ မင်းတစ်ယောက်တည်းထိုင်နေတယ်ဆိုပြီး ကိုယ့်ချာတိတ်တွေက ဖုန်းဆက်ထားလို့ …"

"ဟင် …"

တကယ်သွက်တဲ့ ဦးလရောင်ခေတ်ပဲ။

ကိုယ့်ချာတိတ်တွေက ဖုန်းဆက်ထားလို့တဲ့။ ဒါဆို ကျွန်မတို့ ရောက်မလာခင်ကတည်းက ရှင့်လူတွေ ဒီဆိုင်မှာ ထိုင်နေရာယူ ထားပြီးပြီဆိုတဲ့သဘောပေါ့။ ကျွန်မ မမြင်နိုင်တွေ့နိုင်တဲ့နေရာက မျက်လုံးတွေ ကျွန်မကို စောင့်ကြည့်နေကြတယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ့။

ပန်းသစ်တော် … မော့ကြည့်လိုက်တော့ စောစောက ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ခုံလေးပေါ်မှာ သူမရှိတော့ပါ။ ခဏနေတော့ ခြေသံတွေ စကားသံတွေကြားလိုက်ရပြီး ဖေဖေတို့နှစ်ယောက်နှင့်အတူတူ သူပြန်ဝင်လာသည်။ ပန်းသစ်တော်ရင်နာသွားတာက သူက ခါးကိုမတ်ဆန့်လျှက်။ ခေါင်းမော့လျှောက်လာသလောက် ဖေဖေနဲ့မေမေက သူ့နောက်မှာ ခပ်ရိုရို့လေးတွေသာ။

"ထိုင်ပါ အန်တီနဲ့အန်ကယ် ... ကျွန်တော် လေးစားစွာ ဖိတ်ခေါ်ပါတယ် ..."

"ဟင်း ... ဟင်း ... အန်တီတို့က မောင်လရောင်ခေတ်ကို မလာသေးဘူး ... မလာသေးဘူးနဲ့စိတ်ပူပြီး ရှေ့မှာထွက်မျှော်နေကြတာ ..."

မေမေက နှုတ်သွက်နေသလောက် ဖေဖေက ဦးလရောင်ခေတ်ရဲ့ ကိုယ်ရောင်ကိုယ်ဝါကို ရှိန်နေသည်။ ဖေဖေတို့နှစ်ယောက်ကို ထိုင်ပါလို့ သူကပြောလိုက်ပေမယ့် ... သူရွေးချယ်လိုက်တဲ့ထိုင်ခုံ က ပန်းသစ်တော်နဲ့တည့်တည့်က မျက်နှာချင်းဆိုင် ထိုင်ခုံမှာ။

"ဒါ ... အန်တီ့သမီးလေ ..."

"ကျွန်တော်သိပါတယ် အန်တီ ..."

"သမီး ... ဒါ မောင်လရောင်ခေတ် ..."

ခေါင်းညိတ်အသိအမှတ်ပြုတာမျိုးမဟုတ်ဘဲ မျက်တောင်တစ်ချက်ပင့်ကြည့်တော့ ... အမုန်းရိပ်တွေနဲ့ပဲ မျက်ဝန်းတွေက ရှုးရှလက်ဖြာသွားသည်။ သူက နာမည်ကြီး ZARA တံဆိပ် အညိုရောင် အနောက်တိုင်းဝတ်စုံကို တည်တင်းသပ်ရပ်နေအောင်ဝတ်ထားသလို ခန့်ညားသော လုပ်ငန်းရှင် စီးပွားရေးသမားတစ်ယောက်ရဲ့ စတိုင်တစ်ခုကိုလည်း သူက အမိအရဖမ်းထားသည်။ သူ့ဆံပင်က ခပ်ပါးပါးဆံပင်မို့ နဖူးပြင်ပေါ်မှာ ဘာမှမရှိဘဲ





မျက်နှာက ဝင်းနှစ်နေ၏။ နှုတ်ခမ်းတွေက ပြုံးတာလည်းမဟုတ်၊ တည်တာ လည်းမဟုတ်ဘဲ သူလှုပ်ရှားသမျှ အမူအရာတိုင်းက ထည်ဝါခမ်းနား နေတာ သိသာလွန်းလှသည်။

"ဒီလိုပါ အန်ကယ် ... ကျွန်တော် ဒီည အန်ကယ်တို့မိသားစုလေးကို တွေ့ဆုံရတဲ့အကြောင်းက မိသားစုလို နွေးထွေးချင်တာရယ် ... ကျွန်တော်ရဲ့ ကမ်းလှမ်းမှုတွေကို အားလုံးမျက်နှာချင်းဆိုင်ပြီး အသိပေးချင်တာကြောင့် ကျွန်တော် ... အခုလို ဖိတ်ကြားလိုက်ရတာပါ ..."

ပြောရင်း မျက်လုံးလေးတစ်ချက်ဝေ့ကာ ပန်းသစ်တော်ကို ကြည့်သည်။ ပန်းသစ်တော်က အကြည့်ချင်းဆုံမသွားအောင် မျက်နှာကို တမင်လွှဲပစ်လိုက်၏။ ရှင်ပြောချင်တာ ပြောလေ ... ဦးလရောင်ခေတ်၊ ရှင်ပြောနေတာတွေကို စိတ်လည်းမဝင်စားဘူး၊ နားလည်းမထောင်ချင်ဘူး။

"ကျွန်တော် ... ပန်းသစ်တော်ကို မိသားဖသားပီပီ တရားဝင် တောင်းရမ်းလက်ထပ်ချင်ပါတယ် ... ဒါကိုလည်း ပန်းသစ်တော်ရဲ့ ကျေးဇူးရှင်မိဘနှစ်ပါးရှေ့မှာ လေးလေးစားစားနဲ့ တောင်းဆိုတာပါ၊ အဓိကအချက်ကတော့ အန်တီနဲ့အန်ကယ်တို့ဘက်က ခွင့်ပြုလိုက်လျှောမယ်ဆိုရင် ဆီဒိုးနားဟိုတယ်ကြီးမှာဖြစ်ဖြစ်၊ TREADER ဟိုတယ်ကြီးမှာဖြစ်ဖြစ် အခမ်းနားဆုံးလက်ထပ်မင်္ဂလာပွဲကြီးတစ်ခုကို အခုလာမယ့် သုံးလအတွင်းမှာ ကျွန်တော် ကျင်းပချင်တာကို အသိပေးချင်တာပါ ..."

"အို ... ရတယ် ... ရတယ် ... မောင်လရောင်ခေတ်ရဲ့ဆန္ဒအတိုင်း အန်တီတို့ဘက်က အားလုံးခွင့်ပြုတယ် ... ဟိုလေ ... ဒါနဲ့ အန်တီတစ်ခုသိချင်တာက မောင်လရောင်ခေတ်ရဲ့ မိဘတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒ ... ”

“အဲဒါက ကျွန်တော့်သဘောပါ ... ”

ဒါကိုတော့ လရောင်ခေတ်က ခပ်တင်းတင်းပဲ ယတိပြတ်ဖြေချ၏။ လိုတာက အသိပေးဖို့ပဲလိုတာ သာမန်မိန်းကလေးနဲ့ပဲ ညားညား၊ ဘွဲ့ရပညာတတ် သူဌေးသမီးနဲ့ပဲ ညားညား၊ နောက်ဆုံးကုန်ကုန်ပြောရရင် လမ်းဘေးက သူတောင်းစားမနဲ့ညားရင်တောင် အားလုံးမိဖုရားဖြစ်လာမှာပဲဟာ။ ဒီကိစ္စမှာ အဓိက လိုအပ်နေတာက ကိုယ်မက်မောရူးသွပ်နေရမယ့် မိန်းကလေးတစ်ယောက်ပါ။

လရောင်ခေတ်ကတော့ ဒီလိုပဲ ခံယူသည်။

“ကျွန်တော့်ကို ... ကျွန်တော့်ကို တစ်ခုလောက်တော့ ပြောခွင့်ပေးပါ ဥက္ကဋ္ဌ ... ”

“ဟာ ... အန်ကယ် ... ဒီအခေါ်အဝေါ်တွေ အန်ကယ်နဲ့ ကျွန်တော်နဲ့ကြားမှာ မလိုတော့ပါဘူး အန်တီခေါ်သလို မောင်လရောင်ခေတ်လို့ပဲ တရင်းတနှီးခေါ်ပါ ... ကျွန်တော် ခွင့်ပြုပါတယ်”

“ဟိုလေ ... ဒီ ... ဒီလိုပါ ဥက္ကဋ္ဌ ... ”

“ဟာ ... ကိုမောင်ကလည်း မောင်လရောင်ခေတ်က ရှင့်ကို ပြောနေပြီလေ ... ဥက္ကဋ္ဌခေါ်တာ တစိမ်းဆန်နေလို့ မောင်လရောင်ခေတ်က ရှင့်ကိုခွင့်ပြုပေးနေတာ ... ”

“အဟမ်း ... ”

ဦးမောင်မောင်ပြုံး အားနာနေတာ မျက်ဝန်းချင်းဆုံအောင်ပင် မကြည့်ရဲပါ။ မောင်လရောင်ခေတ်နှင့်ဆုံဖူးတာလည်း ရှယ်ယာရှင်တွေရဲ့ အစည်းအဝေးမှာ နှစ်ခါလား သုံးခါလား ... ဒီလောက်ပဲ ဆုံတွေ့ဖူးခဲ့တာ ... ပြီးတော့လည်း ကိုယ်က အနည်းဆုံးသာ ထည့်ဝင်ထားနိုင်သည့် ရှယ်ယာရှင်မို့ မောင်လရောင်ခေတ်အနားကို





တောင် ကပ်ခွင့်မရခဲ့သည့်အဖြစ်က ကိုယ့်ကိုခြောက်လှန့်နေတာလေ။

“ပြောပါ ... အန်ကယ် ... အားမနာပါနဲ့ ... ”

“ဟို ... ဟိုလေ ... မောင်လရောင်ခေတ် ... ”

နာမည်ခေါ်ပြီးတော့လည်း ဆက်ပြောလို့မရ။

မျက်ဝန်းအကြည့်တွေအားလုံးကလည်း စိတ်လှုပ်ရှားစွာနဲ့ ဦးမောင်မောင်ပြုံးမျက်နှာပေါ်မှာပဲ ရောက်နေကြ၏။

“ဒီလိုပါ ... မောင်လရောင်ခေတ်ရဲ့ ပွင့်လင်းရိုးသားတဲ့ ကမ်းလှမ်းမှုကို မိဘနှစ်ပါးအနေနဲ့ ကန့်ကွက်စရာအကြောင်းမရှိပေမယ့် သမီး ... သမီး ပန်းသစ်တော်ရဲ့အဆုံးအဖြတ်ကလည်း အရေးကြီးတာမို့ ဒါကို ... ထည့်တွက်ကြရင် ပိုကောင်းမလားဆိုတာ စဉ်းစားမိလို့ပါ ... ”

“ဟင် ... ”

ဒေါ်မေမေသော် မျက်လုံးပြူးရပြီ။

“ဟုတ်တယ် ... ဖေဖေပြောတာ အရမ်းမှန်တယ် ... ”

“ပန်းသစ်တော် ... ”

မေမေ ... လှမ်းအော်လိုက်တာကိုလည်း ပန်းသစ်တော် မကြား။

“သမီး ... ဦးလရောင်ခေတ်နဲ့ လက်မထပ်နိုင်ဘူးဖေဖေ၊ သမီးမှာ ... ချစ်သူရှိတာ ဦးလရောင်ခေတ်သိတယ် ... ”

“ဟယ် ... ကြည့်စမ်း ... ”

ဒီလောက် ... မျက်လုံးပြူးပြနေတာတောင်။

ဒေါ်မေမေသော် ... ပျာယာခတ်သွားသလို မျက်စပျက်သွားတာလည်း ဖုံးထားလို့မရနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်အန်တီ ... သူ့ရင်ထဲမှာရှိတဲ့ ခံစားချက်အတိုင်း ပန်းသစ်တော် ပြောပါစေ ... ကျွန်တော် နားထောင်မှာပါ"

ပွဲက အရုပ်ဆိုးအကျည်းတန် သွားရပြီ။

ပင့်သက်ချသံ အံသက်ပြင်းပြင်းရှူသံ မောဟိုက်လှိုက်တုန် သံကလေးတွေနဲ့ ... ဦးမောင်မောင်ပြုံးနဲ့ ဒေါ်မေမေသော်တို့နှစ်ယောက်က မပြုံးနိုင် မရွှင်နိုင် ဖြစ်သွားကြချိန်မှာ ဦးလရောင်ခေတ်ကတော့ သူ့မှာ ဘာခံစားချက်မှမရှိတဲ့အတိုင်း။ လက်မောင်းတစ်ဖက်က အင်္ကျီတစ်စကို ဆွဲချပင့်ဆန့်ကာ။

ပန်းသစ်တော်ကိုပဲ မျက်တောင်မခတ် စူးစိုက်ကြည့်နေသည်။

"ပြောလေ ... ပန်းသစ်တော် ..."

"ဟာ ... ပြောပြီးပြီလေ ..."

"ထပ်ပြောစရာမရှိတော့တဲ့ အဓိပ္ပာယ်လား ..."

"ဟုတ်တယ် ... မရှိတော့ဘူး ..."

"ဒါဆို ... ကိုယ်ပြောမယ် ..."

နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက် မဲ့သွားတာ တိတိကျကျ။

"မင်းနဲ့အခု ချစ်နေတဲ့ မင်းဆန္ဒဆိုတဲ့ကောင်လေးကို မင်းမေ့လိုက်ပါ၊ ဒီလိုမေ့လိုက်တာနဲ့ မင်းကို ပန်းရထားနဲ့ကိုယ်ခေါ်သွားမယ် ... အဆုံးစွန်ဆုံး နန်းပလ္လင်မြင့်မှာ ကိုယ် စံမြန်းခွင့်ပေးမယ် ရှင်းတယ်နော် ... လူကြီးတွေရှေ့မှာ အပိုစကားတွေ ကိုယ် မပြောတတ်လို့ပါ ... မင်းတစ်ခုပဲ နားလည်ထားရမှာက လရောင်ခေတ်ဆိုတာ လိုချင်တာရှိရင် ဘာနဲ့ပဲလဲရလဲရ လဲယူတတ်တာမျိုး နေဦး မင်းခဏနေဦး ... ကိုယ်ဆက်ပြောမယ် ..."

ပန်းသစ်တော် နှုတ်ခမ်းလေးဟပြီး ပြောဖို့ပြင်လိုက်ပေမယ့်





ပြောခွင့်မရ။ ဦးလရောင်ခေတ်က လက်တစ်ဖက်ကို ဆန့်တန်းထုတ်ကာလျှက်။ ခပ်မာမာ အမိန့်ပေးသလိုမျိုး တားလိုက်တော့ မကျေမနပ်နဲ့ဘဲ နှုတ်ဆိတ်ကာ ပန်းသစ်တော် ရပ်လိုက်ရသည်။

"ကိုယ် ... မင်းကို တကယ်မြတ်နိုးခဲ့တာ ပန်းသစ်တော်"

"ဟင် ..."

"ဒီပွဲကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ကိုယ့်ဘက်က အပျက်မခံနိုင်ပါဘူး ... ဒီတစ်ပတ် ရှယ်ယာရှင်တွေရဲ့အစည်းအဝေးမှာ ဒီကိစ္စကို အားလုံးသိအောင် ကိုယ်ကြေငြာမယ် ... ကိုယ့်ကုမ္ပဏီက ဝန်ထမ်းတွေအားလုံးသိအောင်လည်း ကိုယ်ကြိုးစားမယ်၊ ဟုတ်ပြီနော် ... ဒီပွဲကို ပျက်အောင်မင်းဖျက်မယ်ဆိုရင်တော့ မင်းကို ကြွတ်ကလေးထဲမှာထည့်ပြီး အာခံတွင်းထဲမှာ ငုံထားဖို့ ကိုယ့်ဘက်က အဆင်သင့်ပဲ ..."

မရပ်မနား တောက်လျှောက်ပြောချရင်း စကားက ဒီနေရာမှာပဲ အဆုံးသတ်သွားသည်။ ဖြည့်စွက်ပြောစရာမလို ပြင်ဆင်စရာမလိုပါဘဲ ... ဆွေးနွေးပွဲလေးက ခြောက်ကပ်ကပ်လေးပဲ ပြီးဆုံးသွားခဲ့၏။

ပြောရရင် ဒါဟာ ... ပန်းသစ်တော်ကို ခြိမ်းခြောက်သွားခဲ့တာလား။ မှာထားတဲ့ အစားအသောက် ပန်းကန်တချို့ပင် တချက်ကလေးမှ မတို့ထိလိုက်ရဘဲ ငိုက်မြည်းကာ ဒီအတိုင်းခြေရာလက်ရာမပျက် ကျန်ခဲ့၏။

ဒါကို အိမ်ပြန်ရောက်တဲ့အထိ ဒေါ်မေမေသော် တဖြစ်တောက်တောက်နဲ့ ပြောလို့မဆုံး။ ပြောရင်းနဲ့လည်း ကားနောက်ခန်းထဲမှာ ပန်းသစ်တော်ကို ပုခုံးရိုက်လိုက် အသည်းယားလာရင် ဘင်ပါးလုံးကျစ်ကျစ်လေးကို ဆွဲဆိတ်လိုက်နှင့် မကျေမချမ်းဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သမ္မ အမုန်းမှုားဦးက ဆန္ဒဘက်လှည့်သည်။

"အမျိုးယုတ်လေး ... "

"လမ်းသရဲကောင်စုတ်လေး ... "

"ဒင်းရှုတ်နေလို့ ... "

ပန်းသစ်တော် မကြားချင်ယောင်ဆောင်ပြီး နှုတ်ခမ်းမဲ့မဲ့လေးနဲ့ အပေါ်ထပ် အိပ်ခန်းဆီ ပြေးတက်တော့ ညကိုးနာရီခွဲနေပြီ။

"ဂျောက် ... "

"ဒေါက် ... "

အခန်းတံခါးကို ဖွင့်ကာ လော့ဒ်ပါချလိုက်ပြီး အဝတ်အစားတွေကိုပါ လဲလိုက်သည်။ ခုတော့ ... ညဝတ်ဂါဝန်အဖြူရောင် အသားပျော့ပျော့လေးနဲ့။

"ပန်းသစ်တော် ... "

"အမလေး ... "

ခေါ်သံကြားလို့ အထိတ်တလန့်လေးနဲ့ ကြည့်လိုက်တော့ ဇာလိုက်ကာပါးပါးလေးကွယ်နေတဲ့ ပန်းသစ်တော်ရဲ့ ခုတင်စောင်းလေးမှာ ခေါင်းကလေးငိုက်စိုက်ချထိုင်နေတဲ့ ဆန္ဒရယ်လေ။ ဒါကို ကြည့်ပြီး ပန်းသစ်တော်တစ်ကိုယ်လုံးတုန်ကာ အသက်ရှုရပ်သွားမတတ်ခံစားခဲ့ရပြီ။

ဒီ ... ဒီအခန်းထဲကို ဆန္ဒ ဘယ်လိုရောက်နေတာလဲ။

ကာ ကာ ကာ

အခန်း ( ၇ )

"ဆန္ဒရယ် ... နင် ... နင် ဒီအပေါ်ကိုရောက်အောင် ဘယ်လိုတက်လာတာလဲဟင် ... အဟင့် ... ဟင့် ဟင့် ... ကြည့်ပါဦး ... နင့်လက်မောင်းလေးတွေမှာရော နင့်လက်တွေမှာပါ အကွဲရာ အရှရာတွေနဲ့ သွေးတွေထွက်နေလိုက်တာ နင် ... နင် ပြတင်းပေါက်ဘေးပိုက်လုံးက တွယ်တက်လာတာလားဟင် ဆန္ဒ ... "

ဆန္ဒဖြစ်နေပုံလေးကိုကြည့်ကာ ပန်းသစ်တော် ငိုလို့မဆုံး။

အနက်ရောင် တီရှပ်အဟောင်းလေးရဲ့ ရင်ဘတ်နေရာတွေမှာ ပေါက်ပြဲဖွာလန်နေပြီး လက်မောင်းနှစ်ဖက်စလုံးမှာလည်း ပွန်းရာခြစ်ရာတွေက သွေးတွေစို့ကာ တစ်ကိုယ်လုံးလည်း ချွေးတွေနဲ့ နင့်နေသည်။

"ငါ ... ငါ ... နင့်ကို မေးစရာရှိလို့လာတာ"

ဆန္ဒမျက်နှာမကောင်း။

အလိုမကျရိပ်တွေက မျက်နှာမှာပြည့်နေ၏။

"ဟင် ... နင် ဘာမေးမှာလဲ ဆန္ဒ ... "

ရင်ထဲမှာတော့ ထင့်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလရောင်ခေတ်က ထမင်းဖိတ်ကျွေးတယ်ဆို ... "

"ဟယ်ဆန္ဒ ... နှင်ဘယ်လိုလုပ်သိတာလဲ"

"ဒေါ်စိုးပြောလို့သိတာ ... နှင်ပြန်မပြောနဲ့ ... "

"ဆန္ဒရယ် ... နှင် ပန်းသစ်တော်ကို တစ်မျိုးမထင်ပါနဲ့ ပန်းပန်းသစ်တော် မလိုက်ချင်ဘဲ လိုက်သွားရတာပါ ... မသွားခင် ပန်းသစ်တော် တစ်ချိန်လုံးငိုနေရတာလေ ... အဲဒါ ... ဒေါ်စိုးမပြောဘူးလား ... "

"ပြောတယ် ... ဒါပေမဲ့ ... "

"နှင် ... နှင် ... ပန်းသစ်တော်ကို ယုံပါနော် ဆန္ဒ ... ခုလည်း ဦးလရောင်ခေတ်ကို မျက်နှာချင်းဆိုင်တွေ့ပြီး ပန်းသစ်တော် အပြတ်ငြင်းခဲ့တယ်"

မျက်ရည်ကိုသုတ်ရင်း ပန်းသစ်တော်ပြောသည်။

လောလောဆယ်မှာ အရေးကြီးနေတာက ဆန္ဒယုံတာ မယုံတာထက် အိမ်အပေါ်ထပ် အခန်းထဲထိ ဆန္ဒရောက်နေတာ တစ်ယောက်ယောက်သိသွားမှ ခက်မည်။ ပန်းသစ်တော်က လိပ်ပြာမလုံသလို ရင်တထိတ်ထိတ်ဖြစ်နေပေမယ့် ဆန္ဒကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်တော့တဲ့မျက်နှာထားမျိုးနဲ့။

"ငါ ... နှင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ နှင်သိတယ်နော် ... ပန်းသစ်တော် ... ငါ စကားကိုအပိုမပြောဘူး ... "

"ဟာ ... အဲဒါ ပန်းသစ်တော်သိတယ်လေ ... ဆန္ဒရဲ့ ... "

"ငါမကြိုက်တာ နှင်လုပ်ရဲ့လုပ်ကြည့် ... "

"ဟင် ... "

"အခုလည်း နှင်တို့ခြံထဲကိုခိုးဝင်ပြီး ပိုက်လုံးကနေ တွယ်တက်လာတာ အဲဒါ ... ရေတံလျှောက်စွန်းနဲ့ငြိပြီး ပွန်းပဲ့ကုန်တာ"

"ဆန္ဒရယ် ... အဟင့် ... ဟင့် ... "

ဆန္ဒဖြစ်နေတာလေးကိုလည်း ပန်းသစ်တော် မကြည့်ရက်ပါ။

"နှင် ... နှင် ပြုတ်ကျရင် ဘယ်လိုလုပ်မလဲဟင်ဆန္ဒ ... နောက်တစ်ခါကျရင် နှင်အဲလိုမလုပ်နဲ့နော် ... ဆန္ဒတွေ့ချင်ရင် ပန်းသစ်တော် မရရအောင် ခိုးထွက်လာမှာပေါ့ ... "

"ဟွန်း ... ဒီနေ့ကစပြီး ငါဘယ်သူ့ကိုမှ ဂရုမစိုက်တော့ဘူးသိလား ... အဆင့်အတန်းအရမ်းခွဲတဲ့ နှင့်အမေကို ငါတအားမုန်းသလို လောကကြီးကိုလည်း ငါတအားစိတ်နာတယ်"

"နှင် ... နှင် စိတ်ထဲထင်တာတွေ လျှောက်မလုပ်နဲ့နော် ဆန္ဒ ... "

"နှင် ... ငါ့ကို ချစ်တယ်မို့လား ပန်းသစ်တော် ... "

"ချစ်တာပေါ့ ဆန္ဒရဲ့ ... "

"အဟင့် ... "

ရှိုက်ရင်း ဖြေလိုက်တဲ့အသံလေးက တကယ့်ကို ဝမ်းနည်းစိတ်ထိခိုက်နေရှာတဲ့ အသံလေး။ အခန်းထဲမှာ နှစ်ယောက်တည်းတွေ့နေကြတယ်ဆိုပေမယ့် ဆန္ဒက ခုထိပန်းသစ်တော်ကို လက်ဖျားလေးနဲ့တောင် မတို့သေးပါ။

"အေး ... နှင်ချစ်သလို ငါလည်း နှင့်ကိုချစ်ခဲ့တာပဲ"

"ဆန္ဒရယ် ... "

ဆန္ဒကိုကြည့်ပြီး ပေါက်ခနဲ ... ပေါက်ခနဲ ပြုတ်ပြုတ်ကျလာတဲ့ မျက်ရည်တွေကိုလည်း ပန်းသစ်တော် ... သုတ်လို့နိုင်။ ရင်






www.burmeseclassic.com

www.burmeseclassic.com



တထိတ်ထိတ်နဲ့မို့ အခန်းအပြင်ကခြေသံကိုလည်း နားစွင့်ရ၊ မေမေ တံခါးလာခေါက်မှာလည်း ကြောက်ရနဲ့။ ပန်းသစ်တော် တစ်ယောက်တည်း ဗျာများနေကာ ရင်တွေပါတုန်နေရသည်။

"ပန်း ... ပန်းသစ်တော် ဆန္ဒကို ကတိပေးပါတယ်၊ ဆန္ဒက လွဲရင် ဘယ်သူ့ကိုမှ ပန်းသစ်တော် မချစ်ပါဘူး၊ တစ်နေ့ကျရင် ဆန္ဒနဲ့အတူတူနေဖို့ပဲ ပန်းသစ်တော် ဆုံးဖြတ်ထားတယ် ... ဦးလရောင်ခေတ်က နောက်ဆုတ်မသွားဘဲ အတင်းအကြပ် လက်ထပ်ဖို့စီစဉ်လာခဲ့ရင် ဆန္ဒဆီကိုပဲ ပန်းသစ်တော် ပြေးလာခဲ့မယ်နော် ဆန္ဒ ... ပန်းသစ်တော် ပြောတာကိုယုံနော် ... "

နောက်ဆုံးမှာတော့ ပန်းသစ်တော် ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ ခေါင်းလေးငိုက်စိုက်ချကာ မတ်တတ်ရပ်နေသည့် ဆန္ဒကိုပဲ တအားပွေ့ဖက်ထားလိုက်မိတော့၏။ ဆန္ဒက ပန်းသစ်တော်ထက်အရပ်ပိုမြင့်တာမို့ ပန်းသစ်တော် မျက်နှာလေးက ဆန္ဒ ပုခုံးစွန်းလေးပေါ်မှာ မှီတင်ထားလိုက်သလိုလေး ဖြစ်သွားသည်။

ဆန္ဒကလည်း ပန်းသစ်တော်ရဲ့ နဖူးလေးကို နမ်းပါသည်။

ပြီးတော့ ... ပန်းသစ်တော်ရဲ့ ကိုယ်လုံးလေးကိုလည်း ဆန္ဒက တအားပြန်ဖက်ထားသည်။ မျက်ရည်တွေကတော့ ဆန္ဒရဲ့ ပုခုံးစွန်းလေးမှာ စိုခဲ့ပြီ။

"ဆန္ဒရယ် ဒီဇာတ်လမ်းမှာ ပန်းသစ်တော်တို့နှစ်ယောက် တကယ်ကံဆိုးတယ်နော်၊ မေမေက ... ဆန္ဒနဲ့သဘောမတူလို့ နှိမ်နေတဲ့ကြားထဲက ဦးလရောင်ခေတ်က ပေါ်လာတာ၊ တစ်ခါတလေ ရူးသွားမလားလို့တောင် ပန်းသစ်တော် စိတ်ထဲက ထင်နေတယ်၊ စိတ်ဓာတ်မကျပေမယ့် မျှော်လင့်ချက်မရှိလို့ အားငယ်တယ် ...





ဒီကြောင့်မို့ အတူတူနေနိုင်အောင် ဆန္ဒကြိုးစားပါနော် ... "

ပန်းသစ်တော် တောင်းဆိုမိသည်။

ဒါပဲလည်း ဆန္ဒအကြောင်းကိုသိနေလို့ ပြောရတာလည်း ဝံ့မရဲလေးနဲ့ပါ။ နောက်တော့ လူခြင်းပြန်ခွာပြီး ဆန္ဒရဲ့ဒဏ်ရာလေးတွေကို ပန်းသစ်တော် ဆေးထည့်ပေးသည်။ ဆံပင်တွေမှာ စိုနေတဲ့ ချွေးတွေကိုလည်း အရပ်ကလေး မမှီမကမ်းနဲ့ ခြေဖျားလေးထောက်ကာ ပန်းသစ်တော်ကိုယ်တိုင် သုတ်ပေးလိုက်၏။

"ဟင် ... "

သည်တော့မှ ပန်းသစ်တော် လည်ပင်းလေးမှာ ဆွဲထားတဲ့ သူ့ရဲ့ အမှတ်တရဆွဲကြိုးလေးကို ဆန္ဒက တွေ့သွားသည်။

"ဒီ ... ဒီဆွဲကြိုးလေးကို ... နင် ... "

"အဲဒါ ... ဆန္ဒကို သိပ်ချစ်တယ်ဆိုတာ ဒီအိမ်ကလူတွေသိအောင် ပန်းသစ်တော် တမင်ထုတ်ဆွဲပြလိုက်တာလေ ... ဆန္ဒရဲ့မေမေကို ပြောင်ပြောင်ပြီး ထုတ်ဆွဲလိုက်တာ ... "

ဒါကို ဆန္ဒမြင်သွားလို့ ပန်းသစ်တော် ပျော်သွားသည်။

"ကျေနပ်တယ်နော် ဆန္ဒ ... "

ဆွဲကြိုးလေးက ပန်းသစ်တော်ရဲ့ ဝင်းနှစ်အိစက်သော လည်တိုင်လေးမှာ မျက်နှာမော့မော့လေးနဲ့ နေရာယူလို့။

ဆန္ဒ ပြန်သွားတော့ မနက်သုံးနာရီ။

နောက်တစ်နေ့မနက် ကိုးနာရီမှ ပန်းသစ်တော် အိပ်ရာက ထလာသည်။

ဒေါ်ထားထားညိုကလည်း ... ခုတလော မျက်နှာသိပ်မကောင်းသည့် သားဆန္ဒကိုပဲ အရိပ်တကြည့်ကြည့်နဲ့။ ညကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်မှ အိမ်ထဲပြန်ဝင်လာမှန်းမသိသည့်သားက ခုထိလည်း အိပ်ရာမထသေးပါ။ သူ့အဖွားကတော့ ထုံးစံအတိုင်း အိမ်ရှေ့မှာ သစ်ပင်တွေနားသွားပြီး မြေပြင်မှာတလှုပ်လှုပ်နဲ့ ဘာလုပ်နေမှန်း မသိ။

"ဟဲ့ ... ထားညို မရှိဘူးလား ... ထားညို ..."

"ဟင် ..."

ဆိုင်ရှေ့မှာ လာအော်နေတာ ရွှေတွေညွှတ်နေအောင် ဝတ်ထားတဲ့ ဒေါ်မေမေသော်ပါ ... သူ့ကို မြင်လိုက်တာနဲ့တင် ထားထားညို ခေါင်းနပမ်းကြီးသွားသည်။

"ရှိတယ် ... မေသော် ... လာပြီ ... လာပြီ ..."

ဘာပြဿနာဖြစ်လာပြန်ပြီလဲဆိုတာတွေးရင်း အိမ်ပေါ်က နေ ဆိုင်ကလေးရှေ့ကိုပြေးဆင်းသွားရတာ ထားညိုမှာရင်တထိတ် ထိတ်ပါ။ မေသော်လာတာ အကောင်းလာတာလည်း မဖြစ်နိုင်။ ကြည့်ပါဦး ... ပိုက်ဆံဆိတ်ကြီးကိုလည်း ဟန်ပန်အပြည့်နဲ့ပွေ့ကိုင် လို့။

"ဟဲ့ ... ထားညို ..."

"ရှင် ..."

"နင့်သားဆန္ဒရော ... မရှိဘူးလား ..."

ဆန္ဒတဲ့။ ဆန္ဒကိုလာမေးတာ ပြဿနာရှာချင်သေးလို့လား။

"ဆန္ဒအိပ်နေတယ် မေသော်ရဲ့ ..."

"ငါ ... ငါ နင်နဲ့စကားတွေအများကြီး ပြောစရာရှိလို့လာတာ ထားညို ..."

"ဟင် ... ဘာစကားတွေလဲ ..."





"အတွင်းစကားတွေပေါ့ ထားညိုရယ် ..."

ဘေးဘီကိုလည်း မျက်လုံးဝေ့ကြည့်ကာ မေမေသော် အကဲ ခတ်သည်။ ပြီးတော့မှ ... ထားထားညိုဘက် မျက်နှာပြန်လှည့်ကာ

"ငါ့သမီး ပန်းသစ်တော်ကို ... သူဌေးတစ်ယောက်နဲ့ အိမ် ထောင်ချပေးတော့မယ် ထားညို ..."

"ဟင် ... မေသော် တကယ်ပြောတာ ..."

ရင်ထဲမှာ နင့်ခနဲဖြစ်သွားအောင် ခံစားလိုက်ရတာ။ သား မင်းဆန္ဒကြောင့်ပါ။ ဒီသတင်းတွေကို သားလေးသိထားလို့ ခုတလော တမှိုင်မှိုင်တတွေတွေလေးနဲ့ မျက်နှာလေးပျက်နေတာပဲနေ မှာ။ သားလေးရယ် ... မေမေ စိတ်မကောင်းလိုက်တာ။ အင်းပေါ့ လေ ... မေသော်တို့က ရွှေမက် ငွေမက် ဂုဏ်ခနမက်တာတွေဆို တော့ မေမေ့သားလေးကို စိတ်ကူးထဲတောင် ဘယ်လိုလုပ်ထည့် ချင်ပါ့မလဲ။ မထည့်ချင်လို့လည်း ဒီလိုအခြေအနေမျိုးရောက်အောင် ဖန်တီးပစ်လိုက်ကြတာပေါ့။

ကိစ္စမရှိပါဘူး မေသော် ...

ဒီခေတ်က နင်တို့ခေတ်ပဲ။

"ဟာ ... တကယ်ပြောတာပေါ့ထားညိုရယ် ... ပန်းသစ် တော်ကိုလေ ကိုမောင်တို့ကုမ္ပဏီဥက္ကဋ္ဌ လူပျိုလူလွတ် သူဌေးက လက်ထပ်ပါရစေ ခွင့်တောင်းလာလို့ တစ်အိမ်လုံးဝမ်းသာနေကြ တာ"

"သြော် ... သြော် ..."

ထားညိုက တအံ့တသြဟန်လေးနဲ့ပဲ သံယောင်လေးလိုက် ကာ မျက်တောင်လေးပုတ်ကြည့်ရင်း ပြန်ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလေ ... ငါ ... နင့်ကို အကူအညီတောင်းရမှာတော့ အားနာတယ်သိလား ထားညို ... ပန်း ... ပန်းသစ်တော်က ဒါကို လက်မခံဘဲငြင်းနေလို့ ဒီကိစ္စမှာ နင့်သားကိုယ်တိုင် ငါတို့ကိုကူညီမှ ဖြစ်တော့မှာမို့ နင့်ဆိုင်ကို ငါထွက်လာတာ ..."

"ဟင် ..."

ဆန္ဒတဲ့။ ဆန္ဒကိုယ်တိုင်ကူညီရမှာတဲ့။

"ဘယ် ... ဘယ်လိုကူညီရမှာလဲမေသော် ... ဒီ ... ဒီကိစ္စကို ဆန္ဒသိရင်တောင် စိတ်ထိခိုက်သွားရမှာ၊ ဒါကို ... ဆန္ဒက ကူညီပါ့မလား ..."

ဆင်ဝေ့ရန်ရှောင် စကားလေးပဲ ထားညို ပြောလိုက်မိတာပါ။

"ထားညိုရယ် ... ဆန္ဒကသာ ပန်းသစ်တော်ကို မုန်းတယ် ပြောလိုက်ရင် သူတို့နှစ်ယောက်ပြတ်သွားမှာလေ ... ဒီလို ပြတ်သွားတော့မှ ဟိုဘက်ကကိစ္စအောင်မြင်အောင် ငါစီစဉ်လို့ ရတော့မှာ၊ နင် ... နင် ဆန္ဒကိုမပြောရဲရင် ငါကိုယ်တိုင်ပြောမယ်၊ ကြီးကြီးသော်ကို ကူညီပါလို့ ..."

"ဟင် ..."

အောက်ကျအသနားခံနေတဲ့ မျက်နှာကလေးနဲ့။

ထားထားညို ရယ်တော့ရယ်ချင်ပါသည်။ ကိုယ့်ဆန္ဒပြည့်ဝဖို့သာ စဉ်းစားပြီး တဖက်လူ ဘယ်လိုခံစားနေရမယ်ဆိုတာကျတော့ မေသော် စဉ်းစားမိရဲ့လား။

"နော် ... ထားညိုနော် ..."

"မေသော်ရယ် ... ဒီလိုနှလုံးသားကိစ္စဆိုတာမျိုးက ဖွဲ့လမ်း





စိတ်တွေနဲ့ပတ်သက်နေတာ သူတို့နှစ်ယောက်ကလည်း မေသော် သိတဲ့အတိုင်း ငယ်ငယ်လေးကတည်းက ခင်မင်တွယ်တာလာခဲ့ကြတာ ... လွယ်မယ်တော့မထင်ဘူး၊ ဆန္ဒကလည်း ဒီလိုမျိုးဖြစ်အောင် လုပ်မှာမဟုတ်ဘူး၊ တခြားနည်းလမ်းကိုပဲ စဉ်းစားကြည့်ပါ မေသော်ရယ် ..."

"ထားညို ..."

မေသော် အသံနည်းနည်းမာလာပြီ။

ပြုံးကြည့်လိုက်တဲ့ မျက်ဝန်းတွေထဲမှာ ဒေါသရိပ်တွေပါလာပြီ။

"နင် ... နင်ကပါ နင့်သားဘက်က လိုက်နေတာလား ထားညို ... ဟင် ... နင်ပြောစမ်း၊ ကုမ္ပဏီဉက္ကဋ္ဌသူဌေးက တောင်းနေလို့ နင်တို့ကို ငါက လာအောက်ကျခံနေတယ် ထင်နေလို့လား"

"မေ ... မေသော်ရယ်၊ မေသော့်ကို ထားညိုတောင်းပန်ပါတယ်၊ ဆိုင်မှာလာပြီး ဒီလိုအသံကျယ်ကျယ်နဲ့တော့ မအော်ပါနဲ့၊ မေသော့်ကို ထားညိုတို့မိသားစုလေးက တစ်သက်လုံးခေါင်းငုံ့ခံသာတာပါ"

"ဟင် ... မကျယ်လို့ရမလား၊ ငါ့မှာတခြားနည်းလမ်းမရှိတော့လို့ နင်နဲ့လာတိုင်ပင်တာ၊ ငါ့ကိစ္စမပြီးခင်၊ နင့်သားပြဿနာရှာနေမှာစိုးလို့ ... အေး ... လာတောင်းတဲ့ သူဌေးဘက်ကလည်း ငြင်းတယ်၊ ရည်းစားရှိနေလည်း သူကခွင့်လွှတ်တယ်၊ နားလည်လား၊ အေးတစ်ခုခုဖြစ်ပြီး ဒီပွဲပျက်သွားလို့ကတော့ နင့်သားတရားခံပဲ နေ့ ... နင်တို့သားအမိတွေ နားလည်အောင် ငါတစ်ခါတည်းပြောလိုက်မယ်၊ အခုလာမယ့်သုံးလအတွင်းမှာ အဲဒီသူဌေးနဲ့ ငါ့သမီး ပန်း



www.burmeseclassic.com

www.burmeseclassic.com



သစ်တော်အကြီးအကျယ် မင်္ဂလာဆောင်မယ် ... ပွဲဖျက်လို့ကတော့ နင့်သား အချုပ်ထဲရောက်ပြီလို့သာ သဘောထားလိုက် ... ကဲ ... ငါသွားမယ် ... "

"ဟွန်း ... နေပါဦး ကြီးကြီးသော် ... "

"ဟင် ... ဆန္ဒ ... "

"ကြီးကြီးသော်ပြောတာကို ဆိုင်အနောက်ကနေရပ်ပြီး ကျွန်တော်နားထောင်နေတာ ကြာပြီ ... "

"သားဆန္ဒ ... မင်းဝင်မပြောနဲ့လေ ... "

ထားထားညို အော်ရင်းပြေးသွားလိုက်ပေမယ့် ဆန္ဒက နောက်ဆုတ်မသွားပါ။ နဖူးပြင်လေးကြားထဲကို လက်ချောင်းက လေးတွေ ထိုးသွင်းလျှက်။ မေသော် မျက်ဝန်းတွေကိုပဲ အရောင် တွေ တလက်လက်ဖြာနေအောင် စိုက်ကြည့်သည်။

"ဟင် ... မင်း ... မင်း ဘာပြောတာလဲ မင်းဆန္ဒ ... မင်းလို ကောင်စားလေးကများ ငါ့ကိုတောင် မိုက်ကြည့်ကြည့်ပြီး စိမ်ခေါ် ချင်နေတာ ဟုတ်တယ် ... ငါ့သမီး ပန်းသစ်တော်ကို ယောက်ျား ပေးစားတော့မယ်ဆိုတာ နင့်အမေသိအောင် လာပြောတာ၊ ဒီပွဲကို နင့်လို လမ်းသရဲကောင် အရိုင်းအစိုင်းလေးက ပွဲဖျက်မှာကြောက် လို့ လာသတိပေးတာ ... "

"ဘာ ... ပြောတယ် ... "

"ဝုန်း ... "

"ဟဲ့ ... သားဆန္ဒ ... မလာနဲ့ ... မလာနဲ့ ... "

ဆိုင်ပေါ်ကို ဝုန်းခနဲ ခုန်တက်လိုက်တာ မင်းဆန္ဒပါ။

ဒါကို အသည်းအသန်အော်ရင်း ပြေးတားလိုက်တာ ထား





ထားညိုပေ့ါ။

"ကြီးကြီးသော် ... မရိုင်းနဲ့နော်၊ ကြီးကြီးသော် ... ပြောချင် တိုင်းပြောနေတာကို တစ်သက်လုံး ငုံ့ခံသွားမယ်လို့ထင်မထားနဲ့"

သားဆန္ဒ ခေါင်းကလေးမော့ပြောလိုက်တာ ပုခုံးလေးပေါ် မှာ ဆံပင်လေးတွေ ဖွာလန်ကြဲသွားသည်။

"သားရယ် ... မပြောပါနဲ့၊ အဟင့် ... သားကို မေမေ တောင်းပန်ပါတယ် မေသော် ... မေသော်က မေမေ့ကို အရင်းထုတ် ပေးထားတဲ့ ကျေးဇူးရှင်လေ သားရဲ့ ... "

"သား ... သား ဒီနေ့ကစပြီး ဘယ်သူ့အောက်ကျကိုမှလည်း မခံနိုင်တော့ဘူးမေမေ၊ သား ... ပန်းသစ်တော်ကိုချစ်လာတာ ဒီ ခေါင်းတွေ အကွဲခံ အရိုက်ခံပြီးတော့မှ ငယ်ငယ်လေးကတည်းက ချစ်လာတာ ... ဒါကို လွယ်လွယ်လေးနဲ့သားဘယ်လိုလုပ် စွန့်လွှတ် ရမလဲ ... အနှိမ်ခံလာရတာလည်း တစ်သက်လုံး ... အအော်ခံလာရ တာလည်း နားနဲ့တောင်မဆန့်တော့ဘူး ... ဒါကိုတောင် ကြီးကြီး သော် မကျေနပ်သေးဘူးလား ... မကျေနပ်သေးရင် ဟောဒီဓားနဲ့ ကျွန်တော့်ရင်ဝကို အသေထိုးသတ်သွား ... "

ဟင်းရွက်တွေလှီးဖို့ မေမေချထားတဲ့ဓားကို ဖျတ်ခနဲ ဆောက်ကိုင်ကာ ကြီးကြီးသော်ကို ဆန္ဒ ပေးမိသည်။

ဒါကိုလည်း ကြီးကြီးသော်က နှုတ်ခမ်းလေးမဲ့လျှက်။

"ဟွန်း ... မင်းက ရိုင်းပေမယ့် ငါကမရိုင်းဘူးသိလားဆန္ဒ အခု မင်းလုပ်တာ ရပ်ကွက်ထဲက လူတွေအားလုံး ဝိုင်းကြည့်ကုန် ပြီ ... ဒီမှာ ငါတို့ ဒီခြံကို စပြောင်းလာကတည်းက အလုပ်မရှိတဲ့ မင်းအဖေကို ကူညီလာခဲ့သလို မင်းအမေကိုလည်း ချေး ... အင့်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး တစ်သက်လုံးပေးလာခဲ့တာ ဒါကိုတောင် ကျေးဇူးမထောက်ဘဲ မတန်မရာကို နင်က မုန်းခဲ့တာလေ ... မင်းဆန္ဒရဲ့ ..."

"တော် ... တော်တော့ဗျာ ကြီးကြီးသော် ..."

"အဟင့် ... ဟင့် ... ဟင့် ..."

"အဟင့် ... ဟင့် ... ဟင့် ..."

တံခါးကိုပစ်ချပြီး ဆန္ဒလှည့်ထွက်လာတာ မေမေ့ရှိုက်သံတွေကို မကြားချင်တော့လို့ပါ။

"ဟာ ... ဟော့ကောင်ဆန္ဒ ... မင်းဘယ်ကိုလာတာလဲ"

ဆန္ဒရောက်သွားတာ ဆောက်လုပ်ရေးကန်ထရိုက် ဦးချစ်ကိုရဲ့အိမ်ကိုပါ။ မမျှော်လင့်ဘဲ ဆန္ဒကိုတွေ့လိုက်တော့ ဦးချစ်ကို မျက်လုံးပြူးနေ၏။

"ခင်ဗျားဆီကိုလာတာပေါ့ဗျ ... ဘယ်ကိုလာရမလဲ"

"အောင်မာ မင်းကများ ထူးထူးဆန်းဆန်း ... ဘယ်တုန်းက ငါ့ကိုသတိရလို့လဲ ဟော့ကောင် ... ပြောစမ်း၊ ရည်းစားချောချောလေးရပြီး ငါ့ဆီကိုလာဖို့ မင်းမေ့နေတာမို့လား ..."

ပုခုံးပေါ်က ဆံပင်ရှည်တွေကို ဖယ်သိမ်းရင်း ဦးချစ်ကို မျက်နှာကို ဆန္ဒမော့ကြည့်မိသည်။ ဦးချစ်ကိုက ထုံးစံအတိုင်း ပါးစောင်ထဲမှာ ကွမ်းတွေ အပြည့်အသိပ်ထည့်ကာ တမြုံ့မြုံ့ဝါးလျှက် ဆန္ဒကတော့ ဦးချစ်ကို နားလည်အောင် ဘယ်ကစပြောရမှန်းမသိပါ။

"ဦးချစ်ကို ..."

"ဟေ ... ဘာလဲကွ ..."

"ကျွန်တော် ခင်ဗျားဆီမှာ အလုပ်လုပ်ချင်တယ် ဦးချစ်ကိုရာ"





"ဟေ ..."

"အလုပ်မရှိရင် မျက်နှာငယ်တယ်ဗျ ..."

"အောင်မလေးကွာ ... ဟား ဟား ... အခုမှ အယူအဆတွေ ပြောင်းလာပါလားကွ ဆန္ဒရ ... ဟေ ... ဘယ်လိုဖြစ်ပြီး အလုပ်လုပ်ချင်လာတာလဲ ဟော့ကောင် ... မင်းငါ့ကို အမှန်အတိုင်းသန်ခံစမ်း ... မင်း ... မင်း မိန်းမယူတော့မလို့လား ..."

"ကျွန်တော် ... ကျွန်တော်က ကံမကောင်းပါဘူး ဦးချစ်ကိုရာ"

"အောင်မာ ... မင်းက ဘာလို့ကံမကောင်းရမှာလဲ၊ အရမ်းချစ်ဖို့ကောင်းတဲ့ ကောင်မလေးတစ်ယောက်ကို ရထားပြီးတော့များ ကံမကောင်းဖြစ်နေရသေးတယ် ... ဟော့ကောင် မင်းနဲ့အခုတွဲနေတဲ့ကောင်မလေးက တကယ်လှတယ်နော် ..."

"ဘယ်လောက်ပဲလှလှ အလုပ်မရှိတဲ့လူကို ဘယ်သူက တစ်သက်လုံးချစ်နေမှာလဲဗျာ ... ဟိုတုန်းက မခံချင်စိတ်တွေနဲ့ အရှုံးတိုက်ခဲ့တာတွေအားလုံးကို နောင်တရသွားလို့ ကျွန်တော် အလုပ်လုပ်ချင်လာတာပါ ... ပြီးတော့ ... ဦးချစ်ကိုသိတဲ့အတိုင်း ဒီခေတ်က လှုံ့တဲ့လူကိုမှ အထင်ကြီးပြီး ပေါင်းချင်ကြတာ ... ငွေမရှိရင် အလကားပဲ ..."

"မင်း ... မင်း ... အယူအဆတွေ တော်တော်တိုးတက်လာပြီဆန္ဒ ... မင်းဒီလိုပြောင်းလဲလာတာ ငါထောက်ခံတယ်၊ ဒါပေမဲ့ မင်းသိတဲ့အတိုင်း ငါလုပ်နေတဲ့အလုပ်က ဆောက်လုပ်ရေးဆိုတော့ အလုပ်က ကြမ်းတယ်ကွ ... ငါစိုးရိမ်တာက မင်းမလုပ်နိုင်မှာဘဲ စိုးရိမ်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဦးချစ်ကိုကလည်း ဘွဲ့မရထားတဲ့ ကျွန်တော်က နေရာမရွေးပါဘူး အလုပ်ဘယ်လောက်ကြမ်းကြမ်း ကျွန်တော်လုပ်နိုင်ပါတယ် ... ဦးချစ်ကိုဆီမှာ ဝင်လုပ်ရင်း ထူသားပေသားကျသွားပြီဆိုမှ ကျွန်တော့်ဘဝကို တဆင့်ချင်းတက်သွားအောင် ကြိုးစားသွားမယ်ဗျာ ... မကောင်းဘူးလား ... "

ဆန္ဒပြောတာကို ဦးချစ်ကို ငြိမ်ပြီးစဉ်းစားနေတာက အကြာကြီး။ ဆန္ဒကလည်း ရင်ထဲမှာရှိတဲ့အတိုင်း ဦးချစ်ကို့ကို ပြောလိုက်မိတာပါ။ ခဏနေတော့မှ ဦးချစ်ကိုက အဖြေတစ်ခုရသွားဟန်နဲ့ မျက်မှောင်တစ်ချက် ကျုံ့လိုက်ကာ။

"ဒီလိုလုပ်ကွာ ဆန္ဒ ... "

"ဗျာ ... ဘယ်လိုလုပ်ရမလဲ ... "

"ငါ့အခု ... ကုမ္ပဏီကြီးတစ်ခုက အပ်ထားတဲ့ HYPER MARKET ဆောက်လုပ်ရေး လုပ်ငန်းကြီးတစ်ခုထဲမှာ စပ်ကန် ထရိုက်ရထားတယ်၊ ရော့ ... ဒီမှာလိပ်စာ အဲဒီအတိုင်းလာခဲ့၊ မနက်ဖြန် ... မနက်ရှစ်နာရီထိုးတာနဲ့ ငါအဲဒီမှာ ရှိနေမယ် ... လုပ်ငန်းခွင်က အရမ်းကျယ်တော့ လုပ်ရမှာအများကြီးပဲ၊ မင်းအပင်ပန်းခံနိုင်မယ်ဆိုရင်တော့ မင်းအတွက် အလုပ်တစ်နေရာငါပေးမယ် လုပ်မလား ... "

"လုပ်မယ် ... ဦးချစ်ကိုရာ ... "

"အေး ... လုပ်ကာစ ဝင်ကာစဆိုတော့ အောက်ခြေသိမ်းအလုပ်ပေါ့ကွာ ... မဟုတ်ဘူးလား၊ နောက်တော့မှ ... အလုပ်သမားခေါင်းဆောင်တို့ ကြီးကြပ်ရေးမှူးရာထူးတို့ ပစ္စည်းထိန်းတာဝန်ခံတို့ ... ငါ မင်းကို တဆင့်ချင်းရာထူးတိုးပေးသွားမယ်





မကောင်းဘူးလား ... "

"ကောင်းတယ် ဦးချစ်ကို ... "

ဆန္ဒ ... တက်တက်ကြွကြွလေးပဲ ဖြေလိုက်မိသည်။

ဝမ်းသာသွားတာလည်း ဟန်မဆောင်နိုင်အောင်ပါ။

"အေး ... အလုပ်လုပ်ပြီဆိုတာနဲ့ ပိုက်ဆံစု ပြီးတော့မှ မိန်းမယူ ... ဟား ... ဟား ... မင်း အကြံအစည်ကို ငါမသိဘူးများအောက်မေ့နေလားဟေ့ကောင် ... ဟား ... ဟား ... "

အော်ရယ်ရင်းပြောတာ ပါးစုံထဲက ကွမ်းတွေတောင် ... ဦးချစ်ကို ထွက်ကျ၏။

"ကျွန်တော် ... ကျွန်တော် သွားတော့မယ် ဦးချစ်ကို"

"ဟေ့ကောင် ... ရှစ်နာရီအရောက်နော် ... "

အပြန်လမ်းတစ်လျှောက်လုံး မခံချင်စိတ်ကလေးတွေနဲ့ ရင်ခုန်သံတွေ ညံလာခဲ့ရတာ တလမ်းလုံးပါ။ ဒီအကြောင်း မေမေ့ကို ပြောပြလိုက်တော့ ... ရင်နင့်ရခြင်းတွေများစွာနဲ့ မျက်လုံးကလေး ပြူး အထိတ်တလန့်လေးကြည့်ကာ။

"အဟင့် ... မေမေ့သားလေးရယ် ... မေမေ့သားလေး မျက်နှာငယ်နေရတာ မေမေစိတ်မကောင်းလိုက်တာ ... ဒီ ... ဒီအလုပ်ကို မေမေ့သားလေး လုပ်နိုင်မှာလည်းမဟုတ်ဘူး၊ ဆောက်လုပ်ရေးအလုပ်ကြမ်းသမားဆိုတာ ထမ်းရပိုးရတဲ့အလုပ်တွေပဲလုပ်ရတာ၊ ဒါကို မခံချင်စိတ်လေးနဲ့ မေမေ့သားလေးက သွားလုပ်တော့မယ်ဆိုတော့ မေမေလေ ... မေမေ ... အဟင့် ... "

ရှိုက်သံတွေရဲ့နောက်မှာ မျက်ရည်တွေက တပ်တော့တော့ပြိုလ်ထုနဲ့ချီလာသည်။ ဒါကို ငိုင်းကြည့်နားထောင်နေကြတော့ ညီလေး



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးတွေကလည်း မျက်နှာငယ်ငယ်လေးတွေနဲ့သာ။ ကျောင်းနေအရွယ် ညီလေး ညီမလေးတွေမို့ ဆင်းရဲခြင်းဆိုတာ သိပေမယ့် ဘဝဆိုတာကိုတော့ ရေရာစွာ နားလည်ထားပုံမရ။ အမေငိုရင် ကလေးတွေပါ ရှုံ့မဲ့မဲ့လေးတွေနဲ့ ဝမ်းနည်းလာတတ်ကြတာ မမွှတာပဲ မဟုတ်လား။

"မေမေ ... မေမေ့ကို သနားရင် ဟိုဘက်ခြံက ပန်းသစ်တော်ကို မေမေ့သားလေးက မေ့လိုက်နော် ... သားငယ်လေး မေမေတို့ဘဝနဲ့ အဆင့်အတန်းခြင်းက မိုးနဲ့မြေလို ကွာခြားနေလို့ပါ သားငယ်လေးရယ် ... "

မေမေပြောတာကို သူဘယ်လိုငြင်းဆန်ရပါတော့မလဲ။

"အဟင့် ... "

"အို ... ကြည့်စမ်း ... မေမေ့သားလေးကပါ ငိုတယ်ဟုတ်လား ... သားလေး ... သားလေး ... မေမေ့ကို မော့ကြည့်စမ်း၊ မင်းမျက်နှာလေးကို ငုံ့မထားစမ်းနဲ့ ... မင်း ... မင်း ယောကျ်ား မဟုတ်ဘူးလား ... မေမေပြောလိုက်လို့ မင်းအရမ်းစိတ်ထိခိုက်သွားရလို့လား ... သားလေးရယ် ... အဟင့် ... ဟင့် ... ဟင့် ... "

သားလေးကိုဖက်ပြီး ငိုခဲ့ရတာ ထားထားညို မေ့နိုင်ပါတော့မလား။

အခန်း ( ၈ )

"ဟင် ... ဟိုဆံပင်ရှည်ရှည်လေးနဲ့ ကောင်လေးက ဘယ်သူလဲ ... "

"အဲဒါ ... ဦးချစ်ကို ခေါ်လာတဲ့ကောင်လေး ... "

"အရပ်မြင့်မြင့်လေးနဲ့ မျက်နှာထားလေးက မာနေတာပဲနော် ... "

"အမလေး ... အဲဒါ တို့ရဲ့ဆိုက်ဘီမှာ မနက်ပိုင်းအလုပ်စ,ဝင်ကတည်းက သုံးလွှာအထိ အုတ်တွေသယ်ပေးနေတာ ... ဘယ်သူ့ကိုမှလည်း လှည့်မကြည့်ဘူး၊ ဘယ်သူနဲ့မှလည်း စကားမပြောဘူး၊ ငုံ့စံလေးက မိုက်ပေမယ့် မာနက ခေါင်ခိုက်နေတယ်နဲ့တူတယ်"

သဲဗန်းရွက် မိန်းကလေးတွေ အုပ်စုဖွဲ့ကာ အတင်းတုပ်နေကြတာဖြစ်သည်။ သူတို့ စိတ်ဝင်စားနေကြတာ ဆံပင်ရှည်တွေကို ကျစ်နေအောင် စည်းထားလျှက် မနက်ကတည်းက အုတ်သယ်နေသော ဆန္ဒကို စိတ်ဝင်စားနေတာပဲဖြစ်သည်။ ဆန္ဒကလည်း အုတ်သယ်ကောင်လေးတွေကြားထဲမှာ အသားဖြူဖြူလေးနဲ့ ရုပ်ကလေးကလည်း ချောတာမို့ ပုံစံလေးက ထူးခြားနေတာ သဲဗန်းရွက်ကောင်မလေးတွေရဲ့ စိတ်ဝင်စားမှုကို ဒီမနက်မှာပဲ ရသွားခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ဟဲ့ ... အဲဒါ ... ဝေဝေတို့ရပ်ကွက်ထဲမှာ နေတာဆို"

"နင့်ကို ဘယ်သူပြောလဲ ..."

"ဆိုက်စီက ဝေဝေပြောတာလေ ... အဲဒီကောင်လေးနဲ့ ကြိုက်နေတဲ့ ကောင်မလေးက ပိုက်ဆံအရမ်းချမ်းသာတာတဲ့ ... ကောင်လေးက ပိုက်ဆံမရှိလို့ အနှိမ်ခံနေရတာတဲ့၊ အဲဒါ ... မခံချင်လို့ ဒီမှာအလုပ်လာဆင်းတာ နေမှာပေါ့ ..."

ဆန္ဒကတော့ ဒါကိုမသိပါ။

များပြားလှတဲ့ HYPER MARKET ဆောက်လုပ်ရေး လုပ်ငန်းခွင်ကြီးထဲမှာ .အော်သံဟစ်သံတွေကိုပင် ဂရုစိုက်လှည့်ကြည့်မနေတော့ဘဲ ဦးချစ်ကိုနဲ့တွေ့ပြီကတည်းက သူချပေးထားတဲ့ နေရာမှာ အလုပ်သမားခေါင်းဆောင်ခိုင်းတာကိုပဲ ဝင်လုပ်နေခဲ့တာ ဖြစ်သည်။

"ဟိုကောင် ... ဘာလုပ်နေတာလဲ"

"ထမ်းစရာရှိတာ ထမ်းလေ ..."

"မင်းတို့ကိုကြည့်လိုက်ရင် ဆေးလိပ်ခိုးသောက်ရတာနဲ့၊ ကွမ်းခိုးစားရတာနဲ့ ထမ်း ... ထမ်း ... ချထားတဲ့ အုတ်နှစ်ထောင်ပုံကို တစ်ခါတည်းကုန်အောင် ထမ်းတင်စမ်း ..."

အလုပ်သမားခေါင်းဆောင် ကိုထွန်းမြင့်က သုံးလွှာလှေကားထိပ်က အော်နေတာ ဆန္ဒ တစ်ချိန်လုံးကြားနေရသည်။ လုပ်ငန်းခွင်ကြီးက ကြီးတော့ ... စပ်ကန်ထရိုက်တွေ ပေါင်းကာ သူ့အထပ်နဲ့သူ အလုပ်လုပ်နေကြတာ ဖြစ်သည်။

ဆန္ဒကိုတော့ ဦးထွန်းမြင့်က သဘောကျနေ၏။

"မဆိုးဘူးဆရာ ... ဆရာခေါ်လာတဲ့ မင်းဆန္ဒဆိုတဲ့ ဆံပင်





ရှည်ရှည်လေးနဲ့ကောင်လေး တော်တော်အလုပ်ကြိုးစားတယ်"

ဆရာဦးချစ်ကိုကိုပင် လှေကားအဆင်းမှာတွေ့လို့ ဦးထွန်းမြင့်က ပြောလိုက်မိသေး၏။ ထမင်းစားချိန်ရောက်လို့ အလုပ်နားတော့လည်း အုတ်ပုံကြီးနားက ရေတမာပင်ကြီးအောက်မှာ ကောင်လေးက တစ်ယောက်တည်း။

"ဟေ့ကောင်ဆန္ဒ ... မင်းဘာတွေ စဉ်းစားနေတာလဲ"

"ဒီလိုပဲပေါ့ဗျာ ..."

"ငါ ... မင်းအလုပ်လုပ်တာ အရမ်းသဘောကျတယ်သိလား ဟေ့ကောင် ..."

ပြောလည်းပြော ဆန္ဒဘေးမှာလည်း ဦးထွန်းမြင့်ဝင်ထိုင်သည်။

"မင်းကြိုးစားကွာ ... သိလားဆန္ဒ ... မင်းမျက်နှာထားမင်းပုံစံလေးနဲ့ဆို မင်းခဏလေးနဲ့ ရာထူးတိုးမှာသေချာတယ် ... ဦးချစ်ကိုက မင်းကိုဒီအတိုင်းထားမှာမဟုတ်ဘူး၊ ပြီးတော့ ... မင်းက ဆယ်တန်းလည်းအောင်ပြီးသားဆိုတော့ ... ကုမ္ပဏီမှာတောင် အလုပ်ရသွားနိုင်တယ် ..."

"ကျေးဇူးပဲ ... ဦးလေးထွန်းရာ ကျွန်တော်ကြိုးစားမှာပါ"

သဲဗန်းရွက်အဖွဲ့က မိန်းကလေးတော်တော်များများကလည်း ဆန္ဒကိုပဲ ကွက်ကြည့် ကွက်ကြည့်နှင့်။ ဒီကြားထဲ ရပ်ကွက်ထဲက ဝေဝေဆိုတဲ့ကောင်မလေးက လာစကားပြောတော့ ပိုဆိုးသွားသည်။

"ကိုကြီးဆန္ဒ ..."

"ဩော် ... ဝေဝေ ..."

"မနက်ကတည်းက ကိုကြီးဆန္ဒကိုတွေ့လို့ ဝေဝေကြည့်နေတာ ... ဒီလောက်ကြမ်းတမ်းတဲ့ အလုပ်ကြီးကို ကိုကြီးဆန္ဒ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



လာလုပ်နေတာလဲ ...”

ဝေဝေ မေးတာကို သူဘယ်လိုပြန်ဖြေရမလဲ။

“ဟွန်း ... အလုပ်မရှိရင် လူတွေက အထင်သေးလို့ပေါ့ ဝေဝေ ...”

“ဝေဝေသိတယ်နော် ... ကိုကြီးဆန္ဒ ... ရပ်ကွက်ထဲမှာဆိုလည်း ကိုကြီးဆန္ဒနဲ့ မမပန်းသစ်တော်အကြောင်းပဲ လူတွေက ပြောနေကြတာ ... ဟိုနေ့ကလည်း ကိုကြီးဆန္ဒတို့ဆိုင်မှာ ကြီးကြီးသော် ပြဿနာလာရှာတယ်ဆို ...”

ကြည့်စမ်း ...

ဒီကိစ္စကို ဝေဝေလို ချာတိတ်မလေးတောင် သိနေပြီပဲ။

“ဟုတ်တယ်ဝေဝေရာ ... ပန်းသစ်တော်နဲ့ကိုကြီးကို သဘောမတူဘူးဆိုပြီး ကြီးကြီးသော် ပြဿနာလာလာရှာနေလို့ ကိုကြီးဆန္ဒ စိတ်ညစ်နေတာ၊ ကိုကြီးမှာ အလုပ်မရှိတော့ ပိုဆိုးတာပေါ့ ...”

“ကိုကြီးနော် ... အဲဒီ မမပန်းသစ်တော်ကို ကိုကြီးရအောင်ယူ ... သိလား ... ကိုကြီးတို့ စုံတွဲက အရမ်းလိုက်တယ် ... ဟင်းဟင်း ...”

သူ ... ပြုံးပဲ ပြုံးနေလိုက်သည်။

အလုပ်ပြန်ဝင်တော့ နေ့လည်တစ်နာရီ။

“ဟေ့ကောင်တွေ ... အလုပ်လုပ်တာ တက်တက်ကြွကြွ လုပ်ကြစမ်း၊ ငိုင်တိငိုင်တိုင်လုပ်မနေကြနဲ့ ... ဟိုဘက်ဆိုက်မှာ ကုမ္ပဏီလူကြီးတွေ လိုက်စစ်နေပြီ ...”

ဦးချစ်ကိုလည်း ဖိုင်တွဲကြီးတကိုင်ကိုင်နဲ့ အလုပ်ရှုပ်နေ၏။

ဆိုက်ထဲကိုဝင်လာသည့် ကုမ္ပဏီလူကြီးကားတွေက နည်းမှ မနည်းတာ။ အားလုံးအကောင်းစားကားကြီးတွေဖြစ်ပြီး ကုမ္ပဏီ





ဝန်ထမ်းမိန်းကလေးတွေလည်း အများကြီးလိုက်လာကြ၏။

အားလုံးကတော့ တူညီဝတ်စုံလေးတွေနှင့်ပါ။

ဆန္ဒကတော့ ကိုယ်နဲ့မဆိုင်တာမို့ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်နေလိုက်သည်။

“ဟေ့ ... ဟေ့ ... လူကြီးတွေ ဆိုက်ဘီဘက်ကို လာနေပြီ”

“ဦးချစ်ကို ... ဦးချစ်ကို ဘယ်မှာလဲ ...”

“ကျွန်တော် ရှိပါတယ် ...”

“သွား ... သွား ဆိုက်အဝကနေ ခင်ဗျားထွက်စောင့်လိုက်”

ပြေးသံ လွှားသံ အော်ဟစ်သံတွေနဲ့ ဆူညံသွားသည်။

“ဦးချစ်ကိုရေ ဒီတစ်ခေါက်လာကြည့်တာ ဥက္ကဋ္ဌကိုယ်တိုင်လာကြည့်တာနော် ...”

“စကားပြောမမှားစေနဲ့၊ မေးရင်လည်း တိတိကျကျဖြေဖို့လိုတယ် ... ဥက္ကဋ္ဌက အပိုစကားပြောတာ မကြိုက်ဘူး ...”

ကုမ္ပဏီတာဝန်ခံ မန်နေဂျာက သတိပေးရင်း ရှေ့ကိုပြေးထွက်သွားသည်။ ဦးချစ်ကိုက စိတ်လှုပ်ရှားနေတာမို့ လက်ကလေးနောက်ပစ်ရင်း တာဝန်ခံ မန်နေဂျာ နောက်မှာပဲ သည်အတိုင်းရပ်နေလိုက်သည်။

ကြည့်လိုက်တော့ ...

ဥက္ကဋ္ဌက လူလတ်ပိုင်းအရွယ်။

“ဥက္ကဋ္ဌ ... ဒါ ... တတိယအလွှာက ဆိုက်ဘီကန်ထရိုက်တာ ဦးချစ်ကိုပါ ...”

ကုမ္ပဏီတာဝန်ခံမန်နေဂျာက ဦးချစ်ကိုဘက်ကိုလှည့်ကာ လက်ညှိုးထိုးပြကာ ... ဥက္ကဋ္ဌနှင့် မိတ်ဆက်ပေးသည်။

“ဟွန်း ... တွေ့ရတာ ဝမ်းသာပါတယ်ဦးချစ်ကို ... ခြေ



www.burmeseclassic.com

www.burmeseclassic.com



တော် လရောင်ခေတ်ပါ ... လုပ်ငန်းလုပ်ရတာ အခက်အခဲရှိရင် ကျွန်တော့်ကို တိုက်ရိုက်တင်ပြနိုင်ပါတယ်"

အပြန်အလှန် လက်ဆွဲနှုတ်ဆက်ရင်း အလုပ်စကားကိုပါ ဦးလရောင်ခေတ်က ပြောသွားသည်။

ဘယ်ဆိုးလို့လဲ ...

နည်းနည်းလေးကိန်းခန်းကြီးပုံရပေမယ့် ... ဖော်ရွေမှုလေးက ဦးလရောင်ခေတ်ဆီမှာ ရှိနေ၏။ ဒီလောက်နာမည်ကြီးတဲ့။ ကုမ္ပဏီဉက္ကဋ္ဌ ဦးလရောင်ခေတ်ကို လက်ဆွဲနှုတ်ဆက်ခွင့်ရလိုက်သဖြင့် ဦးချစ်ကို ဂုဏ်ယူလို့မဆုံး။ တွေ့ဖူးတာလည်း ဒါပထမဆုံးအကြိမ်ပါ။ ချောတာလည်း မိန်းကလေးတစ်ယောက်လို မျက်နှာလေးဝင်းနှစ်နေအောင် ချောမောတည်ခန့်လွန်းတဲ့ ဦးလရောင်ခေတ်လေ။

"ဟို ... ဟို ... လုပ်ငန်းအခက်အခဲမရှိပါဘူး ဥက္ကဋ္ဌ ... စာချုပ်စည်းမျဉ်းမှာပါတဲ့အတိုင်း သုံးလနဲ့လုပ်ငန်းအပြီးအပ်နိုင်အောင် ကျွန်တော်တို့ဘက်က လုပ်သားအင်အားများများသုံးပြီး ကြိုးစားနေပါတယ် ..."

"ကျေးဇူးပဲ ဦးချစ်ကို ... မဆိုးပါဘူး ... ခင်ဗျားတာဝန်ယူထားတဲ့အပိုင်းကို ကျွန်တော် အားရတယ် ... ကြိုးစားဗျာ ..."

လျှောက်ကြည့်တာလည်း စေ့စေ့စပ်စပ်လေးနှင့်ပါ။

"ဟင် ... ဦးချစ်ကို ..."

တစ်နေရာရောက်တော့ ဥက္ကဋ္ဌရဲ့ လှမ်းလက်စခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားသည်။

"ဗျာ ... ဥက္ကဋ္ဌ ..."

"ဟို ... ဟို ဆံပင်ရှည်လေးစည်းထားတဲ့ ကောင်လေးက"





"ဗျာ ..."

ဦးချစ်ကို မျက်လုံးပြူးသွားသည်။

ဥက္ကဋ္ဌ ပါးစပ်အဟောင်းသားနဲ့ တအံ့တသြကြည့်ပြီး မေးလိုက်တာကို ဦးချစ်ကို ဘယ်လိုပြန်ဖြေရမလဲ။ ဆန္ဒက အုတ်ခဲတွေဆင့်ထမ်းပြီး ဥက္ကဋ္ဌရှေ့ မလှမ်းမကမ်းနေရာလေးက ဖြတ်သွားတာလေ။

"အဲဒါ ... အဲဒါ ... မင်းဆန္ဒဆိုတဲ့ ကျွန်တော့်အလုပ်သမားကောင်လေးပါ ဥက္ကဋ္ဌ ... ဒီမနက်ကျမှ ကျွန်တော့်ဆိုက်ထဲကို အလုပ်စ,ဝင်လာတာပါ ..."

"ဟွန်း ..."

ဥက္ကဋ္ဌ ပြုံးသွားတာက ဆန္ဒကိုသိနေလို့လား။

"ကျွန်တော် သူနဲ့စကားပြောကြည့်ချင်တယ် ဦးချစ်ကို ... ဆာနေရင် ကုမ္ပဏီတာဝန်ခံ ရုံးခန်းကို လွှတ်ပေးနိုင်မလား ..."

"ဟာ ... လွှတ်ပေးနိုင်ပါတယ် ဥက္ကဋ္ဌ ..."

ဥက္ကဋ္ဌ ပြန်သွားတော့ ... ဦးချစ်ကို ပျာယာခတ်ကာ ဆန္ဒကို ပြေးပြောရသည်။

"ဟေ့ကောင်ဆန္ဒ ... မင်း ... မင်းကို ကုမ္ပဏီဥက္ကဋ္ဌက တွေ့ချင်တယ်ဆိုလို့၊ ငါလာခေါ်တာ ... ကံဆိုးတာတော့ မဖြစ်နိုင်ဘူး ... ကံကောင်းတာပဲဖြစ်ရမယ် ..."

"အဲဒါ ... ခင်ဗျားထင်သလား ..."

ဆန္ဒမသိဘဲ နေမလား။

ဦးလရောင်ခေတ်ဝင်လာတာ တွေ့လိုက်လို့ မသိချင်ဟန်ဆောင်ပြီး ခပ်တည်တည်နဲ့ အုတ်ခဲထမ်းနေတာ။ ဒါကို တွေ့သွားတော့ ဆန္ဒ ဘာတတ်နိုင်တော့မှာလဲ။

တွေ့တော့လည်း တွေ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်လို့ အလုပ်ဖြုတ်မယ်ဆိုလည်း ဖြုတ်ပေါ့။

"ဟော့ကောင်ဆန္ဒ ... ပြောရရင် ... ဒီ HYPER MARKET ဆောက်လုပ်ရေးစီမံကိန်းကြီးထဲမှာ မင်းက သာမန်အလုပ်ကြမ်းသမားလေ၊ ဒါကို ကုမ္ပဏီရဲ့အကြီးဆုံး ဥက္ကဋ္ဌကိုယ်တိုင်က တွေ့ချင်တယ်ဆိုတာ နည်းတဲ့အခွင့်အရေးလား ... အဆင့်ခြင်းက မိုးနဲ့မြေလို ဒီလောက်ကွာနေတာ မင်းမြန်မြန်သွားတွေ့လိုက် ဟော့ကောင် ဒီထက်ကောင်းတဲ့နေရာတစ်ခုမှာ မင်းကို အလုပ်ပေးချင်လို့ခေါ်လိုက်တာပဲနေမှာ ..."

"ဦးချစ်ကို ... ဦးချစ်ကို ... ကောင်လေးကို ခေါ်နေပြီ"

"လာပြီ ... မန်နေဂျာ ... ကောင်လေးကို ကျွန်တော်ခေါ်လာပါပြီ ..."

"ခင်ဗျားဝင်လိုက်မသွားနဲ့၊ ဥက္ကဋ္ဌက နှစ်ယောက်ခြင်းတွေ့မယ် ပြောထားလို့ ကျွန်တော်တို့တောင် ဝင်လို့မရဘူး ..."

"ဗျာ ..."

ဒါနဲ့ပဲ ဦးချစ်ကို ရုံးခန်းအဝမှာ ကျန်နေခဲ့ရတာ။ စိတ်လှုပ်ရှားရခြင်းတွေများစွာနဲ့ပါ။

"ဟော့ကောင်ဆန္ဒ ... မင်းတစ်ကိုယ်လုံးမှာ ဖုန်တွေသဲတွေ ပေနေတာ ခါလိုက်ဦး ..."

"ရတယ် ဦးချစ်ကို ... မလိုပါဘူး"

"ဟော့ကောင် ... ဥက္ကဋ္ဌကို မင်းက ဘာအောက်မေ့နေလို့လဲ၊ မင်းဘဝကို မိုးပေါ်ရောက်အောင် ဆွဲတင်သွားနိုင်သလို အဝီစိရောက်အောင် ပစ်ပေါက်ချပစ်လိုက်လို့လည်းရတယ် ... နားလည်လား"

"ဂရုမစိုက်ပါဘူး ဦးချစ်ကိုရာ ..."

"ဟာ ... ဟော့ကောင် ... ငါဒီလောက်ပြောနေတာတော်



BURMESE CLASSIC .com



မင်းက ..."

ထုံးစံအတိုင်း မာမာကြောကြောမျက်နှာထားလေးနဲ့ပဲ ကုမ္ပဏီတာဝန်ခံ ရုံးခန်းကြီးထဲကို မင်းဆန္ဒ ဝင်သွားပြီ။

"ဟွန်း ... ခင်ဗျားခေါ်တယ်ဆိုလို့ ကျွန်တော်လာတွေ့တာပါ ဦးလရောင်ခေတ် ... ဘာလဲ မမျှော်လင့်ဘဲ စီမံကိန်းလုပ်ငန်းခွင်ထဲမှာ ကျွန်တော့်ကိုတွေ့လိုက်လို့ ခင်ဗျား အံ့သြသွားသလား ... ထွက်ဆိုရင် ကျွန်တော်ထွက်လိုက်ပါ့မယ် ... အပေါ်စီးကနေ နှိပ်ကွက်ဖို့တော့ ခင်ဗျား မကြိုးစားပါနဲ့ ..."

"ကိုယ် သိပ်ကို အံ့သြသွားရလို့ပါ ..."

"မလိုပါဘူး ..."

နှုတ်ခမ်းလေးကို မဲ့ပစ်လိုက်သည်။ ပုခုံးလေးကိုပါ ဆတ်ခနဲ ခါလိုက်သည်။ ဒါကိုမော့ကြည့်ရင်း ပြုံးလိုက်တဲ့ ဦးလရောင်ခေတ်ရဲ့ အပြုံးလေးက သိမ်မွေ့ပြီးတော့ အဓိပ္ပာယ်ပေါင်းများစွာနဲ့ နက်ရှိုင်းနေခဲ့သလိုလို။

"ဒီလိုပါ ဆန္ဒ ... ကိုယ်အံ့သြသွားရတာက ဒီရက်ပိုင်းလေးအတွင်းမှာ ကိုယ့်ရဲ့တိုက်စစ်ဆင်မှုတွေ အရှိန်မြှင့်လာလို့ ပန်းသစ်တော်ကို လူကြီးတွေအလစ်မှာ ခေါ်ထုတ်ပြီးသေချာပေါက် ခိုးပြေးသွားလိမ့်မယ်လို့ ကိုယ်အပိုင်တွက်ထားတာ ... ဒီလောက်ပင်ပန်းတဲ့ အလုပ်ကြမ်းမျိုးတွေ ဆန္ဒလာလုပ်လိမ့်မယ်လို့ ကိုယ်လုံးဝ မျှော်လင့်မထားခဲ့ဘူး၊ ဘယ်လိုဖြစ်တာလဲ ... ပန်းသစ်တော်ကို ခိုးမပြေးဘဲ ဒီအလုပ်ကို မင်းဘာဖြစ်လို့ ဝင်လုပ်နေတာလဲ ..."

"အဲဒါ ... ခင်ဗျားကို ဂရုမစိုက်လို့ ..."

"ဘာ ... ဘာပြောတယ် ..."

မျက်လုံးပြူးရတာ လရောင်ခေတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒဆီက ဒီလိုအဖြေမျိုးထွက်လာလိမ့်မယ်ဆိုတာကိုလည်း သူလုံးဝ ထင်မှတ်မထားခဲ့တာ အမှန်ပဲဖြစ်သည်။

"ကျွန်တော်ပြောတာ ရှင်းရှင်းလေးပြောလိုက်တာ ဦးလရောင်ခေတ် ... ခင်ဗျားရဲ့ ဘဝတည်ဆောက်မှု အရှိန်အဝါတွေက ဒီလောက်ထိ တခမ်းတနားဖြစ်နေလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်မထားခဲ့တာ ... ခင်ဗျားကို အတိအကျဝန်ခံတယ် ... ခုတော့ ကျွန်တော် ပြောလို့ရသွားပြီပေါ့ ... "

"ဟာ ... မင်းက ဘယ်လိုပြောမှာလဲ"

"ကျွန်တော့်ချစ်သူကို ခင်ဗျားအတင်းအကြပ် လက်ထပ်ယူသွားခဲ့ရင် ကုမ္ပဏီရဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲမှာ မြေသယ် ကျောက်သယ် အုတ်သယ်ရတဲ့ အောက်ခြေသိမ်းအလုပ်ကြမ်းသမား ကောင်လေးတစ်ယောက်ရဲ့ ရည်းစားကို ကုမ္ပဏီဥက္ကဋ္ဌက အရှက်မရှိတဲ့မျက်နှာနဲ့ ခြေတော်တင်သိမ်းပိုက်သွားတယ်လို့ ကျွန်တော်လိုက်ဖွမယ် ... "

"မင်းကွာ ... ဟား ... ဟား ပြောတတ်လိုက်တာ၊ ကိုယ်တောင် ဒီအချက်ကို မစဉ်းစားမိဘူး၊ လေးစားပါတယ် ဆန္ဒ ... ဒီလိုအလုပ်မျိုးတွေကို မင်းလာလုပ်တာ အယူအဆတွေ ပြောင်းသွားလို့မင်းလာလုပ်တာပဲဖြစ်ရမယ်၊ ကိုယ် မင်းကို အထင်မသေးပါဘူး။ အလုပ်ထုတ်ပစ်ဖို့လည်း ကိုယ့်မှာအစီအစဉ်မရှိပါဘူး ... ကိုယ်အခု မင်းကိုခေါ်လိုက်တာလည်း လိုတာတွေ ကူညီပေးချင်လို့ခေါ်လိုက်တာ ... ဒီထက်တစ်ဆင့် မြင့်တဲ့နေရာမှာ မင်းလုပ်မလား ... "

"မလုပ်ဘူး ... "

"ဟား ... ဟား ... "

ဒီလိုရယ်သံမျိုးကို ဆန္ဒမုန်းတာပါ။





ဦးလရောင်ခေတ်ရာ ... ဒီအလုပ်ကို ကျွန်တော် လုပ်ခဲ့တာ မှားခဲ့ပြီလားဗျာ။ ခင်ဗျားရဲ့ အရှိန်အဝါတွေနဲ့ ထိန်းချုပ်မှုတွေ အောက်က အလုပ်မှန်းသိရင် ကျွန်တော် မလုပ်ပါဘူး။

"ကောင်းပြီလေ ဆန္ဒ ... ကိုယ်က ဒီလိုအလုပ်မျိုးတွေ ဆန္ဒလုပ်နေရတာကို မကြည့်ရက်လို့ခေါ်ပြောတာပါ ... နောက်လည်း လိုတာရှိရင် ကိုယ်ကိုတိုက်ရိုက်ပြောလို့ရတယ် ... ဆန္ဒရဲ့ ဘယ်လို အခက်အခဲမဆို ကိုယ်ကူညီမယ် ... "

"ခင်ဗျားပြောချင်တာ ဒါပဲလား ... "

"နေဦး ဆန္ဒ ... ကိုယ်မင်းကို ပြောစရာတွေအများကြီး ကျန်သေးတယ်"

"ကျွန်တော် ... နားမထောင်ချင်ဘူး"

"ဆန္ဒရာ ... မင်း ဘာလို့ ကိုယ့်ကို ဒီလောက်ထိမုန်းနေရတာလဲ"

"ဟွန်း ... အဲဒါ ခင်ဗျားသိပါတယ် ဒီပြဿနာကို လူတကာသိအောင်လည်း ကျွန်တော် လိုက်မဖွချင်ဘူး ... ကျွန်တော် ဒီမှာ လာအလုပ်လုပ်တာလည်း မခံချင်စိတ်နဲ့ လာအလုပ်လုပ်တာ၊ ကျွန်တော်တစ်ခုပဲ တောင်းပန်ချင်တာက ခင်ဗျား ... ကျွန်တော့်ကို မနှောင့်ယှက်ပါနဲ့၊ ကျွန်တော် ခင်ဗျားကိုမုန်းတယ် ... ကဲ ... ကျွန်တော် သွားတော့မယ် ... "

"ဟာ ... ဆန္ဒ ... "

ဆန္ဒ လှည့်မကြည့်တော့ဘဲ ထွက်လာတာ မခံစားနိုင်တော့လို့ပါ။

"ဆန္ဒ ... ဟေ့ကောင် ဆန္ဒ ... "

ဦးချစ်ကို ဆန္ဒနောက်ကို အပြေးအလွှားလိုက်လာသည်။

"ငါ့ကို စောင့်ဦးလေကွာ ... "



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်ကိုသိချင်နေတာ ကုမ္ပဏီဥက္ကဋ္ဌက ဘာခေါ်ပြောတာလဲဆိုတာ၊ ဆန္ဒက တုန့်ခနဲရပ်ရင်း နောက်ပြန်လှည့်ကြည့်ကာ ...

"ဘာမှမဟုတ်ပါဘူး နေရာပြောင်းပြီး အလုပ်လုပ်မလား ခေါ်မေးတာ ..."

"ဟာ ... အဲဒါ မင်းဘယ်လိုဖြေလိုက်လဲ"

ဦးချစ်ကို တက်ကြွနေသလောက် ...

ဆန္ဒက သိပ်မထူးခြားတဲ့ ဟန်ကလေးနဲ့ ...

"လိုရင် ပြောမယ်လို့ ..."

"ဟာ ... ကြည့်စမ်း မင်းတော်တော်အ,တဲ့ကောင်ပဲ ... ဒီအခွင့်အရေးကို နှစ်ခါပြန်ရမယ်ထင်နေလားဟင် ဆန္ဒ ... ဥက္ကဋ္ဌနဲ့ ဒီလို တစ်ယောက်ချင်းတွေ့ရဖို့ဆိုတာ လွယ်တယ်အောက်မေ့နေလား"

"ကျွန်တော် ဂရုမစိုက်ဘူး ဦးချစ်ကို ..."

"ဟေ ..."

"ဒီဥက္ကဋ္ဌကို အထင်လည်းမကြီးဘူးဗျာ ..."

"ဟာ ... ဟေ့ကောင် ... မင်း ... မင်း ..."

ဦးချစ်ကို နေရာမှာ တောင့်တောင့်ရပ်ကျန်ခဲ့သလို ပါးစပ်ကလည်း အဟောင်းသား ပွင့်လျက်။

ဒီ ... ဒီကောင် ဘယ်လိုကောင်လဲ။

ဥက္ကဋ္ဌက ဒီလောက်အရေးတယူ ခေါ်ပြောတာတောင်။

လုပ်ငန်းခွင်ထဲပြန်ဝင်တော့ အားလုံးကလည်း ဆန္ဒကိုပဲ စိတ်ဝင်တစားနဲ့ သိတယ်မလား ... ဆန္ဒကတော့ ကိုယ်လုပ်ရမယ့် အလုပ်ကိုပဲ ဆက်လုပ်သည်။ ဘယ်သူ့အနားကိုမှလည်း မသွား။ ဘယ်သူ့ကိုမှလည်း စကားမပြောနဲ့။

ညနေတော့ ...





ကုမ္ပဏီလူကြီးတွေပါသည့် ကားတန်းကြီး လုပ်ငန်းခွင်ထဲမှ ပြန်ထွက်သွားသည်။ ဒါကိုလည်း ဆန္ဒက ယောင်လို့တောင် တစ်ချက်လေး လှည့်မကြည့်ပါချေ။ ညနေအလုပ်သိမ်းတော့ ရေမိုးချိုး အဝတ်အစားလဲပြီး ဆံပင်ကလေးကို သပ်ရပ်နေအောင်ဖီးကာ ဆန္ဒက လာနှုတ်ဆက်သည်။

"ကျွန်တော် သွားတော့မယ် ဦးချစ်ကို ..."

"ဟေ့ကောင် ... မင်းမသွားနဲ့ ငါနဲ့လိုက်ခဲ့ ..."

"ဗျာ ..."

"မင်းကိုခေါ်ပြီး ခဏနေတော့ ဥက္ကဋ္ဌက ငါ့ကိုခေါ်တွေ့တယ်လေ ... ဟား ... ဟား လက်စ,သပ်တော့ မင်းနဲ့ဥက္ကဋ္ဌက အတော်ရင်းရင်းနှီးနှီးလေး သိနေကြတာကိုး၊ ငါ ... ငါ ယုံတောင်မယုံဘူးကွာ ဆန္ဒရာ ... ဟား ... ဟား ..."

သေစမ်း ...

ဦးလရောင်ခေတ်က ဦးချစ်ကိုကို ခေါ်တွေ့သတဲ့။

ဒါဆို ... သူတို့ ဘာတွေပြောခဲ့ကြပြီလဲ။

"ဟွန်း ..."

နှုတ်ခမ်းကလေးကိုပဲ ဆန္ဒ မဲ့လိုက်မိတော့၏။

ဦးလရောင်ခေတ်ရာ ... ခင်ဗျားတကယ်စားတယ်ဗျာ၊ သိလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

"ဟဲလို ... ပန်းသစ်တော်လားဟင် ကိုယ်ပါ လရောင်ခေတ်ပါ ..."

"ဟင် ... ရှင် ... ရှင် ... ဘယ်ကဆက်နေတာလဲ"

ပန်းသစ်တော် ဖုန်းဖွင့်ကိုင်လိုက်မိတာ မှားသွားသည်။

လရောင်ခေတ်တဲ့ ...

နာမည်ကြားရုံနဲ့ နှုတ်ခမ်းလေးတွေက တဆတ်ဆတ်တုန်သွားသလို မျက်လုံးလေးကပါ ပြူးသွားသည်။

"အလုပ်တွေရှုတ်နေတဲ့ကြားက ကိုယ်သတိရလို့ဆက်လိုက်တာပါ၊ ကိုယ် ... ပန်းသစ်တော်နဲ့ စကားတွေ အေးအေးဆေးဆေး ပြောချင်လို့ ..."

"ကျွန်မ မပြောချင်ဘူး ..."

"မရဘူး ... မင်းမပြောချင်လည်း ကိုယ်နဲ့ပြောရမယ်၊ မင်းမပတ်သက်ချင်လည်း ကိုယ်နဲ့ပတ်သက်ရမယ်၊ ဒါ ... မင်းကို ဝေးချင်တဲ့ကိုယ့်ရဲ့ အမိန့်ပဲ ..."

"ဘာ ... ဘာပြောတယ် ..."





ဒါကိုတော့ ပန်းသစ်တော် ဒေါကန်သွားသည်။

ဒီလိုအမိန့်ပေးရအောင် ပန်းသစ်တော်က ဦးလရောင်ခေတ်ရဲ့ အစေအပါးလား။

"ဆောရီး ပန်းသစ်တော် ... ကိုယ်စကားပြောတာမှားသွားတယ်၊ ကိုယ်ပြောတာကို ခဏလေးသည်းခံပြီးတော့ ပန်းသစ်တော်နားထောင်ပေးပါ ... ကိုယ့်ရင်ထဲမှာ ပန်းသစ်တော်သိအောင် ပြောပြချင်တဲ့စကားတွေ အများကြီးရှိနေလို့ပါ ..."

"ရှင် ... ရှင် စကားပြောရင် အဲလို ပြေပြေလည်လည်ပြောသိလား ... ကဲ ... ရှင် ဘာပြောမှာလဲ ..."

"ကိုယ် ... မင်းဆန္ဒနဲ့တွေ့ခဲ့တယ် ..."

"ဘုရားရေ ... ဆန္ဒနဲ့ရှင် ... ရှင် တွေ့ခဲ့တယ်ဟုတ်လား"

ဆန္ဒနာမည်လေးကို မမျှော်လင့်ဘဲ ကြားလိုက်ရတာမို့ ပန်းသစ်တော် အံ့ဩကာ မျက်တောင်လေးတွေကိုပင် မခတ်နိုင်။

"ဘယ် ... ဘယ်မှာတွေ့ခဲ့တာလဲဟင် ဦးလရောင်ခေတ်"

"ကိုယ်ရဲ့ HYPER MARKET ဆောက်လုပ်ရေး လုပ်ငန်းခွင်ကြီးထဲမှာ မမျှော်လင့်ဘဲ တွေ့လိုက်တာ၊ သူ ... အဲဒီမှာ ကျောက်သယ်၊ အုတ်သယ်နဲ့ အရမ်းပင်ပန်းတဲ့အလုပ်တွေ ဝင်လုပ်နေတယ်"

"ဘယ် ... ဘယ်လို၊ ဆန္ဒ ... ဆန္ဒက အဲဒီမှာ ကျောက်တွေ အုတ်တွေ ဝင်သယ်နေတာဟုတ်လား ... ဘုရား ... ဘုရား၊ အဲဒါ အဲဒါ ... ဆန္ဒကို ဘယ်သူကခိုင်းလို့ဝင်လုပ်နေတာလဲဟင် ..."

"မင်း ... သိပ်စိတ်ထိခိုက်သွားပြီလားဟင် ပန်းသစ်တော် ကိုယ် ... သူ့ကိုအလုပ်သွင်းပေးတဲ့ ဦးချစ်ကိုဆိုတဲ့ ကန်ထရိုက်တာကို မေးကြည့်တော့ လူတွေက အထင်သေး အမြင်သေးနဲ့နှိမ်နေတာကို မခံချင်လို့ အလုပ်ဝင်လုပ်တာတဲ့၊ ဟွန်း ... ကိုယ်ကတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒရဲ့ အဲဒီလို မခံချင်စိတ်လေးကို သိပ်သဘောကျတယ်၊ ဒါမှ ... သူ့ဘဝလေးက တိုးတက်လာမှာလေ၊ ကိုယ်က သက်သက်သာသာ ဖြစ်မယ့်နေရာလေးကိုရွေးပြီး အလုပ်ပေးမယ်ဆိုတော့လည်း သူက လက်မခံဘူး ... ”

“အဲဒါ ... အဲဒါ ရှင်တကယ်ပြောနေတာနော် ... ”

“တကယ်ပြောတာပေါ့ကွ ... ”

“အဟင့် ... ”

ဆန္ဒကို သနားလို့ ပန်းသစ်တော် ရှိုက်ငိုရပါပြီ။

ဆန္ဒရယ် နင်ဘာဖြစ်လို့ ပန်းသစ်တော်ကို မပြောဘဲ ဒီလို အလုပ်မျိုးတွေ သွားလုပ်နေရတာလဲ။ နင့်ပုံစံလေးနဲ့ အုတ်တွေ ကျောက်တွေ သယ်နေတယ်ဆိုတော့ နင့်ပုခုံးလေးတွေ အရမ်းနာ ပြီး နင်ခံစားနေရတော့မှာပေါ့။ အဲဒါ ... မေမေအရမ်းနှိမ်ပြီး ဟိုနေ့ က သွားပြောလိုက်လို့ ဆန္ဒ ဝမ်းနည်းသွားတာပဲနေမှာ။

“ဟာ ... မင်းမငိုနဲ့လေ ပန်းသစ်တော် ... ”

ဟိုဘက်က ရှိုက်သံလေးပေါ်လာ၍ လရောင်ခေတ် ... အထိတ်တလန့်လေး ဖြစ်သွားသည်။ ဟွန်း ... မင်းက ဆန္ဒကို တော်တော်ချစ်တာပဲနော် ... ပန်းသစ်တော်၊ ငယ်ကအချစ် အနှစ် တစ်ရာဆိုတာ ဒါမျိုးလား ... ။

“အဟင့် ... မငိုလို့ရမလား ဦးလရောင်ခေတ်ရဲ့ ... မေမေက ဆန္ဒကိုဆိုရင် အမြဲနှိမ်နေလို့ ... ဆန္ဒစိတ်ထိခိုက်ပြီး အဲဒီအလုပ်တွေ သွားလုပ်နေတာ ရှင် ... ရှင် ... အညိုးအမုန်းတွေနဲ့ ကျွန်မတို့ချစ်သူ နှစ်ယောက်ကို ဒုက္ခမပေးပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်၊ ဒီပြဿ နာတွေအားလုံးက ရှင့်ကြောင့်ပိုဆိုးသွားတာပါ ... ”

“အဲဒါ ... ကိုယ်ဘာလုပ်ပေးရမလဲ ... ”





“ရှင် ... ရှင် ကျွန်မကို မေ့လိုက်ပါ ... ”

“လုံးဝမဖြစ်နိုင်တာ မင်းမပြောနဲ့ ... ကိုယ် မင်းကို တကယ် ချစ်ခဲ့တာ၊ မင်းမျက်နှာလေးကို တက္ကစီလေးပေါ်မှာ ရိပ်ခနဲတွေ့ လိုက်ရကတည်းက ရူးသွပ်နေအောင် ကိုယ်စွဲလမ်းသွားခဲ့တာ၊ မြန်မာပြည်မှာ ကိုယ့်ကိုလိုအပ်နေတဲ့ သမီးရှင်တွေအများကြီးရှိနေ တာ ကိုယ်သိနေပေမယ့် အတ္တကြီးတယ်ပြောပြော၊ တစ်ကိုယ် ကောင်းဆန်တယ်ဆိုဆို ကိုယ်မင်းနဲ့ပဲ လက်ထပ်ချင်တယ်၊ ကိုယ့်ရဲ့ အိပ်မက်တွေထဲမှာ မင်းအမြဲရှိနေမှာဖြစ်မယ် ... ဒါကို ဦးချစ်ကိုဆိုတဲ့ ကန်ထရိုက်တာကို ကိုယ်ဖွင့်ပြောလိုက်တော့ ... သူအရမ်းအံ့သြသွား တယ်လေ ... ”

“ဘုရားရေ ... ကြည့်စမ်း၊ ရှင် ... ရှင် ... လူတကာကို အတင်းလိုက်ဖွပြီး ကျွန်မကို အတင်းအဓမ္မသိမ်းပိုက်တော့မလို့လား ဟင် ... ဒီစကားတွေကို လူကြားကောင်းအောင် ရှင်ပြောနေတာ ကျွန်မ မသိဘူးအောက်မေ့နေလို့လား ... ”

“မင်းအဲလို ထင်သလား ပန်းသစ်တော် ... ”

ဖုန်းထဲမှာ ဦးလရောင်ခေတ်အသံက ပြတ်သားနေ၏။ ကျွန်မက အဲလိုမထင်လို့ ဘယ်လိုထင်ရမှာလဲ ဦးလရောင်ခေတ်ရယ် ရှင့်ကို လူလယ်ကောင်မှာ အရှက်တကွဲအကျိုးနည်းဖြစ်စေခဲ့တယ် ဆိုတဲ့ နာကျည်းချက်တွေ ရှင့်ရင်ထဲမှာ မရှိပါဘူးလို့ ဘယ်သူက အာမခံနိုင်မှာလဲ။

“ဒီမှာ ကိုယ်မင်းကို အရှင်းဆုံးပြောမယ် ... ကိုယ့်ပါးကို တစ်ချက်ရိုက်သွားတဲ့အတွက် မင်းရဲ့ပါးနှစ်ဖက်စလုံးကို တစ်သက် လုံး ကိုယ်ပြန်နမ်းခွင့်ရမှ ကျေနပ်တော့မှာ ... ကိုယ့်အချစ်က မင်း အပေါ်မှာ အဲဒီလောက်ထိရူးတယ်၊ အခုလည်း ... ကိုယ့်ရဲ့လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပွဲအကြိုအဖြစ်နဲ့ အခမ်းနားဆုံးစေ့စပ်ပွဲကြီးတစ်ခုကို ဆီဒိုးနားဟိုတယ်ရဲ့ BALL ROOM မှာ ကျင်းပဖို့ ကိုယ်စီစဉ်နေပြီဆိုတာ မင်းကိုအသိပေးချင်တာ ... အဲဒီပွဲမှာ ကိုယ့်ရဲ့ချမ်းသာသမျှ စည်းစိမ်တွေအားလုံးကိုပုံပြီး မင်းကိုတင်တောင်းမှာပါ။ အကြိုအဖြစ်နဲ့ အဲဒီပွဲမှာ စိန်သရဖူတစ်ခု ကိုယ်မင်းကို အမှတ်တရ ပေးမယ် ... ဘယ်လိုလဲ ... "

"ရှင် ... ရှင် ... "

"မင်းဆန္ဒဆိုတဲ့ မင်းရဲ့ငယ်သူငယ်ချင်းချစ်သူကို ရာဇဝင်ထဲမှာပဲ ထားခဲ့တော့ ... "

"တိ ... တိ ... "

ကြည့်စမ်း ...

ပြောနေရင်းနဲ့ ဖုန်းကို ပိတ်ချသွားခဲ့ပြီ။

"သမီး ... စောစောက ဘယ်သူနဲ့ဖုန်းပြောနေတာလဲ၊ မောင်လရောင်ခေတ် သမီးဆီကို ဖုန်းဆက်သွားတာလား ... "

နားစွန်နားဖျားကြားလိုက်လို့ သမီးပန်းသစ်တော်ကို ဦးမောင်မောင်ပြူး မေးလိုက်မိတာပါ။

"ဟုတ်တယ် ဖေဖေ ... ဦးလရောင်ခေတ် ဆက်သွားတာ၊ စေ့စပ်ပွဲကို အကြီးအကျယ်လုပ်ချင်လို့တဲ့ ... "

"ဖေဖေ့ကိုလည်း ပြောတယ်သမီးရယ် ... အဲဒါ ဖေဖေလည်း ဘာလုပ်ရမှန်းမသိတော့လို့ ဘုရားတောင် မရှိခိုးနိုင်ဘဲ သည်အတိုင်းထိုင်စဉ်းစားနေတာ၊ ဒီနေ့ ... ရှယ်ယာရှင်တွေ အစည်းအဝေးမှာလည်း သူအိမ်ထောင်ပြုတော့မယ့်အကြောင်းကို မောင်လရောင်ခေတ်က အားလုံးကိုအသိပေး ကြေငြာသွားတယ်၊ အစည်းအဝေးပြီးတော့လည်း ဒါရိုက်တာအဖွဲ့ဝင်တွေက ဖေဖေ့ကိုပဲ တစ်ယောက်





ပြီးတစ်ယောက် လာနှုတ်ဆက်နေကြတာ၊ တစ်ခုပဲခက်နေတာက ဒီပွဲကို ခွင့်ပြုလိုက်ရမှာ ဖေဖေ့လိပ်ပြာကို ဖေဖေ မလုံတာ"

"ဟင် ... ဘာကို ဖေဖေ လိပ်ပြာမလုံတာလဲ"

"ဟိုဘက်ခြံက ကိုထွန်းကို ဖေဖေပေးခဲ့တဲ့ ကတိလေ"

ဒါကိုတော့ ဦးမောင်မောင်ပြူး မေ့မပစ်ရက်နိုင်ပါ။ သိပ်ချစ်ကြတဲ့ ဒီကလေးနှစ်ယောက်ကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ မခွဲပါဘူးဆိုတဲ့ကတိကို ပေးခဲ့မိတာ ကိုယ်သာအသိဆုံး။

လူကြီးဆိုတော့ မျက်နှာပူမိ၏။

ပိုဆိုးတာက မင်းဆန္ဒဆိုတဲ့ကောင်လေး တစ်ဖက်သတ်အနိမ်ခံနေရတာပါ။

"ဦးဦးထွန်းကို ဖေဖေကတိပေးထားတယ်ဟုတ်လား ... ဘာကတိလည်းဖေဖေ ... အဲဒါ သမီးသိချင်တယ်"

"သမီးနဲ့မင်းဆန္ဒကို ဘယ်တော့မှ မခွဲပါဘူးဆိုတဲ့ကတိ"

"အဟင့် ... ဖေဖေရယ် ... "

ဖေဖေ့ရင်ခွင်ထဲမှာ ခေါင်းလေးတိုးဝင်ကာ ပန်းသစ်တော် ငိုမိသည်။

"မင်းဆန္ဒကို သနားပါဖေဖေရယ်နော် ... အခုလည်း မင်းဆန္ဒ အားငယ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုထဲမှာ အလုပ်ကြမ်းတွေ ဝင်လုပ်နေတယ်တဲ့၊ ဖေဖေသိတဲ့အတိုင်း ဆန္ဒက မဟုတ်မခံ ဇတ်ဇတ်ကြီးလေးဆိုတော့ သူများတွေက အထင်သေးတာကို မခံနိုင်လို့ ဒီလိုအလုပ်မျိုးတွေ သွားလုပ်နေတာပဲနေမှာ၊ သမီးကတော့ ... ဆန္ဒကို သနားတယ်၊ ဦးလရောင်ခေတ်ကိုလည်း သမီးမချစ်ဘူး ... "

"အမလေးဟယ် ... ကြည့်စမ်း ... ကြည့်စမ်း ... "

ဒေါ်မေမေသော်က ဘယ်အချိန်ကတည်းက နောက်မှာရပ်



www.burmeseclassic.com

www.burmeseclassic.com



နေမှန်းမသိဘဲ ရင်ဘတ်စည်တီးကာ စကားဝိုင်းထဲဝင်ပါလာသည်။

"မောင်လရောင်ခေတ်လို လူမျိုးတစ်ယောက်ကိုများ ညည်းလေးက မချစ်ဘူးလေးဘာလေးနဲ့ လူကြီးတွေစီစဉ်ထားတာကို ညည်းလေး ခေါင်းခါငြင်းဖို့မစဉ်းစားနဲ့ ... အခုလာမယ့် ဆန်းဒေးမှာ စေ့စပ်ပွဲ အကြီးအကျယ်လုပ်မှာ ..."

"သမီးမှ ဦးလရောင်ခေတ်ကို မချစ်တာ ... ဒါကို မေမေတို့က အတင်းအကြပ်စီစဉ်ပြီးပေးစားမယ်ဆိုရင် ဆန္ဒနောက်ကိုပဲ သမီးလိုက်ပြေးမယ် ..."

"ဘာပြောတယ် ..."

ပန်းသစ်တော်စကားကြောင့် ဒေါ်မေမေသော် မျက်လုံးပြူးရပြီ။

ဒေါ်မေမေသော် မျက်နှာတစ်ခုလုံး စိုရဲနေအောင် ဒေါသကစောင့်တက်သွားသည်။

"ညည်း ... ညည်းကို ငါမပြောချင်လို့ကြည့်နေတာသိလား ပန်းသစ်တော် ... ဆန္ဒလိုအကောင်မျိုးကိုများ ညည်းမို့ စွဲလမ်းနေရသေးတယ်၊ မွေးထားတဲ့မအေက ကလေးတအုပ်နဲ့ ဆင်းရဲနေတော့လည်း သူများကသနားလို့ ပေးနေထားတဲ့ခြံ၊ အလုပ်အကိုင်က မယ်မယ်ရရ ဘာမှမရှိ၊ ဒါကိုတောင် ... ညည်းက မပြတ်နိုင်အောင်ဖြစ်နေတာ၊ ဒီမှာ ... မင်းဆန္ဒနဲ့ မောင်လရောင်ခေတ်က ဘဝခြင်းလည်းတခြားစီ အခြေအနေချင်းလည်း တခြားစီ၊ မိဘက ကောင်းတယ်ထင်လို့ စီစဉ်ပေးတာကို မြင့်တယ်ဆိုပြီး ခုန်ချရင် ဘယ်သူဒုက္ခရောက်မလဲ၊ တစ်နေ့ ညည်းပဲဒုက္ခရောက်မှာ၊ ငါ ... ညည်းကို စကားများများမပြောချင်ဘူး၊ ဒီနေ့ကစပြီး မင်းဆန္ဒကို ညည်းမေ့လိုက်တော့ ..."





မေမေ့စကားအဆုံးမှာ မျက်ရည်လေးဝဲလာရတာ ပန်းသစ်တော်ပါ၊ ဖေဖေကတော့ ... ခေါင်းတခါခါ၊ သက်ပြင်းတချချနဲ့ ... ပန်းသစ်တော် ပြေးဝင်သွားခဲ့ချိန်မှာ ဘုရားခန်းထဲမှာ ဦးမောင်မောင်ပြုံးနဲ့ ဒေါ်မေမေသော် နှစ်ယောက်တည်း ကျန်ခဲ့သည်။

"မေရာ ... သမီးလေးကို စိတ်ခုတ်ကျအောင် မင်းမပြောပါနဲ့ ..."

ဦးမောင်မောင်ပြုံး ပင့်သက်ချရင်း သမီးလေးဘက်က လိုက်ပြောမိသည်။

"အို ... မပြောလို့ရမလား၊ ရှင့်သမီးက ဆန္ဒကိုပဲ တမ်းတမ်းစွဲဖြစ်နေတာ ..."

ဒေါ်မေမေသော့်မျက်နှာက တင်းမာနေဆဲ။

"ဒါကတော့ကွာ ..."

ဦးမောင်မောင်ပြုံး ကိုယ်တစ်ပတ်လှည့်ကာ ဒေါ်မေမေသော်ကို မျက်နှာချင်းဆိုင်သည်။ ဒေါ်မေမေသော်ကလည်း မှဲ့လက်စ နှုတ်ခမ်းကို ပြန်မဖြုတ်သေးဘဲ သည်အတိုင်းထားကာ ဦးမောင်မောင်ပြုံးကို ခါးထောက်ပြန်မော့ကြည့်၏။

"တို့လည်း ဘာတတ်နိုင်ပါ့မလဲ၊ ငယ်ငယ်လေးကတည်းက သူတို့နှစ်ယောက် အတူတူဆော့ အတူတူကစား၊ အတူတူကျောင်းတက်လာတာ သူတို့နှစ်ယောက် ရင်ထဲမှာ နှစ်ပေါင်းများစွာ ခိုဝင်ငြိတွယ်လာတဲ့ သံယောဇဉ်ကိုတော့ တို့အသိအမှတ်ပြုရမှာပဲ ... ပြီးတော့ ... မေသိတဲ့အတိုင်း တို့အပေါ်မှာတင်ခဲ့တဲ့ ကိုထွန်းရဲ့ ကျေးဇူးတွေ ..."

"အို ... ခုချိန်မှာ အဟောင်းတွေအသစ်ဖြစ်အောင် ရှင်ပြန်မပြောနဲ့တော့လေ၊ ပြီးတာတွေလည်းပြီးပြီ၊ ဖြစ်ခဲ့တာတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ပြီးပြီ ... အရေးကြီးတာ ကိုယ့်သမီးရဲ့ တစ်သက်တာနောင်ရေးကောင်းဖို့ စီစဉ်ပေးခဲ့ရမှာ ... ကျွန်မတို့ရဲ့တာဝန်ပဲ၊ ဘယ်သူ့ကိုမှ ငွဲညှာထောက်ထားနေစရာမလိုဘူး၊ စေ့စပ်ပွဲပြီးတာနဲ့ လက်ထပ်ပွဲကိုပါ အကောင်းဆုံးဖြစ်အောင် မောင်လရောင်ခေတ်နဲ့ တိုင်ပင်ပြီး ကျွန်မ စီစဉ်မယ် ... ရှင်မျက်နှာပူရင် ဝင်မပါနဲ့၊ ကျွန်မက လိုက်ဆိုရင် ရှင်လိုက်ခဲ့ ... ဖြူတာ မည်းတာ ချိုတာ ခါးတာ ရှင်ဘာမှ ဝင်မပြောနဲ့ ...”

“သမီးလေး ပန်းသစ်တော် နားလည်အောင် ဖြောင်းဖျပြီးမှ မင်းဖြစ်ချင်တာကို စီစဉ်ပါမေရယ် ... တော်ကြာ ... မပြောကောင်း မဆိုကောင်း မင်းဆန္ဒနဲ့ လိုက်ပြေးသွားရင် တစ်ရက်က နှစ်ရက်ဖြစ်နေပါဦးမယ် ...”

“ရမလား ... ရမလား မိဘမျက်နှာကို ဒီလို အိုးမည်းသုတ်လို့ရမလား ... ခုလည်း ဒါမျိုးတွေဖြစ်မှာကြောက်လို့ အိမ်ထဲက အိမ်ပြင်တောင် ပေးမထွက်တော့တာ ... ဘယ်နှစ်ရက်ရှိနေပြီလဲ”

ခြံတံခါးတွေအားလုံးကို သော့အထပ်ထပ်ခတ်လျှက် ပိတ်ထားခဲ့သလို အလုပ်သမားတွေအားလုံးကိုလည်း မျက်လုံးဒေါက်ထောက်ကာ ကြည့်စေခဲ့သည်။ အရင်လို လစ်ခနဲ ပျောက်သွားတာမျိုး အဖော်မပါဘဲ ထွက်သွားတာမျိုး လုံးဝလုပ်လို့မရအောင် ကြည့်နေခဲ့တာပဲဖြစ်၏။

“ရှင် မသိရင် ဘာမှဝင်မပြောနဲ့ ... ဒီကိစ္စတွေအားလုံးကို ကျွန်မစီစဉ်မယ် ... စေ့စပ်ပွဲအတွက် ဖိတ်သင့်တဲ့လူတွေ ကျွန်မဖိတ်မယ် ...”

ဦးမောင်မောင်ပြုံး ... ဘာတတ်နိုင်တော့မှာလဲ။

ခဏနေတော့ မေမေသော် အောက်ပြန်ဆင်းသွားပြီး သူ့အလုပ်သမားတွေကို အော်ဟစ်ပြောဆိုနေသံတွေ ကြားလိုက်ရ၏။





“တံခါးသော့တွေ၊ သေသေချာချာစစ်ပြီးမှ အိပ်ကြနော် ... ခြံအပြင်ဘက်ကိုလည်း ဘယ်သူမှမထွက်ကြနဲ့ ... ခြံပတ်ဝန်းကျင်မှာ ရှိသမျှ မီးချောင်းမီးလုံးအကုန် တစ်ခုမကျန်ဖွင့်ထား ... ဟဲ့ ... ငါ ပြောတာ ကြားကြရဲ့လား ...”

“ဟုတ်ကဲ့ ... ကြားပါတယ် ကြီးကြီးသော် ...”

ထိုအချိန်မှာ ဆန္ဒကတော့ ...

ဒီဘက်ခြံထဲကနေ ဟိုဘက်ခြံအပေါ်ထပ် တိုက်သစ်ကြီးဆီက မီးရောင်တွေကိုပဲ ငေးကြည့်နေလို့သာ။ ဒေါ်ထားထားညိုကလည်း သားဖြစ်သူကိုပဲ အရိပ်တကြည့်ကြည့်နှင့်၊ ခြံရှေ့က အိမ်ဆိုင်ကလေးကို ပိတ်သိမ်းပြီးချိန်ကတည်းက အမေ့ကိုဆေးတိုက် သန့်ရှင်းဆေးကြောစရာရှိတာတွေကို ဆေးကြောသန့်ရှင်းရင်း ရှိသမျှ အလုပ်တွေ လျှောက်လုပ်နေတာ ဘုရားကိုပင် မရှိခိုးနိုင်သေး။

“သား ... ဆန္ဒ ...”

“ဗျာ ... မေမေ ...”

“သား ... သားလေး အလုပ်လုပ်တာ၊ အရမ်းပင်ပန်းသွားသို့ မှိုင်နေတာလား သားလေးရယ် ... ဝေဝေကလေ၊ အလုပ်က ပြန်လာရင်း မေမေ့ကိုတောင် ဝင်ပြောသွားသေးတယ် ... ကိုကြီး ဆန္ဒ ... သူတို့ ဆိုက်ထဲမှာ အလုပ်လာဆင်းနေတယ်တဲ့ ...”

ထားထားညို သားကိုကြည့်မိတာ ခြေဆုံးခေါင်းဆုံးပင်။

ခုတလော ... သားလေးရဲ့မျက်နှာလေး ချောင်ကျသွားတာ အရမ်းသိသာနေသည်။ ပန်းသစ်တော်လေးကလည်း ဒီဘက်ခြံကို အလာကြိုနေ၏။

“ပန်းသစ်တော်ကြောင့် သားလေးစိတ်ဓာတ်ကျနေတာလားဟင် ... မေမေ့ကိုပြောစမ်း ... သူ ... သူ ကုမ္ပဏီပိုင်ရှင်သူဌေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ လက်ထပ်တော့မယ်ဆိုတာ တကယ်ပဲလား ...”

“ဟုတ်တယ်မမေ ... ဟိုတစ်ခါ သားနဲ့ပါလာတဲ့လူပေါ့”

“အို ... ကြည့်စမ်း ...”

ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားလိုက်ရ၏။

ဟိုတစ်ခါ သားနဲ့ပါလာတဲ့သူတဲ့။

လရောင်ခေတ်ဆိုတဲ့ တည်တည်တင်းတင်းမျက်နှာထားပိုင်ရှင် ကောင်လေးတစ်ယောက်ကို ပြောတာနေမှာပေါ့။

“သား ... ခံစားရတယ် မမေရာ ...”

“သားလေးရယ် ...”

သားလေးကိုကြည့်ကာ ထားထားညို ရင်နာလို့မဆုံး။

“မမေပြောမယ်နော် ... သားလေး၊ မမေ့သားလေးက ဆင်းရဲတော့ မေသော်က မမေ့သားလေးကို ဘယ်သားမက်တော်ချင်ပါ့မလဲ ... ဒါကြောင့်မို့ ... သူတို့သဘောကျတဲ့သူကို သားမက်အဖြစ်နဲ့ မေသော်ကိုယ်တိုင် သဘောကျရွေးချယ်လိုက်တာနေမှာပေါ့ ... မမေ့သားလေး စိတ်ဓာတ်လည်းမကျနဲ့၊ အားလည်းမငယ်နဲ့ ... ဒီနေ့အလုပ်သွားလုပ်တာရော အဆင်ပြေရဲ့လား ...”

“ပြေပါတယ် မမေရာ ...”

ပြောလိုက်ရပေမယ့် ခေါင်းလေးက ငိုက်စိုက်ကျနေသည်။

မျက်ဝန်းလေးတွေက ရီဝေ ကြေကွဲနေသည်။

ဆန္ဒရဲ့ နှလုံးသားလေးထဲမှာတော့ ...

ပန်းသစ်တော်ရဲ့ အရိပ်ကလေးတွေနဲ့သာ။

အခန်း ( ၁၀ )

“တီ ... တီ ...”

“ဟဲ့ ... ဟဲ့ ... ခြံတံခါးဝမှာ ကားတစ်စီးရပ်လာတယ်၊ ဘယ်သူလဲဟဲ့ ... သွားကြည့်စမ်း ... သွားကြည့်စမ်း ...”

ဒေါ်မေမေသော် ပျာယာခတ်သွားတာ ဟန်မဆောင်နိုင်။

ဖြန်းလက်စ ရေပိုက်ကိုလွှတ်ချရင်း တံခါးဆီမျှော်ကြည့်တော့။

“ကြီးကြီးသော်ရေ ... ဦးလရောင်ခေတ်တဲ့ ...”

“အမလေး ...”

နာမည်ကို ကြားလိုက်တာနဲ့ ခြံဝကိုပြေးထွက်ကြိုတာ ပန်းအိုးလေးတွေနဲ့ တိုက်မိပြီး ချော်မလဲတာကံကောင်း။

“ဟဲ့ ... ဟဲ့ ... ဖွင့်လိုက်လေ၊ ဖွင့်လိုက် ... တံခါးမြန်မြန်ဖွင့်လိုက် ...”

အော်လည်းအော် ပြေးလည်းပြေးနှင့် လမ်းတစ်ဝက်မှာ ဖိနပ် တစ်ဖက် ပြုတ်ကျန်ခဲ့တာတောင် ပြန်လှည့်မကောက်နိုင်တဲ့ဘဝ။ အဲလို အဖြစ်သည်းတာကိုတွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



မမိုးနှုတ်ခမ်းလေးက မသိမသာလေးမဲ့သွားသည်။ ကိုယ်က ဒီခြံမှာ အလုပ်သမားပေမယ့် ငွေ မက်လွန်းတဲ့ ကြီးကြီးသော်ကိုတော့ မမိုးစိတ်ထဲက အမြင်ကတ်နေ မိ၏။ ကြီးကြီးသော် ကိုယ်တိုင်ပေးစားဖို့ သဘောတူထားတဲ့ ဦးလ ရောင်ခေတ်က ခြံထဲကို ပထမဆုံးလာလည်တာမို့ ကြီးကြီးသော် ဝမ်းသာနေတာ။ ပါးဖောင်းဖောင်းကြီးက နားရွက်ဖျားမှာ တက် ချိတ်တော့မတတ်ပင်။

“မောင် ... မောင်လရောင်ခေတ်ရယ် ... လာမယ်ဆိုလည်း ဖုန်းလေးဘာလေး ကြိုဆက်ပါတော့လား ... ခုတော့ ... မပြောမဆို နဲ့ ဟင်း ... ဟင်း ...”

“ဟုတ်ကဲ့ ... အလုပ်ကိစ္စတစ်ခုနဲ့ ဒီဘက်ကိုလာရင်း ရုတ်တရက် ဝင်လိုက်ရလို့ ဖုန်းမဆက်ဖြစ်လိုက်တာပါ၊ ဒါနဲ့ ... ပန်းသစ်တော်ရော အိမ်မှာရှိရဲ့လား ...”

“အို ... ရှိတယ် ... ရှိတယ် ... မောင်လရောင်ခေတ်နဲ့ ပြောဆိုပြီးကတည်းက အိမ်ထဲက အိမ်ပြင်ပေးမထွက်တော့ဘဲ သော့ခတ် ... အဲလေ ... စောင့်ကြည့် ... စောင့်ကြည့်နေတာ ဝင် ဝင် ... မောင်လရောင်ခေတ် ... ဟင်း ... ဟင်း ...”

ဝင်သွားတဲ့ကားနောက်ကို ပြေးလိုက်တော့လည်း ဖင်တုန်းကြီးတလှုပ်လှုပ်နဲ့။ မမိုးသနားနေတာက ပန်းသစ်တော်လေးကိုပဲ သနားနေတာပါ။ မမိုးတို့ခြံထဲက အလုပ်သမားတွေ သဘောတူတာလည်း ဟိုဘက်ခြံက မင်းဆန္ဒနဲ့ပဲ ... သဘောတူတာလေ။ ယယ်ယယ် လေးကတည်းက သူတို့နှစ်ယောက်က မတွေ့ရ မနေနိုင်အောင် ချစ်လာကြတာမဟုတ်လား။

ဒါကို ကုမ္ပဏီပိုင်ရှင် အရမ်းချမ်းသာတဲ့ ဦးလရောင်ခေတ်နဲ့





သဘောတူ စေ့စပ်ကြတော့မယ်ဆိုတော့ ... မမိုးတို့အလုပ်သမား တွေ ဘာတတ်နိုင်တော့မှာလဲ ... ဒီဘဝမှာ မပေါင်းရလည်း နောက် ဘဝပေါ့ ...

“အို ... အို ... မောင်လရောင်ခေတ် နေ ... နေ အန်တီ ကားတံခါးဖွင့်ပေးမယ် ... ဟဲ့ ... မမိုးရေ ကိုမောင့်ကို အပေါ်မှာ တက်ပြောစမ်း ... ဒီမှာ မောင်လရောင်ခေတ် လာလည်နေတယ်လို့ ...”

“ဟုတ် ... ဟုတ်ကဲ့ပါ ကြီးကြီးသော် ...”

ကားတံခါးဖွင့်ပေးတော့လည်း ကြီးကြီးသော်ကိုယ်တိုင်။

ခါးလေး မသိမသာ ညွတ်နေတာက မမိုးမမြင်ချင်မှအဆုံး။ ဧည့်သည်ကိုရှောင်ပြီး အိမ်ထဲကို လှစ်ခနဲ မမိုးဝင်သွားသည်။

“အဟင်း ... ကျွန်တော်လာလို့ အန်တီအလုပ်ရှုပ်သွားပြီနဲ့ တူတယ်”

“အို ... မဟုတ်တာဘဲ မောင်လရောင်ခေတ်ရယ်၊ အန် ... အန်တီတို့က လာလည်စေချင်လို့ အမြဲမျှော်နေတာ ... ဟင်း ... ဟင်း ... ဝင်ပါနော် မောင်လရောင်ခေတ်၊ နေဦး ... နေဦး ... ပန်းသစ်တော်ကို အန်တီအော်ခေါ်လိုက်ဦးမယ် ... သမီးရေ ... ပန်းသစ်တော် ...”

ခါးကလေးကော့ လည်တိုင်လေးမော့လို့ ခပ်ကြော့ကြော့ လေးခေါ်လိုက်သံလေးက တိုက်အောက်ထပ် ဧည့်ခန်းကြီးထဲမှာ လွှမ်းခြုံသွားသည်။

“ဟော့ဒီမှာလေ မောင်လရောင်ခေတ်ရောက်နေလို့ ဆင်းခဲ့ဦး ...”

ဒါကို မျက်မှန်ကိုင်းလေးပင့်တင်လျှက် အပေါ်ထပ်စာဖတ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲကနေ ကသောကမျောလေး ဆင်းလာခဲ့ရတာ ဦးမောင်မောင်ပြုံးပဲဖြစ်သည်။

"ဟာ ... ဥက္ကဋ္ဌ ... ဘယ်ကလှည့်လာတာလဲ"

"ဟွန်း ... ဒီဥက္ကဋ္ဌဆိုတာကြီးကို ရှင်ခေါ်ပြန်ပြီလား ကိုမောင်"

"နှုတ်ကျိုးနေလို့ ခေါ်မိတာပါကွ မင်းကလဲ ... "

ပါဝါမျက်မှန်ကြားထဲက မျက်စောင်းဝင့်ဝင့်က ဒေါ်မေမေသော့်ဆီရောက်လာသည်။ ဒါကို ... လရောင်ခေတ်က ပြုံးကြည့်ကာ

"ကျွန်တော် ... ဒီဘက်ကို လမ်းကြုံနေလို့ဝင်လာတာပါ အန်ကယ် ... ပန်းသစ်တော်နဲ့လည်း အေးအေးဆေးဆေးစကားပြောချင်လို့ပါ"

"ဟဲ့ ... မမိုး ပန်းသစ်တော် ဆင်းမလာသေးဘူးလား"

မမိုးကိုပဲ အော်ကာ မေးမိသည်။

"ဆင်း ... ဆင်းလို့မရဘူးလေ ကြီးကြီးသော်၊ သော့ ... သော့က ကြီးကြီးသော် ခါးမှာ ... "

"ဟာ ... အန်တီက ပန်းသစ်တော်ကို သော့ခတ်ပိတ်ထားတာလား ... "

ကြည့်စမ်း ...

မောင်လရောင်ခေတ်ရှေ့မှာ အရှက်ကကွဲပြီ။

"မဟုတ်ဘူး ... မဟုတ်ဘူး၊ မေ့လို့ပိတ်ထားမိတာ၊ မေ့လို့ မေ့လို့ ... ဟဲ ... ဟဲ ... ရော့ ... ဒီမှာသော့ ... "

ချော်လဲရောထိုင်လုပ်ပြီး သော့ကိုထုတ်ပေးလိုက်ရသည်။

"ဟဲ့ ... မြန်မြန်ဆင်းခဲ့လို့ ပြောဦးနော် ... "

စိတ်မချလို့ လှမ်းအော်လိုက်ရသေး၏။





မမိုး အပေါ်ကိုရောက်သွားတော့ ...

"ဟာ ... ပန်းသစ်တော် မတွေ့ချင်ဘူး မကြီးမိုး ... ဒီလူ ဒီလူ ... ပန်းသစ်တော်ကို သက်သက်မဲ့ဒုက္ခလိုက်ပေးနေတာ အဟင့် ... "

ပန်းသစ်တော် မျက်ရည်ကျရပြန်ပါပြီ။

"ပန်းသစ်တော်ရယ် ... မကြီးမိုးတို့ အားလုံးကို နားလည်ပါတယ် ... မကောင်းပါဘူး၊ တော်ကြာ ... ဆင်းမတွေ့ရင် ကြီးကြီးသော်ကိုယ်တိုင် အပေါ်ကိုတက်လာတော့မှာ သုတ်သုတ် ... မျက်ရည်လေးသုတ်လိုက် ... မကြီးမိုး ဆံပင်တွေရှင်းပေးမယ် ... "

သပ်ရပ်သွားအောင် မကြီးမိုးကပဲ ပြင်ပေးရသည်။

ဝင်းနှစ်နေတဲ့ပန်းသစ်တော်ရဲ့ မျက်နှာလေးကတော့ မိတ်ကပ်သုံးစရာမလိုအောင် ဝင်းထင်းအိစက်နေခဲ့ပြီးသားပါ။ သို့သော် ဒီမျက်နှာလေးပေါ်မှာ မျက်ရည်စက်တွေ ပြည့်နေအောင် ဘယ်သူ တင်ပေးခဲ့သလဲ။

ဒီမျက်ရည်တွေ ပြုတ်ကျလာအောင် ဘယ်သူဆွဲချခဲ့တာလဲ။

"သမီး ... ပန်းသစ်တော် ... "

"ဟော ... ကြီးကြီးသော် အော်နေပြီ ... ပန်းသစ်တော်"

"အဟင့် ... "

ငိုမဲ့မဲ့မျက်နှာလေးနဲ့ပဲ မမိုးခေါ်ရာ လိုက်ခဲ့ရတဲ့ ပန်းသစ်တော်၊ လှေကားထိပ်လေးကို အရောက်မှာပဲ မျက်ရည်ကို သုတ်ရသည်။

"အဟင့် ... အလကားလူကြီး ... သူများကို မရရအောင်လုပြီး မတရား နှိပ်စက်တော့မှာ ... "

မဆင်းသေးဘဲ လှေကားထိပ်မှာရပ်နေတော့ မကြီးမိုးက



www.burmeseclassic.com

www.burmeseclassic.com



ပန်းသစ်တော်လက်ကို အတင်းဆွဲကာ အောက်ရောက်အောင် ခေါ်ချလာခဲ့၏။

"ဟော ... ဟိုမှာ သမီးပန်းသစ်တော် လာပြီ ... "

"ဟွန်း ... "

လရောင်ခေတ် နှုတ်ခမ်းစွန်းလေးမှာ အပြုံးရိပ်မှဲ့မှဲ့လေးတစ်ခုက ပေါ်လာသည်။

"မင်္ဂလာပါ ... ပန်းသစ်တော် ... ကိုယ်လမ်းကြုံလို့ ဒီဘက်ကို ဝင်လည်တာပါ ... "

လရောင်ခေတ် ပြုံးလိုက်တာ ပန်းသစ်တော် မျက်ဝန်းထဲက မျက်ရည်ရိပ်တချို့ကို မြင်လိုက်ရလို့ပါ။

"သမီး ထိုင်လေ ... "

ဒေါ်မေမေသော် ပျာပျာသလဲ။

ဦးမောင်မောင်ပြုံးက မနေတတ်သလို မျက်နှာကို တစ်ဖက်လွှဲရင်း သက်ပြင်းကိုပဲချ၏။ မမိုးက သစ်သီးဖျော်ရည်တစ်ခွက် ဦးလရောင်ခေတ်ရှေ့မှာ ချပေးသည်။

"ကဲ ... အမောပြေလေး သောက်လိုက်ဦးနော် မောင်လရောင်ခေတ် ... သမီးနဲ့လည်း အေးအေးဆေးဆေး စကားပြောလိုက်ဦး၊ အန်တီနဲ့အန်ကယ် ... ဟိုဘက်ခြံက ဆွမ်းကျွေးလေးတစ်ခု ဖိတ်ထားလို့ ခဏသွားရဦးမှာကွဲ့ ... "

"ဟာ ... ရပါတယ်အန်တီ၊ ကျွန်တော့်ကို အားမနာပါနဲ့ အန်တီတို့ သွားစရာရှိတာ သွားလိုက်ပါ ... "

ပြောင်ပဲပြောပြီး ဒေါ်မေမေသော် သမီးနဲ့ထားခဲ့လိုက်သည်။

ဦးမောင်မောင်ပြုံး ဥက္ကဋ္ဌကို အားနာနေမိ၏။





"မေရာ ဒီလိုကြီးထားခဲ့တာ ကောင်းမလားကွာ ... ဆွမ်းကျွေးက ဘယ်အချိန်သွားသွား သွားလို့ရတာပဲဟာ ... "

"အမလေး ... ကိုမောင်ရယ် သူတို့ချင်းလွတ်လွတ်လပ်လပ် ဆွေးနွေးပြောဆိုလို့ရအောင် ကျွန်မ တမင်ထားခဲ့တာ ... ရှင်မသိရင် အသာနေစမ်းပါ ... "

အခန်းထဲမှာ အဝတ်အစားလဲရင်း ကြိတ်ပြောမိသည်။

ပန်းသစ်တော်ကတော့ ...

"ရှင် ... ရှင် ဒီအိမ်ကို ဘာသဘောနဲ့ လိုက်လာတာလဲ"

"ကိုယ် ... မင်းနဲ့စကားပြောချင်လို့"

"ရှင်သိပ်လွန်နေပြီသိလား ... ဦးလရောင်ခေတ် ... "

"ကိုယ် ... ဘာတွေလွန်နေလို့လဲ ... "

"ဟာ ... ရှင်လွန်တာ ရှင်မသိဘူးလား"

"မသိဘူး ... "

"ရှင် ... ကျွန်မကို အနိုင်ယူနှိပ်စက်ဖို့ ကြိုးစားနေတာလေ"

"မင်း ... ဒီလိုပဲ ထင်သလား ... "

လရောင်ခေတ် ခပ်ပြတ်ပြတ်ပဲ မေးသည်။

"ဒီလိုမထင်လို့ ကျွန်မ ဘယ်လိုထင်ရမလဲ ဦးလရောင်ခေတ် CAPITAL မှာ ဖြစ်ခဲ့တဲ့ ရန်ညှိုးတစ်ခုကို သဲကြီးမဲကြီးအနိုင်ယူဖို့ ရှင်ကြိုးစားနေတာ ကျွန်မသိတယ် ... "

"မှားတယ်"

"ကျွန်မ ဘာမှားလဲ ... "

ပန်းသစ်တော် အဖြေမပေးနိုင်ပါ။

ဒီပြဿနာကို ဖန်တီးခဲ့တာ သူကပဲ စခဲ့တာ။

အဝါရောင်ပန်းစည်းလေးနဲ့ ပန်းသစ်တော်နောက်ကို ဦးလ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ခေတ် လိုက်ခဲ့လို့ ဒီပြဿနာတွေ ရှင်သန်ပေါက်ဖွားလာခဲ့ရတာ။ ဒါကို မခံနိုင်တော့လို့ ပန်းသစ်တော်ပြောလိုက်တာပါ။ မကျေနပ်ရင်လည်း ရှင်လဲသေလိုက်လေ ဦးလရောင်ခေတ်ရဲ့ … ကျွန်မကတော့ ရှင့်ကိုပြောမှာပဲ။

“ကိုယ် … မင်းကို စတွေ့လိုက်ရကတည်းက မက်မက်မောမောလေး ရူးသွပ်သွားခဲ့ရလို့ လိုက်ခဲ့တယ်ဆိုတာ ကိုယ်မင်းကို ပြောခဲ့ပြီပဲ ပန်းသစ်တော် … ဒီဇာတ်လမ်းမှာ ကိုယ်ဘယ်သူ့ကိုမှ အရှုံးမပေးနိုင်လို့ မင်းဆီက လက်ထပ်ခွင့်ကို အရာအားလုံးနဲ့လဲပြီး မင်းဆီက တောင်းဆိုနေတာ … ”

“အပွန်း … ”

စကားကိုမယုံတော့။ ပန်းသစ်တော်ရဲ့နှုတ်ခမ်းလေးက မဆိုသလောက်လေး တွန့်သွားသည်။

ဦးလရောင်ခေတ်ရဲ့ မျက်ဝန်းတွေကိုလည်း စူးစူးစိုက်စိုက်ကလေး ပန်းသစ်တော် မော့ကြည့်လိုက်မိ၏။

“ဘာလဲ … ပန်းသစ်တော် ကိုယ်ပြောတာကိုမယုံလို့ မင်းနှုတ်ခမ်းလေး တွန့်ပြီး ပြုံးလိုက်တာလား … ကိုယ်တကယ်ပြောတာပါ၊ ကိုယ်မင်းကိုချစ်တယ် … မင်းရဲ့မျက်နှာလေးပေါ်မှာ ကိုယ့်ရဲ့မျှော်လင့်ချက်တွေရှိတယ် … အဲဒီမျှော်လင့်ချက်တွေကြားမှာ အဆုံးမဲ့ ရှင်သန်ချင်လို့ ဒီလက်ထပ်ပွဲကို ကိုယ်မဖြစ် ဖြစ်တဲ့နည်းနဲ့ စီစဉ်ဖို့ ကြိုးစားခဲ့ရတာ … ခုတော့ … ကိုယ်ဆုံးဖြတ်လိုက်ပါပြီ၊ ဧည့်ခံစရာ … စေ့စပ်တာတွေ မလုပ်တော့ဘဲ လက်ထပ်ပွဲကိုပဲ တစ်ခါတည်း ကျင်းပလိုက်ရင် ကောင်းမလားလို့ … ”

“ဘုရားဇရေ … လက်ထပ်ပွဲ ဟုတ်လား … ”

ပန်းသစ်တော် မျက်လုံးပြူးရပြီ။





လက်ထပ်ပွဲတဲ့။ လက်ထပ်ပွဲကို တစ်ခါတည်းကျင်းပဖို့ ဆုံးဖြတ်လိုက်ပြီတဲ့။

“ရှင် … ရှင် … ”

“မင်း … မငြင်းနဲ့ ပန်းသစ်တော် … ဒီလက်ထပ်ပွဲအတွက် အရာအားလုံး ကိုယ့်မှာအဆင်သင့်ရှိတယ် အကောင်းဆုံးတွေထဲက အကောင်းဆုံးတွေနဲ့ ကိုယ်ဘာမှလှည့်ကြည့်နေစရာမလိုအောင် ခေါင်းတစ်ချက်ညိတ်ပြလိုက်ရုံနဲ့ ကိုယ်လိုချင်တာတွေ မှန်သမျှ မိုးပေါ်ကနေ တခမ်းတနားကျလာမှာ … ”

“ရှင် တော်တော် အတ္တကြီးတဲ့လူ … ”

“ဟွန်း … ဒါလည်း မင်းကိုယ့်ကို ကြိုက်သလို စွပ်စွဲနိုင်တယ် ကြိုက်သလို ဖြစ်တင်ရှုံ့ချခွင့်ရှိတယ် … အရေးကြီးတာ မင်းဆန္ဒကို မင်းမေ့လိုက်ဖို့ … ”

“ဘာ … ဘာပြောတယ် … ”

“ကိုယ်ပြောတာ ရှင်းရှင်းလေးပါ၊ ကိုယ့်ကိုအတ္တကြီးတယ်ပဲ ပြောပြော တကိုယ်ကောင်းဆန်တယ်ပဲထင်ထင် … ကိုယ်တို့နှစ်ယောက်ကြားမှာ မင်းဆန္ဒရှိနေတာ ကိုယ်မလိုချင်ဘူး၊ အခုလည်း ဒီကောင်ဒုက္ခရောက်နေပါပြီ … ကိုယ့်ရဲ့စီမံကိန်းလုပ်ငန်းခွင်တစ်ခုထဲမှာ ဒီကောင် အုတ်တွေ သဲတွေထမ်းပြီး မင်းကိုလက်ထပ်ယူနိုင်ဖို့ ဒီကောင်ကြိုးစားနေတာ ကိုယ်အကဲခတ်မိတယ် … ပြောရရင် ကိုယ့်လက်ထဲကနေ မင်းကိုလုယူဖို့ ဒီကောင် မကြာခင် လှုပ်ရှားလာတော့မှာ … ဒါကို ကိုယ်ခွင့်မပြုနိုင်လို့ မင်းကို တစ်ခါတည်း ကိုယ်လက်ထပ်ယူလိုက်တော့မှာ … ”

“ရှင် … ရှင် … မယုတ်မာနဲ့ … ”

ပန်းသစ်တော် အသက်မရှူနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံလေးကနေ ဖျတ်ခနဲထရပ်ရင်း အင့်ခနဲ ငိုချလိုက်မိတာ ဆန္ဒနဲ့ဝေးရမှာ သိပ်ကြောက်သွားလို့ပါပဲ ...

"ဒါ ... ကိုယ်ယုတ်မာတာ မဟုတ်ဘူး ပန်းသစ်တော် ... ကိုယ်မင်းကိုချစ်တာ၊ ကိုယ်မင်းကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ မစွန့်လွှတ်နိုင်တာ ... "

ပြောလည်းပြော ပန်းသစ်တော်ရဲ့လက်တစ်ဖက်ကိုလည်း လှမ်းဆွဲတော့ နာနာကျည်းကျည်းနဲ့ကိုပဲ သူ့လက်တွေကို ပန်းသစ်တော် ပုတ်ချလိုက်မိ၏။

"ရှင် ... ရှင် ကျွန်မအသားကိုမထိနဲ့ ... "

ပန်းသစ်တော် ဆောင့်ရုန်းလိုက်တော့ ဆံပင်ရှည်တွေ ဘယ်ညာယမ်းသွားသည်။ ဒါလည်း ... ဦးလရောင်ခေတ်က နောက်ဆုတ်မသွား။ ရှေ့ကိုပိုတိုးလာ၏။ ပန်းသစ်တော် လှည့်ထွက်သွားမယ့်လမ်းကို ပိတ်ကာရပ်လျှက် မျက်နှာချင်းဆိုင်ဖို့ ကြိုးစားနေသည်။

"ကိုယ်တောင်းပန်တယ် ပန်းသစ်တော် ... ကိုယ့်စကားဆုံးအောင်တော့ ပန်းသစ်တော် နားထောင်ပါ ... အန်တီနဲ့အန်ကယ်ပြန်လာရင်လည်း လက်ထပ်ပွဲအတွက်ပဲ ကိုယ်ပြောလိုက်တော့မယ် ပန်းသစ်တော်ကိုတော့ ကိုယ်ပထမဆုံး အသိပေးသင့်တယ်ထင်လို့ ကိုယ်ပြောတာ ... "

"ကျွန်မ ... ရှင့်ကို မုန်းတယ် ဦးလရောင်ခေတ် ... "

"အဲဒါ ... ကိုယ်ဂရုမစိုက်ဘူး ... "

လရောင်ခေတ် ခပ်ပြတ်ပြတ်ပဲ ပြောသည်။

"ကိုယ် မင်းနဲ့လက်ထပ်ရမှဖြစ်တော့မှာ ... ကိုယ် မင်းနဲ့ အိပ်မက်တစ်ခု တည်ဆောက်ရတော့မှ ကိုယ်ကျေနပ်တော့မှာ၊ အဲဒါ





ခဲ ကိုယ်ပြောတော့မယ် ... ကိုယ့်မှာ မင်းဘဝတစ်သက်တာလုံး စံမြန်းပျော်ပါးရမယ့် စည်းစိမ်ချမ်းသာတွေရှိတယ် ... ဒါတွေအားလုံး ခင်းလက်ထဲကို ကိုယ်လွှဲအပ်တော့မှာ မင်းဖြစ်ချင်တာမှန်သမျှ မျက်တောင်တစ်ချက် ခတ်ပြလိုက်တာနဲ့ လိုအပ်နေတာတွေအားလုံး မင်းရှေ့ကိုရောက်လာစေရမယ် ... ကိုယ်စကားတွေလည်း အများကြီး မပြောချင်ဘူး ... "

"ရှင် ... ရှင် တော်တော်တရားကျဖို့ကောင်းတဲ့လူတစ်ယောက်ပဲ ... ဦးလရောင်ခေတ်၊ ဆန္ဒနဲ့ကျွန်မကို ချစ်သူတွေပါဆိုတာ ရှင်သိရဲ့သားနဲ့ ကျွန်မတို့နှစ်ယောက်ကြားထဲကို ရှင်တမင်သက်သက်ဝင်လာပြီးတော့ ဒုက္ခပေးတာ၊ အခု ... ရှင့်ကြောင့် ဆန္ဒဘယ်လောက်မျက်နှာငယ်နေရပြီဆိုတာ ရှင်သိရဲ့လား ... "

ဒီစကားကိုတော့ မခံစားနိုင်တော့လွန်းလို့ ပန်းသစ်တော်ပြောလိုက်မိတာပါ။ ဒီလူ ... မတရားတဲ့လူ။ တမင်သက်သက်ချစ်သူနှစ်ယောက်ကို မကွဲကွဲအောင် ဖန်တီးနေတဲ့လူ။

ပန်းသစ်တော် ... မမုန်းဘဲ နေပါတော့မလား။

ပန်းသစ်တော် ... မနာကြည်းဘဲ ခံနိုင်ပါတော့မလား။

"အဲဒါကတော့ ကိုယ်လည်း ဘာမှမတတ်နိုင်ဘူး ပန်းသစ်တော် ... ကိုယ်နားလည်ထားတာက ဆန္ဒဟာ သူလျှောက်ရမယ့်လမ်းကို သူ့ဟာသူပဲ ရွေးချယ်သွားတာ ... သူ့ကို မင်းဘာမှ သနားနေစရာမလိုဘူး၊ နောက်ပြန်လှည့်ကြည့်နေစရာလည်း အကြောင်းမရှိတော့ဘူး ... ကိုယ်ပြောတာ မင်းသဘောပေါက်တယ်နော်၊ အရေးကြီးတာ ကိုယ်တို့နှစ်ယောက်အတွက် အခမ်းနားဆုံး မင်္ဂလာပွဲကြီးတစ်ခု ကျင်းပနိုင်ဖို့ပါ ... ကျန်တာတွေ မင်းရင်ထဲမှာ ဘာမှထည့်မထားနဲ့တော့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... "

တဖြည်းဖြည်း စိုလာသည့် မျက်တောင်တွေကို တဖျတ်ဖျတ်ပုတ်လျက် ဦးလရောင်ခေတ် မျက်နှာကို ပန်းသစ်တော် မော့ကြည့်သည်။ ပြောစရာ စကားတွေက ရင်နဲ့မဆန့်အောင် ရှိနေခဲ့ပြီ။

"ရှင်ဘယ်လိုပဲ ကျွန်မကို သိမ်းပိုက် ... သိမ်းပိုက် ... ရှင်ဘယ်တော့မှ ကျွန်မဆီက အချစ်ကိုမရစေရဘူး၊ ရှင်နဲ့လက်ထပ်ယူပြီး လေးဘက်လေးတန် ပိတ်လှောင်ခံထားရမယ့်အစား ရေထဲခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေမယ် ... "

ပန်းသစ်တော် အပြတ်ပဲ ပြောပစ်လိုက်သည်။

"ဒီမှာ မင်းဆီက အချစ်ကို မရလည်း ကိုယ်ဂရုမစိုက်ဘူး။ ကိုယ်လိုချင်နေတာလည်း မင်းဆီက အချစ်မဟုတ်ဘူး ... ကိုယ့်ရဲ့ လှုပ်ရှားမှု မှန်သမျှတိုင်းမှာ ကိုယ်နဲ့အတူ အမြဲရှိနေမယ့် မင်းရဲ့အရိပ်ကလေးတစ်ခုကိုပဲ ကိုယ်လိုချင်တာ ... "

"ရှင် ... သွားတော့"

"ကိုယ်နောက်ဆုံးတစ်ခုပဲ မင်းကိုပြောမယ် ... ကိုယ် မင်းကို ရက်ပိုင်းအတွင်းမှာ မင်းကို လက်ထပ်မယ် ... "

ရှင်ဘယ်လိုလူလဲ ... ဦးလရောင်ခေတ်ရယ်။

နာကြည်းချက်တွေနဲ့ ရှင်ကျွန်မကို အနိုင်ယူနှိပ်စက်တော့မယ်ပေါ့။

ဟွန်း ... အဲဒါဆိုလည်း ကျွန်မကတော့ ... ။

* * *

အခန်း ( ၁၁ )

"ဆန္ဒရေ ... "

"ဟော့ကောင် ... ဆန္ဒ ... "

"ဆန္ဒ မရှိဘူးလား ... "

"ဆန္ဒ ဘယ်မှာလဲ ... "

စက်ဘီးတစ်စီးနဲ့ ညအချိန်မတော်မှရောက်လာတာ ဆန္ဒရဲ့ သူငယ်ချင်း ဝင်းကိုပါ။ ဒါကို ... ပူးလေးက ကြားလိုက်တော့ ဖိနပ်ကောက်စီးရင်း အိမ်ရှေ့လမ်းပေါ်ကိုဆင်းခဲ့၏။

"ဘာဖြစ်လို့လဲ ဝင်းကို ... ဆန္ဒက လက်ဖက်ရည်ဆိုင်မှာ"

"ဟော့ကောင် ပူးလေး ... အရေးကြီးတယ် မင်းငါ့ကို ဘာမှ ပြန်မေးမနေနဲ့ ... ဟိုမှာ ပန်းသစ်တော်က အိတ်တစ်လုံးနဲ့ အိမ်ပေါ်က ဆင်းလာပြီ ... "

"ဟာ ... "

နောက်ကိုကြည့်လိုက်တော့ အမှောင်ရိပ်အောက်မှာ ရပ်ထားတဲ့ ဆိုက်ကားတစ်စီးပေါ်မှာ ပန်းသစ်တော် ...

"လာ ... ဟော့ကောင် အချိန်မရှိဘူး၊ မင်းပါတစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့"

"ဘယ် ... ဘယ်လိုဖြစ်တာလဲ ဝင်းကို၊ ပန်းသစ်တော် ... ပန်းသစ်တော် ဆန္ဒနောက်ကို တစ်ခါတည်း လိုက်တော့မလို့လား"

"ဒါပေါ့ကွ ... "

"မိုက်တယ်ကွာ ... ကြည့်စမ်း ... "

"ဦးလရောင်ခေတ်ဆိုတဲ့လူကြီးက လက်ထပ်ယူဖို့လုပ်နေလို့ လူကြီးတွေအလစ်မှာ ပန်းသစ်တော် ခိုးထွက်လာတာ ... "

"နင်း ... နင်းလိုက် ဟော့ကောင် ... ဆန္ဒက လက်ဖက်ရည်ဆိုင်မှာ စောစောကပဲ ကျန်ခဲ့တာ ... "

တကယ်လည်း ဆန္ဒက လက်ဖက်ရည်ဆိုင်မှာ။

သူတို့အဖွဲ့ ပန်းသစ်တော်နဲ့ရောက်လာတော့ ဆန္ဒမျက်လုံးပြူးသွား၏။

"ဆန္ဒရယ် ... အဟင့် ... ဟင့် ... ဟင့် ... "

မျက်ရည်စက်လက်နဲ့ ဆန္ဒဆီကို ပန်းသစ်တော် ပြေးသွားသည်။

"ပန်းသစ်တော် ... "

မြင်နေရတဲ့မြင်ကွင်းလေးက တကယ့်ကို ကရုဏာဖြစ်စရာလေးပင်။ ဆန္ဒနဲ့ပန်းသစ်တော်က တစ်ယောက်လက်ကလေးကို တစ်ယောက်က ဆုပ်ကိုင်လျှက် မတ်တတ်ရပ်လျှက်သားလေး။ မျက်နှာချင်းဆိုင် တွေ့နေကြပုံလေးက မြင်ရသူတိုင်း ရင်မနင့်ဘဲ မနေနိုင်ကြ။ သူတို့နှစ်ယောက် သိပ်ချစ်ကြတာကိုလည်း အားလုံးက နှစ်ပေါင်းများစွာ သိလာခဲ့ကြတာမဟုတ်လား။

"ဟော့ကောင် ဆန္ဒ ... ပြောစရာရှိတာ နောက်မှပြော၊ လူကြီးတွေလိုက်လာရင် ဇာတ်လမ်းတွေ အကုန်ရှုတ်ကုန်မယ်"





"ငါ ... ငါဘာလုပ်ရင် ကောင်းမလဲ ... "

"ဟာ ... ဟော့ကောင် အခြေအနေက အားလုံးမင်းသိတဲ့အတိုင်းပဲလေကွာ၊ ဦးလရောင်ခေတ်ဆိုတဲ့ လူကြီးကို လက်မထပ်နိုင်လို့ ပန်းသစ်တော်က အိမ်ပေါ်က အပြီးဆင်းလာတာ အဲဒါ ... တစ်နေရာရာကို မင်းခိုးပြေးတော့ပေါ့ကွ"

"ဟင် ... "

"ဟုတ်တယ်ဆန္ဒ ... ဝင်းကိုပြောတာကို ငါလည်းထောက်ခံတယ်၊ ပန်းသစ်တော်ကိုခေါ်ပြီး ... မင်းခိုးတော့ ... ဒီအတိုင်းဆက်နေရင် မင်းတို့နှစ်ယောက်ဝေးရတော့မယ်၊ ဘာလုပ်မှာလဲကွာ မင်းလည်း ပန်းသစ်တော်ကို ငယ်ငယ်လေးကတည်းက ချစ်လာခဲ့တာပဲဥစ္စာ ... ဘယ်သူ့ကိုမှ ဂရုစိုက်နေစရာမလိုဘူး ဟော့ကောင် ... ရှုံ့စားရဲ့တဲ့ အသည်းနှလုံးပိုင်ဆိုင်သူတွေကိုပဲ ဖူးစာရေးနတ်မင်းကြီးဆီက အသိအမှတ်ပြုတာ ... "

သူငယ်ချင်းတွေကလည်း လက်ခုပ်တီးအားပေးနေပြီ။

ပန်းသစ်တော်မျက်နှာလေးကို လှမ်းကြည့်လိုက်တော့လည်း မျှော်လင့်ချက်တွေက မျက်ဝန်းလေးထဲမှာ တောက်ပလျှက်။ စိုစွတ်သော မျက်ရည်တွေကတော့ မျက်ဝန်းလေးထဲမှာ ခြောက်တတ်သေးပါ။

"ပန်းသစ်တော် ... နင်တကယ်သတ္တိရှိလား ... "

"အဟင့် ... "

ဟင့်ခနဲ တစ်ချက်ရှိုက်ကာ ဆန္ဒရဲ့ရင်ခွင်မှာ မျက်နှာအပ်လိုက်ပြီးမှ ပန်းသစ်တော်ပေးလိုက်တဲ့အဖြေက ရှင်းသွားပြီဖြစ်သည်။

"ဝင်းကို ... "

"ပြောကွာ ... ဆန္ဒ ... "



www.burmeseclassic.com

www.burmeseclassic.com



"ငါ … ငါ ပန်းသစ်တော်ကို ခေါ်သွားတော့မယ်"

"ငါတို့ဘာကူညီရမလဲ"

"မလိုဘူးဝင်းကို … ငါ့ပြဿနာကို ငါပဲရှင်းမယ်၊ ကဲ … ငါ သွားတော့မယ်"

"ဟာ … ဆန္ဒ … "

ပန်းသစ်တော်ယူလာတဲ့ အဝတ်အစားကျောပိုးအိတ်ကြီးကို ပုခုံးမှာလွယ်ထမ်းလျှက်၊ ပန်းသစ်တော်ကို လက်ဆွဲခေါ်ကာ လှည့်ထွက်လာခဲ့တော့ … ပူးလေးနဲ့ဝင်းကို လက်ဖက်ရည်ဆိုင်ရှေ့ ကွက်လပ်မှာ သည်အတိုင်းရပ်ကျန်ခဲ့ကြ၏။

ဆန္ဒကလည်း ပြတ်ပါသည်။

ဦးလရောင်ခေတ်ကိုတော့ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ အရှုံးမပေးနိုင်ပါ။ ပန်းသစ်တော် လက်ကလေးကို ဆွဲခေါ်လျှောက်လာသည့်တစ်လမ်းလုံးမှာ ဆံပင်ရှည်တွေ ဘယ်ညာဖျတ်ဖျတ်ခါနေအောင် လွင့်ဝဲလျှက်။ ခန္ဓာကိုယ်လေးကပါ ယိုင်ပြီးပါလာခဲ့၏။ ဆန္ဒက ခြေလှမ်းကြဲနေတာမို့ လျှောက်လာရင်းနဲ့ လမ်းမကျယ်ကြီးတစ်ခုပေါ်ကို ရောက်သွားခဲ့ပြီ။ ကြည့်လိုက်တော့ ကျိုးတိုးကျဲတဲ မီးရောင်တချို့က အလင်းရောင်ကိုပင် ကောင်းစွာမပေးနိုင်ဘဲ လမ်းမကျယ်ကြီးပေါ်မှာ အမှောင်ရိပ်တွေကသာ မင်းမူကြီးစိုးနေသည်။

ဘယ်သွားရမလဲ။

ဆန္ဒ မဝေခွဲနိုင်သေးပါ။

အရှေ့လား၊ အနောက်လား၊ တောင်လား၊ မြောက်လား။ ဒါလည်း ဆန္ဒမသိနိုင်သေးပါ။ လမ်းမကြီးတစ်လျှောက်ကို မျှော်ကြည့်လိုက်တော့လည်း တစ်စီးစ၊ နှစ်စီးစ ဖြတ်မောင်းသွားသည့်



အားမီးရောင်တချို့ကိုသာ မြင်နေရ၏။

ပန်းသစ်တော်ကတော့ လက်ဖဝါးလေးမှာ ချွေးတွေစို့လာလျှက်။

"ဆန္ဒ … ဘယ်ကိုသွားနေတာလဲ … "

မှောင်မည်းတိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကိုကြည့်ရင်း န်းသစ်တော် ကြောက်လာသည်။

"ဟေး … တက္ကစီ … "

"ကျွိ … ကျွိ … "

ဘရိတ်သံပေးရင်း တက္ကစီကားလေး ထိုးရပ်သွားသည်။

"ဘယ်လဲ … ညီလေး … "

"သာကေတကို … "

"တက်လိုက် … ညီလေး … "

ဈေးစကားပြောနေစရာတောင်မလို။ သဘောကောင်း ည့် ကားဆရာကြီးက အခြေအနေကို ရိပ်စားမိလို့လားမသိ။ ဘက် ဒီလိုအချိန်ကြီးမှာ ကျောပိုးအိတ်ကြီးတစ်လုံးနဲ့ ထွက်လာ ခဲ့တဲ့ တစ်တွဲကိုမြင်လိုက်ရကတည်းက အခြေအနေကို သဘော ါက်သွားလို့ပဲ နေမှာပေါ့။

ပြောရရင် မြောက်ဥက္ကလာနဲ့ သာကေတက နည်းနည်း းတော့ဝေးပါသည်။ ဆန္ဒက ပုခုံးထိပ်က ကျောပိုးအိတ်ကိုဖြုတ် ကားနောက်ခန်းထဲကို အရင်ပစ်ထည့်သည်။ ပြီးတော့မှ ပန်း စ်တော်ကို ကားနောက်ခန်းဆီ ဆွဲသွင်းလိုက်တာ သူက နောက် လိုက်တက်သည်။

"သာ … သာကေတမှာ ဘယ်သူရှိလို့လဲဟင် ဆန္ဒ … "

"ကိုယ့်အလုပ်ထဲက သူငယ်ချင်းပါ … သူက အမေနဲ့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းနေတာ”

“ဆန္ဒရယ် ...”

“အဟင့် ...”

ပန်းသစ်တော် ဟင့်ခနဲငိုချလိုက်ရင်း ဆန္ဒရင်ခွင်ထဲကို အလို လို ပြိုလဲသွားသည်။ ဆန္ဒက ပန်းသစ်တော်ကိုယ်လုံးလေးကို အလိုက်သင့်လေး ပွေ့ဖက်ထားလိုက်ပါသည်။

“အားမငယ်နဲ့ ပန်းသစ်တော် ... နင် ဒီအချိန်ကြီးရောက် လာကတည်းက ဘာလုပ်ရတော့မလဲဆိုတာ ငါကိုယ်ငါသိတယ် နင် ... ငါ့ကို ဒီလောက်ထိ ချစ်တာကိုလည်း ပြောမပြတတ်အောင် ငါခံစားရတယ်၊ ဒီညကစပြီး နင့်ကိုငါ ဘယ်တော့မှမခွဲတော့ဘူး မနက်မိုးလင်းတာနဲ့ တရားရုံးတစ်ခုခုကိုသွားပြီး ငါတို့နှစ်ယောက် နှစ်ဦးသဘောတူလက်ထပ်မယ် ... ဖြစ်လာသမျှကိစ္စတွေအားလုံး ကို ငါရင်ဆိုင်မယ် ...”

“ချစ်တယ် ဆန္ဒရယ် ... ဆန္ဒကို ပန်းသစ်တော် အရမ်းချစ် တယ်သိလား၊ ပန်းသစ်တော် ... အခု အိမ်က ဆင်းလာတာလည်း မကြီးစိုးတို့က ကူညီပေးလိုက်လို့ ပန်းသစ်တော် ဆင်းလာလို့ရတာ မေမေနဲ့ဖေဖေက အိပ်ပျော်နေပြီလေ ... အဲဒါ မကြီးစိုးတို့က တံခါးကို တိတ်တိတ်လေးဖွင့်ပေးလိုက်လို့ ...”

သာကေတကိုရောက်တော့ လမ်းသွယ်လေးတစ်ခုထဲအဝင် ကားကိုမောင်းဝင်လိုက်၏။ တစ်ရပ်ကွက်လုံး အိပ်မောကျချိန်ဖြစ် နေတာမို့ မီးတွေပါမှောင်ပြီး လူသွားလူလာတွေကပါ တိတ်ဆိတ် နေသည်။ သူငယ်ချင်းဇော်လေးတို့ အိမ်လေးကို အမှောင်ထဲမှာ မနည်းလိုက်ရှာတော့မှ တွေ့သည်။





နာမည်ကိုအော်ခေါ်ပြီး နိုးတော့မှ ... ဇော်လေး အိပ်ချင်မူး တူးဖြင့် တံခါးဖွင့်ကာ ထွက်လာ၏။ ညအချိန်မတော်ကြီး ဆန္ဒကို မြင်လိုက်တော့ အိပ်ချင်နေတဲ့ မျက်လုံးတွေက ထိတ်လန့်ကာ ပြူး ကျယ်သွားသည်။

“ဟာ ... ဆန္ဒ ..., မင်း ... မင်းဘယ်လိုဖြစ်လာတာလဲ”

“ငါ ... မိန်းမခိုးလာတာလေ၊ ဒါ ... ငါသိပ်ချစ်တဲ့ ပန်းသစ် တော် ...”

“သူငယ်ချင်းရာ ... လာကွာ၊ ဆန္ဒ အိမ်ထဲဝင်လိုက်၊ အထဲ ရောက်မှ အေးအေးဆေးဆေးပြောမယ်၊ ပေး ... ပေး မင်းလက်ထဲ က အိတ်ကြီး ငါ့ကိုပေး ...”

“လာလေ ... ပန်းသစ်တော်၊ ဒါ ... ငါတို့ဆောက်လုပ်ရေး နယ်ထဲက ငါနဲ့ခင်သွားတဲ့သူငယ်ချင်း ... ဒီမှာ ခဏနေပြီးတော့မှ ဘာဆက်လုပ်ရင်ကောင်းမလဲဆိုတာ စဉ်းစားမယ်”

အိမ်လေးက သွပ်မိုးပျဉ်ကာ အိမ်ကလေးပါ။

အိမ်ရှေ့ခန်းဘုရားခန်းလေးအောက်မှာပဲ ပန်းသစ်တော် ကျုံ့ကျုံ့လေးဝင်ထိုင်လိုက်ရ၏။

“သား ... ဘယ်သူတွေလဲ ...”

အဒေါ်ကြီးတစ်ယောက် ထွက်လာပြီး မေးသည်။

“ဟာ ... အမေသိတယ်မို့လား၊ ဟိုတစ်နေ့က ဒီကိုလာလည် သွားတဲ့ ဆိုက်ထဲက သားသူငယ်ချင်း မင်းဆန္ဒလေ ... အဲ ... ဒါ သူချစ်နေတဲ့ ကောင်မလေးတစ်ယောက်ကို ခိုးပြေးလာလို့”

“ဟယ် ... ကြည့်စမ်း ...”

ပန်းသစ်တော်ရှက်ပြီး မျက်နှာလေးကို ငုံ့ချပစ်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးရယ် ... သမီးလေးက တကယ်ချစ်စရာလေးပါ လား၊ ကြည့်ပါဦး ... ဆံပင်တွေကလည်း အရှည်ကြီးနဲ့၊ မကြောက် နဲ့နော် ... သမီးလေး ... ဒီအိမ်မှာ ဒေါ်ကြီးတို့ သားအမိနှစ်ယောက် တည်းနေတာ"

"သူ့နာမည်က ပန်းသစ်တော်လို့ခေါ်တယ်အမေ ... ဆန္ဒက အလုပ်အတူတူလုပ်ရင်းပြောနေလို့ ဒီနာမည်ကို သားအလွတ်ရနေ တာ"

"နာမည်လေးကလည်း ချစ်စရာလေး မိဘတွေက ပိုက်ဆံ ချမ်းသာတယ်နဲ့တူတယ်"

"ချမ်းသာတယ်အမေ ... နေတာတောင် မြောက်ဥက္ကလာ မှာ ခြံကျယ်တိုက်မြင့်ကြီးနဲ့နေတာ ... ဆန္ဒကပဲ ဆင်းရဲတာ၊ အဲဒါ ပန်းသစ်တော်ရဲ့မိဘတွေက သူတို့သဘောကျတဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးနဲ့ အတင်းပေးစားနေလို့ ခိုးပြေးလာကြတာ၊ ကဲ ... ကဲ ... အမေလည်းပြန်အိပ်တော့ ... သားပဲ သူတို့နှစ်ယောက်ကို ဧည့်ခံရင်း စကားပြောလိုက်မယ်"

"လိုတာတွေ ထုတ်ပေးလိုက်နော်သား ... အမေ့ဗီရိုထဲမှာ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးအပိုလေးတွေရှိတယ်၊ ဟင်း ... ဟင်း အိမ်ကကျဉ်းတော့ ဧည့်သည်တွေကို ဖြစ်သလိုသိပ်ရမှာ အမေအား နာလိုက်တာကွယ်"

"ရပါတယ် ဒေါ်ဒေါ် ... ကျွန်တော်တို့နေတတ်ပါတယ်။ ဒေါ်ဒေါ်တို့အိမ်မှာ တစ်ရက်နှစ်ရက်လောက်တော့ နေခွင့်ပေးပါ"

"အို ... တစ်ရက်နှစ်ရက်မဟုတ်ဘူး၊ ကြိုက်သလောက်နေ ပျော်သလောက်နေ ဘာမှအားနာမနေနဲ့ ဟုတ်ပြီလား ... "

"ကျေး ... ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ် ... "





ဆန္ဒနဲ့ပန်းသစ်တော် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ဒေါ်ဒေါ် အိပ်ခန်းထဲပြန်ဝင်သွားတော့ ဖော် လေးက ဖျာတစ်ချပ်နဲ့ စောင်ခြင်ထောင် ခေါင်းအုံးတွေ ချပေး၏။

"ကဲ ... မင်းတို့လည်း အိပ်ကြတော့၊ မနက်ကျမှ ငါတို့အေး အေးဆေးဆေး စကားပြောမယ် ... "

ဖော်လေးက ပြင်ဆင်ပေးစရာတွေ အားလုံးပြင်ဆင်ပေး သွား၏။

ဘာပဲပြောပြော ဘဝကတော့ အခုမှ တကယ်စခဲ့ပါပြီ။

ဆန္ဒက ပန်းသစ်တော်မျက်နှာလေးကို လှမ်းကြည့်သည်။

"နှင် ... သိပ်ကြောက်နေပြီလား ပန်းသစ်တော် ... "

"မကြောက်ပါဘူး ... "

"ငါတို့နှစ်ယောက် အတူတူ ရင်ဆိုင်ကြမယ်နော်"

ပန်းသစ်တော်ရဲ့ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်မိချိန် တွင် ရင်က နှစ်ဆပိုခုန်သွားသည်။ ဟိုတုန်းကနဲ့မတူသော ပြင်းပြင်း ပြပြဝေဒနာလေးတစ်ခုက ရင်ထဲမှာ လာစွဲ၏။ ပန်းသစ်တော်က ပန်းဆီရောင်လွှမ်းသော မျက်နှာလေးကို ဖျတ်ခနဲ ငုံ့ချပစ်ကာ ဖျာ ကြမ်းလေးကိုပဲ အဓိပ္ပာယ်မဲ့ ငေးစိုက်ကြည့်နေသည်။

ငယ်သူငယ်ချင်း ချစ်ရသူမို့ လက်ဖျားလေးနဲ့တောင် မတို့ ချင် မတို့ရက်ခဲ့တာ။ ဆန္ဒရဲ့ ရင်ထဲက မြတ်နိုးမှုတွေကြောင့်ပါ။

"ဆန္ဒရယ် ပန်းသစ်တော် ဆန္ဒနဲ့မခွဲနိုင်လို့ တစ်ယောက် တည်းစွန့်စားပြီး ထွက်လာခဲ့တာပါ ... ဆန္ဒနဲ့သာမတွေ့ရင် ရောက် ချင်ရာရောက် ပန်းသစ်တော် အဝေးကိုထွက်သွားတော့မှာ ဦးပဲ ရောင်ခေတ်ကို လုံးဝမချစ်တာ ဆန္ဒယုံကြည်ပါ ... "

"ပန်းသစ်တော်ရယ် ... နှင့်ငါကို ဘယ်လောက်ချစ်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ငါသိပါတယ် ... အခုလည်း ငါအလုပ်လုပ်နေတာ နှင့်အတွက်ပါ၊ ဖော်လေးနဲ့လည်း ငါတိုင်ပင်ထားတယ် ... ငါတို့နှစ်ယောက် ဝပ်ရှော့တစ်ခုခုမှာသွားပြီး ... ကားပြင်သင်တန်းတက်ကြရင် ကောင်းမလားလို့ ... "

"ပန်း ... ပန်းသစ်တော်လည်း အလုပ်လုပ်မယ်၊ ကုမ္ပဏီတစ်ခုခုမှာ ဝင်လျှောက်မယ်၊ ဒါမှ နှစ်ယောက်လုပ်စာလေးနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မှာနော် ... "

တက်တက်ကြွကြွလေး ပြောလိုက်တဲ့ ပန်းသစ်တော်ရဲ့ မျက်နှာလေးပေါ်မှာ အနာဂတ်ကို တည်ဆောက်ဖို့ အားမာန်တွေ အပြည့်နဲ့၊ ဒါကိုနားထောင်ပြီး ဆန္ဒက ပန်းသစ်တော်ရဲ့ ပုခုံးလေးကို ကြင်နာစွာ ဆုပ်ဖက်ထားသည်။

ဘာပဲပြောပြော ခုချိန်မှာ ဆန္ဒ ပြေးမြင်လိုက်မိတာ ...

အမေနဲ့ကြီးကြီးသော်တို့နှစ်ယောက်ရဲ့ မျက်နှာ။

အချစ်ဆိုတာ ပေါက်ကွဲလွယ်တဲ့ မီးစ, တစ်စ,တဲ့လား။

~ ~ ~

အခန်း ( ၁၂ )

"အိမ်ရှင်တို့ရှိလား ခင်ဗျာ ... "

"တံခါးဖွင့်ပါ"

"ကျွန်တော်တို့ ရပ်ကွက်လူကြီးတွေပါ ... "

"ဟင် ... ဆန္ဒ လုပ်ပါဦး ... ရပ်ကွက်လူကြီးတွေတဲ့"

ခါတ်မီးရောင်တွေ တဝင်းဝင်းနဲ့၊ အိမ်တံခါးကို ဆူညံနေအောင် လာခေါက်နေတဲ့အသံတွေ။ နှစ်ယောက်သား အိပ်တော့မလို့ပြင်ဆင်ပြီးကာမှ ရုတ်တရက် ဆူညံလာတဲ့အသံတွေကြောင့် ကြောက်လန့်ကာ ဖျတ်ခနဲ ထထိုင်လိုက်ရ၏။

"ဘာဖြစ်လို့လဲဟင် ... ဘာကိစ္စရှိလို့လဲ ... "

အိပ်မပျော်နိုင်သေးသည့် ဖော်လေးက တံခါးကိုအပြေးအလွှား သွားဖွင့်ကာ ... ရပ်ကွက်လူကြီးတွေကို ရင်ဆိုင်သည်။

"ဒီမှာကွာ ... တက္ကစီမောင်းသမားက သတင်းပေးလိုက်လို့ ခိုးပြေးလာတဲ့စုံတွဲနောက်ကို မိဘတွေ လိုက်လာတာ ဘယ်မှာလဲ စုံတွဲ။

"ဟာ ... "



www.burmeseclassic.com

www.burmeseclassic.com



ဖော်လေး ဘာမှမတတ်နိုင်တော့။

ဆန္ဒတို့ စုံတွဲလည်း ထွက်ပြေးလို့မရတော့။

"ချေးထက်မိုက်တဲ့သမီး ..."

"ပန်းသစ်တော် ..."

"ညည်း ... အခုထွက်ခဲ့စမ်း ..."

ဒေါ်မေမေသော် ပွဲကြမ်းပြီ။

အိမ်အဝက လူကြီးတွေကိုကျော်ဖြတ်ကာ ချက်ချင်းပင် ပန်းသစ်တော်အနားကို ရောက်သွား၏။ စိတ်ကမြန်သလို လက်က ပါ မြန်တာမို့ ဆန္ဒမျက်နှာကို ရှူးရှူးဝါးဝါးတစ်ချက် စိုက်ကြည့်ရင်း အံကြိတ်တက်ခေါက်ကာ သမီးဖြစ်သူကို ဝင်ဆွဲသည်။

"သမီးမိုက် ..."

"ဒီလို ကောင်စားမျိုးနဲ့ ညည်းလိုက်ပြေးစရာလားဟဲ့"

"ဖြန်း ..."

"ဟာ ..."

ပုခုံးတစ်ဖက်ကိုဆွဲပြီး ပန်းသစ်တော်ရဲ့ ပါးတစ်ဖက်ကို ရိုက်ချလိုက်တာ ဆန္ဒလှမ်းတားချိန်မရလိုက်။ ရိုက်လိုက်တဲ့အရှိန်နဲ့ ကြမ်းပြင်လေးထက်မှာ ပန်းသစ်တော် လဲကျသွားသည်။

"အဟင့် ... ဟင့် ... ဟင့် ..."

"အဟင့် ... ဟင့် ... ဟင့် ..."

"ကြီးကြီးသော်နော် ... ကြီးကြီးသော်ရိုက်ချင်ရင် ကျွန်တော့်ကိုပဲရိုက်ပါ ... ပန်းသစ်တော်ကို မရိုက်ပါနဲ့ဗျ ... ကျွန်တော် မခွဲနိုင်လို့ ပန်းသစ်တော်ကိုခေါ်လာတာ ... ပန်းသစ်တော်မှာ ဘာအပြစ်မှမရှိဘူး ..."

"မင်း ... မင်း ဝင်မပြောနဲ့ဆန္ဒ ... ငါအခုလိုက်လာတာ





မင်းနဲ့သဘောမတူလို့ ညတွင်းချင်းလိုက်လာတာ၊ မင်းတို့နှစ်ယောက်ကို မရရအောင်ခွဲဖို့ လိုက်လာတာ ... နန်းပလ္လင်မြင့်မှာ ထီးနန်းစံမယ့်ဘုရင်မကိုမှ အားမနာလျှာမကျိုး မင်းမို့ခိုးပြေးရက်တယ်"

ကြီးကြီးသော်ပြောပြီး သူ့သမီးဘက် မျက်နှာ ဆတ်ခနဲပြန်လှည့်သည်။ ခပ်ကြမ်းကြမ်းဆွဲချသွားတော့မယ့်အတိုင်း လက်ကိုရွယ်၏။ ဆန္ဒဘာပြောလို့ရတော့မှာလဲ။ ခေါင်းငိုက်စိုက်ချသွားတာမျိုး မဟုတ်ပေမယ့် အိမ်ပေါ်ကို စုပြုံတက်လာသည့် တာဝန်ရှိလူကြီးတွေရှေ့မှာ မခံချင်စိတ်ကြောင့် မျက်ဝန်းတွေရဲရဲနီသည်။

"သား ... မင်းဆန္ဒ ..."

"ဟာ ... မေမေ ..."

နောက်ထပ် ရင်ဘတ်စည်တီးပြေးတက်လာတာ ဒေါ်ထားထားညိုပင်။

"မင်း ... မင်း ... ကိုယ်နဲ့မတန်မှန်းသိရဲ့သားနဲ့ ဘာလို့ဒီလိုလုပ်ရတာလဲ မေမေ့ကိုပြောစမ်း ... မင်းကြောင့် မေမေ ဘယ်လောက်အပြောအဆိုခံရနေပြီဆိုတာ မင်းသိရဲ့လား သားငယ်လေးရယ် ... အဟင့် ... ဟင့် ... ဟင့် ..."

သားနားကိုအရောက်မှာ ဒူးထောက်ငိုချလိုက်တာ ရင်ကွဲပက်လက်လေးပါ။ ဖော်လေးက အားလုံးကို တောင်းပန်သည်။

"ကျွန်တော်က မင်းဆန္ဒရဲ့ သူငယ်ချင်းဖော်လေးပါ။ သူတို့နှစ်ယောက် တကယ်ချစ်လို့ ကျွန်တော့်အိမ်ကို ခိုးပြေးလာတာပါ။ ကျွန်တော်ကြားထဲက တောင်းပန်ပါတယ် ... သူတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကို မခွဲပါနဲ့ ..."

"အဲဒါ ... မဖြစ်နိုင်ဘူး ... ညီ ..."



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေနောက်မှာ ပေါ်လာတဲ့အသံ။

ဆန္ဒ မသက်ာလို့ နောက်ကိုလှည့်ကြည့်လိုက်တော့။

"ဟင် ..."

ဦးလရောင်ခေတ် ...

"ဒီကောင်မလေး ပန်းသစ်တော်က ကိုယ်နဲ့မကြာခင် တခမ်းတနားလက်ထပ်တော့မှာ၊ ဒါကြောင့် ... စိတ်ပူပြီး ညတွင်း ချင်းလိုက်လာကြတာ၊ ကိုယ် ... ပန်းသစ်တော်ကို ဖှတ်ဖက်ခါပြီး ပြန်ခေါ်သွားမှာပါ ... အချိန်မှီသေးတယ်လို့ ကိုယ်ယုံကြည်တယ် လေ"

"ခင်ဗျား ..."

ဆန္ဒ အထိန်းအချုပ်မဲ့စွာ ဝုန်းခနဲ ထရပ်လိုက်မိပြီ။

"ခင်ဗျား ... မပြောနဲ့ ... ဒီပြဿနာတွေအားလုံးဖြစ်တာ ခင်ဗျားကြောင့်ဖြစ်တာ ... ရည်းစားရှိနေတဲ့ ကောင်မလေးတစ်ယောက်ကို အရှက်သိက္ခာတစ်စက်မှ မရှိတဲ့မျက်နှာနဲ့ ခြေတော်တင်သိမ်းပိုက်ဖို့ ခင်ဗျားကြိုးစားခဲ့လို့ဖြစ်တာ ပန်းသစ်တော်ကို အခုအချိန်ကစပြီး ဘယ်သူမှ လက်ဖျားနဲ့ထိဖို့ မကြိုးစားနဲ့ ... ပြန်ခေါ်သွားဖို့လည်း မစဉ်းစားနဲ့ ခေါ်ရင် ... ခေါ်တဲ့လူကို ကျွန်တော်ရိုက်ပြီးသားပဲ ..."

ပြောရင်း ... ပန်းသစ်တော်ရှေ့ကို ဆန္ဒရောက်သွားသည်။

ကိုယ်နဲ့ကွယ်ပြီး ပန်းသစ်တော်ကို နောက်ရောက်အောင် ပို့လိုက်၏။

"ဟုတ်တယ် ... ဆန္ဒပြောတာအမှန်ပဲ ရှင့်ကိုမချစ်လို့ ဆန္ဒနောက်ကို ကျွန်မလိုက်လာတာ ... ရှင်တို့ခေါ်လည်း ကျွန်မပြန်မလိုက်ဘူး ..."





"ကြည့်စမ်း ..."

ဒေါ်မေမေသော် ... အသားတွေ တဆတ်ဆတ်တုန်သွားသည်။

"မင်း ... မင်း ဘယ်လိုပြောလိုက်တာလဲ သားဆန္ဒ ... သူတို့သဘောမတူလို့ ခွဲတာကို မင်းပြန်မထည့်လို့ရမလား ... အခု ပန်းသစ်တော်လေးကို မင်းလွှတ်လိုက် ... မင်းကို မေမေပြောနေတယ်၊ မေမေ့စကားကို မေမေ့သားလေး နားထောင်စမ်း ... မေမေ့မျက်နှာကို မေမေ့သားလေး မော့ကြည့်စမ်း ..."

မေမေ့မျက်လုံးထဲက စီးကျလာနေတဲ့ မျက်ရည်တွေက ပါးပြင်နှစ်ဖက်စလုံးမှာ ပြည့်လို့။

"မေမေရာ ... သား ... သား ..."

"လောကကြီးမှာ အကောင်းဆုံးကို ကိုယ်က ဘယ်တော့မှ ရွေးချယ်လို့မရဘူး ... အကောင်းဆုံးကပဲ ကိုယ်နဲ့ထိုက်တန်တာကို ရွေးချယ်သွားမှာ၊ လာ ... သမီး ပန်းသစ်တော်၊ ကြီးညိုစကားကို သမီးလေးနားထောင် ... မေသော်နောက်ကို သမီးလေး ပြန်လိုက်သွား ... လူငယ်တွေ ဒီလိုမိုက်တာကို ကြီးညိုလက်မခံနိုင်ဘူး"

"အဟင့် ... ဟင့် ..."

ပန်းသစ်တော်ရဲ့ ရှိုက်သံလေးတစ်ခုကသာ ရင်နင့်ကြေကွဲစွာ။

ဒေါ်မေမေသော်က ငိုနေတဲ့ ပန်းသစ်တော်ရဲ့ ဆံပင်ရှည်တွေကို ဆောင့်ဆွဲကာ အတင်းခေါ်တော့ ... သူတို့နှစ်ယောက်ကြားမှာ ဝင်ကာလိုက်ရသူက ဒေါ်ထားထားညိုပဲ ဖြစ်နေခဲ့၏။

"သား ... မင်းဘာမှ မပြောနဲ့ ..."

ဒေါ်ထားထားညို အသံတွေက လှိုက်တုန်လို့။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မေမေရာ ... သား ... သား လုံးဝမကျေနပ်လို့ ဒီကိစ္စကိုပြောနေတာ၊ ဦးလရောင်ခေတ်ဆိုတဲ့လူ အရမ်းမိုက်ရိုင်းတယ် ... နေပါဦး ... ဦးလရောင်ခေတ်၊ အရမ်းချစ်နေတဲ့ ကျွန်တော်တို့ချစ်သူနှစ်ယောက်ကြားမှာ မကွဲကွဲအောင် ခင်ဗျားလိုက်ခွဲနေတာ ဘာသဘောလဲ၊ ပန်းသစ်တော်ကို ချစ်လို့ပါဆိုတဲ့ မခိုင်လုံတဲ့ အကြောင်းပြချက်တစ်ခုကို ကျွန်တော် လက်မခံနိုင်ဘူး ... ခင်ဗျားမှာ အကြောင်းတစ်ခုခုရှိရမယ် ... "

"ဒါတွေနောက်မှ မင်းနဲ့ကိုယ်နဲ့ ဆွေးနွေးမယ်လေ ဆန္ဒ ... မင်း ပန်းသစ်တော်ကို တကယ်ချစ်တယ်မို့လား ... ချစ်ရင် ပေပေတေတေဘဝမျိုးနဲ့ လက်ထပ်ယူဖို့ မင်းဘယ်တော့မှ မကြိုးစားနဲ့၊ တစ်ကျပ်ပဲရရ နှစ်ကျပ်ပဲရရ အလုပ်ကိုကြိုးစား ... တော်နေတတ်နေအောင် အမြဲလေ့ကျင့် ... အဲဒါ ... ဒီည ကိုယ်မင်းကိုပြောချင်တဲ့ စကားပဲ ... အဆင့်အတန်းခွဲတတ်တဲ့ လောကကြီးကို မင်းမုန်းသလို ကိုယ်လည်းမုန်းလို့ ဒီဘဝထိရောက်အောင် ကြိုးစားလာခဲ့တာ၊ လရောင်ခေတ်က ပေတေလေလွင့်နေတာကို မကြိုက်ဘူး ... နာကြည်းချက်တွေ ခံစားချက်တွေနဲ့ ကိုယ့်ဘဝကိုယ် တိုးတက်အောင် လုပ်တာပဲကြိုက်တယ် ... ကဲ ... ရပ်ကွက်လူကြီးတွေအားလုံးကို ကျေးဇူးတင်ပါတယ် ... "

"ဆန္ဒ ... "

ပန်းသစ်တော်ဆီက ကြေကြေကွဲကွဲ လှမ်းအော်ခေါ်လိုက်တဲ့အသံလေး။

ကြီးကြီးသော် ဆွဲခေါ်ရာနောက်ကို ယိုင်နဲ့နေတဲ့ ခြေလှမ်းကလေးတွေနဲ့ ဒရွတ်တိုက်ပါသွားရင်း ပန်းသစ်တော် နောက်ပြန်လှည့်ကြည့်သည်။





ဦးမောင်မောင်ပြုံးက ကားပေါ်မှာပဲ ငူငူကြီးထိုင်နေ၏။

သည်အိမ်လေးရှေ့မှာ ... ကားထိုးရပ်လိုက်ကတည်းက သက်မဲ့အရုပ်တစ်ရုပ်လို ထိုင်နေကာ အောက်ကိုလည်းမဆင်း၊ အိမ်ထဲကိုလည်း လိုက်မဝင်ဘဲ ပြဿနာထဲကနေ ဘေးထွက်နေဖို့ပဲ ကြိုးစားခဲ့တာ ဖြစ်သည်။

သမီး ပန်းသစ်တော်ကို မေကိုယ်တိုင် လက်မောင်းကို ချိတ်ဆွဲလျှက် အတင်းဆွဲချခေါ်လာတာကိုလည်း မြင်ပါလျှက်နှင့် တမင်သိချင်ဟန်ဘဲ ဆောင်နေခဲ့သည်။ ကားနောက်ခန်းတံခါးကို ဝုန်းခနဲဆွဲဖွင့်လိုက်တာ ပန်းသစ်တော်ကို ကားထဲရောက်အောင် နောက်ကနေ အတင်းထိုးတင်လိုက်တာတွေအားလုံး ကိုယ်နဲ့မဆိုင်သလိုပင် ဦးမောင်မောင်ပြုံး တစ်လုံးမှမပြောဘဲ ရေငုံနှုတ်ပိတ်နေခဲ့၏။

"ဝင်စမ်း ... "

"ခွေးထက်မိုက်တဲ့ သမီး ... "

"မောင်လရောင်ခေတ်ကို ဘယ်လောက်မျက်နှာပူဖို့ကောင်းလဲ ... "

"အဟွန်း ... ရပါတယ် အန်တီ၊ လူငယ်တွေဖြစ်တတ်တဲ့ သဘောသဘာဝကို ကျွန်တော်နားလည်ပါတယ် ... အန်တီတို့ အန်ကယ်တို့ဆီက ကျွန်တော်တစ်ခုပဲ တောင်းဆိုချင်တာက ဒီည ပန်းသစ်တော်ကို ကျွန်တော်တို့နှစ်ယောက်နေမယ့် ခြံနဲ့တိုက်ကို ကျွန်တော်ခေါ်သွားပါရစေ ... ကျွန်တော် ပန်းသစ်တော်နဲ့နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောချင်လို့ပါ ... ကျွန်တော် သူ့ကို ရှင်းပြချင်တာတွေ ရင်ထဲမှာရှိနေလို့ပါ ... "

"အို ... ခေါ်သွား ... ခေါ်သွား ... မောင်လရောင်ခေတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆို စိတ်ချတယ်"

"ဟာ ... သမီးမလိုက်ဘူးနော် ... "

ပန်းသစ်တော် ငြင်းလိုက်ပေမယ့် ဒီလိုငြင်းတာက အရာ ထင်ပါတော့မလား။

"ကဲ ... အန်ကယ် ဒီရပ်ကွက်ထဲကလွတ်အောင် အရင် မောင်းလိုက်ပါ ... "

အံကြိတ်တက်ခေါက်ရင်း ကျန်ခဲ့တာ မင်းဆန္ဒပါ။

ဒေါ်ထားထားညိုကတော့ မျက်ရည်ပေါက်ပေါက်ကျရင်း သားကိုပဲ ဖက်ထားလျှက်။ ဖော်လေးက အိမ်အဝမှာ ကျောဖေး ထိုင်ရင်း ဆန္ဒအတွက် စိတ်မာတ်ကျနေ၏။ စိတ်မကောင်းပေမယ့် သူက ဘာတတ်နိုင်မှာလဲ။ တက္ကစီ ဒရိုင်ဘာက သတင်းပေးလိုက် လို့ အိမ်ကိုတန်းလိုက်လာတာ ... အဲလိုမှ မဟုတ်လို့ကတော့ အေး ဆေးပါ။

"ဆန္ဒရာ ... မင်းဘာမှစိတ်မကောင်းမဖြစ်နဲ့ကွာ သိလား ပန်းသစ်တော်က မင်းဆီကိုပဲ မဖြစ်ဖြစ်တဲ့နည်းနဲ့ရောက်အောင် ပြန် လာမှာပါ ... ငါသဘောပေါက်တယ် ... ပန်းသစ်တော် မင်းကို တကယ်ချစ်တယ်ဆိုတာ ငါယုံတယ်"

နောက်ဆုံးမှာတော့ ခေါင်းငိုက်စိုက်ချလျှက်။

တက္ကစီ တစ်စီးကိုငှားပြီး ပြန်လာခဲ့ရတဲ့ တစ်လမ်းလုံး မေမေနဲ့လည်း စကားမပြောနိုင်။

ထိုအချိန်မှာ ပန်းသစ်တော်ကတော့ ...

မီးရောင်တွေ ထိန်ထိန်ငြီးနေသည့် ထည်ဝါခမ်းနားသော တိုက်သစ်ကြီးတစ်လုံးထဲမှာ မျက်ရည်တွေက တဖြုတ်ဖြုတ်ကြွေ ဆင်းလျှက်ရှိနေသည်။ မလိုက်ချင်ဘူး ငြင်းတာလည်းမရ။ ပတ်ခန်း





ကျင်က ဝေဖန်မှာတွေ ပြောမှာတွေကိုလည်း မေမေက ဂရုမစိုက် တော့ဘဲ ခြံဝအထိလိုက်ပို့ကာ အတင်းအဓမ္မထားပစ်ခဲ့တာ။ လက်ထပ်ပွဲပျက်မှာ ကြောက်လို့လား။

ခြံကြီးကတော့ အကျယ်ကြီးပါ။

ခြံစောင့်လင်မယားနှင့် အလုပ်သမားတချို့နေသည်ဆိုပေ မယ့် ခုချိန်ထိတော့ ခြံတံခါးနှင့်တိုက်တံခါးသော့တွေ လိုက်ဖွင့်ပေး သည့် အသားညိုညို ဘကြီးတစ်ယောက်ကိုသာ တွေ့ရသေးသည်။ စိတ်တိုတို ဒေါပွပွနှင့် ဆံပင်ရှည်တွေကို လက်ကိုင်ပုဝါဖြူလေးနှင့် ခပ်ကျစ်ကျစ် စည်းနှောင်ပစ်လိုက်တာလည်း ပန်းသစ်တော်ပဲဖြစ် သည်။

ခုံမှာ ဝင်ထိုင်လိုက်တော့လည်း ခုံတွေက တစ်ကိုယ်လုံး မြုပ်ဝင်သွားလုမတတ် အိစက်ညက်ညောနေတာ သိလိုက်ရသည်။

"ရှင် ... ရှင် တော်တော်ဒုက္ခပေးတဲ့သူပဲ ... သိလား ဦးလ ရောင်ခေတ်ရဲ့ ... ရှင့်ကို ဆန္ဒမေးသလို ရှင်ဘာရည်ရွယ်ချက်တွေနဲ့ ဒီလိုလျှောက်လုပ်နေသလဲဆိုတာ ကျွန်မသိချင်တယ် ... ဒီဇာတ် လမ်းမှာ ရှင်သာမရှိရင် ကျွန်မနဲ့ဆန္ဒ အေးအေးဆေးဆေးဖြစ်နေပြီ"

ဦးလရောင်ခေတ်က ခုံမှာလည်းဝင်မထိုင်ဘဲ လက်ပြောင် သော စားပွဲမျက်နှာပြင်ပေါ်မှာ လက်နှစ်ဖက်ထောက်လျှက် နံရံ ထက်ဆီက ရှုမျှော်ခင်း ပန်းချီကားကြီးကို မော့ကြည့်ကာ နှုတ်ခမ်း မဲ့ပြီး ပြုံးသည်။

"ဟွန်း ... ဒါကို မင်းကပါ သိချင်နေပြီလား ပန်းသစ်တော် ဒါ ... ကိုယ့်ကို သံသယတွေနဲ့ မင်းတို့စောင့်ကြည့်နေတဲ့ သဘော မျိုးဖြစ်နေတယ် ... အင်းပေါ့လေ ... ဒါလည်း မင်းတို့မလွန်ပါဘူး ပြောရရင် ... မိုးပေါ်ကကျလာသလို ကိုယ်က မင်းတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲကို ဝင်လာခဲ့ရတာ ... ထားလိုက်ပါတော့ ...”

ပြောရင်း ထောက်ထားသည့်လက်တွေကို ပြန်သိမ်းကာ ကိုယ်ကိုတစ်ပတ်လှည့်လိုက်တော့ ပန်းသစ်တော်နှင့် မျက်နှာချင်းဆိုင်အနေအထားဖြစ်သွားသည်။ ဒါကို ... ဦးလရောင်ခေတ်က စားပွဲ စွန်းမှာပဲ ခပ်လျှော့လျှော့ကပ်မှီလိုက်ကာ ...

“ကိုယ်တကယ်မင်းကို ချစ်ခဲ့တာ ပန်းသစ်တော် ...”

“ရှင် ...”

“အတုမဲ့တဲ့ဘဝလေးတစ်ခုကို မင်းနဲ့အတူတည်ဆောက်ချင်လို့ ကိုယ်ဒီလောက် ရူးသွပ်သွားခဲ့တာ”

“ဘုရားရေ ... အဲဒါ ရှင်တကယ်ပြောနေတာ”

မျက်ရည်တွေ စိုစွတ်ဆဲရှိသည့် ပန်းသစ်တော်ရဲ့ မျက်တောင်ရှည်တွေ ဖျတ်ခနဲ ပင့်တက်သွားခဲ့၏။ နှုတ်ခမ်းစွန်းလေး တစ်ဖက်မှာတော့ အရိပ်ကွေးလေးတစ်ခု ခပ်မှဲ့မှဲ့လေး စွဲထင်သည်။

“ကိုယ်တကယ်ပြောတာပေါ့ ပန်းသစ်တော် ... မင်းကို မမျှော်လင့်ဘဲ တွေ့ခဲ့ရတဲ့နေ့ကစပြီး လှပတဲ့ အိပ်မက်လေးတစ်ခု မက်ခွင့်ရဖို့ ကိုယ်မျှော်လင့်ခဲ့တာပါ ... မင်းကို တွေ့ခွင့်ရနိုင်မယ့်နေရာတွေကစောင့်ပြီး မင်းနောက်ကို လိုက်ဖို့ ကိုယ်ကြိုးစားခဲ့တယ်၊ မင်းမှာ ချစ်သူရှိနေတာ ကိုယ်ဂရုမစိုက်ခဲ့ဘူး ... အရေးအကြီးဆုံး ကိုယ်လိုချင်တာ မင်းဆီက လက်ထပ်ခွင့် ...”

အဆုံးသတ်အဖြေက နောက်ဆုံးမှာတော့ ဒါပဲဖြစ်သည်။

သူက ပြောပြီးတာနှင့် ကိုယ်ကို မတ်မတ်ဆန့်ကာ ပန်းချီကားကြီးဘက်ကို မျက်နှာ ပြန်လှည့်သည်။

“အဲဒီအတွက် ကိုယ်ကြိုးစားခဲ့ရတာတွေက အများကြီးပါ၊ အတိုက်အခိုက်တွေ ရင်းနှီးသူတွေဆီက ကန့်ကွက်ရှုံ့ချမှုတွေ





ကိုယ်ရဲ့ပါတနာ အသိုင်းအဝိုင်းတွေထဲက ကိုယ့်နောက်ကွယ်မှာ တီးတိုးဝေဖန်မှုတွေ ... ဒါတွေအားလုံးကို ကိုယ်ဂရုမစိုက်ဘဲနဲ့ မင်းကိုပဲ ကိုယ်ရွေးချယ်ခဲ့တယ် ... မင်းရဲ့ဖေဖေဆီကို တိုက်ရိုက်န်းဆက်ပြီး ကိုယ်လိုအပ်တာတွေကို ဖွင့်ပြောတောင်းဆိုခဲ့တယ်၊ ဒါ ... ကိုယ်မင်းကို သိပ်ချစ်လို့ပါ ... အခု ... မင်းကိုခေါ်လာတဲ့ ဒီခြံနဲ့တိုက်က မင်းနဲ့အတူနေဖို့ ကိုယ်ပြင်ဆင်ထားတဲ့တိုက်၊ မင်းအတွက် လိုတာမှန်သမျှ ဒီနေရာမှာ အကုန်ရစေရမယ် ...”

“ကျွန်မ ... ဒါတွေလုံးဝမမက်ဘူး ... သိလား ဦးလရောင်ခေတ် ...”

ပန်းသစ်တော် မျက်နှာလေးမော့ကာ ပြောသည်။

နာရီကိုကြည့်လိုက်တော့ မနက်သုံးနာရီ ထိုးတော့မည်။

မေမေနဲ့ဖေဖေကို အထက်စီးကနေ အနိုင်ကျင့်ပြီး ဒီနေရာကို အတင်းအကြပ်ခေါ်လာသည့်အတွက် ရင်ထဲမှာ နာသည်။ မလွဲသာလို့ လိုက်ခဲ့ရပေမယ့် ဟိုမှာ ကျန်နေခဲ့သည့် ဆန္ဒအတွက် ပြုတ်ကျလာရသည့် မျက်ရည်စက်တွေကပင် ရေတွက်လို့မနိုင်။

“ကိုယ်သိပါတယ် ... ဒါတွေ မင်းမမက်တာလည်း ကိုယ်နားလည်တယ် ... ဒါပေမဲ့ ... ပြင်ဆင်စရာရှိတာတွေ ကြိုတင်ပြင်ဆင်ထားရမယ်ဆိုတဲ့ ကိုယ့်ဘက်အပိုင်းက တာဝန်ယူမှုတွေက မင်းအတွက်ဆိုတာတစ်ခုကလွဲပြီး ကိုယ်ခေါင်းထဲမှာ ဘာမှမရှိခဲ့ဘူး”

“နေပါဦး ... ဦးလရောင်ခေတ် ... ကျွန်မတို့ချစ်သူနှစ်ယောက်ကို ညဉ့်နက်သန်းခေါင်အထိ မရရအောင်လိုက်ခဲ့ပြီး ဒီခြံထဲကို ခေါ်လာတာ ဘာသဘောလဲ ... ရှင့်ရဲ့စည်းစိမ်ချမ်းသာတွေ ကျွန်မမြင်အောင်ပြပြီး စည်းရုံးနေတာလား ...”

ပန်းသစ်တော် ခပ်ပြတ်ပြတ်ပဲ မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို အောက်တန်းကျတဲ့စိတ်ဓာတ်မျိုး ကိုယ့်မှာမရှိဘူး ပန်းသစ်တော် ... ကိုယ် ... ဒီည ပန်းသစ်တော်ကိုခေါ်လာတာ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ရှင်းပြချင်လို့ခေါ်လာတာ ကိုယ်ကလွဲရင် တခြားဘယ်သူနဲ့မှ လက်ထပ်ဖို့မကြိုးစားပါနဲ့ဆိုတာ မင်းကို အပြတ်သားဆုံး ကိုယ်သတိပေးချင်လို့ ... "

"ဘာပြောတယ် ... "

ဒေါသနဲ့အတူ ပန်းသစ်တော် ဖျတ်ခနဲ ထရပ်သည်။

ဒီလို ထရပ်တော့ ... ပန်းသစ်တော်နောက်က ဆံပင်ရှည်တွေ ဘယ်ညာယမ်းသွားသည်။ လဲပြိုချင်နေသော ကိုယ်ကိုလည်း ခွေကျမသွားအောင် ပန်းသစ်တော် မနည်းထိန်းလိုက်ရ၏။

"မင်း ... ထွက်သွားဖို့ မကြိုးစားနဲ့ ... "

လှည့်မကြည့်ဘဲ သူလှမ်းအော်နေခဲ့တာပဲဖြစ်သည်။

ပန်းသစ်တော် စိတ်တွေလှုပ်ရှားပြီး ထ,ရပ်လိုက်တာကို လည်း လရောင်ခေတ်ကသိပါသည်။ ဒီတိုက်ထဲရောက်လာပြီးမှ အလွယ်တကူ ထွက်သွားဖို့ဆိုတာ ဖြစ်နိုင်ပါတော့မလား။ သော့တွေ အားလုံးက လရောင်ခေတ်လက်ထဲမှာ။

"ရှင် ... ရှင် ... ကျွန်မကို ဒီလိုနည်းနဲ့သိမ်းပိုက်တော့မလို့လားဟင် ... ဦးလရောင်ခေတ် ... ကျွန်မချစ်သူနဲ့ကျွန်မ လိုက်ပြေးတာ ရှင်ကြားထဲကနေ ဘာမှသတိပေးနေစရာမလိုဘူး ... ကျွန်မ ပြန်မယ် ... ရှင်အခုချက်ချင်း တံခါးဖွင့်ပေးပါ ... "

"အပိုတွေ မင်းဘာမှမပြောနဲ့ ပန်းသစ်တော် ... ဒါ ကိုယ်ပိုင်တဲ့ဧရိယာ ... မိဘနှစ်ပါးရဲ့ခွင့်ပြုချက်နဲ့ ခေါ်လာတဲ့မင်းကို တစ်ကိုယ်လုံးသိမ်းပိုက်လိုက်ရင်တောင် ကိုယ့်အတွက် ဘာအခက်အခဲမှ မရှိဘူးဆိုတာ မင်းသဘောပေါက်ပါ ... "





"ဘာ ... ပြောတယ်ရှင့် ... "

ဆတ်ခနဲ ခါးထောက်လိုက်စဉ်မှာ မျက်ရည်တစ်စက်က ပြုတ်ကျသည်။ ခါးလည်ထိကျနေသော ဆံပင်တွေ ယိမ်းထိုးလှုပ်ခါသွား၏။

"ဟွန်း ... ကိုယ်ပြောတာ ရှင်းရှင်းလေး ... မိဘတွေက ကိုယ့်ရဲ့ဂုဏ်သိက္ခာကိုယုံလို့ ပုံအပ်လိုက်တယ် ... ကိုယ်လက်ထပ်ရတော့မယ့် ဇနီးလောင်းအဖြစ်နဲ့ သူတို့ဘက်က တရားဝင်သတ်မှတ်ထားတာကို ဒီအချက်က ပြလိုက်တာ ... "

"ဖေဖေနဲ့မေမေ ဘယ်လိုပဲသတ်မှတ် သတ်မှတ် ကျွန်မက လက်မခံဘူးဆိုရင် ရှင်ဘာလုပ်မလဲ ... "

"မင်းကို ပြန်မလွှတ်တော့ဘဲ တစ်ခါတည်းခေါ်ထားလိုက်မယ်"

ဒါ ... အပြတ်သားဆုံး အဖြေပဲ။

"ကိုယ့်ဘဝမှာ လိုချင်တာမှန်သမျှရအောင်ယူခဲ့တာ ဖြစ်ချင်တာမှန်သမျှ ဖြစ်အောင်ကြိုးစားခဲ့တာတွေအားလုံး ဒီညမှာ ... မင်းကို ကိုယ်ပြောပြမယ် ... ဟိုမှာတွေ့လား ... နံရံမှာချိတ်ထားတဲ့ ပန်းချီကားတွေ ... အဲဒါ ငယ်ငယ်လေးကတည်းက ကိုယ့်ဘဝဖြစ်စဉ်အမှန်တွေကို ပုံဖော်ရေးထားတဲ့ အမှတ်တရ ပန်းချီကားတွေပဲ၊ လာပါ ... ဒီဘက်ကနေစပြီး မင်းသေသေချာချာ ခံစားကြည့်လိုက်ပါ၊ မင်းကို ... ကိုယ်တစ်ခုချင်း ရှင်းပြမယ်၊ ဒီပန်းချီကားတွေထဲကနေ ကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို နားထောင်ပြီးတာနဲ့ ကိုယ်မင်းကို ဘာကြောင့် လက်ထပ်ယူဖို့ကြိုးစားခဲ့သလဲ ဆိုတာ မင်းသဘောပေါက်သွားလိမ့်မယ် ... ဟုတ်ပြီနော် ပန်းသစ်တော် ... "



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ထဲ ဦးလရောင်ခေတ်။ ဒီဇာတ်လမ်းက ကျွန်မနဲ့ပတ်သက်နေလို့လား။

ဦးလရောင်ခေတ်က ဖည့်ခန်းမကြီးရဲ့ အဆုံးထိပ်နေရာထိ ဆက်လျှောက်သွားသည်။ ပန်းသစ်တော်ကလည်း ဘာရယ်မဟုတ်ဘဲ ဦးလရောင်ခေတ်နောက်မှာ သွားရပ်ပြီး အဆုံးထိပ်အစက ပန်းချီ ကားကြီးကို မော့ကြည့်မိ၏။

ပန်းချီကားထဲမှာ အသက်ခြောက်နှစ်သားအရွယ် ကောင်လေးတစ်ယောက်က အင်္ကျီအစုတ်လေးဝတ်ပြီး ဝါးလုံးလေးတစ်ချောင်းနဲ့ စွန်လိုက်နေတဲ့ပုံကလေးပေါ့။ သူ့နောက်မှာလည်း ကလေးတွေ တစ်အုပ်ကြီးနဲ့။

ဒါဟာ ... ကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ရဲ့ အစတဲ့လား ဦးလရောင်ခေတ်ရယ် ... အင်္ကျီအစုတ်လေးဝတ်ထားတဲ့ ကောင်လေးကရော ဘယ်သူဖြစ်နေမလဲ။

အဲဒါ ... ဦးလရောင်ခေတ်လား။

ဒီဇာတ်လမ်းလေးကို ပြောပြချင်လို့ ခေါ်လာခဲ့တာလား။

ᘐ ᘐ ᘐ

## အခန်း ( ၁၃ )

"ဟေး ... "

"ဟေး ... "

"စွန်မည်းလေး ခေါင်းသွားပြီကွ"

"လိုက် ... လိုက် ... "

"ကြည့်စမ်း ... စွန်အဖြူရောင်လေးက ဘယ်ဘက်ကနေ ဝိုက်ပြီးတော့ ဆွဲသွားတာ စွန်မည်းလေးတော့ ထွက်သွားပြီ"

"ဟေး ... အဲဒါ ငါ့စွန်ကွ ... "

"တစ်ယောက်မှ မထိနဲ့ ... "

"လာလုရင် လုတဲ့ကောင်ကိုထိုးမှာ ... "

"လမ်းဗိုလ်ရေ ... လမ်းဗိုလ် ... "

"လမ်းဗိုလ် ဘယ်မှာလဲ ... "

"လမ်းဗိုလ် ... "

လူနေကြပါးသော ရပ်ကွက်အစွန်က ဘောလုံးကွင်းကြီး တစ်ခုထဲမှာဖြစ်သည်။ ကလေးတစ်အုပ်က ဘောလုံးကန်နေကြသလို ကလေးတစ်အုပ်က စွန်လွှတ်တမ်း စွန်လိုက်တမ်းကစားနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ဆင်းရဲသော ရပ်ကွက်ကလေးမို့ ဆော့ကစားနေကြသည့်ကလေးတိုင်းလိုလိုမှာလည်း ဟောင်းနွမ်းညစ်ထေးသော မိုသီဇတ်သီအဝတ်အစားကလေးတွေနှင့် ထုံးစံအတိုင်း ထိုကလေးအုပ်ကြားမှာ လမ်းဗိုလ်ဆိုသောကောင်လေးက ထိပ်ဆုံးကပေါ့။

သူ့လက်ထဲမှာလည်း ကြိမ်ဝါး သေးသေးလေးတစ်လုံးကိုကိုင်လို့။

"ဟေး ... အဲဒါ ... ငါ့စွန်ကွ ... "

"ငါရတာ ... ငါရတာ ... "

"တစ်ယောက်မှ လာမလုကြနဲ့ ... "

"ဟေး ... ဟေး ... "

ဘောကွင်းအစပ်မှာ စွန်ကလေးက ကော့ကာလန်ကာနှင့်ကျလာသလို အလုအယက်ကောက်ဖို့ကြိုးစားနေကြသည့် ကလေးတစ်အုပ်ရှေ့မှာ လမ်းဗိုလ်ကဦးဆောင်လျှက်၊ မရခင်ကတည်းက ဝါးလုံးလေးကိုင်ကာ အော်ပြီးပြေးသွားသလို စွန်ကလေးဆီကိုလည်း သူကပဲ အရင်ဆုံးရောက်သွားသည်။

"ဟား ... ဟား ... "

"မိပြီကွ ... မိပြီ ... မိပြီ ... "

မရလိုက်သည့်ကလေးတွေက ခြေကုန်လက်ပန်းကျကာမောသွားသလို စွန်ကလေးတို့ မစုတ်မပြဲ။ အကောင်းပကတိအတိုင်းလေးရလိုက်သည့် လမ်းဗိုလ်ဆိုသော ကောင်လေးကတော့အပြုံးမျက်နှာကလေးနှင့် ရင်ကလေးကော့ကာ ဂုဏ်ယူဝင့်ကြွားလျှက်။

"စွန်ပြန်ဝယ်ရင် ရောင်းမယ်နော် ... "





"တစ်ကောင် ... တစ်ဆယ် ... တစ်ကောင် တစ်ဆယ်"

"ဟော့ကောင် လမ်းဗိုလ် ... ငါဝယ်မယ် ... "

"ဘယ်မှာလဲ ပိုက်ဆံ ... "

"ရော့ ... ဒီမှာ ... "

"ဟား ... ဟား ... ဒီနေ့ ငါးဆယ်တောင်ရတယ်ကွ ... ဟား ... ဟား ... "

"လမ်းဗိုလ်ရေ ... လမ်းဗိုလ် ... "

"လမ်းဗိုလ်ရေ ... ဟိုမှာ မင်းအမေ လိုက်လာပြီကွ"

"ဟင် ... "

လမ်းဗိုလ် ချာခနဲ လှည့်ကြည့်လိုက်တော့ ...

ဆံပင်တွေ ဖရိုဖရဲနဲ့ လမ်းဗိုလ်နောက်ကို ပြေးလိုက်လာတဲ့အမေ ... ။

"သား ... လမ်းဗိုလ် ... "

အမေ မျက်နှာမကောင်းတာကို မြင်ကတည်းက အမေ အိမ်မှာ တစ်ခုခုဖြစ်နေပြီဆိုတာ လမ်းဗိုလ်က သိလိုက်၏။

"ဟင် ... အမေ ... ဘယ်ဖြစ်လို့ သားနောက်ကိုလိုက်လာရတာလဲ"

"သား ... သားကို မေမေလာခေါ်တာ ... အဟင့် ... အိမ်မှာလေ သားကိုပြန်ခေါ်တော့မယ်ဆိုပြီး သားဖွားဖွား သူဌေးမကြီးအိမ်ကို ကားတွေနဲ့လိုက်လာနေကြပြီသားရဲ့ ... မေမေ ... မေမေအဲဒါကြောင့် သားကိုလိုက်ခေါ်တာ ... "

"ဗျာ ... သားဖွားဖွား သူဌေးမကြီး ဟုတ်လား ... "

"ဟုတ်တယ်လေ ... သားရဲ့ ... မေမေနဲ့ဖေဖေ့ကို အဘော မတူလို့ဆိုပြီး သားဖွားဖွားကပစ်ထားလို့ မေမေတို့ဆင်းရဲနေတာ



www.burmeseclassic.com

www.burmeseclassic.com



အဟင့် ... ခုတော့ ... သားကိုသူတို့က လာခေါ်နေကြပြီ ... ဒီနေ့ကစပြီး မေမေ့သားချမ်းသာတော့မှာ အကျီအသစ်လေးတွေ ဘောင်းဘီအသစ်လေးတွေဝတ်ပြီး ... အကောင်းဆုံးကျောင်းကြီးမှာ မေမေ့သားတက်ရတော့မှာ ... အဟင့် ... ဟင့် ... ဟင့် ..."

ပြောပေမယ့် မေမေ ငိုလို့မဆုံး ...

ပြန်ခေါ်လာတဲ့တစ်လမ်းလုံးမှာလည်း လမ်းဗိုလ်ရဲ့ပုခုံးလေးကို တင်းကြပ်နေအောင် မေမေကပွေ့ဖက်လျှက်။ အိမ်ကလေးရှေ့ကိုရောက်လို့ကြည့်လိုက်တော့ ... လမ်းပေါ်မှာရပ်ထားတာ အကောင်းစားကားကြီးတွေက သုံးစီးတောင်။ ဝတ်ကောင်းစားလှတွေနဲ့ သန့်သန့်ပြန့်ပြန့် ခမ်းခမ်းနားနား ဝတ်ထားသည့် လူကြီးသုံးလေးယောက်ကိုလည်း အိမ်ကလေးရှေ့မှာ လက်ပိုက်ရပ်နေတာတွေ့လိုက်ရသည်။

"ဟဲ့ ... ဒါဘယ်သူလဲ ... အိမ်ဖော်မ ... ဒါ ... ဒါ ... ငါ့မြေးလေးလား ..."

"ဟုတ် ... ဟုတ်ပါတယ် မယ်မယ် ... ဒါ ... လမ်းဗိုလ်ပါ"

"ဟယ် ... ကြည့်စမ်း ... ငါ့မြေးလေးကို ညည်းဘယ်လိုထားတာလဲဟင် ... အိမ်ဖော်မ ... ကလေးက အကျီအစုတ်ဘောင်းဘီအစုတ်လေးနဲ့ ချဉ်စုတ်နံစော်နေပြီ ... သွား ... သွားကလေးကို ခုချက်ချင်း သရော်ကင်ပွန်းရေနဲ့ဆေးပြီး ရေချိုးပေးစမ်း"

အိမ်ရှေ့ခေါင်းရင်းခန်းမှာ မာမာတင်းတင်းမျက်နှာထားတစ်ခုနဲ့ထိုင်ရင်း မေမေ့ကိုပင် အိမ်ဖော်မလို့ ရင့်ရင့်သည်းသည်း အော်ခေါ်ပြောနေတဲ့ အဖွားကြီးက စိန်တွေ၊ ရွှေတွေ တစ်ကိုယ်လုံးမှာ ညွတ်နေအောင် ဝတ်ထားလို့ပါ။





လမ်းဗိုလ်ကတော့ မျက်တောင်လေးပုတ်ခတ် ပုတ်ခတ်လုပ်ကာ ကြည့်လျှက် ... ဘာကိုမှ နားမလည်ရှာ။ အဖွားရဲ့ စူးစိုက်သောမျက်ဝန်းအကြည့်တွေအောက်မှာ သိမ်သိမ်ငယ်ငယ်လေးခံစားလိုက်ရပေမယ့် ... မျက်နှာလေးကတော့ မော့လျှက်။ စွန်လိုက်ထားသဖြင့် ခြေထောက်တွေ လက်တွေမှာလည်း ဖုံအလိမ်းလိမ်းပေကာ မျက်နှာလေးပေါ်မှာလည်း ချွေးစီးကြောင်းရာလေးတွေပေစွန်းလျှက်မို့ ... အဖွားက နှာခေါင်းရှုံ့ကြည့်တာပဲ ဖြစ်ပါလိမ့်မည်။

အငှဖေကတော့ အဖွားနောက်မှာ ခေါင်းငိုက်ချလို့ ... ။

ဘယ်သူ့မျက်နှာကိုမှလည်း အဖေ မော့မကြည့်ပါချေ။

"ကဲ ... အခုလိုက်လာတဲ့ ဂုဏ်သရေရှိလူကြီးတွေအားလုံး ကျွန်မမြေးလေးဖြစ်နေတာကို မြင်ကြတယ်နော် ... ကျွန်မသဘော မတူတဲ့ကြားက အိမ်မှာအဝတ်လျှော်တဲ့ အိမ်ဖော်မနဲ့ လိုက်ပြေးသွား လို့ အိမ်ကသားကို အမွေပြတ်စွန့်ပြီး ကျွန်မပစ်ထားခဲ့တာ ... မလွဲသာလို့သာ အိမ်ဖော်မက မွေးတဲ့သားကို ကျွန်မမြေးအဖြစ် သတ်မှတ်လိုက်ရပေမယ့် ... စိတ်ထဲမှာ မသတီတာတော့အမှန်ပဲ၊ ခုတော့ ... ပြဿနာတွေအားလုံးရှင်းပါပြီ ... အိမ်ဖော်မက လက်မှတ်ထိုးကွာရှင်းပေးမယ်ဆိုတော့ ဘာလိုသေးလဲ၊ မြေးနဲ့သားကို ကျွန်မပြန်ခေါ်သွားလိုက်ရုံပဲပေါ့ ... အိမ်ဖော်မကလည်း သူ့သားလေး ဆင်းရဲဒုက္ခရောက်နေတာကို ကောင်းစားစေချင်လို့ လက်မှတ်ထိုးပေးလိုက်တာ ... နောက်ဆုံးတော့ အမြေ[illegible]ဒါပဲပေါ့၊ နောက်လည်း ပတ်သက်စရာမလိုတော့ဘူး ... ကလေးနဲ့လည်း ပတ်ပတ်သက်သက် ... ရှုတ်ရှုတ်ယှက်ယှက်လာလုပ်နေစရာ အကြောင်းမရှိတော့ဘူး ... စာချုပ်ထဲမှာလည်း ပြတ်ပြတ်



www.burmeseclassic.com

www.burmeseclassic.com



သားသား အားလုံးပါအောင် ထည့်ရေးပြီးသား ...”

ဒေါ်မိမိခိုင်က ကြမ်းပြင်ထက်က ဖျာပေါ်မှာ ချထားသည့် ကွာရှင်းစာချုပ်နှစ်စောင်ကိုကောက်ကိုင်ရင်း အားလုံးကို မျက်လုံးတစ်ချက်ဝေ့ကြည့်သည်။ ခေါ်လာတာ တရားသူကြီးရော ရှေ့နေပါ မကျန်၊ အသိသက်သေနေရာမှာ လက်မှတ်လိုက်ထိုးပေးမယ့်လူတွေ အဆုံး အုံးအုံးကြွက်ကြွက်ဖြစ်နေအောင်ကို ကားသုံးစီးနဲ့ခေါ်ချလာတာလေ။

ဒီဇာတ်လမ်းက ဒီလိုအပြတ်မရှင်းလို့ ရမလား။

အသားလေးကဖြူ၊ ကိုယ်လုံးလေးကလှလို့ နောင်နောင်အောင်ဆိုတဲ့ အိမ်ကသားတော်မောင်က ဒီအိမ်ဖော်မကို ခိုးပြေးသွားခဲ့တာ။ မိဘက အမွေဖြတ်တော့ ဆင်းရဲတဲ့ရပ်ကွက်လေးထဲမှာ ဘဝကိုရုန်းကန်၊ သားလေးတစ်ယောက်မွေးလာတော့ မဆင်နိုင်၊ မကျွေးနိုင်။ ကလေးက လမ်းပေါ်မှာပြေးလွှားဆော့ကစားရင်း ခြောက်နှစ်သားအရွယ်လေးကို ရောက်လာတာတောင် လမ်းပေါ်မှာ ဟိုအိမ်ကခိုင်း ဒီအိမ်ကခိုင်းနဲ့ ကိုယ့်မုန့်ဖိုးလေးကိုပင် ကိုယ်ရှာ အောင် ရှာစားနေရတဲ့ဘဝ။

နောင်နောင်အောင်က မူးရူးသောက်စားနေတော့ ပိုဆိုးသည်။

ဒါကြောင့်မို့လည်း ဒေါ်မိမိခိုင်တစ်ယောက် မြေးနဲ့သားကို ပြန်ခေါ်ဖို့စီစဉ်ရတော့တာပါ။ အိမ်ဖော်မကိုတော့ လက်မခံနိုင်တာမို့ ကွာရှင်းပြတ်စဲဖို့ တောင်းဆိုခဲ့ရ၏။ သူကလည်း သူ့သားကို ကောင်းစားစေချင်တဲ့ဆန္ဒနဲ့ ကွာရှင်းဖို့သဘောတူခဲ့သည်။

ဘာပဲပြောပြော ခုချိန်မှာ မျက်ရည်လေးပဲနေရတာ လမ်းဗိုလ်ပါ။





“သား ... သား ... မလိုက်ဘူးနော် မေမေ ... သား ... မေမေနဲ့ပဲနေမယ် ...”

“မေမေ့စကားကို မင်းနားထောင်စမ်း ...”

အိမ်ရှေ့ရေတိုင်ကီလေးဘေးမှာ ဆောင့်ကြောင့်လေးထိုင်ရင်း လမ်းဗိုလ်လေးက အကြောက်အကန်လေး ငြင်းသည်။

“ဟင့်အင်း ... ဟင့်အင်း ... သားမလိုက်ဘူး၊ မေမေနဲ့ဖေဖေလည်း မကွဲရဘူး ... မကွဲရဘူး ... သိရဲ့လားမေမေရဲ့ ... အဟင့်ဟင့် ... ဟင့် ...”

ကလေးဆိုတော့ လမ်းဗိုလ်လေးက ငိုတာပေါ့။

“သားနော် ... မင်းကိုမေမေပြောနေတယ်နော် ... မင်းကို အခုလာခေါ်နေတဲ့ ဖွားဖွားက အရမ်းချမ်းသာတယ်၊ သူတို့နေတဲ့ခြံကျယ်ကြီးထဲကို မေမေ့သားရောက်သွားရင် စက်ဘီးလှလှလေးတွေလည်းစီးရမယ် ... အကောင်းစားကားကြီးနဲ့လည်း မေမေ့သားကျောင်းတက်ရမယ် ... အဲဒါကြောင့်မို့ ... မေမေ့သားချမ်းသာအောင် မေမေကွာပေးလိုက်တာ ... ဒီအိမ်မှာနေသလို အကျီအစုတ်ဘောင်းဘီအစုတ်လေးလည်း မဝတ်ရတော့ဘူး ... မုန့်ဖိုးလိုချင်လို့ ဟိုအိမ်ကခိုင်း၊ ဒီအိမ်ကခိုင်းတာတွေလည်း မေမေ့သားမလုပ်ရတော့ဘူး”

“ဟင့်အင်း ...”

လမ်းဗိုလ်လေးက ခေါင်းလေးကို ခါမြဲခါနေသည်။

ရေလောင်းချိုးလိုက်တော့မှ အသားဝင်းဝင်းလေးက ထင်လာ၏။

“သား ... မလိုက်ဘူးနော် ... သားမလိုက်ဘူး”

အဝတ်အစားလေးကို လဲပေးလိုက်ရပေမယ့် အကောင်း



www.burmeseclassic.com

www.burmeseclassic.com



အနှမ်းလေးရယ်သာ။ ဒါကို ... ဒေါ်မိမိခိုင်က နှုတ်ခမ်းမဲ့ကြည့်၍
"ဟွန်း ... အိမ်ဖော်မရယ်၊ ညည်းမှာ အဝတ်အစားကောင်း ကောင်းကန်းကန်းလေးတော်င် မရှိတော့ဘူးလား ... ကြည့်ပါဦး ကလေးက တော်တော်စုတ်ချာနေတာပဲ ..."

"မရှိ ... မရှိလို့ပါ ... မယ်မယ် ..."

"ကဲ ... ကဲ ... မရှိလည်း ငါ့ခြံထဲရောက်မှ အကောင်းစား တွေ ဝယ်ပေးလိုက်တော့မယ် ... လက်မှတ်ထိုးစရာရှိတာ ညည်း အခုတစ်ခါတည်း ထိုးလိုက်တော့ ..."

ဒေါ်မိမိခိုင် ပြောနေတာလည်း အထက်စီးကပါ။

"ဒီလိုလုပ်ပါ ဒေါ်မိမိခိုင် ... စာချုပ်ထဲမှာပါတဲ့စည်းကမ်း ချက်တွေကို သေသေချာချာ ဖတ်ကြည့်ပြီးမှ ထိုးတာအကောင်းဆုံး ပါပဲ ... ဒီကလေးနဲ့ပတ်သက်ပြီး နောက်နောင် ဘယ်တော့မှ မနှောင်ယှက်ပါဘူးဆိုတဲ့ စည်းကမ်းချက်တွေပါနေလို့ ... ဒါကို ... အခုကတည်းက ရှင်းရှင်းပြတ်ပြတ်သိထားသင့်တယ်ထင်လို့ပါ"

"အို ... ကျွန်မ မနှောင်ယှက်ပါဘူး ..."

ဒေါ်မိမိခိုင် မျက်စောင်းက အိမ်ဖော်မမျက်နှာကို လှမ်းရွယ် ပြီးသားဖြစ်သွားသည်။

"ဟွန်း ... နှောက်ယှက်လို့ရော ညည်းရမယ်ထင်လို့လား၊ နှောက်ယှက်တာနဲ့ ဥပဒေမှာပါတဲ့အတိုင်း ညည်းကိုတရားစွဲမှာ၊ နစ်နာကြေးကိုလည်း ငါတို့ဘက်က ထိုက်သင့်သလိုပေးပြီးသား၊ ဒါ ... ညည်းကို နောက်အိမ်ထောင်ပြုလို့ရအောင် တစ်ခါတည်း အပြတ်ပေးထားခဲ့တာ ... ညည်း အသက်ကလည်း နှစ်ဆယ်ကျော် အစိတ်ပဲရှိသေးတာဆိုတော့ ... ညည်း ကြိုက်သလို လုပ်လို့ရသွား ပြီ ..."

ဗိုးလပြည့်စာပေ



"ကျွန်မ ... ကျွန်မ နားလည်ပါတယ် မယ်မယ် ... အရေး ကြီးတာ ကျွန်မသား ..."

"အဟင့် ..."

ပြောရင်း လူကြီးတွေရှေ့မှာပဲ အိမ်ဖော်မက ဟင့်ခနဲငိုချ သည်။

"ဟာ ... မေမေ ဘာလို့ငိုတာလဲ ... သားမလိုက်ဘူးလို့ မေမေ့ကို ပြောနေတယ်နော်၊ ကားအကောင်းစားကြီးတွေ စီးနေရ ရင်လည်း မေမေ့ကိုသတိရပြီး သားငိုနေမှာပဲ ... ညအိပ်ရင်လည်း မေမေ့ကိုပဲ သားသတိရနေမှာပဲ ..."

"သား ... လမ်းဗိုလ်၊ မေမေ့စကားကို နားထောင်ပါလို့ သားကို ဘယ်နှစ်ခါပြောရမလဲ၊ မေမေ့အိမ်မှာ မင်းဆက်နေရင် ဆင်း ရဲလိမ့်မယ်၊ မင်းကို ပညာတတ်ကြီးဖြစ်ပြီး ကောင်းစားစေချင်လို့ ဒီကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးလိုက်တာ ဒီအိမ်မှာ မင်းနေ လို့ရတော့ဘူး ... လိုက်သွား ... လိုက်သွား ... မင်းဖွားဖွားခေါ် ရာနောက်ကို မင်းလိုက်သွား ..."

အိမ်နီးနားချင်းတွေက မလှမ်းမကမ်းက စောင့်ကြည့်နေကြ ပြီး ဒီအဖြစ်အပျက်ကို စိတ်မကောင်းဖြစ်ကာ မျက်ရည်ဝဲသူက ဝဲကြ သည်။

လက်မှတ်ထိုးတော့ လမ်းဗိုလ်က ဟင့်ခနဲ ... ဟင့်ခနဲ ရှိုက် ငိုရ၏။

ကားပေါ်တက်တော့လည်း အတင်းဆွဲတင်ရသည်။

"သား မလိုက်ဘူး ..."

"သား မလိုက်ဘူး ..."

"အဟင့် ... ဟင့် ... ဟင့် ..."

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အော်ငိုနေတာ အသံအကျယ်ကြီး ...

"အဲဒါ ... လူလူချင်း အဆင့်အတန်းခွဲတဲ့ဒဏ်ကို ဒီမိသားစု လေး ခံလိုက်ရတာ လမ်းဗိုလ်လေးရင်ထဲမှာ ဒီကိစ္စကို တော်တော် လေး နာကြည်းသွားမှာပဲ ..."

ပတ်ဝန်းကျင်က ဝေဖန်နေကြတဲ့အသံတွေကို လမ်းဗိုလ် လေး ဘယ်လိုမှ မကြားနိုင်တော့ပါ။ မနက်ကပဲ ရပ်ကွက်အစွန် ဘောလုံးကွင်းကြီးထဲမှာ ပြေးလွှားဆော့ကစားရင်း ... စွန်လိုက် မုန့်ဖိုးရှာနေတဲ့ လမ်းဗိုလ်လေ။

ခုတော့လည်း နောက်ဆုံးပေါ်ကားကြီးထက်မှာ ဆူညံပွား အော်ဟစ်ငိုယိုရင်း ... သူ့အဖွားခေါ်ရာနောက်ကို ပါသွားခဲ့ရပြီ။

နီကြောင်ကြောင် ဆံပင်လေးတွေနဲ့။

ပါးပြင်နှစ်ဖက်စလုံးမှာ ကူကယ်ရာမဲ့သွားသလို ခံစားလိုက် ရတဲ့ မျက်ရည်စီးကြောင်းကလေးတွေနဲ့။

"ဟဲ့ ... ဒါ ဘယ်သူလဲ ..."

"အိမ်ဖော်မသားလေ ... လမ်းဗိုလ်တဲ့ ..."

"ဟယ် ... ရုပ်သန့်သန့်လေးနဲ့ ဒီလောက်တောင်ဆင်းရဲ သလား"

ခြံထဲက အလုပ်သမားတွေ တီးတိုးဝေဖန်ရင်း ကားပေါ်က ဆင်းလာတဲ့ လမ်းဗိုလ်လေးကိုပဲ အကဲခတ်နေကြသည်။ ဦးနောင် နောင်အောင်က သားဖြစ်သူ လမ်းဗိုလ်ကို လက်ဆွဲလျက်။ တိုက်ထဲ ကို ဆွဲခေါ်တော့ ... လမ်းဗိုလ်လေးမှာ မြင်သမျှအရာတွေကို အံ့ဩ အဆန်းတစ်ခုလို ငေးကြည့်ရင်း ပါသွားခဲ့၏။

"ဒါ ... ဒါ ... ဖေဖေနေခဲ့တဲ့တိုက်ကြီးလား ... ဖေဖေ ဒီတိုက်ကြီးမှာ နေခဲ့တာလား ..."





"ဒါပေါ့သားရယ် ... သားမေမေနဲ့ညားလို့ မယ်မယ်က ဖေဖေ့ ကို အမွေပြတ်စွန့်လွှတ်ထားတာ၊ ဒီလောက်ဆင်းရဲနေမှတော့ သား မေမေနဲ့ဖေဖေ ဘယ်လိုလုပ်ပြီး ဆက်ပေါင်းတော့မလဲ၊ ဖေဖေက လည်း ငယ်ငယ်လေးကတည်းက စားလိုက် အိပ်လိုက် သုံးလိုက်၊ ဖြုန်းလိုက်နဲ့ ဘော်ကြော့နေလာတော့ ... ဘာမှမလုပ်တတ်ဘူးလေ၊ ဒါကြောင့် ... သားမေမေနဲ့ကွာဖို့ ဖေဖေ ဆုံးဖြတ်လိုက်ရတာပါ သားရယ် ... ဒီနေ့ကစပြီး သားမေမေကို မေ့လိုက်တော့နော်၊ မေမေ့ဆီပြန်ဖို့ သားဘယ်တော့မှ မစဉ်းစားနဲ့တော့ ..."

ဘယ်လိုပဲ အဝတ်အစားသစ်တွေ ဝတ်ရ ဝတ်ရ လမ်းဗိုလ် လေးမပျော်တော့ပါ။

တစ်နေ့ ... တစ်နေ့ ခြံထောင့်က ရေစင်ကြီးအောက်မှာ ဘမှိုင်မှိုင်တတွေတွေ နေလာခဲ့ရတဲ့ လမ်းဗိုလ်လေး။

"ဟဲ့ ... လမ်းဗိုလ်လေး ..."

"ဟာ ... ကြီးကြီးသန်း ..."

ကြီးကြီးသန်းအနားကို ရောက်လာတော့မှ လမ်းဗိုလ်လေး အတွေးတွေ ပြတ်သွားသည်။ ကြီးကြီးသန်းက ခြံထဲမှာ သစ်ရွက် အမှိုက်တွေ လိုက်ကျုံးရင်း လက်ထဲမှာလည်း တောင်းကြီးတစ်လုံး ဘို ကိုင်ထားသည်။

"ဒီနားမှာ တစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲဟင် လမ်းဗိုလ်လေး ... နင့်မေမေ အိမ်ဖော်မကို သတိရနေပြီလား"

"ရတာပေါ့ ... ကြီးကြီးသန်းရာ၊ ဒီခြံထဲမှာက သားဆော့ ချင်တိုင်းလည်း ဆော့လို့မရဘူး၊ သစ်ပင်ပေါ်တက်ရင်လည်း ဖွားဖွား ဘဆူတယ် ... တီဗွီဂိမ်းလည်း သားကမနှိပ်တတ်ဘူး"

"လမ်းဗိုလ်လေးက ဘယ်လိုဆော့ချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သား ... သားက လမ်းမပေါ်မှာ စွန့်လွှတ်ချင်တာ"

"လမ်းဗိုလ်လေးရယ် ... ဒီခြံကြီးထဲမှာနေရင် ဒီခြံကြီးထဲက စည်းကမ်းကို လမ်းဗိုလ်လေးက လိုက်နာရမှာလေ၊ လမ်းဗိုလ်လေး ဖွားဖွားက အရမ်းစည်းကမ်းကြီးတာ၊ လမ်းဗိုလ်လေး သိရဲ့သားနဲ့ အဆင့်အတန်းလည်း အရမ်းခွဲခြားတယ်၊ ဒါကြောင့်မို့ ... အိမ်ဖော်မနဲ့ ကွာရှင်းခိုင်းလိုက်တာ အိမ်ဖော်မသနားပါတယ် ... သူ့ခမြာ ငယ်ငယ်ရွယ်ရွယ် ဆယ့်ခြောက်နှစ်သမီးအရွယ်လေးနဲ့၊ ဒီခြံထဲမှာ အိမ်ဖော်မလာလုပ်ရတာ၊ ခေါ်တာတောင် နာမည်မခေါ်ဘဲ အိမ်ဖော်မလို့ ရင့်ရင့်သီးသီး အထက်စည်းကနေ အခေါ်ခံခဲ့ရတာလေ ကြီးကြီးသန်း စိတ်မကောင်းပါဘူး ..."

"အဆင့်အတန်း ဟုတ်လား ... ကြီးကြီးသန်း ... အဆင့်အတန်းဆိုတာ ဘာကိုပြောတာလဲ ..."

လမ်းဗိုလ်လေးက ငုတ်တုတ်လေးထိုင်ရင်း မျက်တောင်လေးကော့ကြည့်ကာ လှမ်းမေးသည်။ ကြီးကြီးသန်းက လက်ထဲက အမှိုက်တောင်းကို သည်အတိုင်းပွေ့ပိုက်ထားရင်း ...

"အို ... အဆင့်အတန်းခွဲတယ်ဆိုတာ လမ်းဗိုလ်လေးက မသိဘူးလား ..."

"မသိဘူး ..."

ခေါင်းလေး ယမ်းပြသည်။

"အဆင့်အတန်းခွဲတယ်ဆိုတာ ချမ်းသာတဲ့သူက ဆင်းရဲတဲ့သူကို အထင်သေးတာ နှိမ်တာကိုပြောတာ ... လမ်းဗိုလ်လေး မေမေ အိမ်ဖော်မက ဆင်းရဲတော့ လမ်းဗိုလ်လေးဖွားဖွားက မပေးစားချင်ဘူးပေါ့ ... အထင်သေးပြီး နှိမ်တာပေါ့ ..."

"မေမေ ... မေမေ သနားပါတယ် ကြီးကြီးသန်းရဲ့"





"အဟင့် ... ဟင့် ... ဟင့် ..."

သူ့မေမေကို သတိရပြီး လမ်းဗိုလ်လေးငိုရပြန်ပါပြီ။

"လမ်းဗိုလ်လေးရယ် ... မငိုပါနဲ့၊ လမ်းဗိုလ်လေးကြီးလာရင် ချမ်းသာအောင်လုပ်ပြီး ကိုယ့်မေမေကိုပြန်ကြွေးလေ ... လမ်းဗိုလ်လေးရဲ့၊ ကြီးကြီးသန်းပြောတာကို လမ်းဗိုလ်လေးမှတ်ထားနော်၊ ချမ်းသာအောင် ကြိုးစားနော် ... လမ်းဗိုလ်လေး ..."

ငယ်ထိပ်လေးကိုပုတ်ပြီး လှည့်ထွက်လာခဲ့ရပေမယ့် လမ်းဗိုလ်လေးအတွက် ကြီးကြီးသန်း စိတ်မကောင်းပါ။

သူ့အမေကို လမ်းဗိုလ်လေးက ချစ်မှာပေါ့။

အတင်းအကြပ်ဆွဲခေါ်လာလို့သာ ဒီခြံကြီးထဲကို လမ်းဗိုလ်လေးလိုက်ခဲ့ရပေမယ့် ကားပေါ်က ဆင်းလာတဲ့အထိ ကလေးက တရှုံ့ရှုံ့လေးနဲ့ ငိုလာခဲ့တာလေ။

ပိုဆိုးတာက လမ်းဗိုလ်လေးကို မြေအစစ်လေးဖြစ်နေတာတောင် အဖွားလုပ်သူ ဒေါ်မိမိခိုင်က အိမ်ဖော်မသွေးပါတယ်ဆိုပြီး တခြားမြေးတွေကို အရေးပေးဆက်ဆံခဲ့တာ။ မြေးအချင်းချင်းခွဲခြားပြီး မြှောက်စားခဲ့တာ။ လမ်းဗိုလ်လေးက နောက်ဆုံးတစ်နေ့မှာ ရှင်မနာဘဲ နေပါတော့မလား။

ဖအေလုပ်သူ နောင်နောင်အောင်က စရိုက်ဆိုးတွေကိုမပြင်ဘဲ မိဘအရှိန်နဲ့အဝါနဲ့ သောက်စားမူးရူးပျော်ပါးနေသလောက် သား လမ်းဗိုလ်လေးကိုပင် သတိမရနိုင်တော့တာက လမ်းဗိုလ်လေး အတွက် ကံဆိုးမိုးမှောင်ကျလာခဲ့ရသည်။

ညအိပ်တော့လည်း ကြီးကြီးသန်းနဲ့အတူ အစေခံတန်းလျားလေးမှာ။

ညဆို ကယောင်ကတမ်း လန့်လန့်အော်ပြီး နိုးလာ[illegible]တ်



www.burmeseclassic.com

www.burmeseclassic.com



တာ လမ်းဗိုလ်လေးပါပဲ။

"မေမေ ... "

"သားကို လာခေါ်ပါ ... "

"သား ... ကြောက်တယ် ... "

"ဖေဖေနဲ့ဖွားဖွားက သားကိုပစ်ထားတယ်"

"အဟင့် ... ဟင့် ... ဟင့် ... "

"အို ... လမ်းဗိုလ်လေး မကြောက်နဲ့လေ ... သားဘေးမှာ ကြီးကြီးသန်းရှိတယ် ... အိပ်လိုက် ... အိပ်လိုက်၊ မနက်ဆိုရင် သား လမ်းဗိုလ်လေး ကျောင်းတက်ရဦးမှာ ... ကျွတ် ... ကျွတ် ... အိပ် ... အိပ် ... သားလေး အိပ်လိုက်"

လန့်နိုးလာတိုင်းလည်း ကြီးကြီးသန်းကပဲ ပြန်ချော့သိပ်ရသည်။

တကယ်အဆင့်အတန်းခွဲခြားတဲ့ ဒေါ်မိမိခိုင်ရယ်ပါပဲ။

ဖအေလုပ်သူ နောင်နောင်အောင်ကလည်း ထွက်သွားလိုက်ရင် မိုးလင်းမိုးချုပ် ဘယ်တော့မှ စောစောစီးစီးပြန်လာတာမျိုးလည်းမရှိ။ အမိမဲ့သားကလေးနားမှာ နွေးနွေးထွေးထွေးနေမယ်ဆိုတာမျိုးလည်း တစ်ခါမှ တွေးမိခဲ့ပုံမရ၊ အိမ်အလုပ်သမားတွေကပဲ လမ်းဗိုလ်လေးကို ရင်အုပ်မကွာ ထိန်းခဲ့ရသည်။

ကျောင်းသွားခါနီး ... အဝတ်အစားလေးလဲပေးတာ၊ လွယ်အိတ်ကလေးပြင်ပေးတာ၊ ထမင်းဗူးလေးထည့်ပေးတာကအစ၊ အားလုံးကြီးကြီးသန်းရဲ့ တာဝန်တွေပါပဲ။

ဒီကြားထဲ ... မိစုံဖစုံနဲ့ ကြော့ကြော့မော့မော့နေနိုင်သူတွေက လမ်းဗိုလ်လေး ကျောင်းသွားတာကို ကားကြိုနဲ့တောင် တင်မခေါ်ချင်။





"ဟာ ... အိမ်ဖော်မသားကို မခေါ်နဲ့ ... "

"ဒီကောင်လေးက ဂျစ်တစ်တစ်လေးနဲ့ အရမ်းဆိုးတာ"

ညီအစ်ကိုမောင်နှစ်မ ဝမ်းကွဲလေးတွေပေမယ့် အိမ်ဖော်မသားဆိုတဲ့ တံဆိပ်ကြီးကို ခပ်နှိပ်ထားကြလေတော့ ဒေါ်မိမိခိုင်မြေး တစ်ယောက်ပါလားဆိုတဲ့ စိတ်မျိုးတွေလည်း သူတို့ဆီမှာ ရှိမနေကြ။ သူတို့က ကိုယ့်ဝင်ငွေနဲ့ကိုယ် ကိုယ့်အလုပ်အကိုင်တွေနဲ့ကိုယ် ညားကြတာလည်း ဂုဏ်ကိုဂုဏ်နဲ့ထပ်ပြီး ရွေးချယ်ယူလာကြသူတွေ ဆိုတော့ သူတို့က မွေးတဲ့သားသမီးတွေကပဲ ခေါင်းမော့နေနိုင်ခဲ့ကြတာပေါ့။

ဒါကို ... ကြီးကြီးသန်းက သိပါသည်။

ခြံထဲမှာ ကလေးတွေဆော့ရင်တောင် သူတို့သားသမီးတွေအတွက် ဝယ်ပေးထားတဲ့ စက်ဘီးကလေးတွေကို လမ်းဗိုလ်လေးက တက်စီးခွင့်မရှိ။ ကိုင်ကြည့်မိရင်တောင် မျက်ထောက်နီကြီးတွေနဲ့ အကြည့်ခံခဲ့ရတာ မဟုတ်လား။

"ဟဲ့ ... မကိုင်နဲ့ ... မကိုင်နဲ့၊ သွား ... သွား ... ဒါ နင့်စက်ဘီးမဟုတ်ဘူး ... နင်လိုချင်ရင် နင့်အဖေ အရက်သမားငမူးကို ဝယ်ခိုင်း ... "

"ဟုတ်တယ်မာမီ ... သူနဲ့လည်းမခေါ်ဘဲနဲ့ သားတို့အနားကို အမြဲလာတယ်၊ ဟိုတစ်ခါလည်း သူနဲ့မကစားချင်ဘူးပြောလို့ သားကို စက်ဘီးပေါ်က တွန်းချတယ် ... သားကို ထိုးမယ်လို့လည်း ပြောတယ်"

"တွေ့လား ... လမ်းဗိုလ်၊ နင့်ကို ငါ့သားသမီးတွေကပြောနေတာ၊ လာမဆော့နဲ့ ... လာမဆော့နဲ့၊ ငါ့ကလေးတွေတစ်ခုခုဖြစ်ရင် နင်ပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆိုတော့ ဘာနားလည်မှာလဲ။

အအော်အငေါက်ခံရရင်လည်း မျက်နှာငယ်ကလေးနဲ့။

ဒါတွေကြောင့်မို့လည်း ခြံထဲက အလုပ်သမားတွေအားလုံးက လမ်းဗိုလ်လေးကိုပဲ အသနားပိုပြီး ချစ်လာခဲ့ရတာပါ။

ဒီလိုနဲ့ ဆယ်နှစ်သားအရွယ်လေး လမ်းဗိုလ်ဖြစ်လာခဲ့သည်။

သူ့အဖေ နောင်နောင်အောင်ကတော့ အသက်သုံးဆယ်ပေါ့။

တစ်နေ့မှာတော့ ထူးထူးဆန်းဆန်း ... ဖေဖေက လက်ဆွဲခေါ်လို့ ရွှေတိဂုံဘုရားပေါ်ကို လမ်းဗိုလ်လေး ပါသွားခဲ့သည်။

လမ်းဗိုလ်လေးကတော့ ပျော်မဆုံး မော်မဆုံးဖြစ်နေတာပေါ့။

"ဖေဖေ လာလေ ... ဒီနားမှာ သားနဲ့အတူတူ ဘုရားရှိခိုးမယ်လေ ..."

ဖေဖေ့လက်ကိုဆွဲပြီး ... လိုက်ခဲ့ရတာမို့လည်း ဘုရားပေါ်ရောက်ချိန်မှာ လမ်းဗိုလ်လေးရဲ့ မျက်နှာလေးက ရွှင်ပြနေသည်။

"လာပါဗျ ... ဖေဖေရ ..."

ဖေဖေစိတ်ထဲမှာဖြစ်နေတာကိုမသိတော့ လမ်းဗိုလ်လေးက ပျော်ပျော်ရွှင်ရွှင်လေးပဲ ဘုရားရှိခိုးဖို့ ဖေဖေ့ကိုပြောမိသည်။ ဒါကို ဖေဖေက ပင့်သက်ချရင်း ခေါင်းလေးကိုပဲ ယမ်းပြ၏။ ဖေဖေတစ်ယောက်ယောက်ကို စောင့်မျှော်နေတာမှန်းနောက်မှ လမ်းဗိုလ်လေးက ရိပ်မိသွားသည်။

"ဟင် ... ဖေဖေ ဘာဖြစ်နေတာလဲ၊ ဒီဘုရားပေါ်ရောက်မှ ဖေဖေမျက်နှာလေး ဘာဖြစ်လို့ မှိုင်သွားတာလဲ ... ခုထိလည်း ဖေဖေ ဘုရားမကန်တော့ရသေးဘူး"





ကလေးပီပီ မျက်တောင်ရည်တွေကိုကော့လျက်။ ဖေဖေ့မျက်နှာကို မော့ကြည့်ရင်းမေးတော့မှ ဖေဖေ့မျက်နှာလေးက လမ်းဗိုလ်လေးဘက် ပြန်လှည့်လာတာ ...

"ဖေဖေ ... ဖေဖေ မိန်းမတစ်ယောက်ကို စောင့်နေတာကွ သားရ ..."

"ဗျာ ... မိန်းမတစ်ယောက်ကို ဖေဖေစောင့်နေတာ"

ကလေးသာသာအရွယ်လေးပေမယ့် ... လမ်းဗိုလ်လေး ရင်ထိတ်သွားခဲ့ပြီ။

"ဟုတ်တယ်သားရယ် ... သူ့နာမည်က မေတဲ့။ သားမှာ မေမေမရှိလို့ မေမေအသစ်ကို ဖေဖေရှာထားတာလေ ..."

"ဗျာ ... မေမေ အသစ် ဟုတ်လား ..."

မျက်နှာလေးညှိုးဖျော့သွားသလို တစ်ကိုယ်လုံးလည်း အေးစက်သွားသည်။

"ဖေဖေပြောမယ်နော်သား ... ဖေဖေ အခုပြောမယ့်စကားတွေကို သားလမ်းဗိုလ်လေး သေသေချာချာနားထောင်စမ်း ... ဖေဖေ ... အခု မေနဲ့ချိန်းထားတာ အရေးကြီးတဲ့အကြောင်းအရာတစ်ခုကို မျက်နှာစုံညီ ဆွေးနွေးဖို့ချိန်းထားတာ၊ မေနဲ့သားကိုလည်း မိတ်ဆက်ပေးချင်လို့ ဖေဖေသားကိုခေါ်လာတာပါ၊ သား ... ဖေဖေ့ကိုကူညီပါ၊ မေရောက်လာရင် သားက အရင်ဆုံးပြုံးပြလိုက်နော်၊ ပြီးတော့မှ ... မေမေနေကောင်းလားလို့ သားက နှုတ်ဆက်လိုက်"

"မေမေ ... ဟုတ်လား၊ သားက သူ့ကို မေမေလို့ခေါ်ရမယ်တဲ့လား ဖေဖေရယ် ..."

မဖြစ်နိုင်ပါ။

လမ်းဗိုလ်မှာ မေမေရှိနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူများကိုတော့ မေမေလို့မခေါ်နိုင်ပါဘူး။ ဘာဖြစ်လို့ ခေါ်ရမှာလဲ။

"ဟင့်အင်း ... ဖေဖေ ..."

အထိတ်တလန့်လေးနှင့် ခေါင်းကလေးကို ခါလိုက်တာလေးက ဖြူဖွေးအေးစက်သော မျက်ဝန်းကလေးတွေ အသက်မပါတော့သလို ငြိမ်သက်အေးစက်သွားပုံကလေးနဲ့ဖြစ်သည်။ သည်လိုခေါင်းကလေးခါလိုက်စဉ်မှာ သွေးမရှိတော့သော မျက်နှာလေးဆီမှာ ထိတ်လန့်မှုလေးတွေပေါ်လာသလို အေးစက်စက် နှုတ်ခမ်းလေးတွေ အရောင်ဖျော့ကျသွားတာလည်း ခေါင်းခါလိုက်ချိန်နဲ့ တစ်ပြိုင်တည်းလိုလိုမှာပဲ ဖြစ်သွားခဲ့၏။

မခေါ်ပါဘူး။

ကိုယ့်မေမေမဟုတ်တဲ့ မိန်းမတစ်ယောက်ကို မေမေလို့ ဘယ်တော့မှ မခေါ်နိုင်ဘူး။

"ဟင့်အင်း ... ဟင့်အင်း ... သားမခေါ်ဘူးနော် ဖေဖေ၊ အဲဒီမိန်းမကို မေမေလို့ သားမခေါ်ချင်ဘူး၊ သားမေမေက အနှိမ်ခံရလို့ ဖေဖေနဲ့ကွဲသွားတာ၊ သားမခေါ်ဘူး ... သားမခေါ်ဘူး ... အဲဒီမိန်းမက သားမေမေ မဟုတ်ဘူး ..."

လမ်းဗိုလ် ခေါင်းလေးဆက်တိုက်ခါနေတာ ခုထိလည်း မရပ်သေးပါ။ ဒါကို ဦးနောင်နောင်အောင်က သားလမ်းဗိုလ်လေးရဲ့ပုခုံးလေးကို ဖြစ်ညှစ်ဆုပ်ကိုင်ကာ သားရဲ့မျက်ဝန်းတွေကို မျက်နှာထားမာမာကလေးနှင့် စိုက်ကြည့်ပစ်လိုက်သလို မကျေမနပ်အသံကလေးနှင့် ပြောလိုက်မိတာက ...

"သား လမ်းဗိုလ် ... ဖေဖေ့စကားကို မင်းမဆန့်ကျင်နဲ့နော်၊ သားကို မြင်လိုက်တာနဲ့ မေ ကျေနပ်လက်ခံသွားအောင် ဖေဖေ





ပြောနေတာ ... သားရဲ့အရင်မေမေက အိမ်ဖော်မဆိုတာလည်း မေ မသိစေနဲ့ ... မေက အဆင့်အတန်းခွဲတယ်"

"ဗျာ ... အဆင့်အတန်းခွဲတယ် ဟုတ်လား ..."

ဒီစကားလုံးကိုတော့ နင့်သည်းသွားအောင် လမ်းဗိုလ်လေး မုန်းလိုက်မိပါပြီ။

ဖွားဖွားက မေမေ့ကို အဆင့်အတန်းခွဲလို့တောင် အားမရသေးဘူး ... ခုလည်း နောက်တစ်ယောက်က အဆင့်အတန်းခွဲဦးမလို့တဲ့ ..."

"အဲလို ... အဲလို အဆင့်အတန်းခွဲတာကို သားမုန်းတယ် ဖေဖေ ... သူ့ကိုလည်း မေမေလို့ သားဘယ်တော့မှ ခေါ်လို့ရမှာမဟုတ်ဘူး ... သားမှာ မေမေရှိတယ်၊ တစ်နေ့ကျရင် မေမေက သားကိုပြန်လာခေါ်မှာ ... မေမေလာခေါ်ရင် သားက ... မေမေ့နောက်ကိုပဲ ပြန်လိုက်သွားမှာ ..."

"ဟော့ကောင် တိတ်စမ်း ..."

ဦးနောင်နောင်အောင် ဒေါသဖြစ်ရပြီ။

ဒီကောင့်ကို ခေါ်လာမိတာ မှားပြီတောင် ထင်ပါရဲ့။

ဖေဖေ အော်လိုက်တာကို မျက်လုံးအဝိုင်းသားလေးနှင့် ကြည့်ပြီး ခါနေသည့် လမ်းဗိုလ်လေးရဲ့ ခေါင်းကလေးက ဖြေးဖြေးခြင်းလေးရပ်သွားသည်။

"မင်းကို ဖေဖေပြောနေတာ ... မင်းမှာ မေမေရှိတော့လို့ ပြောနေတာ၊ အခု ... မင်းမေမေက နောက်ယောက်ျားယူသွားပြီဆိုတာ မင်းသိရဲ့လား ... မင်းကိုလည်း မင်းအမေက ဘယ်တော့မှ ပြန်လာခေါ်မှာ မဟုတ်တော့ဘူး ... စိတ်ကူးတွေယဉ်ပြီး မျှော်လင့်မနေနဲ့ ... မင်းနေရမှာ၊ အခုလာမယ့်မေမေနဲ့ပဲနေရမှာ ... သူက



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို လက်ထပ်ဖို့ မင်းကိုကြည့်ပြီးမှ စဉ်းစားမှာ ... သူကျေနပ် လက်ခံလောက်တဲ့အနေအထားရှိမှ ဖေဖေ့ကိုခွင့်ပြုမှာ ... ဟွန်း မင်းပြဿနာရှာလို့ကတော့ မင်းကို ကြိုးကြိုးသန်းလက်ထဲမှာထား ခဲ့ပြီး နောက်မိန်းမနဲ့ငါက ထွက်သွားတော့မှာကွ ... အဲဒါ ... နား လည်လား ... ”

“ဗျာ ... ဖေဖေ ... ”

လမ်းဗိုလ်လေးရဲ့ မျက်ဝန်းအိမ်လေးထဲမှာ မျက်ရည်ရိပ် ကလေးတွေ ဖြာခနဲ ဝေ့တက်လာခဲ့ရပြီ။ ဖေဖေပြောလိုက်တာ မေမေဟာ နောက်ယောကျ်ားယူသွားပြီတဲ့။ မင်းဆီကို ဘယ်တော့ မှပြန်လာမှာမဟုတ်တော့ဘူးတဲ့။ ဒါဆို ... လမ်းဗိုလ်မှာ မေမေ မရှိတော့ဘူးပေါ့။ ဒီကြားထဲ ... ဖေဖေကပါ နောက်မိန်းမယူမယ် ဆိုတော့။

“အဟင့် ... ဟင့် ... ဟင့် ... သားကိုတော့ ကြိုးကြိုးသန်း တို့နဲ့မထားခဲ့ပါနဲ့ဖေဖေ ... ဖေဖေလိုချင်တဲ့ နောက်မိန်းမကို ပြုံးပြ ဆိုလည်း သားပြုံးပြပါ့မယ် ... မေမေလို့ခေါ်ဆိုရင်လည်း သားခေါ် ပါ့မယ် ... ဒါ ... ဒါပေမဲ့ သားနှုတ်မရဲဘူးဖေဖေရဲ့ ... အဟင့် ... ဟင့် ... ”

“ဟာ ... ဟောကောင် ... ဘုရားပေါ်မှာ မင်းမငိုနဲ့လေ၊ မင်းယောကျ်ားမဟုတ်ဘူးလား ... ငါကွာ၊ ရိုက်လိုက်ရင် မင်းသေ တော့မယ် ... သုတ် ... သုတ် ဟောကောင် ... မျက်ရည်မြန်မြန် သုတ် ... ”

ဘေးဘီဝဲယာကိုလည်း ဦးနောင်နောင်အောင် ကြည့်မိ သည်။

သားကိုလည်း လက်နဲ့ရိုက်တော့မလို ရွယ်မိ၏။





သားက မျက်ရည်တွေကို လက်ဖဝါးလေးနှစ်ဖက်နဲ့ ပွတ် သုတ်ပါသည်။ ရှိုက်သံလေးက မရပ်သေးတော့ မျက်ရည်က သုတ်လို့ မကုန်နိုင်။

“ဟော ... ပြောရင်းဆိုရင်း ... ”

ဦးနောင်နောင်အောင်မျက်နှာက လမ်းဗိုလ်လေးရဲ့ခေါင်း ကလေးကို ကျော်ကြည့်ကာ ချက်ချင်းပဲ မျက်နှာက ပြုံးသွားသည်။ မျက်ဝန်းတွေကပါ ဝင်းလက်စိုမြသွား၏။ လမ်းဗိုလ်က မျက်ရည် သုတ်ရင်း အဖေ့မျက်ဝန်းတွေ ရွေ့သွားရာဘက်ကို မသိမသာလေး လှည့်ကြည့်လိုက်တော့ ပန်းရောင်ဝမ်းဆက်လက်ရှည်လေးကို မြန်မာဆန်ဆန်လေး ချုပ်ဝတ်ထားသော မိန်းမတစ်ယောက်သည် ခပ်လှမ်းလှမ်းနေရာလေးကနေ အပြုံးတစ်ပွင့်ဖန်ဆင်းရင်း ဖေဖေ့ဆီ လျှောက်လာနေတာ လှမ်းမြင်လိုက်ရ၏။

ထိုမိန်းမကြောင့် လမ်းဗိုလ်လေးရဲ့ အသက်ရှူသံတွေ ပို၍ မြန်ဆန်သွားခဲ့သလို မျက်ရည်တွေကပါ တမဟုတ်ခြင်း ရပ်သွား သည်။ ပြောရရင် ... ထိုမိန်းမသည် ရိုးရိုးယဉ်ယဉ်ကလေးနှင့် ဆံပင် ရှည်ကြီးကိုပိုင်ထားသော ဝင်းထင်းအိစက်နေအောင် လှသည့်မိန်းမ ပဲဖြစ်သည်။ တင်ပါးအထိရောက်အောင် ဖုံးကျနေသည့် ဆံပင်အရှည် ကြီးတွေကို ဒီအတိုင်းဖြန့်ချမထားဘဲ နဖူးကနေ နောက်ပြန်လေး လှန်၍သိမ်းထားကာ ပန်းကလစ်များနှင့်ထိုးသွင်းကာ ညှပ်ထား လျှက် ဆံပင်အဖျားတွေကို အဖြူရောင်လက်ကိုင်ပုဝါလေးနှင့် ခေါက်တွန့်လေးချည်ကာ စည်းထားသည်။

မျက်ခုံးတန်းနှစ်ဖက်က ထူထဲနက်မှောင်ကာ နှာတံချွန်ချွန် လေးရဲ့ အပေါ်ဘက်ထိပ်ဖျားအပေါ်မှာ မွေးညင်းစိမ်းနုနုလေးတွေ က ထိဆက်နေသည်။ ထိုမိန်းမသည် သပြေသီးမှည့်ရောင်ပြေပြေ



www.burmeseclassic.com

www.burmeseclassic.com



လေးဆိုးထားသော နှုတ်ခမ်းလေးနှစ်မွှာကို ပိုင်ဆိုင်ထားပြီး၊ မေးဖျားချွန်ကလေးကအစ ... ဝင်းနှစ်ရှင်းသန့်သော လည်တိုင်ကလေးအဆုံး ထိုမိန်းမရဲ့လှပမှုတွေက စွဲဆောင်နိုင်အား ကောင်းလွန်းလှသည်။

သို့သော် ... လမ်းဗိုလ်လေးအတွက်တော့ ထိုမိန်းမသည် နတ်ဆိုးတွေ ကျိမ်စာတိုက်လွှတ်လိုက်သော လူယောင်ဖန်ဆင်းထားသည့် ဘီလူးမတစ်ယောက်သာ ဖြစ်သွားခဲ့ရ၏။

"ကိုနောင် ... ရောက်နေတာ ကြာပြီလား"

"အဟင်း ... မကြာသေးပါဘူး ... ကိုယ်က မေနောက်ကျနေလို့ တမျှော်မျှော်နဲ့ကြည့်နေတာ ... မေ ... ဒါ ကိုယ့်သားလေ ကြည့်ပါဦး ... ကိုယ်နဲ့မတူဘူးလား ..."

"ဟင် ... ဒီ ... ဒီကောင်လေး ... ဒီကောင်လေးကို မေ သိတယ်"

"ဟင် ... မေက ကိုယ့်သားကို သိတယ် ..."

"ဟာ ... မသိဘဲနေပါ့မလားကိုနောင်ရဲ့ မေက အိမ်ကတူလေး ထွန်းထွန်းကို ကျောင်းအမြဲလိုက်ပို့နေတာလေ ... သူ့နာမည်က လမ်းဗိုလ်လေ ... ကျောင်းမှာ လမ်းဗိုလ်က နာမည်ကြီးသူ့အမေက အိမ်ဖော်မဆို ..."

"သေစမ်းကွာ ... တောက် ..."

ဦးနောင်နောင်အောင် ရှက်လည်းရှက် တစ်ကိုယ်လုံးလည်း ထူပူကာ ဒေါသဖြစ်လို့မဆုံး။ တိုက်တိုက်ဆိုင်ဆိုင် မေက လမ်းဗိုလ်လေးရဲ့အကြောင်းကို သိနေခဲ့ပြီ။

"လက်စသတ်တော့ ကိုနောင်ကို ဒီလိုမိန်းမမျိုးနဲ့ဖြစ်ထားမှန်းမသိခဲ့ဘူး၊ ကိုနောင်တို့အသိုင်းအဝိုင်းထဲက ချမ်းသာတဲ့မိန်းမ





တစ်ယောက်နဲ့ပဲဖြစ်ထားတယ်ထင်ထားတာ ... ခုတော့ ကြည့်ပါဦး ... ကျောင်းမှာ ဟိုလူနဲ့လိုက်ရန်ဖြစ် ဒီလူနဲ့လိုက်ရန်ဖြစ်နဲ့ အရမ်းဆိုးတဲ့ လမ်းဗိုလ်ရဲ့အဖေဟာ ကိုနောင်ဖြစ်နေတာကိုး ... ဟားဟား ... ဟား အဆင့်အတန်းလည်းမရှိ၊ မျိုးရိုးလည်းနိမ့်ကျတဲ့ အိမ်ဖော်မတစ်ယောက်ရဲ့သားကို မေ ... ဘယ်လိုမှ သားတစ်ယောက်အဖြစ် မသတ်မှတ်ပေးနိုင်ဘူးကိုနောင် ... မေက အေးအေးဆေးဆေးလေး ချမ်းသာချင်တာ ... ကဲ ... ကိုနောင် ဒီနေ့ကစပြီး မေ့ကို မေ့လိုက်တာ အကောင်းဆုံးပါပဲ ... မေသွားတော့မယ်"

"မေ ... မေ ... ခဏနေပါဦး ..."

အဖေဘယ်လိုပဲ အော်ခေါ်ခေါ် ထိုမိန်းမက နောက်ကိုပင်လှည့်မကြည့်တော့ဘဲ ... ချာခနဲ လှည့်ထွက်သွားခဲ့ပြီ။

"တွေ့လား ... ဟောကောင်၊ အဲဒါ ... မင်းကြောင့် ... မင်းကြောင့် ..."

"ဗျာ ..."

ထိုနေ့ကစပြီး ဖေဖေ ခြံထဲကိုပင် ပြန်မလာတော့ပါ။

ရွှေတိဂုံကအပြန်မှာ ဖေဖေရဲ့ဆောင့်တွန်းတာလည်း လမ်းဗိုလ်ခံရသည်။ ခေါင်းတွေကို ဝိတ်ရိုက်တော့လည်း လမ်းဗိုလ်လေး ငိုရသည်။

ချော့ရတာလည်း ကြီးကြီးသန်းပေါ့။

"လမ်းဗိုလ်လေးရယ် ... သားလေးအတွက် ကြီးကြီးသန်း စိတ်မကောင်းလိုက်တာ၊ သားလေးရဲ့ဖေဖေက သူလိုချင်တာမရလို့ သားလေးကို မုန်းသွားတာပဲနေမှာ ... စားလိုက်နော် သားလေး။ ကြီးကြီးသန်း ငါးကြော်လေးကို အရိုးနွှင်ပေးမယ်"

တဟင့်ဟင့်နဲ့ငိုနေတဲ့လမ်းဗိုလ်လေးကို ကြည့်ကာ ခြံထဲက



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတွေအားလုံး စိတ်မကောင်းကြ။

"ကျောင်းမှာ လမ်းဗိုလ်လေးဆိုးတာလည်း မပြောနဲ့နော်၊ အားလုံးက အိမ်ဖော်မသားဆိုပြီး အထင်သေးကြ နှိမ်ကြဖြစ်နေကြတော့ လမ်းဗိုလ်လေးစိတ်ထဲမှာ မခံချင်စိတ်တွေနဲ့ ဆိုးလာတာပဲနေမှာ ... ခုလည်း ကြည့်ပါဦး ... အဆင့်အတန်းလည်းမရှိ၊ မျိုးရိုးလည်းနိမ့်ကျတဲ့ အိမ်ဖော်မတစ်ယောက်ရဲ့သားကို သားအဖြစ် ဘယ်လိုမှ မသတ်မှတ်နိုင်ဘူးလို့ အဲဒီမိန်းမက ပြောသွားတယ်တဲ့လား လမ်းဗိုလ်လေးရယ် ..."

အားလုံးကတော့ လမ်းဗိုလ်လေးအတွက် ကရုဏာတရားတွေနဲ့စာနာပေးရင်း အံတကြိတ်ကြိတ် တက်တခေါက်ခေါက်နဲ့ ရာသီတွေ ဘယ်လိုပဲပြောင်းပြောင်း ... ရက်၊ လ၊ နှစ်တွေ ဘယ်လိုပဲ ဟောင်းဟောင်း ဒါတွေကို လမ်းဗိုလ်လေးက ဘယ်လိုလုပ်မေ့နိုင်တော့မှာလဲ။

နောက်ဆုံးမှာတော့ ဖွားဖွား ဒေါ်မိမိခိုင်ရဲ့ ခြံထဲမှာပဲ အနှိမ်ခံ အရိုက်ခံရတာတွေ များလာခဲ့သည်။

"ဟဲ့ကောင် လမ်းဗိုလ် ..."

"ဗျာ ... ဖွားဖွား ..."

"နင် ... နင် လေးတန်းကျောင်းသားအရွယ်လေးနဲ့ ဘယ်လောက်ဆိုးနေလို့ ကျောင်းက တိုင်စာတွေ ခဏခဏရောက်နေတာလဲဟင် ... ငါတို့မျိုးရိုးထဲမှာ အဲလိုဆိုးတဲ့ကလေးမရှိဘူး ... နင် ... နင် ငါ့မြေးအစစ်လေးဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။ နင် ... ငါ့မြေးမဟုတ်ဘူး၊ နင့်အဖေက မူးမူးရူးရူးနဲ့ ကိုယ့်ဟာမှန်းမသိ သူ့ဟာမှန်းမသိ ဖြစ်သွားတာပဲနေမှာ"

"ဘုရားရေ ..."





ခြံထဲမှာ အမှိုက်လှဲရင်း မယ်မယ်စကားကိုကြားလိုက်တော့ ကြီးကြီးသန်းရင်ဘတ်ဖိမိသည်။ ကိုယ့်မြေးအစစ်လေးဆိုတာ ဒီခြံထဲက အလုပ်သမားတွေအားလုံးသိနေကြတဲ့ဟာ ... ဒါကိုတောင် ရက်ရက်စက်စက် ဒီလို ပြောရသလား မယ်မယ်ရယ်။

အိမ်ဖော်မက ကြီးကြီးသန်းတို့နဲ့ ဒီခြံထဲမှာပဲနေပြီး ဒီခြံထဲမှာပဲ အလုပ်လုပ်ခဲ့ရတာပါ။ နောက်ဆုံး ... အေ့တာအနံ့တာတွေဖြစ်လာတော့မှ နောင်နောင်အောင်နဲ့လိုက်ပြေးသွားခဲ့တာလေ။ အဲဒါ ... နောင်နောင်အောင်နဲ့မဖြစ်လို့ ဘယ်သူနဲ့ဖြစ်ရမှာလဲ။

ပြောချင်တာက ...

လမ်းဗိုလ်ဆိုတဲ့ ဆယ်နှစ်သားအရွယ် ကောင်လေးတစ်ယောက်ရဲ့ ငယ်ဘဝသမိုင်းစာမျက်နှာတွေပါ။

လက်ရှိအချိန်မှာတော့ ...

ဒီစာမျက်နှာတွေဟာ ပန်းချီကားကြီးတွေပေါ်မှာ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ဟုတ်ပါပြီ ဦးလရောင်ခေတ်ရယ် ... ဟုတ်ပါပြီ၊ ဒါပေမဲ့ ဒီ အဖြစ်အပျက်ဇာတ်လမ်းထဲမှာ ရှင်အခုပြောနေတဲ့ လမ်းဗိုလ်ဆိုတဲ့ ကောင်လေးတစ်ယောက်ရဲ့အဖြစ်အပျက်ဟာ ရှင်နဲ့တိုက်ရိုက်ပတ် သက်နေတဲ့ ဇာတ်လမ်းတစ်ပုဒ်ဖြစ်နေလို့ ... ရှင် တကူးတက — ရှင်းပြနေတာလားဟင် ... ဦးလရောင်ခေတ် ... လမ်းဗိုလ်ဆိုတာ ရှင်လား ... "

"သေချာတာပေါ့ ပန်းသစ်တော် ... "

"အို ... ဘုရားရေ ... ရှင်က လမ်းဗိုလ် ... "

ပန်းသစ်တော် အထိတ်တလန့်လေးနှင့် ဦးလရောင်ခေတ် မျက်နှာကို ထိတ်ထိတ်ပြာပြာလေး လှမ်းကြည့်မိသည်။

ဦးလရောင်ခေတ်က ဆွေးမြေ့ကြေကွဲစွာ ပြုံးလျှက်။

"ဒါ ... ကိုယ့်ရဲ့အတိတ်သမိုင်းပါ ... ကိုယ်ငယ်ငယ်က ခံစား ခဲ့ရတဲ့ ဘယ်တော့မှ မေ့လို့မရနိုင်တော့မယ့် ကိုယ့်ရဲ့ပုံရိပ်ဟောင်း တွေကို မင်းနားလည်အောင် ကိုယ်တင်ပြနေတာပါ။ ကိုယ့်ဘဝက အဲဒီက စခဲ့တယ် ... ကိုယ့်ရဲ့အတိတ်သမိုင်းက အဲဒီလို ရှိုင်းခဲ့တယ်"





"ဒါ ... ဒါဆို ရှင်တော်တော်ခံစားခဲ့ရတာပေါ့ ... "

"ခံစားရလို့ မင်းကိုရှင်းပြနေတာပေါ့ ပန်းသစ်တော်"

ဦးလရောင်ခေတ်မျက်နှာ ပန်းသစ်တော်ဘက်လှည့်လာ သည်။

ဒီလိုလှည့်လာတော့ နှုတ်ခမ်းစွန်းမှာ နာကြည်းရိပ်တွေ တွဲ ခိုတ်လျှက် ... မျက်ဝန်းတွေကပါ တဖျတ်ဖျတ်တခါခါလေး လက် နေသည်။

"ဆယ်နှစ်သားအရွယ် ... ကောင်လေးတစ်ယောက်ရဲ့ရင်ထဲ မှာ စွဲထင်ခဲ့ရတဲ့ ဒဏ်ရာနက်နက်တွေကြောင့် ဒီအခြေအနေထိ ရောက်အောင် ကိုယ်ရှင်သန်လာခဲ့ရတယ်ဆိုရင် မင်းယုံမလား"

မျက်တောင်လေးကော့လျှက် ဦးလရောင်ခေတ်မျက်နှာကို ပထမဆုံးအကြိမ် စိတ်ဝင်တစား ပန်းသစ်တော် ကြည့်မိသည်။

"ဟွန်း ... အဲဒါတော့ ရှင်ပြောကြည့်လေ ဦးလရောင်ခေတ် ကျွန်မ ... ရှင့်ကို နားလည်လာအောင် အတတ်နိုင်ဆုံးကြိုးစားနေပါ တယ် ... ခုတော့ ... မဆုံးသေးတဲ့ ရှင့်ဇာတ်လမ်းကို ကျွန်မဆက် ပြီးနားထောင်ရတော့မှာပေါ့ ... ပြောရရင် ရှင့်ကိုစိတ်မဝင်စားပေ မယ့် ရှင်ပြောနေတဲ့ ဇာတ်လမ်းထဲက လမ်းဗိုလ်လေးကိုတော့ ကျွန်မ စိတ်ဝင်စားပါတယ် ... "

"ဟွန်း ... "

လရောင်ခေတ် မဲ့ပြုံးလေး ပြုံးသည်။

ပြီးတော့မှ ကိုယ်ကို အနည်းငယ်လေး မတ်ဆန့်လိုက်ကာ ပန်းချီကားကြီးတွေဘက် မျက်နှာကိုပြန်လှည့်သည်။ နေတာ ထိုင် တာ ပြုံးတာ မဲ့တာကအစ သေသပ်ကျနနေအောင် ကွက်ချိလေး



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားတတ်တဲ့ ဦးလရောင်ခေတ်ပါ။

"ကိုယ်ပြောချင်တာက ကိုယ်မင်းကို ဘာဖြစ်လို့ လက်ထပ်ချင်ခဲ့ရသလဲဆိုတဲ့ အချက်ကို ထင်သာမြင်သာဖြစ်လာအောင် ကိုယ်ပြောချင်တာပါ ... အကြောင်းအရာတွေဟာ တစ်ခုနဲ့တစ်ခု ခွဲခြားလို့မရအောင် ဆက်စပ်နေခဲ့လို့ ကိုယ်တို့အားလုံးကြားမှာ ဒီရင်နင့်စရာ ဇာတ်လမ်းလေးပေါက်ဖွားရှင်သန်လာခဲ့ရတာပါ၊ ပြောရရင် ကိုယ့်ဖေဖေဟာ မိဘတွေချမ်းသာပေမယ့် တအားဆိုးခဲ့တယ်၊ မိဘကဆိုးတော့ အဲဒီဒဏ်ကို လမ်းဗိုလ်လေးက ကူကယ်ရာမဲ့အောင် ခံစားခဲ့ရတယ် ... မြေးကို အသိအမှတ်မပြုချင်တဲ့အဖွားရယ်၊ တခြံထဲမှာ အတူနေကြတဲ့ မိသားစုတွေရယ်၊ အားလုံးကို ပေါင်းလိုက်တဲ့အခါမှာ ဒီကြေကွဲစရာ ဇာတ်လမ်းလေးဖြစ်လာရတော့တာပေါ့"

ပြောရင်း ... ဦးလရောင်ခေတ်ရဲ့မျက်ဝန်းလေးတွေက မှေးဖျော့စင်းကျသွားသည်။

ပန်းသစ်တော်ကတော့ ... လက်ကလေးပိုက်ကာ အနားမှာ ပဲရပ်လျှက် ...

ာ ာ ာ

အခန်း ( ၁၅ )

"အဲဒါ ... ဆိုးဦး ... "

"အဲဒါ ... ဂျစ်ကန်ကန်လုပ်ဦး ... "

"ပြောင်း ... "

"ဘုန်း ... "

"ကဲဟယ် ... ကဲဟယ် ... "

ဒေါ်မိမိခိုင် လမ်းဗိုလ်လေးကို ရိုက်နေတာ ဘယ်သူမှမကြည့်ရက်နိုင်ကြ။ ဒေါ်မိမိခိုင်ရဲ့ မြေးအငယ်ဆုံးမ ကဲကဲလေးကို လမ်းဗိုလ်လေးက ဆောင့်တွန်းလိုက်လို့တဲ့။ တွန်းမှာပေါ့ ... ကဲကဲလေးက တစ်ယောက်တည်းဆော့နေတဲ့လမ်းဗိုလ်လေးကို တမင်တကာ စက်ဘီးနဲ့ဝင်တိုက်လိုက်တာကိုး။

ဒါကို မခံနိုင်လို့ လမ်းဗိုလ်လေးက တွန်းလိုက်မိတာပါ။

ဆူညံသံတွေနဲ့ တခြံလုံး ယောက်ယက်ခတ်သွားသည်။ ဒေါ်မိမိခိုင်က လက်နဲ့ရိုက်ရတာ အားမရတော့ ... တိုက်ထဲပြန်ဝင်ကာ ကြိမ်လုံးကိုပါ ဆွဲချလာ၏။

"လမ်းဗိုလ် ... နင်လာစမ်း ... "



www.burmeseclassic.com

www.burmeseclassic.com



လမ်းဗိုလ်မှာတော့ သူ့အဖွားကို ငိုမဲ့မဲ့မျက်နှာကလေးဖြင့် လှမ်းကြည့်ကာ ...

"အဟင့် ... ကျွန်တော် ဘာလုပ်လို့လဲ ဖွားဖွားရဲ့ ..."

"ဘာ ... ဖွားဖွားလဲ၊ ဘာဖွားဖွားလဲ ... နင် ငါ့ကို ဖွားဖွားလို့မခေါ်နဲ့ ... ငါနင့်အဖွားမဟုတ်ဘူး ... နင့်ကို ငါ့မြေးလို့လဲ သတ်မှတ်မထားဘူး။ နင့်ကို ငါ့လက်နဲ့ရိုက်ရတာ အားမရလို့ ကြိမ်လုံးသွားယူလာတာ ... နောက်တစ်ခါ ငါ့မြေးကဲကဲလေးကို တွန်းဦးမလား တွန်းဦးမလား ..."

အသံမာမာကြီးနဲ့ အံကြိတ်အော်မေးရင်း လက်ထဲက ကြိမ်ကို လေထဲလွှဲသည်။ အားကုန်လွှဲရိုက်ဖို့လည်း ခြေလှမ်းထပ်တိုး၏။ လမ်းဗိုလ်လေးက ခေါင်းလေးငိုက်စိုက်ချကာ မျက်နှာလေးက တရှုံ့ရှုံ့လေးဖြစ်လာ၏။ ဖွားဖွားကို ကြောက်ရလို့လည်း ပြန်မပြောရဲ။

"ဟဲ့ ... နင့်ကို ငါမေးနေတယ်လေ လမ်းဗိုလ် ... ငါမေးတာ နင်ဖြေစမ်း ..."

"ကျွန်တော် ... ကျွန်တော် ... အဟင့် ... ဟင့် ဟင့် ..."

ဝမ်းနည်းလာတော့ စိတ်မထိန်းနိုင်တော့ဘဲ အသံကလေးထွက်လာအောင် လမ်းဗိုလ်လေးငိုရပြီ။ ဒါကို ဒေါ်မြိမြိခိုင် နောက်ဆုတ်မသွားဘဲ ရိုက်တော့မယ့်တကဲကဲ ဟန်ပြင်လိုက်သည်။ မျက်လုံးနှင့်ပါ ပြူးကြည့်ကာ ...

"အောင်မယ် ... ကြည့်စမ်း ... ဒီလို မျက်ရည်တွေနဲ့ခြုပြပြီး ငါ့ကို စိတ်ပျော့သွားအောင်လာလုပ်မနေနဲ့၊ ဒါမျိုးကို နင့်အမေ အိမ်ဖော်မလည်း ငါ့ကိုလာလုပ်လို့မရဘူး ... ဘယ်ဟာဘယ်ကောင်နဲ့





ဖြစ်လို့ဖြစ်မှန်းမသိဘဲ ရလာတဲ့အိမ်ဖော်မရဲ့သား၊ ငါမနိုင်လို့ကတော့ မိဘမဲ့ကလေးဂေဟာကို ငါပို့ပစ်မယ်၊ နင် ... အခု ငါ့ရှေ့မှာ လက်ပိုက်ပြီးတော့ ရပ်နေစမ်း ..."

"အဟင့် ... ဟင့် ... ဟင့် ... ကျွန်တော် ဖွားဖွားကို ကြောက်ပါတယ် ဖွားဖွားရဲ့ ... ကဲကဲက ကျွန်တော့်ကို စက်ဘီးနဲ့ လာတိုက်လို့ တွန်းလိုက်မိတာပါ ... ကျွန်တော့်ကိုမရိုက်ပါနဲ့ ..."

"ဟဲ့ ... မရိုက်လို့ရမလား၊ မရိုက်လို့ရမလား ... ကဲကဲလေးက ငါ့မြေး ... ရိုက်ရမယ် ... နောက်မလုပ်ရဲအောင် ရိုက်ထားမှရမယ် ... ကဲ ... ဟိုဘက်လှည့်စမ်း ..."

ဒေါ်မြိမြိခိုင် လမ်းဗိုလ်လေးကို ရိုက်တော့မည်။

"အဟင့် ... ဟင့် ... ဟင့် ..."

"ကဲ ... အဲဒါ ... တွန်းဦး ..."

"ငါ့မြေးလေးကို အနိုင်ကျင့်ဦး ..."

"ဖြန်း ... ရွမ်း ..."

"ဖြန်း ... ရွမ်း ..."

"အား ... နာပါတယ် ဖွားဖွားရဲ့ ..."

"ကျွန်တော် နောက်ဘယ်တော့မှ မတွန်းတော့ပါဘူး"

"ဖွားဖွားကို ကြောက်ပါတယ် ..."

"အဟင့် ... ဟင့် ... ဟင့် ..."

ဆင့်ကဲ ဆင့်ကဲ ကျလာတဲ့ ကြိမ်ချက်တွေအောက်မှာ လမ်းဗိုလ်လေးရဲ့ ခါးလေးက ကော့ခနဲ ကော့ခနဲလည်ထွက်ကာ သနားစဖွယ်လေး ငိုခဲ့ရပြီ။

ဒါပေ့ါလေ ... အိမ်ဖော်မသားဆိုတဲ့ ... အဆင့်အတန်းခြား



www.burmeseclassic.com

www.burmeseclassic.com



မှုတွေနဲ့ ကလေးကို ဒေါသတကြီး လှဲရိုက်နေတာ။

လမ်းဗိုလ်လေးရယ် ...

ဝဋ်ရှိသမျှတော့ ဒီအကြွေးတွေကြေအောင် မင်းဆပ်လိုက်ဦးပေါ့။

ကြီးကြီးသန်းတို့က မင်းအတွက် စိတ်ထိခိုက်ရပေမယ့် ဘာတတ်နိုင်မှာလဲ။

ဒေါ်မိမိခိုင် လှည့်ထွက်သွားတော့မှ လမ်းဗိုလ်လေးရဲ့ ကျောပြင်လေးနဲ့ တင်ပါးလေးတွေကို ဆေးလိမ်းပေးရတာ ကြီးကြီးသန်းရယ်ပါပဲ။

"မယ်မယ် ... တော်တော်ရက်စက်တယ်နော်"

"ကြည့်ပါဦး ... အရိုးရာတွေက ရဲနေတာပဲ"

"သူတို့မြေးမဟုတ်ဘူးဆိုတဲ့ ဇွပ်စွဲချက်နဲ့ တမင်တကာအညှိုးထားပြီး နှိပ်စက်နေကြသလားမှ မသိတာ ... "

"အိမ်ဖော်မသိရင် တော်တော်ရင်နာမှာပဲ"

"ဖအေကလည်း မိန်းမတစ်ယောက်ပြီးတစ်ယောက်နဲ့ ရှုပ်တော့ ... လမ်းဗိုလ်လေးကို ပြန်မကြည့်နိုင်တော့ဘူးပေါ့"

ဆေးလိမ်းပေးရင်း တဟင့်ဟင့်လေးနဲ့ အိပ်ပျော်သွားရှာတဲ့ လမ်းဗိုလ်လေး ... ပြောရရင် ကိုယ်မွေးထားတဲ့သားကို နောင်နောင်အောင် ဂရုမစိုက်လို့ ကလေးက ဒီလောက်ထိ ခံစားနေရတာပါ။

ပိုဆိုးတာက ကလေးကို နောင်နောင်အောင်ကိုယ်တိုင်က မေဆိုတဲ့ မိန်းမတစ်ယောက်နဲ့ပတ်သက်ပြီး ကြည့်လို့မရအောင် မုန်းနေခဲ့တာလေ။ ဘယ်လောက်အဖြစ်ဆိုးတဲ့ လမ်းဗိုလ်လေးရဲ့ဘဝ





လေးလည်းဆိုတာ။

ဖအေက မူးမူးရူးရူးနဲ့ ခြံထဲကိုပြန်လာခဲ့ရင်တောင် ပန်းခြုံတွေကြားထဲကနေ ခေါင်းလေးတောင်မဖော်ရဲဘဲ ... ဖအေကို ချောင်းကြည့်ခဲ့ရတဲ့ လမ်းဗိုလ်လေးရဲ့ဘဝ။ ခေါ်လိုက်ရင် ... အကြောင်းအမျိုးမျိုးနဲ့အပြစ်ရှာပြီး အရိုက်ခံရမှာစိုးလို့ပါပဲ။

တစ်နေ့မှာတော့ ... နောင်နောင်အောင်နဲ့ လမ်းဗိုလ်လေး ခြံထဲမှာ တည့်တည့်တိုးသွားသည်။

"ဟော့ကောင် ... လာစမ်း ... "

"ဗျာ ... ဖေဖေ ... သားကိုခေါ်တာလား ... "

"ဟော့ကောင် ... ငါက မင်းကိုမခေါ်လို့ ဘယ်သူ့ကိုခေါ်ရမှာလဲ ... "

"ဟုတ် ... ဖေဖေ ... သားမသိလို့ပါ ... "

"မင်း ... မင်း တော်တော်ဒုက္ခပေးတဲ့ကောင် ... မေကငါ့ကို အခုထိ ပြန်အကပ်မခံတော့ဘူးဆိုတာ မင်းသိရဲ့လားဟင် နတ်ဆိုးလေးရဲ့ ... မင်းကိုစမွေးကတည်းက ငါသောက်ခဲ့ရတဲ့အရက်၊ စိတ်ဓာတ်တွေကျပြီး ဒီအရက်ကိုငါစွဲခဲ့တာလေ ... ကလေးကိုခေါ်သွားမှ ကွာပေးမယ်လို့ မင်းအမေပြောတာနဲ့ပဲ ကွာလို့ရအောင် ငါ မင်းကိုခေါ်လာခဲ့ရတာ ... ဟွန်း ... မင်းအမေက သူ့သားလေးကို ချမ်းသာစေချင်တာကိုး ... တိုက်ကြီး ခြံကြီးနဲ့နေစေချင်ခဲ့တာကိုး ကွ ... ဟား ... ဟား ... ဒါပေမယ့်ကွာ မယ်မယ်က မင်းကိုမချစ်တော့ မင်းတိုက်နဲ့မင်းကံ ဒီခြံကြီးထဲမှာ ဖြစ်နေရတော့တာပေါ့ကွာ အဟင်း ... အခု မင်းအိပ်တော့ ... ကြီးကြီးသန်းရဲ့အလုပ်သမားတန်းလျားလေးမှာ သွားအိပ်တာဆို ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် … ဖေဖေ … "

နောင်နောင်အောင့်ကိုကြောက်တော့ … ဖအေမျက်နှာကို တောင် လမ်းဗိုလ်လေးက မကြည့်ရဲ။ ခေါင်းလေးငုံ့ မျက်လွှာလေး သိမ်းထားတာ ဖအေရှေ့မှာ မဟုတ်သလိုပါဘဲ။

"ဒါ … ဒါပေမဲ့ … "

"ဘာလဲကွ … "

"သားက ဖေဖေနဲ့ပဲ အိပ်ချင်တာ … "

"ဟော့ကောင် … မင်းအခုမှ အပိုတွေလျှောက်ပြောမနေနဲ့ မယ်မယ်ပြောတဲ့အတိုင်းဆိုရင်တောင် … မင်းက ငါ့သားဟုတ်ချင်မှ ဟုတ်မှာ … "

"ဗျာ … "

"မေနဲ့ငါ လမ်းခွဲလိုက်ရတာလည်း မင်းကြောင့် … "

"သား … သား … "

"ဟော့ကောင် … ငါ့ရှေ့ကနေ မင်းအခုထွက်သွားတော့"

"အဟင့် … "

ကြားလိုက်ရတဲ့ ကြီးကြီးသန်း ရင်နာလို့မဆုံး။

ကလေးကို ဒီလိုပြောနေတာကိုလည်း ကြီးကြီးသန်း ဘယ်လိုမှ မခံစားနိုင်တော့ပါ။ နောင်နောင်အောင့်ကို ကြီးကြီးသန်း ဝင်ပြောမိသည်။

"နောင်နောင်ရယ် … ကလေးကို မဟုတ်မဟပ်စကားတွေ မင်းမပြောစမ်းပါနဲ့ … မင်းနဲ့အိမ်ဖော်မ ကိစ္စတွေ ကြီးကြီးသန်းတို့က အသိဆုံးပါ … အခုလည်း မင်းတို့ခေါ်လာလို့သာ ကလေးက မျက်ရည်စက်လက်နဲ့လိုက်ခဲ့ရတာ၊ သူ့အမေကို မခွဲချင်ခွဲချင်ဘဲ ခွဲခဲ့





ရတာ … မင်းတာဝန်မယူချင်ရင် သူ့အမေဆီကို ပြန်ပို့လိုက် … "

"ဘာပြောတယ်ဗျ … ဒီကောင့်ကို သူ့အမေဆီပြန်ပို့ရမယ် ဟုတ်လား … ဟား ဟား … သူ့အမေက နောက်ယောက်ျားယူသွားလို့တောင် ဘယ်ကမ္ဘာမှာ လိုက်ရှာရမှန်းမသိတော့ဘူး၊ အဲလို သစ္စာမဲ့တဲ့ မိန်းမအကြောင်းကို နောက်တစ်ခါ ခင်ဗျားထည့်မပြောနဲ့၊ ဒီကိစ္စတွေ … ကြီးကြီးသန်း ဝင်ပြောစရာအကြောင်းမရှိဘူး၊ ဒီကောင့်ကိုလည်း ဘာမှ သနားနေစရာမလိုဘူး … "

အရက်နံ့တွေ ထောင်းခနဲထလာတာကိုတော့ ကြီးကြီးသန်း အော့နှလုံးအနာဆုံးပါ။ သားကိုလည်း သားမှန်းမသိ၊ သခင်ကိုလည်း သခင်မှန်းမသိ။ အရက်ရဲ့ ကျေးကျွန်နောင်နောင်အောင်ရယ်။

ဆင်းရဲလို့ သူများအိမ်မှာ အိမ်ဖော်မလုပ်ခဲ့ရတဲ့ မိန်းကလေး တစ်ယောက်ကို အထက်စီးကနေ ပန်းကောင်းအညွှန့်ချိုးလုပ်ခဲ့ပြီးမှ ကိုယ်မှာကပ်နေတဲ့ ဖုန်မှုန့်လေးခါသလို ခါချပစ်ခဲ့တာတောင် အားမရသေးဘဲ ကိုယ်မွေးထားတဲ့သားကိုတောင် အနှိမ်ခံ အနင်းခံ ဘဝထဲ မင်းက … ဆွဲသွင်းပစ်ချင်သေးသလား နောင်နောင်အောင်။

လောကကြီးမှာ ရက်စက်တာလွယ်ပါတယ်ကွာ။

လူစိတ်ရှိဖို့ပဲ ခက်တာပါ။

ထိုနေ့ကစပြီး လမ်းဗိုလ်လေး တမှိုင်မှိုင်တတွေတွေဖြစ်သွားခဲ့၏။

ကျောင်းသွားရင်လည်း လွယ်အိတ်စလွယ်သိုင်းကလေးနဲ့ ခေါင်းလေးငိုက်စိုက်ချလို့၊ ကျောင်းကပြန်လာရင်လည်း ငိုမဲ့မဲ့မျက်နှာလေးမှာ မျက်ရည်လေးတွေက အမြဲဝဲလို့၊ မြေးအစစ်ပါဆိုတဲ့ ကလေးတွေကတော့ ကားအကောင်းစားကြီးတွေပေါ်မှာ ပျော်



www.burmeseclassic.com

www.burmeseclassic.com



မဆုံး မော်မဆုံး။ အားလုံးတပြုံးပြုံးနဲ့ပဲပေါ့။

"ဟေး ... ဒီနေ့ မာမီက ဂိမ်းစက်အသစ်ဝယ်ပေးလို့ ဆော့မယ်ကွ ..."

"ကိုကိုနော် ... ကဲကဲလည်းပါမယ်"

"တူးတူးလေးလည်း ဆော့မယ် ..."

"ဟေး ... ဆော့ရင်းနဲ့ ရေခဲမုန့်စားမယ်ကွ ..."

အဝတ်အစားအသစ်တွေ အကောင်းစားလွယ်အိတ်တွေ ကိုယ်စီနှင့်။

"သား ... လမ်းဗိုလ် ..."

"ဗျာ ... ကြီးကြီးသန်း ..."

"ဟို ... ကလေးတွေနားကို သားမသွားနဲ့နော်"

"ဟုတ် ... ကြီးကြီးသန်း ... သားမသွားပါဘူး ..."

"သားလေးဆော့ချင်ရင် ... ကြီးကြီးသန်းနဲ့ ဒိုးဆက်တော့မယ်"

"ဟုတ် ..."

လမ်းဗိုလ်လေးရဲ့ မျက်နှာထားလေးက အရင်လိုမဟုတ်တော့ဘဲ လူကြီးလေးလို နည်းနည်းလေးတော့ တည်လာသည်။ ဆော့တာတွေ ကစားတာတွေလည်း သိပ်မလုပ်တော့။ ကြီးကြီးသန်းတို့ရဲ့ အလုပ်သမားတန်းလျားလေးက ကွပ်ပြစ်လေးပေါ်မှာ စာကိုပဲဖတ်၏။ သင်္ချာတွေ တွက်စရာရှိလျှင် တွက်သည်။

"ကြီးကြီးသန်း ..."

"ဟင် ... ဘာလဲ မထား ..."

မထားက လမ်းဗိုလ်လေးကို မျက်စ,ပစ်ပြလျက် စကား





လာစ၏။ ဒီခြံမှာ အမြဲလိုလို အတင်းပြောတတ်တာလည်း မထားပါဘဲ။ မထားရဲ့တာဝန်က တိုက်ကြီးတစ်ခုလုံးကို သန့်ရှင်းရေးလုပ်ရတာဆိုတော့ ဒေါ်မိမိခိုင်တို့တစ်အိမ်လုံးမှာ ဖြစ်ပျက်နေသမျှသတင်းတွေကို အသိဆုံးပေါ့။

"အပေါ် ... အပေါ်ထပ်က ဘုရားခန်းမှာ လမ်းဗိုလ်လေး အကြောင်းကို မယ်မယ်တို့မိသားစုတွေ ပြောနေကြတယ်"

"ဟင် ... ဘာတွေပြောနေကြတာလဲ"

"မွေးစားမယ့်သူရှိရင် အပြီးအပိုင် ပေးပစ်တော့မယ်တဲ့"

"ဟယ် ... ကြည့်စမ်း ..."

"ကိုယ့်သွေးမဟုတ်တာ သေချာသလို အိမ်ဖော်မသွေးဖြစ်နေလို့တဲ့ ..."

"ဘုရား ... ဘုရား ..."

ကြီးကြီးသန်း ဘုရားတရင်း ရင်ထဲမှာ ဆို့တက်သွား၏။

"ရက် ... ရက်စက်လိုက်ကြတာ မထားရယ် ... သူများကို ပေးပစ်တော့ ဒီကလေးက သူများအိမ်မှာ ပိုအနှိမ်ခံရတော့မှာပေါ့၊ မွေးစားမယ့်သူကလည်း လက်တိုလက်တောင်းခိုင်းဖတ်လို့ ခိုင်းချင်လို့မွေးစားမှာ၊ မတရားဘူး ... မတရားဘူး၊ ဒီလိုလုပ်ရင် အလုပ်ကပဲထွက်ရပါစေ၊ ဒေါ်မိမိခိုင်ကို ကြီးကြီးသန်းကိုယ်တိုင်တက်ပြောမယ်၊ သူတို့မုန်းရင်လည်း ကြီးကြီးသန်းပဲ အမုန်းခံမယ်"

"အဲဒါ ... အဲဒါလေ ... သူတို့သား ကိုနောင့်ကိုလည်း အရက်ဖြတ်ခိုင်းပြီး မိန်းမတစ်ယောက်နဲ့ပေးစားတော့မှာ၊ အဲဒီကောင်မလေးကလည်း လမ်းဗိုလ်နဲ့မပတ်သက်ဘဲ ကင်းကင်းရှင်းရှင်းဖြစ်မှ လက်ခံမယ်ဆိုလို့ လမ်းဗိုလ်ကို အပြတ်ရှင်းကြတော့မှာ ... လမ်းဗိုလ်သနားပါတယ် ကြီးကြီးသန်းရယ် ... မထားလေ၊ ဘုရားပန်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ရင်း မျက်ရည်တောင်ကျတယ် … သိလား … ”

ပြောရင်း … မထားအသံတွေ တုန်လာတာ ထိန်းလို့တောင်မရ။

အရင်တုန်းကဆို ဒီခြံကြီးထဲမှာ မထားရယ်၊ ကြီးကြီးသန်းရယ် အိမ်ဖော်မရယ် သုံးယောက်ပေါင်းပြီး အလုပ်တွေပျော်ပျော်ရွှင်ရွှင်လုပ်လာခဲ့ကြတာလေ။ ကိုနောင်နဲ့အိမ်ဖော်မ ခိုးရာလိုက်သွားတုန်းကဆိုလျှင် အိမ်အလုပ်သမားတွေအားလုံး အဆူအငေါက်ခံရပြီး ခေါင်းမဖော်နိုင် ဖြစ်ခဲ့ကြရတာပါ။

ဒါကို … ဒီနေ့အထိ မမေ့နိုင်ခဲ့ကြတာလည်း ကြီးကြီးသန်းနဲ့မထားပဲဖြစ်သည်။ ဘာပဲပြောပြော သူတို့ခင်မင်သံယောဇဉ်ရှိခဲ့ကြသည့် အိမ်ဖော်မရဲ့ရင်သွေး … သားလမ်းဗိုလ်လေးကိုတော့ သူတို့ဘယ်လိုအကြောင်းမျိုးနဲ့မှ ပစ်ပယ်မထားနိုင်ပါ။ ဒီကိစ္စကိုတော့ ပြင်းပြင်းထန်ထန် ကြီးကြီးသန်း ကန့်ကွက်ရပါလိမ့်မည်။

“နေ … နေပါဦး မထား၊ သူ့အဖေ နောင်နောင်အောင်ကို မယ်မယ်က ဘယ်သူနဲ့ပေးစားဖို့ စီစဉ်နေတာလဲ”

“ဟင် … အဲဒါ ကြီးကြီးသန်းမသိဘူးလား … ဟိုတစ်ခါ ဘုရားပေါ်မှာ လမ်းဗိုလ်လေးနဲ့ ပြဿနာဖြစ်လာတဲ့ မိန်းမလေး၊ သူ့နာမည်က မေတဲ့ … မေလို့ခေါ်နေတာ ကြားလိုက်တာပဲ”

“အို … အဲဒီမိန်းမကို လမ်းဗိုလ်လေးက တအားမုန်းနေတာ ပြောတော့ဖြင့် … အဲဒီမိန်းမနဲ့ အဆက်အသွယ်ပြတ်ပြီးလေးဘာလေးနဲ့ … ခုမှ ဘာဖြစ်လို့ပြန်ဆက်သွယ်လာရပြန်တာလဲ”

“ဟွန်း … မယ်မယ့်အကြောင်းကို ကြီးကြီးသန်း သိတယ်မို့လား … သူ့သားကို အရက်ဖြတ်စေချင်လို့ ဒီမိန်းမနဲ့အတင်းပေး





စားတာ၊ ကိုနောင်ရမယ့်အမွေကိုလည်း အဲဒီမိန်းမကမက်လို့ … မင်္ဂလာဆောင်အခမ်းအနားကိုတောင် ကြီးကြီးကျယ်ကျယ်လုပ်မယ်ဆိုပဲ … ”

“အို … သူတို့ဟာသူတို့ ဘာပဲလုပ်လုပ် လမ်းဗိုလ်လေးကို ပေးပစ်မယ်ဆိုတာတော့ ကြီးကြီးသန်းလက်မခံနိုင်ပါဘူး … ကလေးက ဘာအပြစ်ရှိလို့လဲ … ”

ဒီလိုနဲ့ပဲ တစ်နေ့မှာတော့ …

ဘယ်ကမှန်းမသိသည့် ဧည့်သည်တွေ ခြံထဲကိုရောက်လာသည်။

ဧည့်သည်တွေက နွမ်းနွမ်းပါးပါး ဧည့်သည်တွေပါ။

ထိုဧည့်သည်တွေကို အသားမည်းမည်း ခပ်ဝဝ မိန်းမတစ်ယောက်က ဦးဆောင်ခေါ်လာခဲ့တာ ဖြစ်သည်။ ဒီလိုဧည့်သည်မျိုးတွေကို မယ်မယ်ကိုယ်တိုင် ခြံဝအထိ ထွက်ကြိုနေတာက ထူးထူးဆန်းဆန်း။

“ဟဲ့ … ငွေကြည်မတို့ လာပြီလား … ”

နာမည်က ငွေကြည်မတဲ့။

ကွမ်းတွေ … ပလုတ်ပလောင်းစားနေတာ ပါးစပ်တစ်ခုလုံးရဲလို့။

ကွမ်းချေးတွေက သွားတွေမှာကပ်နေသည်။

“မယ်မယ် ခေါ်တယ်ဆိုလို့ ကျွန်မတို့လာတာ … ”

“လာကြ … လာကြ … ငွေကြည်မလာတာ အတော်ပဲ မယ်မယ်က မနက်ကတည်းက မျှော်နေတာ … ကဲ … ပြောပါဦး၊ ငွေကြည်မ ခေါ်လာတာ … ဘယ်သူတွေလဲ … ”

ဧည့်ခန်းမှာ ထိုင်ကြတော့မှ ဒေါ်မိမိခိုင်က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ပြည်မြို့တစ်ဖက်ကမ်းက ဆင်တဲမှာ လက်ဖက်ရည်ဆိုင်ဖွင့်တာလေ ... အဲဒါ ... ဆိုင်မှာ လက်တိုလက်တောင်းခိုင်းရမယ့်အလုပ်သမား ကောင်လေးတစ်ယောက်လိုတယ်ဆိုလို့ မယ်မယ်ဆီ ကျွန်မခေါ်လာတာပါ ... သူတို့က မွေးလည်းမွေးစားမယ်၊ ခိုင်းလည်းခိုင်းမယ် ... မကောင်းဘူးလား ... "

"အို ... ကောင်းတယ် ... ကောင်းတယ် ... ပြည်တစ်ဖက်ကမ်းထိ ခေါ်သွားမယ်ဆိုတော့ ကိုယ့်တာဝန်လည်း အေးသွားတာပေါ့ ... လွတ်လွတ်ကျွတ်ကျွတ်လည်း တစ်ခါတည်း ဖြစ်သွားတာပေါ့ ... မဆိုးပါဘူး ... မယ်မယ်သဘောတူတယ် ... "

သိတယ်မလား ...

ငွေးကြည်မဆိုတာ ပွဲစား ...

အိမ်ဖော် ထမင်းချက် အဝတ်လျော် ... ဘယ်လိုအလုပ်သမားမျိုးလိုချင်လဲ။ ငွေးကြည်မကို မှာလိုက်ရုံပဲ။ ဒေါ်မိမိခိုင်ကိုယ်တိုင်ကလည်း သားနဲ့ကွာရှင်းစေချင်လို့သာ မလွှဲသာမရှောင်သာ အိမ်ဖော်မကလေးကို ခေါ်လာခဲ့ရပေမယ့် စိတ်ထဲမှာ မခင်တွယ်တာတော့အမှန်ပင်။

ကိုယ့်သား လူမိုက်က နာမည်ဝင်ခံလိုက်လို့သာ ဒေါ်မိမိခိုင်မြေးစာရင်းပေါက်နေရပေမယ့် အိမ်ဖော်မဆိုတဲ့အတန်းအစားက ယုံစရာလား။ သူဘယ်နေရာမှာ ဘာဖြစ်လာသလဲဆိုတာ ဘယ်သူက အပ်ကျမတ်ကျပြောနိုင်မှာမို့လဲ။ ပိုကောင်းသွားတာက သားနောင်နောင်ကိုယ်တိုင်က ဒီကလေးအပေါ်မှာ သံသယရှိနေခဲ့တာပင်။ ဒီလိုသံသယရှိနေလို့လဲ၊ ဒီကလေးကို မွေးစားမယ့်သူ ပေးပစ်လိုက်တာ သဘောတူခဲ့တာပေါ့။





"ဟင်း ... ဟင်း ... ကျေးဇူးတင်ပါတယ် မယ်မယ် ... ဒီလက်ဖက်ရည်ဆိုင်ပိုင်ရှင်လင်မယားကလည်း သားတစ်ယောက်လိုသဘောထားပြီး ခိုင်းစရာရှိတာ ခိုင်းမှာပါ ... မယ်မယ် စိတ်ချလက်ချသာ တစ်ခါတည်း ထည့်လိုက်သီလား ... ဒါမှ မယ်မယ်နောက်ဆံတောင်းရတော့မှာ ... ခုဆို ... ခြံထဲမှာ ဟိုကလေးနဲ့ရန်ဖြစ် ဒီကလေးနဲ့ရန်ဖြစ်ဆိုတော့ ... တစ်နေ့ တစ်နေ့ မယ်မယ်စိတ်ညစ်နေရတာပေါ့ ... "

"ဟုတ်တာပေါ့ ... ငွေးကြည်မရယ်၊ ငါမှာလည်း ဘယ်လိုလုပ်မလဲ ... သမီးကြီးနဲ့သမီးငယ်ကမွေးတဲ့ မြေးတွေကလည်း အုံနဲ့ကျင်းနဲ့ဆိုတော့ ... တစ်နေ့တစ်နေ့ ... ဘာပြဿနာဖြစ်လာကြမလဲဆိုပြီး ရင်ထိတ်နေရတာ၊ အဖေအမေတွေက ကုမ္ပဏီကိစ္စတွေနဲ့ ပြေးဟယ်လွှားဟယ် ... လုပ်နေရတာဆိုတော့ ငါ့မြေးလေးတွေကိုလည်း ပြန်ကြည့်နိုင်ကြတာ မဟုတ်ဘူးလေ ... ဒီကြားထဲ မိမစစ်အမစစ်လေးက ခြံထဲမှာ လာရှုတ်နေတော့ ဦးနှောက်စားတဲ့ဒဏ်ကိုမခံနိုင်တော့လို့ ညည်းတို့လက်ထဲကို ငါအပ်ပြီး အပ်လိုက်ရတာ၊ ညည်း ... ဒီကိစ္စကို သေသေချာချာတော့လုပ်နော် ငွေးကြည်မ"

"စိတ်ချပါ ... မယ်မယ်ရယ် ... "

"ဒီကလေးက ငါ့မြေးအစစ်လေးမဟုတ်တာ ညည်းသိတယ်နော်"

ဒေါ်မိမိခိုင်ပြောရင်း ဘေးဘီဝဲယာကို မျက်လုံးကစားလိုက်သေး၏။

"ဟာ ... သိပါတယ်မယ်မယ်ရဲ့ ... မယ်မယ်ခြံထဲက သတင်းတွေအားလုံးကို ငွေးကြည်မတို့က အကုန်ရပြီးသား ... အခုနောင်နောင်က မေဆိုတဲ့ကောင်မလေးတစ်ယောက်နဲ့ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှာဆို ... ”

“ဟုတ်တယ် ... ဟုတ်တယ် ... ဒီမင်္ဂလာပွဲလေးဖြစ်အောင် ငါ့မှာမနည်းစီစဉ်နေရတာ၊ ဒါကြောင့်မို့ ... ဒီကိစ္စကို ငါအပြတ်ရှင်းနေရတာလေ ... ဟင်း ... ဟင်း ... ”

“ကလေးက ဘယ်မှာလဲ မယ်မယ် ... တစ်ခါတည်း အထုတ်ပြင်နိုင်းလိုက်တော့လေ ... ”

ဒွေးကြည်မပြောမှ လမ်းဗိုလ်ကိုခေါ်ဖို့ ဒေါ်မိမိနိုင်သတိရသွားသည်။

“ဟဲ့ ... မထားရေ ... လမ်းဗိုလ်ကိုခေါ်ခဲ့စမ်း ... ”

မထား အနားကိုရောက်လာတာ မျက်နှာမကောင်း။

“ဟို ... ဟိုလေ ... မယ်မယ်၊ လမ်း ... လမ်းဗိုလ်က ခြံတံခါးကိုကျော်ပြီး ထွက်ပြေးသွားပြီ ... ”

“ဘာပြောတယ်”

ဒေါ်မိမိနိုင် ပါးစပ်အဟောင်းသားဖြစ်ရပြီ။

“လမ်း ... လမ်းဗိုလ်ထွက်ပြေးသွားပြီ ဟုတ်လား ... ကြည့်စမ်း အမျိုးယုတ်လေး ... ”

တစ်ခြံလုံးပွက်ပွက်ညံသွားတာ ဘယ်သူမှတောင် ထိန်းလို့မရတော့ပါလား ... ကြီးကြီးသန်းကတော့ အဆူခံ အငေါက်ခံနေရရင်း တရှုံ့ရှုံ့လေးနဲ့။

“ကျွန်မ ... ကျွန်မလည်း ခြံနောက်ဘက်က အမှိုက်တွေကျုံးနေလို့ မသိလိုက်တာပါ မယ်မယ် ... လမ်းဗိုလ် ... လမ်းဗိုလ်က သူ့ကိုပေးပစ်တော့မှာကိုသိလို့ ကြောက်ပြီး တစ်နေရာရာမှာသွားပုန်းနေတာပဲဖြစ်မှာပါ”

“အဲဒါ ... ညည်းတို့ ဂရုမစိုက်လို့ ဒီကောင်လေးထွက်သွား





တာပဲနေမှာပေါ့ ... သွားစမ်း ... ဒီနားပတ်ဝန်းကျင်မှာ လိုက်ရှာပြီး ငါ့ဆီကို ခေါ်လာစမ်း ... ”

တစ်ခြံလုံးလည်း ဘယ်သူမှမနေရ။

ရွာသမျှ နေရာတိုင်းမှာလည်း လမ်းဗိုလ်လေးကိုမတွေ့။

“ဟို ... ဟိုလေ ... ကောင်လေးတစ်ယောက်လေ၊ ဆယ်နှစ်ကျော်ကျော် အရွယ်ကောင်လေး ဂျင်းဘောင်းဘီအဟောင်းလေးနဲ့ ... မျက်တောင်လေးက ရှည်ရှည်လေး အသားလေးက မဖြူမညိုလေး ... အဲဒါ ... အဲဒါ ... ဒီနားမှာ တွေ့လိုက်မိလားဟင်”

“ဟာ ... ဒီနားမှာ စောစောက ငိုမဲ့မဲ့လေးနဲ့ မျက်ရည်လေးသုတ်သွားတဲ့ကောင်လေးကို ပြောတာထင်တယ် ... ဆံပင်လေးကခပ်တိုတိုလေးလေ၊ အပေါ်မှာဝတ်ထားတာက အပြာရောင်လက်တို စပို့ရှပ်အဟောင်းကလေးနဲ့ ... ”

“ဟာ ... ဟုတ်တယ် ... ဟုတ်တယ် ... ”

“အဲဒါဆို ... ကောင်လေးက ဒီလမ်းမကြီးအတိုင်း လျှောက်သွားတာ၊ အခုမှ ... လိုက်ရှာတော့ ကောင်လေးက အဝေးကိုတောင်ရောက်သွားလောက်ပြီ ... ဒုက္ခပါပဲ အိမ်ကထွက်ပြေးလာတဲ့ကောင်လေးမှန်းသိရင် ... ဒီကွမ်းယာဆိုင်မှာ ခေါ်ထားလိုက်ပါတယ်ဗျွန်း ... မသိလို့ ... မသိလို့ ... ”

အစအန သတင်းလေးလောက်သာ ကြီးကြီးသန်းတို့ရခဲ့သည်။

လမ်းဗိုလ်လေးကတော့ ပျောက်ချင်းမလှ ပျောက်သွားခဲ့၏။ ညနေမှောင်ရီပျိုးချိန်ထိလည်း ကလေးကပြန်မလာ။ မိုးတွင်းကာလကြီးမို့ ကြီးကြီးသန်း လမ်းဗိုလ်လေးအတွက် စိတ်ပူခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဗိုလ်လေး ဘယ်ချောင်မှာ ဝင်အိပ်နေမလဲဆိုတာတွေးရင်း မျက်ရည်က တဖြုတ်ဖြုတ်နဲ့ အတောမသတ်နိုင်အောင် စီးကျခဲ့ရ[illegible]

ထိုအချိန်မှာ လမ်းဗိုလ်လေးကတော့ အကြော်တဲဟောင်း အပျက်လေးထဲက ခနော်ခနဲ့ သစ်သားခင်းကွပ်ပျစ်လေးပေါ်မှာ[illegible]

"အဟင့် ..."

လမ်းမကြီးပေါ်မှာ ကားမီးရောင်မြင်လျှင် မျက်လုံးလေး ပွတ်ကြည့်ရတာ အထိတ်တလန့်လေးနဲ့ပင်။ တစ်နေကုန် လျှောက် လာခဲ့ရသမျှ ဘယ်နေရာတွေ ရောက်လို့ရောက်နေမှန်းပင် လမ်း ဗိုလ်လေး မသိနိုင်တော့ပါ။

ဝတ်ထားတဲ့ အင်္ကျီနဲ့ဘောင်းဘီလေးကလည်း လမ်းမှာ မိုး တွေမိလာလို့ စိုရွှဲလာတာ။ ခုထိ မခြောက်သေး ... လမ်းဗိုလ်လေး ဝမ်းလည်းနည်းနေသည်။ တကယ်တော့ လမ်းဗိုလ်လေး ခုလိုထွက် လာတာ ... လမ်းမှာ မေမေနဲ့တွေ့ရမလားဆိုပြီး ထွက်လာတာ လေ။ တွေ့လိုက်ရသမျှ မိန်းမတိုင်းကိုလည်း အမေလားလို့ ကြည့် ရတာအမော။

မဟုတ်မှန်းသိတော့ စိတ်ဓာတ်လေးကျကာ ခြေထောက် တွေကိုပင် မသယ်ချင်တော့။

"အဟင့် ..."

နောက်ဆုံးမှာတော့ အကြော်တဲကွပ်ပျစ်လေးပေါ်မှာပဲ ခါး ကလေးကွေး ဇက်ကလေးကွေးကာ ကြောက်ကြောက်နှင့်ပဲ အိပ် ပျော်သွားခဲ့ရတာ လမ်းဗိုလ်လေး။

"သကြားမုန့်ဖက်ထုတ် ..."

"သကြားမုန့်ဖက်ထုတ် ..."





"ဟင် ..."

သကြားမုန့်ဖက်ထုတ်အော်သံကြောင့် ဖျတ်ခနဲလန့်နိုးလာ ပြီး ငုတ်တုတ်လေးထထိုင်လိုက်မိ၏။ လမ်းမီးတိုင်တွေဆီက မှိန် ပြပြမီးရောင်အောက်မှာ တောင်းကလေးထမ်းပြီး လျှောက်လာနေ တဲ့အစ်ကိုကြီးတစ်ယောက်။ မိုးဖွဲဖွဲလေးတွေကျနေတာကိုလည်း လမ်းဗိုလ်လေးမြင်နေရသည်။ မုန့်ဖက်ထုတ်သည် အစ်ကိုကြီးက လည်း တစာစာလေး အော်လာလျှက်။

"သကြားမုန့်ဖက်ထုတ်တွေရမယ်နော် ..."

"သကြားမုန့်ဖက်ထုတ် ပူပူလေး ..."

"သကြားမုန့်ဖက်ထုတ် ..."

ထိုအချိန်မှာ မိုးကလည်း ပိုသည်းလာသည်။

သကြားမုန့်ဖက်ထုတ်သည်အစ်ကိုကြီး။ ရုတ်တရက် မိုးခိုဖို့ အကြော်တဲဟောင်းကလေးထဲကို ဆိုက်ဆိုက်မြိုက်မြိုက်ဝင်လာ တော့ ငုတ်တုတ်လေးထိုင်နေတဲ့ လမ်းဗိုလ်လေးကို တွေ့သွားသည်။

"ဟာ ... ချာတိတ်လေး၊ မင်း ... မင်း ... ဒီမှာ ဘာလုပ်နေ တာလဲ မင်းဘယ်က ချာတိတ်လေးလဲ ..."

လမ်းဗိုလ်လေးကို မျက်လုံးပြူးကြည့်ကာ မုန့်ဖက်ထုတ် သည်အစ်ကိုကြီး အံ့သြနေ၏။

"ကျွန်တော် ... ကျွန်တော် ... အိမ်က ထွက်ပြေးလာတာ"

"ဟာ ... မင်း"

တောင်းကို ပုခုံးပေါ်ကနေ ဝုန်းခနဲပစ်ချကာ ကွပ်ပျစ်ပေါ် ကို သူကပါ တက်လာ၏။ လမ်းဗိုလ်လေး ပုခုံးကို အတင်းဆွဲလှုပ် ရင်းလည်း သူသိချင်တာကို အတင်းမေးသည်။

"ဟော့ကောင် ... မင်းငါ့ကိုမှန်မှန်ပြောနော် ... အိမ်က[illegible]စွည်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို အလစ်မှာခိုးပြီး မင်းထွက်ပြေးလာတာလား ... ဟော့ကောင် မင်းငါ့ကို ပြောစမ်း ...”

“အဟင့် ... မဟုတ်ပါဘူးဗျ ...”

“ဒါဆို ... မင်းဘာလို့ အိမ်ကထွက်ပြေးလာတာလဲ”

“ဖွားဖွား ... ဖွားဖွားက သူများကိုပေးပစ်မယ်ပြောလို့ ကျွန်တော် အိမ်ကထွက်ပြေးလာတာ ... ဖွားဖွားက ကျွန်တော့်ကို မုန်းနေလို့ပါ ... အဟင့် ... ဟင့် ... ဟင် ...”

“ကျွတ် ... ပြဿနာပဲကွာ ...”

ထိုကောင်လေး ပြောလိုက်တာကို နားထောင်ပြီး နေလုံးနီပင် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

ကောင်လေး တကယ်ပြောနေတာလား။

မျက်နှာလေးကိုကြည့်လိုက်တော့လည်း ဝင်းဝင်းဖန့်ဖန့်လေးနဲ့ ရှင်းရှင်းသန့်သန့်လေး။ ဒါနဲ့ပဲ ... ကောင်လေးရှေ့မှာ နေလုံးနီ ဖင်ချထိုင်လိုက်မိ၏။

ဖွားဖွားက သူများကိုပေးပစ်မှာ ကြောက်လို့တဲ့။

“ဟော့ကောင် ... ငါကလိမ်ပြောရင် အသေမုန်းတာနော် မင်း ... ငါ့ကို မကြောက်နဲ့သိလား၊ ငါ့နာမည်က နေလုံးနီ ... ဆင်းရဲလို့လမ်းပေါ်မှာ သကြားမုန့်ဖက်ထုတ်လိုက်ရောင်းပေမယ့် မခိုးဘူး မဖွက်ဘူး ... ဘယ်သူ့ကိုမှ မတရားမလုပ်ဘူး၊ နားလည်လား ... ငါ အခု ... ဆယ်တန်းဖြေထားတယ်”

“အဟင့် ... အဟင့် ... ကျွန်တော် မလိမ်ပါဘူး ကိုကြီးနေလုံးနီရဲ့ ... ကျွန်တော့်နာမည်က လမ်းဗိုလ်ပါ။ အဲဒါ ... အဲဒါ အမေနဲ့အဖေက ကွဲသွားလို့ ... အဖေ့နောက်ကိုပါသွားပြီး ဖွားဖွားနေတဲ့ ခြံထဲကို ကျွန်တော်ရောက်သွားတာ၊ အဲဒါ ... ဖွားဖွားက သူ့မြေး





အစစ်မဟုတ်ဘူးဆိုပြီး ... ကျွန်တော့်ကို ခဏခဏရိုက်တယ်၊ တိုက်ကြီးပေါ်မှာလည်း မအိပ်ခိုင်းဘဲ အလုပ်သမားတန်းလျားလေးမှာ သွားအိပ်ရတယ် ... ကျောင်းသွားရင်လည်း ကိုယ့်ဘာသာကိုယ် လမ်းလျှောက်ပြီးတော့ သွားရတယ် ... အဟင့် ...”

“ဟော့ကောင် ... စကားပြောရင် ငိုပြီးတော့မပြောနဲ့လေ၊ မင်းယောကျာ်းမဟုတ်ဘူးလား၊ မျက်ရည်သုတ်ပြီး ခပ်မာမာ စကားပြောစမ်း ...”

နေလုံးနီကတော့ မာသည်။

မျက်ရည်ကျတာဟာ အရှုံးပေးခြင်းတစ်ခုလို့ နားလည်ထားသည်။ လမ်းဗိုလ်ဆိုသည့် မျက်တောင်ရှည်ရှည်လေးနဲ့ ကောင်လေးကိုကြည့်ပြီး ထိုကောင်လေးဖြေတာကိုလည်း စိတ်ထဲက ယုံကြည်လိုက်မိ၏။

“ဘာလဲဟော့ကောင် ... မင်းက ခြံကျယ်ကြီးထဲမှာနေခဲ့ရတယ်ဆိုတော့ မင်းတို့ဖွားဖွားက ပိုက်ဆံချမ်းသာတဲ့ သူဌေးမကြီးလား ... မင်းအဖေကိုလည်း အဲဒီသူဌေးမကြီးက မွေးခဲ့တာလား၊ မင်းစကားပြောတာ ရှင်းအောင်ပြောစမ်းပါကွ ...”

“ဟုတ်တယ်လေ ... ကိုကြီးနေလုံးနီရဲ့ ... ဖွားဖွားက အရမ်းချမ်းသာတော့ မေမေနဲ့ဖေဖေ့ကို အဆင့်အတန်းချင်းမတူဘူးဆိုပြီး ခွဲလိုက်လို့ ... ကျွန်တော် ဖေဖေနဲ့မေမေကွဲသွားတာ၊ မေမေကလည်း ဆင်းရဲနေလို့ ... ချမ်းသာပါစေတော့ဆိုပြီး ကျွန်တော့်ကို ဖွားဖွားနောက် ထည့်လိုက်တာ၊ ခုတော့ ... ခုတော့ ... ဖွားဖွားက သူ့မြေးအစစ်မဟုတ်ဘူးဆိုပြီး ကျွန်တော့်ကိုအမြဲနှိပ်စက်တယ်၊ ဖေဖေကလည်း ... ကျွန်တော့်ကိုမချစ်ဘူး၊ အဲဒါ ... အဲဒါ ... ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ကို သူတို့သူ့ဘောကျတဲ့ မိန်းမတစ်ယောက်နဲ့ ပေးစားတော့မှာမို့လို့ ကျွန်တော့်ကို အိမ်မှာမထားတော့ဘူးဆိုပြီး ဖွားဖွားက မွေးစားမယ့် သူကို ပေးပစ်မလို့လုပ်နေတုန်း ကျွန်တော်ထွက်ပြေးလာခဲ့တာ ကိုကြီးနေလုံးနီရယ် ... ကျွန်တော် ... ကျွန်တော် ... မေမေ့ဆီကို ပဲပြန်ချင်တယ် ... မေမေ ... မေမေက ရွှေပြည်သာမှာနေတာလေ ကိုကြီးနေလုံးနီရဲ့ ... "

"ရွှေပြည်သာ ဟုတ်လား ... ကြည့်စမ်း အဝေးကြီးပဲ"

"ဘယ်လောက်ဝေးဝေး ကျွန်တော်လမ်းလျှောက်သွားမယ် အဟင့် ... "

"ဟေ့ကောင် ... ဒီမျက်ရည်က ကျလာပြန်ပြီလား မင်းကွာ တော်တော်အသည်းနုတဲ့ကောင် ... ဒီမှာ ငါ့မျက်နှာကို မင်းသေသေ ချာချာမော့ကြည့် ... မင်းကမှ လောကကြီးထဲမှာ အဖေနဲ့အမေ ရှိသေးတယ် ... ငါက အဖေလည်းမရှိဘူး၊ အမေလည်းမရှိဘူး၊ ဆိုက် ကားပြင်တဲ့ ဦးလေးဦးဝင်းကြည်က သူ့အိမ်မှာခေါ်ထားလို့ငါနေရ တာ၊ အေး ... မင်းလိုက်ရင် ငါခေါ်သွားမယ်၊ ငါနဲ့နေရင် ... မင်း အသည်းတွေမာသွားတယ်၊ ဒါမှမဟုတ်ဘဲ ... လမ်းပေါ်မှာ မင်း တစ်ယောက်တည်းလျှောက်သွားနေလို့ကတော့ မင်းကိုသူခိုးလေး ဆိုပြီး သူများတွေက ဝိုင်းထိုးကြလိမ့်မယ် ဘယ်လိုလဲ ... မင်းငါနဲ့ လိုက်မလား ... "

"လိုက်မယ် ... "

"ဟား ... ဟား ... အဲလိုပြတ်ပြတ်သားသားဖြေတာ ငါ သဘောကျတယ်ကွ၊ အခု ... မိုးလည်းချုပ်ပြီ၊ ညဉ့်လည်းနက်နေပြီ ဆိုတော့ မင်းငါနဲ့လိုက်ခဲ့တော့ ... မနက်ဖြန်ကျမှ ရွှေပြည်သာက





မင်းအမေဆီကို ငါလိုက်ပို့မယ် ... နေရာကိုတော့ မင်းမှတ်မိတယ် မို့လား"

"ကျွန်တော်တို့ရပ်ကွက်အစွန်မှာ ဘောလုံးကွင်းရှိတယ်ဗျ၊ ဘုန်းကြီးကျောင်းတွေလည်းရှိတယ် ... လက်ဖက်ရည်ဆိုင်တွေ လည်းရှိတယ် ... "

"ဟာ ... ဟား ... ဟုတ်ပါပြီကွာ၊ ဟုတ်ပါပြီ ... ကဲ ... အခု ... မင်းငါနဲ့လိုက်မယ်ဆိုရင် ဒီအတိုင်းတော့မလိုက်ရဘူး၊ မင်းကို အသည်းမာသွားအောင် ငါတစ်ခါတည်းလေ့ကျင့်ပေးမယ်၊ ကဲ ... မျက်ရည်ကို အရင်သုတ် ... "

"ဟင် ... မျက်ရည်သုတ်ပြီးရင် ဘာလုပ်ရမှာလဲ"

"ဒီတောင်းကို မင်းပုခုံးပေါ်တင်ပြီးထမ်း ... "

"ရတယ် ... ကိုကြီး ကျွန်တော်ထမ်းမယ် ... "

အဲဒါ ... အသည်းမာအောင် လေ့ကျင့်ပေးတာတဲ့။

ကိုကြီးနေလုံးနီကိုလည်း လမ်းဗိုလ် ခင်သွားသည်။

"ဟာ ... ပေါ့ပေါ့လေးဗျ ... "

"ဟား ... ဟား ... သကြားမုန့်ဖက်ထုတ်က သုံးလေးထုတ် လောက်ပဲကျန်တော့တဲ့ဥစ္စာ ... မပေါ့ဘဲနေမလားကွ၊ အေး ... ဒီထက်ပေါ့စေချင်ရင် မင်းပဲတစ်ခါတည်းယူစားလိုက်တော့ကွာ၊ ဟား ... ဟား ... မင်းဗိုက်ဆာနေမှာကို သိလို့ ငါကျွေးတာပါကွ လမ်းဗိုလ်ရ ... ဟား ... ဟား ... "

"အတော်ပဲ ... ကိုကြီးနေလုံးနီရာ ... ကျွန်တော် ... ကျွန် တော် တကယ်ဗိုက်ဆာနေတာဗျ ... စောစောက ဗိုက်ဆာပြီး မော မောနဲ့အိပ်ပျော်သလိုဖြစ်သွားတာ စားရင်လည်း တစ်ထုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ချန်ထားဦးမယ်ဗျ ... ”

“ဟေ ... ဘာဖြစ်လို့လဲ ... ”

“ဒီတောင်းကြီးကို ပုခုံးပေါ်မှာထမ်းပြီး ကိုကြီးနေလုံးနီလို သကြားမုန့်ဖက်ထုတ်ပူပူလေးလို့ ကျွန်တော် အော်ကြည့်ချင်သေး တယ်လေ ... ဟဲဟဲ ... ”

တစ်နေကုန် မျက်နှာလေး ညှိုးလာခဲ့ရသမျှ ကိုကြီးနေလုံးနီ နဲ့တွေ့မှ လမ်းဗိုလ်လေး ပျော်နိုင်သွားတော့တာပါ။

“ဟား ... ဟား ... မင်းက ငါထင်ထားတာထက်တောင် ပိုတော်နေပြန်ပြီထင်တယ်ကွသိလား ... အေး ... နောက်ဆုံးတစ် နေ့ကျရင် ဒီလိုအသည်းမာမာနဲ့ လောကကြီးကို စိမ်ခေါ်ရင်ဆိုင်သွား တဲ့ လမ်းပေါ်မှာ မုန့်ဖက်ထုတ်ရောင်းတဲ့ကောင်လေးက သူဌေးကြီး တစ်ယောက် ဖြစ်မသွားနိုင်ဘူးလို့ ဘယ်သူက ပြောရဲမှာလဲ ... ငါ ပြောတာ မဟုတ်ဘူးလား လမ်းဗိုလ် ... တစ်နေ့ကျရင် မင်းတကယ် သူဌေးကြီးဖြစ်သွားမှာကွ သိလား ... ဟား ... ဟား ... ”

ဘာရယ်မဟုတ်ဘဲ ပျော်ခဲ့ရတဲ့ ညလေးတစ်ညကို လမ်းဗိုလ် လေးက ဘယ်လိုလုပ် မေ့နိုင်တော့မှာလဲ။

ခုချိန်ထိလည်း နားထဲမှာ ပြန်ကြားနေရတဲ့အသံလေးက

“သကြားမုန့်ဖက်ထုတ် ပူပူလေး ... ”

အခန်း ( ၁၆ )

“ဟွန်း ... မဆိုးပါဘူး ... ဦးလရောင်ခေတ် ... ရှင့်ဇာတ်လမ်း က တော်တော်လေးတော့ စိတ်ဝင်စားဖို့ကောင်းလာပြီပဲ၊ သကြား မုန့်ဖတ်ထုပ်တောင်းလေးထမ်းပြီး ကိုကြီးနေလုံးနီနောက်ကို ရှင်လိုက်သွားတဲ့ ဇာတ်ဝင်ခန်းလေးက ... တကယ်လည်း ရင်နင့်ဖို့ ကောင်းပါတယ် ... ”

လက်ပိုက်ထားတာကို မဖြုတ်သေးဘဲ ... ပန်းသစ်တော် လှည့်မကြည့်ဘဲပြောတော့ ... ဦးလရောင်ခေတ်က နှုတ်ခမ်းလေး တွန့်ပြီးတော့ရယ်သည်။

“ဟုတ်တယ်လေ ... ပြောရမယ်ဆိုရင် ... အဲဒီညက အသက် ဆယ်နှစ်သားကျော်ကျော် အရွယ်လေးပဲရှိသေးတဲ့ လမ်းဗိုလ်လေး ရဲ့ စိတ်ဓာတ်တွေကို ကိုကြီးနေလုံးနီဆိုတဲ့ သကြားမုန့်ဖတ်ထုပ် ရောင်းတဲ့ လူတစ်ယောက်က အစအဆုံး ပြောင်းပြန်လှန်ပြီး ပြောင်းပေးလိုက်တာ ... သူ့ကြောင့် ကိုယ့်ဘဝဟာ ဒီနေ့ ဒီလိုအခြေ အနေမျိုးထိ ... ရောက်ခဲ့ရတယ်ဆိုတာတောင် ကိုယ် ... မင်းကို



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ဝန်ခံချင်တယ် ...”

“ဒါပေါ့လေ ... အထိနာခဲ့လို့လည်း ဘဝရဲ့အဘိဓမ္မာတွေကို ရှင်သိသွားခဲ့တာ ... ကဲ ရှင့်ဇာတ်လမ်းလေးကို ဆက်ပြောပါဦး။ နောက်တစ်နေ့ကျတော့ ... ရှင့်အမေကို လိုက်ရှာတာ ပြန်တွေ့သလားဆိုတာ ...”

“မတွေ့တော့ပါဘူး ...”

“ဟင် ... မတွေ့တော့ဘူး ဟုတ်လား ...”

“မေမေက နောက်အိမ်ထောင်နဲ့ ... ဘယ်ကိုပြောင်းသွားသလဲဆိုတာတောင် စုံစမ်းလို့မရတော့ဘူး ...”

“ဖြစ်မှဖြစ်ရလေ ... ဦးလရောင်ခေတ်ရယ် ... ဒါ ... ဒါဆို ဆယ်နှစ်သားကျော်ကျော်လေးပဲရှိသေးတဲ့ လမ်းဗိုလ်လေးရဲ့ဘဝက တော်တော်လေး ဒုက္ခရောက်ခဲ့တာပေါ့ ...”

“ဟုတ်တယ်လေ ... သူ့မေမေနဲ့ မတွေ့ရတော့ လမ်းဗိုလ်လေးက ကိုကြီးနေလုံးနီနဲ့ ပြန်လိုက်သွားခဲ့တယ် ... ကိုကြီး နေလုံးနီနဲ့အတူ လမ်းပေါ်မှာ သကြားမုန့်ဖတ်ထုပ်တောင်းလေးထမ်းပြီး လိုက်ရောင်းခဲ့တယ် ... ဟိုမှာ ကြည့်လိုက်လေ ... အသက်ဆယ်နှစ်ကျော်ကျော် အရွယ်ကောင်လေး တောင်းလေးထမ်းပြီး သကြားမုန့်ဖတ်ထုပ် လိုက်ရောင်းနေတဲ့ ပန်းချီကားကြီး ...”

“ဟင် ...”

ပန်းသစ်တော်မော့ကြည့်လိုက်တာ ... မျက်တောင်ရှည်လေးတွေကော့လို့ပါ ... တကယ်လည်း စိတ်တွေကိုလှုပ်ရှားစေခဲ့တဲ့ ပန်းချီကားကြီးပါပဲ ... ထိုပန်းချီကားကြီးကို ပန်းချီဆရာက အသက်ဝင်လှုပ်ရှားနေအောင် ရေးဆွဲထားသည်။ ပန်းချီကားထဲက





လမ်းဗိုလ်လေးကတော့ တီရှပ်လက်တို အစုတ်ကလေးနဲ့ ဂျင်းဘောင်းဘီ အဟောင်းအနွမ်းလေးကိုဝတ်လို့ပေါ့ ... ။

“တကယ်တော့ ... ဒီဇာတ်လမ်းမှာ ကိုကြီးနေလုံးနီနဲ့တွေ့မှ လမ်းဗိုလ်လေး သတ္တိရှိလာခဲ့တာပါ ... သူကိုယ်တိုင်လည်း မိမဲ့ဖမဲ့ ဘဝနဲ့ လမ်းပေါ်မှာ ကျင်လည်ခဲ့ရတာဆိုတော့ ... ဘယ်သူ့ကိုမှ မကြောက်ဘဲ ကိုယ့်ဘဝတိုးတက်ရေး စကားတွေ ... ကိုကြီး နေလုံးနီက ပြောပြပေးခဲ့တယ် ... ဆိုက္ကားပြင်တဲ့ ဘဘဦးဝင်းကြည်ကလည်း သူ့အိမ်မှာနေခွင့်ပေးခဲ့ပြီး ... အစစ အရာရာ အားမငယ်ဖို့ လောကကြီးကိုအရှုံးမပေးဖို့ သွန်သင်ဆုံးမပေးခဲ့တယ် ... ဒီလိုနဲ့ လမ်းဗိုလ်လေး အိမ်ကထွက်ပြေးလာပြီး တစ်လပြည့်တဲ့နေ့မှာတော့ သကြားမုန့်ဖတ်ထုပ်ရောင်းရင်း မမျှော်လင့်ဘဲ ကားတိုက်ခံရတယ်လေ ... ဟွန်း ... ဖြစ်ချင်တော့ တိုက်မိတဲ့ ကားက ... မင်္ဂလာပွဲ တစ်ခုကိုလာတဲ့ သတို့သားနဲ့သတို့သမီးစီးတာတဲ့ကား ...”

“ဟင် ...”

ပန်းသစ်တော် တစ်ကိုယ်လုံး အေးစက်သွားသည်။

ဦးလရောင်ခေတ်ကတော့ နှုတ်ခမ်းလေးကို ဟွန့်ခနဲမဲ့ကာ နာကျင်စွာပြုံးလို့ ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

"သကြားမုန့်ဖတ်ထုပ် ပူပူလေးရမယ်နော် ... "

"သကြားမုန့်ဖတ်ထုပ် ... "

"သကြားမုန့်ဖတ်ထုပ် ပူပူလေးရမယ်နော် ... "

"သကြားမုန့်ဖတ်ထုပ် ... "။

လမ်းဗိုလ်က တောင်းကလေးကို ပခုံးစောင်းကလေးမှာ ထမ်းပြီး ... လမ်းသွယ်လေးထဲကနေ လမ်းမကျယ်ကြီးတစ်ခုပေါ်ကို ဖြတ်အကူး ... ။

ရောင်စုံစက္ကူလေးတွေ ... ဖဲပြားရောင်စုံလေးတွေနဲ့ အလှဆင်ထားတဲ့ နောက်ဆုံးပေါ်ကားလှလှလေးက ဖြတ်မောင်းလာတော့ ... ဒါကို သတိမထားလိုက်မိဘဲ လမ်းမပေါ်ကို တက်လိုက်မိတဲ့ လမ်းဗိုလ်လေးတစ်ယောက် ... ။

"ဒုန်း ... "

"ကျွီ ... ကျွီ ... "

"ဟာ ... တိုက်ပြီ"





"ကောင်လေးတစ်ယောက်ကို တိုက်သွားပြီဟေ့ ... "

"ကြည့်စမ်း ... ကားက အရှိန်မပြင်းလို့ ဘေးစောင်းလေးတိုက်ပြီး ... လဲသွားတာ ... "

"ဟဲ့ ... ဟဲ့ ... တိုက်မိတာ ... မုန့်ဖတ်ထုပ်ရောင်းတဲ့ ကောင်လေး ... "

"မုန့်ဖတ်ထုပ်ရောင်းတဲ့ ကောင်လေး ... "

အော်ရင်း ... ဟစ်ရင်း ... ပြေးလွှားဝိုင်းအုံလာသည့် လူတွေက ခဏလေးနဲ့ ကားဘေးပတ်ပတ်လည်မှာ ပြည့်သွားသည်။

ကြည့်လိုက်တော့ ... ကားဘေးမှာ တောင်းလေးကလွင့်ကျပြီး ... မုန့်ဖတ်ထုပ်ငလေးတွေက လမ်းပေါ်မှာ ပြန့်ကြဲလို့ ... ။

ဒါကို ... ရှုံ့မဲ့မဲ့ မျက်နှာလေးနဲ့ လမ်းပေါ်ကနေ အားယူပြီး ပြန်ထလာတာ လမ်းဗိုလ်လေးပါ ... ။

"အား ... "

ခြေထောက်လေးက နည်းနည်းမျက်သွားတော့ ထော့နဲ့ ထော့နဲ့လေးပေါ့။ ဘယ်သူ့မျက်နှာကိုမှ လှည့်မကြည့်ဘဲ လမ်းပေါ်မှာ ပြန့်ကြဲနေသည့် မုန့်ဖတ်ထုပ်လေးတွေကိုပဲ အားယူကာ လိုက်ကောက်ထည့်နေသည်။

မြင်လိုက်ရသူတိုင်း အံ့ဩရင်နင့်နေကြ၏။

သည်အထဲမှာ ပိုပြီး အံ့ဩသွားရတာက သတို့သားလောင်း ဦးနောင်နောင်အောင်နဲ့ မေဆိုသည့် သတို့သမီးလောင်းကလေးပင်။

"ဟာ ... ဘယ်သူလဲလို့ကြည့်စမ်း ... "

မေက မျက်လုံးပြူးသွားသလို ခမ်းနားတဲ့ မင်္ဂလာဝတ်စုံနဲ့ ဦးနောင်နောင်အောင် တစ်ယောက် ... လမ်းဗိုလ်လေးကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ အသက်မရှူနိုင်။ ပိုဆိုးသွားတာက လမ်းဗိုလ်လေးအကြောင်းကိုသိနေသည့် အရင်ရပ်ကွက်ဟောင်းက ဦးလေးကြီးတစ်ယောက်က ဝိုင်းအုံကြည့်နေသည့် လူအုပ်ကြီးထဲမှာ ပါလာခဲ့တာပဲဖြစ်သည်။

"ဟာ ... တိုက်မိတာ ဘယ်သူလဲလို့ ကြည့်နေတာ ... မင်းမင်း ... ကိုနောင့်သား လမ်းဗိုလ်မဟုတ်လား ... ဟောကောင် မင်းငါ့ကိုပြောစမ်း ... "

"ဟာ ... ဦးချစ် ... "

ဦးချစ်က ... အမေနဲ့အဖေ မကွဲခင် နေခဲ့တဲ့ရပ်ကွက်က ရပ်ကွက်လူကြီး။ ဖြစ်ချင်တော့ ... ကားပေါ်က သတို့သား နောင်နောင်အောင့်ကိုလည်း ဦးချစ်က မြင်သွားသည်။

"ကိုနောင် ... မင်း ... မင်းဘယ်လိုလုပ်တာလဲ ဟောကောင် ကားပေါ်ကဆင်းပြီး မင်းသားကို မင်းကြည့်လေ ... ကားနဲ့အတိုက်ခံရတာ မင်းရဲ့သားလမ်းဗိုလ်ကွ ... လမ်းဗိုလ်သိရဲ့လား ... ဒုက္ခပဲကွာ"

"ဒီ ... ဒီကိစ္စမှာ ခင်ဗျားဝင်မပါနဲ့ဗျာ သိလား ... ဦးချစ်၊ ကျွန်တော်က မင်္ဂလာပွဲကို သွားတော့မှာ ... "

"ဟောကောင် ကိုနောင် ... မင်းလူစိတ်ရှိရှိ စကားပြောနော် ဒီလမ်းဗိုလ်ဆိုတဲ့ကောင်လေးက မင်းနဲ့အိမ်ဖော်မ မွေးထားတဲ့သား ဒါကို ... စွန့်ပစ်ပြီးတော့ နောက်ထပ်မိန်းမတစ်ယောက်ကို မင်းက မင်္ဂလာဆောင်ချင်သေးတယ် ... မင်းမှာ ဖအေစိတ်ဆိုတာ မရှိတော့ဘူးလား ဟောကောင် ... "

"ဦးချစ်နော် ... ခင်ဗျား ကျွန်တော့်အရှက်ကိုမခွဲနဲ့နော်"

ဦးချစ်က ရပ်ကွက်လူကြီးပီပီ မဟုတ်မခံ ခပ်ပြတ်ပြတ်သမား





ဟုတ်တာမှန်တာ ပြောရမယ်ဆိုလို့ကတော့ ရပ်ကွက်ထဲမှာ တစ်ရွာလုံးနဲ့တစ်ယောက်ပဲ။

"ဟောကောင် ... ကိုနောင်၊ ဒါ ... မင်းအရှက်ကို ခွဲနေတာမဟုတ်ဘူးကွ သိလား ... ငါတို့တစ်ရပ်ကွက်လုံး သူ့အမေကိုလာရှာရင်းနဲ့ လမ်းဗိုလ်လေးက ပြောပြသွားလို့ မင်းတို့ရက်စက်ခဲ့တာကို သိပြီး အသည်းနာနေကြတာ၊ ဟွန်း ... မင်းတို့မှာ လူစိတ်ဆိုတာရော ရှိသေးရဲ့လားဟင် ကိုနောင် ... ချမ်းသာတဲ့အဖေနောက်ကို ထည့်လိုက်ရင် သူ့သားလေးကောင်းစားမှာပဲဆိုပြီး အိမ်ဖော်မက မင်းကိုကွာပေးလိုက်တာ ... အခုကြည့်စမ်း ... လမ်းဗိုလ်လေးကို သားအဖြစ်နဲ့မင်းတို့က အသိအမှတ်မပြုလို့ သူများအိမ်မှာနေပြီး အကျီအစုတ်လေးနဲ့ သကြားမုန့်ဖတ်ထုပ် လိုက်ရောင်းနေတာ"

ဒါကို နားထောင်ပြီး ရှက်ရှက်နဲ့တစ်ကိုယ်လုံးထူပူကာ ပေါက်ကွဲသွားရတာ သတို့သမီးမလေး မေပါ ... ကားပေါ်က ဖျတ်ခနဲဆင်းလိုက်ပြီး မုန့်ဖတ်ထုပ်တောင်းလေး ပွေ့ကိုင်ထားတဲ့ လမ်းဗိုလ်လေးဆီကို တည့်တည့်လျှောက်သွားကာ။

"နှင် ... နင် ... တော်တော်ဒုက္ခပေးတဲ့ကောင်လေး"

"နင့်ကြောင့် ... ငါတို့ဘယ်လောက်အရှက်ကွဲရပြီဆိုတာ နင်သိရဲ့လားဟင် ... ခုလည်း တမင်ငါတို့ကားလာနေမှန်းသိလို့ ကားတိုက်ချင်ဟန်ဆောင်ပြီး ပြဿနာရှာတာ ... ဒီလောက်လူသိထင်ရှားဖြစ်ထားမှတော့ နင့်အဖေကိုယူမိရင် ... တစ်နေ့မဟုတ်တစ်နေ့ နင့်ကိုသားပြန်တော်နေရမှာ သေချာတယ် ... ဖျက်တယ် ... ဖျက်တယ် ... ဒီမင်္ဂလာပွဲကို နင့်ကိုသားမတော်ချင်လို့ ငါအခုဖျက်တယ်"

"ဖျက်လေ ... ဘာဖြစ်လဲ ဟုတ်တယ် ... ဟိုမှာကြည့်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သတို့သားလောင်း ဦးနောင်နောင်အောင်က ကျွန်တော့်အဖေ ... မိန်းမတစ်ယောက်မဟုတ်ဘူး၊ နောက်ထပ် ဆယ်ယောက်ထပ်ယူသွားလည်း ကမ္ဘာပေါ်မှာ ဦးနောင်နောင်အောင်က ကျွန်တော့်အဖေပဲ ... ”

“ဟယ် ... ကြည့်စမ်း ... လက်တောင့်လောက်လေးနဲ့ လူကြီးစကားပြောတတ်လိုက်တာ ... ကဲ ... အဲဒါ ငါ့ကိုပမာမခန့် ပြန်ပြောဦး ... ပြန်ပြောဦး ... ”

“ဖြန်း ... ဖြန်း ... ”

“ဟာ ... ”

ဦးချစ် ... မျက်လုံးပြူးသွားသလို မေဆိုသည့် သတို့သမီးလောင်းကောင်မလေးက လူအုပ်ကြားထဲမှ တိုးထွက်ကာ အသင့်ထိုးရပ်လာသည့် တက္ကစီတစ်စီးပေါ် မျက်နှာထားတင်းတင်းနဲ့ပါ သွားသည်။

မင်္ဂလာပွဲလည်း ပျက်ခဲ့ပြီ။

ဦးနောင်နောင်အောင်လည်း အရှက်ရခဲ့ပြီ။

သည်တစ်ခါတော့ ဘယ်လိုပဲ အရိုက်ခံရ ခံရ ... လမ်းဗိုလ်လေး မျက်ရည်မကျတော့ပါ။ အဖေ့ကိုလည်း မကြည့်ဘဲ မုန့်ဖတ်ထုပ်တောင်းလေးကို ပုခုံးပေါ် ကောက်တင်လိုက်ကာ ... ချာခနဲ လှည့်ထွက်လာခဲ့တာ ခြေထောက် ... ထော့နဲ့ ထော့နဲ့လေးနဲ့။

“ဟယ် ... ကြည့်စမ်း ... ကောင်လေး လှည့်ထွက်သွားပြီ”

“တော်တော် သနားဖို့ကောင်းတဲ့ ကောင်လေး ... ”

“ဖအေက လူစိတ်မရှိတာ ... ”

“ကိုယ် ... နောက်မိန်းမလိုချင်တာနဲ့ပဲ ကလေးကို စွန့်ပစ်





ရတယ်လို့ ... ”

ဒါကို ... ဦးနောင်နောင်အောင် မကျေနပ်ပါ။

လမ်းဗိုလ်ဝင်သွားသည့် ရပ်ကွက်ထဲက လမ်းကြားလေးထဲသို့ လူအုပ်ကြီးကို ခြေရာဖျောက်ပြီး ကွေ့ပတ်လိုက်တော့ တစ်နေရာမှာ မိသွား၏။

ကြည့်လိုက်တော့ မုန့်ဖတ်ထုပ်သည်က လမ်းဗိုလ်တစ်ယောက်တည်းမဟုတ်။ လမ်းဗိုလ်ထက် အသက်ပိုကြီးသောကောင်လေးက တစ်ယောက်။

ဗန်ဒါပင်ကြီးတစ်ပင်ရဲ့အရိပ်အောက်မှာ သူတို့နှစ်ယောက်ထိုင်စကားပြောနေတာကို တွေ့လိုက်ရတာ ဖြစ်သည်။

“ဟာ ... ”

ဖအေကိုမြင်တော့ လမ်းဗိုလ်ကြောက်ပြီး မျက်နှာလေး ဖြူရော့သွားသည်။

“အဲဒါ ... အဲဒါ ... ကျွန်တော့်အဖေ ... ”

“ဟော့ကောင် ... ”

အော်လည်းအော် ကားတံခါးကိုလည်း ဆောင့်ဖွင့်ကာ သမ်းမပေါ်ကိုဆင်းလာ၏။ နေလုံးနီက ဘာမှန်းမသိဘဲ ကြောင်ကြည့်နေဆဲ။ ဦးနောင်နောင်အောင် ခြေလှမ်းတွေက လမ်းဗိုလ်လေးအနားကို ချက်ခြင်း ရောက်သွားသည်။

“မင်း ... မင်းဘာလုပ်သွားတာလဲ လမ်းဗိုလ် ... မင်း ငါ့ကို သော်တော် ဒုက္ခပေးတာပဲကွာ ... တောက် ... အခု မင်းကြောင့် မင်္ဂလာပွဲပျက်သွားပြီကွ ... ”

“သား ... သား ... ”



www.burmeseclassic.com

www.burmeseclassic.com



လက်ကလေးပိုက် ခေါင်းကလေးငုံ့ရင်း ထ,ရပ်လိုက်ရတာလည်း လမ်းဗိုလ်လေးပါ။

"ဟော့ကောင် ... ပြောစမ်း၊ ငါမင်္ဂလာဆောင်တော့မှာကို သိသိကြီးနဲ့ ဒီကားနဲ့တိုက်မိအောင် လမ်းကိုမင်း ... တမင်ဖြတ်ကူးလာတာမို့လား"

ဦးနောင်နောင်အောင်ရဲ့ ဒေါသတွေက ဘယ်လိုလုပ်ပြေနိုင်တော့မှာလဲ။

မကျေနပ်စိတ်ကြောင့် လမ်းဗိုလ်လေးရဲ့ အင်္ကျီကော်လံစကို ဆွဲချုပ်ကာ ရှေ့နောက်ယိမ်းထိုးသွားအောင် ကိုယ်လုံးလေးကို ကိုင်ဆောင့်ပစ်သည်။

မိမိရဲ့သားအရင်းသာဆိုလျှင် ဒီလိုလုပ်မလား။

မယ်မယ်ပြောသလို အကျင့်မကောင်းလို့ ခြံထဲကနေ အလုပ်အထုတ်ပစ်လိုက်တဲ့ မောင်မောင်ဦးဆိုတဲ့ကောင်နဲ့ အိမ်ဖော်မ ငြိစွန်းလိုက်တာကို မိမိကမသိဘဲ ခေါင်းဝင်ခံလိုက်သလို ဖြစ်သွားခဲ့တာလားဆိုတာလည်း မခွဲခြားနိုင်တော့တာမို့ ဦးနောင်နောင်အောင်အတွက် ဆုံးဖြတ်ရ ခက်သွားခဲ့ရတာပဲ ဖြစ်သည်။

"ဟော့ကောင် ... ငါပြောတာ မင်းနားလည်လားလမ်းဗိုလ် ငါ့မျက်နှာကို မင်းမော့ပြီး ရဲရဲတင်းတင်းကြည့်စမ်း၊ မင်းကြောင့် မင်းကြောင့် ... မိဘတွေက အမွေပြတ်စွန့်လွှတ်တာ ခံရတဲ့အထိ ငါဒုက္ခရောက်ခဲ့တာလေ၊ မင်းအမေကို လက်ထပ်ယူခဲ့မိလို့ အရက်သမားကြီးဘဝကို ငါရောက်ခဲ့တာလေ ... နောက်ဆုံးမှာ စဉ်းစားလိုက်တော့ မင်းဟာ ... ငါ့သားမဟုတ်ဘူးဆိုတာ တစ်နေ့တခြားငါပိုသိလာရတယ်၊ ငါ့ကို တစ်သက်လုံးဒုက္ခပေးလာတာလည်း မင်း





ပဲ ... "

"ဗျာ ... "

ငေးကြောင်ကြောင်လေး မော့ကြည့်လိုက်တဲ့ လမ်းဗိုလ်လေးရဲ့မျက်ဝန်းလေးထဲမှာ သိမ်ငယ်ခြင်းတွေနဲ့ စိတ်ခြောက်ခြားရခြင်းတွေက အပြည့်နေရာယူလို့ ... မငိုပါနဲ့လို့ ကိုကြီးနေလုံးနီက ဘယ်လိုပဲ ပြောခဲ့ ... ပြောခဲ့ စိတ်ထိခိုက်ကြေကွဲရလွန်းလို့ သူ့အလိုလို ပြည့်တက်လာတဲ့ မျက်ရည်တွေကို လမ်းဗိုလ်လေး ဘယ်လိုလုပ်တားဆည်းနိုင်တော့မှာလဲ။

ဦးနောင်နောင်အောင်က ကိုင်လှုပ်ဆွဲခါပစ်လိုက်လို့လည်း လမ်းဗိုလ်လေးကိုယ်က ရှေ့နောက်ယိမ်းထိုးကာ ခွေကျလုမတတ်ဖြစ်သွားသည်။ မျက်ဝန်းလေးတွေကလည်း ငေးကြောင်ကြောင်အားစက်စက်လေး ဖြစ်သွားရှာ၏။

"သား ... သားကို အဲလိုမပြောပါနဲ့ဖေဖေ ... သားကသားက ... ဖေဖေ့သားပါ ... "

"ဟော့ကောင် ... မင်းငါ့ကို အဖိုတွေမပြောနဲ့"

"အား ... "

ရင်ဘတ်လေးကနေ ဆောင့်တွန်းလိုက်တော့ ယိုင်လဲတော့မလိုဖြစ်သွားခဲ့ကာ နေလုံးနီ အချိန်မှီ နောက်ကနေ လှမ်းဆွဲလိုက်သည်သာပေါ့။

"ဟွန်း ... "

ဒါကိုတော့ နေလုံးနီ မခံချင်ပါ။

ဒီပွဲကို သူဘာမှဝင်မပြောဘဲ စောင့်ကြည့်နေခဲ့တာလည်းကြာပြီ။ မတရားလုပ်နေတာကို လက်ပိုက်ကြည့်မနေနိုင်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



နေလုံးနီရဲ့အကျင့်။

"ဦး ... သိပ်လွန်နေပြီဗျာ သိလား ... အိမ်ကနေ ထွက်ပြေးလာတဲ့လမ်းဗိုလ်လေးကို ဒုက္ခရောက်မှာစိုးလို့ ထိန်းသိမ်းစောင့်ရှောက်ထားတာ ကျွန်တော်ပါ ... သူ့ခမြာ ကားလည်းအတိုက်ခံရသေးတယ် ... ဦးကလည်း နောက်ကလိုက်လာပြီး ပြဿနာရှာသေးတယ်၊ ကိုယ့်သားအရင်းမဟုတ်ဘူးဆိုတဲ့ စွတ်စွဲချက်နဲ့ လမ်းဗိုလ်ကို ဆက်ပြီးအနိုင်ကျင့် နှိပ်စက်နေဦးမယ်ဆိုရင် ကျွန်တော် ဦးကို သည်းခံနိုင်မှာ မဟုတ်တော့ဘူး ..."

"ဟင် ... ဟော့ကောင် မင်းက ... ဘယ်သူလဲ"

"နေလုံးနီ ..."

"ဘာပြောတယ်ကွ ..."

"နေလုံးနီဆိုတဲ့ကောင်က လမ်းပေါ်မှာ သကြားမုန့်ဖုတ်ထုပ်ရောင်းပါတယ် ... ဒါပေမယ့် မဟုတ်မတရားတာ လုပ်လို့ကတော့ မိုးကိုလည်း မီးနဲ့တက်ရှို့တတ်တယ် ..."

"ဟား ... ဟား ..."

ဦးနောင်နောင်အောင် အော်ရယ်လိုက်မိတာ ခွက်ထိုးခွက်လန်။

"မင်း ... မင်းက ဘယ်ဆိုးလို့လဲကွဟင် ... နေလုံးနီ၊ ဒါဆို လမ်းဗိုလ်ကို ဒုက္ခရောက်မှာစိုးလို့ မင်းကခေါ်ထားတယ်ပေါ့၊ ဒီလိုခေါ်ထားပြီး လမ်းပေါ်မှာ သကြားမုန့်ဖုတ်ထုပ်လိုက်ရောင်းခိုင်းထားတယ်ပေါ့ ဟုတ်လား ... ဟား ဟား ... မင်း တော်တော်အပြောကောင်းတဲ့ကောင်ပါလားဟင် နေလုံးနီရ ... အခု ဒီကောင်လုပ်လို့ ငါ့မင်္ဂလာပွဲပျက်သွားပြီလေ ... အဲဒါကြောင့်မို့ ဒီကောင့်





နောက်ကို ငါလိုက်လာတာ၊ အဲဒါ ... ကြားထဲကနေ မင်းက ဘာဖြစ်လို့ မကျေမနပ်ဖြစ်နေရတာလဲ ..."

"သားကိုပစ်ပြီး နောက်မိန်းမယူဖို့ ဦးကကြိုးစားတာလေ၊ ဒါကိုတောင် ... တရားတယ်လို့ ဦးကပြောချင်သေးလို့လား ... လမ်းဗိုလ်လေးကလည်း ဦးတို့အသိုင်းအဝိုင်းတွေအားလုံးကို စိတ်နာနေပါပြီ ... ဟော ... အခုတောင် ပြောရင်းဆိုရင်း မျက်ရည်လေးသုတ်ပြီး လမ်းဗိုလ်လေးလှည့်ထွက်သွားပြီ၊ လမ်းဗိုလ် ... မင်းတစ်ယောက်တည်းမသွားနဲ့လေ ... ကိုကြီးပါ လိုက်ခဲ့မယ်"

"ဟင် ..."

ချာခနဲ လှည့်ထွက်သွားတဲ့ လမ်းဗိုလ်လေးကိုကြည့်ကာ ဦးနောင်နောင်အောင်ရဲ့ နှုတ်ခမ်းလေးတွေ မဲ့ကွေးလျှက်။

ဟွန်း ... မင်းစိတ်နာလည်း နာလေကွာ လမ်းဗိုလ်။

ငါကလည်း ... မင်းဘယ်ဘဝရောက်ရောက် မင်းကိုမေ့လိုက်ပါပြီ။

ဒီနေ့ကစပြီး အရာရာဟာ မင်းထိုက်နဲ့မင်းကံပဲပေါ့။

ဦးနောင်နောင်အောင်က စိတ်ပျက်စွာ ဒီလိုပဲတွေးလိုက်သလို လမ်းဗိုလ်လေးကလည်း တဟင့်ဟင့်လေးနဲ့ရှိုက်ငိုကာ မျက်ရည်လေးတွေကိုသုတ်လျှက်။

"ဟော့ကောင် ... လမ်းဗိုလ်၊ မင်း ... မင်း မငိုနဲ့နော် ... ငါသိတယ်၊ မင်းခံစားချက်ကို ငါနားလည်တယ် ... မင်းလှည့်ထွက်သွားတဲ့ ဓာတ်သိမ်းခန်းကို ငါကြိုက်တယ် ... ဘာလဲဟော့ကောင် အားလုံးကို မင်းမေ့ပစ်လိုက်ပြီ၊ ကိုယ့်ဘဝကိုယ် တစ်ကနေပြန်စမယ်ဆိုတဲ့ မာနနဲ့ မင်းလှည့်ထွက်သွားတာမို့လား ... ဟား ...



www.burmeseclassic.com

www.burmeseclassic.com



ဟား၊ အဲဒီလို မာနမျိုးရှိမှ နောက်ဆုံးတစ်နေ့မှာ မင်းအရမ်းချမ်းသာလာမှာလေကွာ … လှည့်မကြည့်နဲ့ … လှည့်မကြည့်နဲ့ … ဒီနေ့ကစပြီး ဘယ်သူ့ကိုမှ မင်းလှည့်ကြည့်နေစရာ မလိုတော့ဘူး၊ အရေးကြီးတာ တို့နှစ်ယောက်တောင်းထဲက သကြားမုန့်ဖတ်ထုပ်တွေကုန်ဖို့ အရေးကြီးတယ် … ”

“အဲဒါ … အဲဒါ … ကျွန်တော် သိပါတယ်ကိုကြီးရ အဟင့်”

“သိရင်လည်း … တော်တော့လေ … ”

“အဟင့် … ”

ရှိုက်လည်းရှိုက် မျက်ရည်လေးကိုလည်းသုတ်ရင်း လမ်းဗိုလ်လေးအော်လိုက်တာက …

“သကြား … သကြားမုန့်ဖတ်ထုပ် ပူပူလေး … ”

“အဟင့် … ဟင့် … ဟင့် … ”

“သိကြားမုန့်ဖတ်ထုပ် ပူပူလေး … ”

အခန်း ( ၁၈ )

“ဘုရားရေ … ရှင့်ဘဝက အဲဒီလောက်တောင် ခံစားခဲ့ရတယ်ဟုတ်လား … ဒါဆို ရှင် … တော်တော်ဘဝနာခဲ့တာပဲ … လောကကြီးထဲက လူတွေကိုလည်း ရှင်တော်တော်နာကျည်းခဲ့မှာပဲ … ကျွန်မ … ကျွန်မ … ရှင်ခံစားခဲ့ရတာတွေအားလုံးအတွက် ကိုယ်ချင်းစာပါတယ် … ကျွန်မသိချင်တာက အဲဒီလို ဆယ်နှစ်သားကျော်ကျော်အရွယ်လေးမှာ လမ်းပေါ်မှာ သကြားမုန့်ဖတ်ထုပ်လိုက်ရောင်းရင်း … ရှင့်ဘဝတွေဆက်ဖြစ်ပြီး ဒီလိုချမ်းသာလာခဲ့သလဲဆိုတာ သိချင်တာ … ရှင်ဆက်ပြောပါ … ရှင့်ဘဝကို ကျွန်မစိတ်ဝင်စားပါတယ် … ”

တကယ်လည်း ဦးလရောင်ခေတ် ပြောပြနေတဲ့ ဇာတ်လမ်းလေးကို ပန်းသစ်တော် စိတ်မဝင်စားဘဲ မနေနိုင်တော့ပါ။ အရောင်တွေ တလက်လက်ဖြာနေသည့် ဦးလရောင်ခေတ်ရဲ့ မျက်ဝန်းထဲမှာ အဆုံးမသတ်နိုင်သေးသည့် ဇာတ်လမ်းလေးတစ်ပုဒ်ရှိနေသေးတာလည်း ပန်းသစ်တော်သိနေသလို ခံစားလိုက်ရ၏။

ဦးလရောင်ခေတ်ကတော့ နာကျင်စွာ ပြုံးနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ကိုယ်ပြောပြမှာပါ ... ဒါတွေအားလုံးကို ပြောပြသင့်တဲ့အချိန်ကိုရောက်ပြီထင်လို့ ကိုယ်ဒီည ... မင်းကို ခေါ်လာခဲ့တာလေ၊ ကဲ ... မင်းဆက်နားထောင်သိလား ... ဒီဇာတ်လမ်းမှာ ကိုယ့်ကို ဒီဘဝရောက်အောင် အမိက ထိန်းကျောင်းပဲ့ကိုင်သွားခဲ့တာ ကိုကြီးနေလုံးနီပါ၊ သူက ... ကိုယ့်ထက် အသက်ရှစ်နှစ်လောက်ပိုကြီးတဲ့သူဆိုတော့ သူဘာလုပ်လုပ် ကိုယ်နဲ့ပဲအမြဲတွဲလုပ်ခဲ့တယ် ... ကိုယ့်ကိုလည်း သူ့ရဲ့ညီအရင်းအချာတစ်ယောက်လို သတ်မှတ်ပြီး ကိုယ့်ကိုတိုးတက်လာအောင် လမ်းပြခဲ့တယ်၊ ကိုယ်တို့ ဈေးရောင်းကြတယ် ... ပိုက်ဆံတွေစုကြတယ်၊ ဘယ်လိုအလုပ်မျိုးကကိုယ်တို့နှစ်ယောက်ကိုခေါ်မလဲ၊ ကိုယ်တို့ဝင်လုပ်ကြတယ်၊ နောက်တော့ ... ကိုကြီး နေလုံးနီက နိုင်ငံခြားသင်္ဘောလိုက်သွားတယ်၊ ကိုယ်အသက်ပြည့်တော့ ... ကိုယ့်ကို သင်္ဘောကနေ လိုက်ခဲ့ဖို့ လှမ်းခေါ်တယ် ... နိုင်ငံတွေ တစ်နိုင်ငံပြီးတစ်နိုင်ငံ ကိုယ်တို့ရောက်သွားတယ် ... အဲဒီမှာ ကိုယ်တို့ကံကောင်းသွားတာက အရမ်းချမ်းသာတဲ့ သင်္ဘောကုမ္ပဏီပိုင်ရှင် လင်မယားက ကိုယ်တို့နှစ်ယောက်ကို မွေးစားလိုက်တာပဲ ... အဲဒီမှာတင် ကိုယ်တို့နှစ်ယောက်ရဲ့ဘဝက အံ့ဩဖို့ကောင်းလောက်အောင် တစ်ဆစ်ချိုးပြောင်းသွားခဲ့တာ၊ သူတို့ရဲ့ထောက်ပံ့ကူညီမှုတွေနဲ့ စင်ကာပူမှာ ဖိမ်ခံသင်္ဘောလိုင်းတစ်လိုင်းကို ကိုယ်တို့ဖွင့်နိုင်ခဲ့တယ်၊ အဲဒီကစပြီး စီးပွားရေးလုပ်ငန်းနယ်ပယ်ဇုံမှာ ကိုယ်တို့ဝင်ဆန့်လာခဲ့တာ ... အခု မြန်မာပြည်မှာ လုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံလာနိုင်တာလည်း ဟိုဘက်နိုင်ငံတွေမှာ ရခဲ့တဲ့ အကျိုးအမြတ်တွေကြောင့် ရင်းနှီးမြှုပ်နှံလာနိုင်တာပေါ့၊ အခု ကိုကြီးနေလုံးနီက နော်ဝေမှာ ... ကိုယ်က မြန်မာနိုင်ငံမှာ"





"ဟင် ... ဒါဆို ရှင့်ရဲ့ ကျေးဇူးရှင် ကိုကြီးနေလုံးနီနဲ့ခွဲပြီး ရှင်တစ်ယောက်တည်း မြန်မာပြည်မှာ ဘာဖြစ်လို့ စီးပွားရေးပြန်လာလုပ်နေတာလဲ ..."

"ကောင်မလေးတစ်ယောက်ကို လက်ထပ်ယူဖို့ ရည်ရွယ်ချက်ရှိရှိနဲ့ ကိုယ်ပြန်လာခဲ့တာ၊ အဲဒီကောင်မလေးကို လက်ထပ်ယူချင်တာလည်း မခံချင်စိတ်နဲ့လက်ထပ်ယူချင်တာ၊ ကိုယ့်ကို အိမ်ဖော်မသားဆိုပြီး မတူမတန်သလို အဆင့်အတန်းခွဲခြားဆက်ဆံခဲ့တဲ့ မိန်းမတစ်ယောက်ကို အသေမုန်းပြီး အသေနာကျည်းခဲ့လို့"

"ဟင် ... အဲဒီမိန်းမက ဘယ်သူလဲ ..."

"ကိုယ့်ဖေဖေနဲ့လက်ထပ်ဖို့ကြိုးစားခဲ့တဲ့ မင်းမေမေ ..."

"ဘုရားရေ ..."

ပန်းသစ်တော်ကိုယ်လေး တစ်ပတ်လည်ပြီး သူနဲ့မျက်နှာချင်းဆိုင်ဖြစ်သွားရတဲ့အထိ မျက်နှာလေးကို လှည့်လိုက်ရပြီ။

"မေ ... မေမေဟုတ်လား ... ရှင်ပြောခဲ့တဲ့ဇာတ်လမ်းထဲက မေဆိုတာ၊ မှန်ဖတ်ထုပ်သည်လေး ... ရှင့်ကို လူလယ်ကောင်မှာ ပါးရိုက်ပြီး ထွက်သွားခဲ့တဲ့ မေဆိုတဲ့မိန်းမတစ်ယောက်ကို ရှင်ပြောနေတာလား ..."

"သိပ်သေချာတာပေါ့"

"ဘုရား ... ဘုရား ..."

ပန်းသစ်တော်တစ်ကိုယ်လုံး ကျောက်ရုပ်တစ်ရုပ်လို တောင့်တင်းကာ အေးစက်သွားသည်။

"ဟား ... ဟား ... မင်းအဲလို ... သွေးပျက်သွားတဲ့မျက်နှာလေးကို ကိုယ်ကြည့်ရတာ ... အရမ်းပျော်ဖို့ကောင်းတယ်ကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟား ... ဟား ... ”

“ရှင် ... ရှင် ... ”

ပန်းသစ်တော် ... ကြောက်ပြီး ခြေလှမ်းလေးတွေကို တစ်လှမ်းပြီးတစ်လှမ်း နောက်ဆုတ်လိုက်မိပြီ။

“မင်း ... မင်း ဒီအိမ်ထဲကနေထွက်ပြေးဖို့ မကြိုးစားနဲ့နော်၊ ခြံတံခါးတွေရော အိမ်တံခါး၊ တိုက်တံခါးတွေပါ သော့အထပ်ထပ်ခတ်ပြီးသား ... ဟား ... ဟား ... ကိုယ်ပြောမယ့်စကားလေးကိုတော့ ဆုံးအောင်မင်းနားထောင်လိုက်ပါဦး ... ပန်းသစ်တော်ရယ်”

ဦးလရောင်ခေတ်ကလည်း ပန်းသစ်တော် တစ်လှမ်းဆုတ်လျှင် သူက တစ်လှမ်းလိုက်တိုးသည်။ နောက်ဆုံးတော့ ... ပန်းသစ်တော်ကိုယ်လေး နံရံတစ်ခုမှာ ကပ်သွား၏။

“ရှင် ... ရှင် ... မေမေ့ကို မုန်းခဲ့နာကျည်းခဲ့တာနဲ့ပဲ ကျွန်မကို အတင်းအဓမ္မလက်ထက်ယူဖို့ကြိုးစားတာ ရှင်းမတရားတာဘဲ၊ ဒီကိစ္စကို မေမေသိသွားရင်လည်း ဒီမင်္ဂလာပွဲက ပျက်သွားမှာပဲ”

“အဲလိုဖြစ်သွားမယ်လို့ မင်းထင်သလား ပန်းသစ်တော် ... အဲလိုပျက်မသွားအောင် ဒီခြံထဲကနေ မင်းကိုပြန်မလွှတ်ဘဲ ငါသိမ်းပိုက်လိုက်မယ်ဆိုရင် မင်းဘာလုပ်မလဲ ... ”

လရောင်ခေတ်က ဘာကိုမှ ဂရုမစိုက်တတ်သလို မျက်နှာမျိုးနဲ့ ခပ်တည်တည်ခြိမ်းခြောက်လိုက်တာပဲဖြစ်သည်။ ဒါကို ... ပန်းသစ်တော်က နှုတ်ခမ်းလေးမဲ့ကာ ကြည့်လျှက်။

“ဟွန်း ... ကျွန်မကရော အဲလိုအသိမ်းပိုက်ခံသွားမယ့် မိန်းမတစ်ယောက်လို့ ရှင်ထင်နေသလား ဦးလရောင်ခေတ် ... အသေခံသွားမယ်သိလား ... ကျွန်မအချစ်ကို ရှင်ဘယ်တော့မှ မရစေရဘူး”





“မင်းမချစ်ပေမယ့် ကိုယ်ကတော့ မင်းကိုချစ်ပါတယ် ... ကိုယ် မြန်မာပြည်ကိုပြန်လာပြီးကတည်းက ဒေါ်မေမေသော်နဲ့ပတ်သက်နေသမျှ အချက်အလက်တွေကို စုံစမ်းနေခဲ့တာ၊ သမီးတစ်ယောက်ရှိနေခဲ့တာ သိခဲ့ပေမယ့် ... မင်းဖြစ်နေလိမ့်မယ်ဆိုတာ ကိုယ်လုံးဝမျှော်လင့်မထားခဲ့ဘူး၊ နောက်တော့မှ ... တက္ကစီကားလေးပေါ်မှာ ပါသွားတဲ့မင်းဟာ ဒေါ်မေမေသော်ရဲ့ တစ်ဦးတည်းသော သမီးဆိုတာ နောက်မှကိုယ်သိလာခဲ့ရတယ်၊ မင်းကိုစိတ်ထဲမှာ သိပ်ချစ်သွားခဲ့ပေမယ့် ရင်နာနာနဲ့ချစ်သွားရတဲ့ အချစ်မျိုးဖြစ်နေခဲ့တာ ... ကိုယ်ဝန်ခံပါတယ် ... ဘာပဲပြောပြော ဒေါ်မေမေသော်ကိုယ်တိုင် နှိမ်ချဆက်ဆံပြီး လမ်းပေါ်မှာပါးရိုက်သွားခဲ့တဲ့ အိမ်ဖော်မသား ... မုန့်ဖတ်ထုပ်ရောင်းခဲ့ရတဲ့ ကောင်လေးတစ်ယောက်ကို ဒေါ်မေမေသော်ရဲ့သမီးကိုယ်တိုင် လက်ထက်ယူလိုက်ရတဲ့အဖြစ်က တရားမျှတတယ်ထင်လို့ ကိုယ်မင်းဆီက လက်ထက်ခွင့်တောင်းနေတာပါ ... ”

“ရှင် ... အပိုတွေ ဘာမှမပြောနဲ့ ဦးလရောင်ခေတ် ... မေမေ့ကို နာကျည်းခဲ့တဲ့စိတ်နဲ့ ရှင် ... ကျွန်မကိုရအောင်လက်ထက်ယူပြီး တတိတိနဲ့နှိပ်စက်တော့မှာမို့လား၊ ရွှေခြေနင်းနဲ့စကြာယဉ်ပိုင်တဲ့ဘဝမှာ ရှင်ကျွန်မကို ဘယ်လိုပဲထားထား ရှင့်နှလုံးသားထဲမှာ လောင်နေတဲ့မီးက ကျွန်မကိုပါပြာချသွားမှာ အကောင်းဆုံးက ကျွန်မကို ဆန္ဒဆီပြန်ပို့ပေးပါ ... ”

“ဆန္ဒကို မင်းမေ့လိုက်တော့ ... ”

“ဘာပြောတယ် ... ”

သူ ... ပန်းသစ်တော်ရဲ့ ပုခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပစ်လိုက်ပြီး ...

"ရှင် ... ရှင် ... ကျွန်မအသားကို မထိနဲ့နော် ဦးလရောင်ခေတ် ..."

"ဟား ... ဟား ..."

သူမျက်နှာလေးမေ့လျှက် ရယ်ချလိုက်တာ မဆုံးနိုင်အောင်ပါ။

ပန်းသစ်တော် သူ့လက်တွေကို ဆွဲဖယ်ပစ်ဖို့ ကြိုးစားကြည့်တော့လည်းမရ။

"မင်း ... မင်း စိတ်လျှော့လိုက်တော့ သိလား ပန်းသစ်တော် ဒီနေ့ဒီအချိန်ကစပြီး ကိုယ်မင်းကို သိမ်းပိုက်လိုက်ပါပြီ ... ကိုယ် မင်းကို ပြန်မလွှတ်နိုင်တော့ဘူးဆိုတာ မင်းဖေဖေနဲ့မေမေဆီကို ကိုယ်ဖုန်းဆက်ပြီး အသိပေးလိုက်တော့မယ်"

"ရှင် ... ရှင် ဒီလိုနည်းနဲ့ ဆန္ဒနဲ့ကျွန်မကို ခွဲဖို့မကြိုးစားနဲ့နော် ကျွန်မ ဆန္ဒဆီကိုပဲ ပြန်သွားမှာနော် ..."

"အဟင့် ..."

လက်ခုံကလေးနှင့်မျက်ရည်ကိုသုတ်ချပစ်ကာ ပန်းသစ်တော် ရှိုက်ငိုတော့ ... သူက ဆုပ်ထားသည့် လက်တွေကို မလွှတ်သေးဘဲ ...

"မင်းတကယ်လက်ထပ်ရမှာ ကိုယ်နဲ့ပဲလက်ထပ်ရမှာ ... မင်းကို သိမ်းပိုက်ခွင့်ရှိနေတာလည်း ကိုယ်ပဲသိမ်းပိုက်ခွင့်ရှိနေတာ"

"အဲဒါ ... ကျွန်မ လက်မခံဘူး ..."

"ဟာ ... ပန်းသစ်တော် ..."

အော်လည်းအော် သူ့လက်ထဲကပါ ရုန်းထွက်ပြီး ဝင်ပေါက်





တံခါးကြီးဆီကို ပန်းသစ်တော်ပြေးသွားတော့ သူကပါ နောက်က ပြေးလိုက်လာပြီး ရှေ့ကနေ ပိတ်ကာရပ်ဖို့ကြိုးစားသည်။

"မင်း ... ဒီလိုမလုပ်နဲ့လေ ..."

"ရှင် ... ကျွန်မရှေ့ကနေ အခုဖယ်နော် ... ဦးလရောင်ခေတ် ကျွန်မက ရှင်သံပတ်ပေးထားတဲ့ ကစားစရာအရုပ်တစ်ရုပ် မဟုတ်ဘူး"

"ဖြောင်း ... ဖြောင်း ..."

သူ့လက်ခုပ်နှစ်ချက်ဆင့်ကာ တီးလိုက်တော့ အတွင်းခန်းဘက်ဆီမှ အသက်ကြီးကြီးအလုပ်သမား အမျိုးသမီးကြီးတစ်ယောက် ကပျာကယာ ပြေးထွက်လာ၏။

"ဟုတ်ကဲ့ ... အမိန့်ရှိပါ ..."

"ဒီမိန်းကလေးကို အပေါ်ထပ်က နားနေခန်းထဲခေါ်သွားပြီး သူနဲ့အတူ အနီးကပ်ထိန်းသိမ်းစောင့်ရှောက်ထားလိုက်ပါ ... သူလိုတဲ့ပစ္စည်းမှန်သမျှ ထုတ်ပေးပါ၊ ငိုနေရင်ချော့မော့နှစ်သိမ့်ပေးပါ ... ကျွန်တော်ပြောတာ သဘောပေါက်တယ်နော်"

"သဘောပေါက်ပါတယ် ..."

နှစ်ခါပြောစရာမလို။

ပေးလိုက်တဲ့အမိန့်ကို ခြံစောင့်အလုပ်သမား ဒေါ်မြသက်က နားလည်သဘောပေါက်ပြီးသား။ ဖွင့်မရတဲ့တံခါးကို ဆွဲဖွင့်တော့ရော တံခါးကအလွယ်တကူ ပွင့်သွားမှာမှမဟုတ်တာ။ သူစားပွဲကိုပြန်လာပြီး ဒေါ်မေမေသော့်ဆီ ဖုန်းခေါ်လိုက်၏။

"ဟဲလို ... အန်တီ ကျွန်တော် လရောင်ခေတ်ပါ"

"အို ... မောင်လရောင်ခေတ်၊ သမီး ... သမီးနဲ့တွေ့ခွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာ အဆင်ပြေရဲ့လား ... ”

တစ်ဖက်က ပြန်ပြောသံက စိတ်လှုပ်ရှားမှုများစွာနှင့် လှိုက်တုန်နေ၏။ တစ်ခုခုကိုလည်း ဒေါ်မေမေသော်က အရမ်းသိချင်နေပုံရသည်။

“ဟွန်း ... ဒီလိုပဲပေါ့အန်တီ၊ ကျွန်တော်ကတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါတယ်၊ အခု ... ကျွန်တော် စိတ်ကူးတစ်ခုရသွားလို့ ပန်းသစ်တော်ကို ကျွန်တော့်ခြံထဲမှာပဲ ခေါ်ထားလိုက်တော့မယ်၊ အပြင်ကိုပေးထွက်လိုက်ရင် နောက်တစ်ကြိမ် ထပ်ပြီး မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာကြောက်လို့ပါ ... ”

“ဟာ ... အဲဒါကောင်းတယ် မောင်လရောင်ခေတ်၊ အန်တီသဘောတူတယ် ... အန်တီလည်း အဲဒီကို လိုက်လာခဲ့မယ်၊ မင်္ဂလာပွဲကို ဘယ်လိုအကြောင်းမျိုးနဲ့မှ အန်တီတို့ဘက်က အပျက်မခံနိုင်ဘူး၊ မောင်လရောင်ခေတ် အခြေအနေတွေအားလုံးကို နားလည်တယ်နော် ... လူငယ်တွေဆိုတာက ကိုယ့်စိတ်ထဲမှာရှိသလို ဇွတ်တရွတ်မိုက်တတ်ကြတာ မောင်လရောင်ခေတ်ခြံထဲမှာ အန်တီအားလုံး စိတ်ချတယ် ... ”

“ကျေးဇူးတင်ပါတယ် အန်တီ ... ”

အပိုစကားတွေထပ်မပြောတော့ဘဲ ဖုန်းကိုပိတ်ချလိုက်သည်။

နားထဲမှာ ရှိုက်ငိုနေသည့်အသံကို ကြားလိုက်ရပေမယ့် မသိသလို မျက်နှာတစ်ဖက်လှည့်ကာ နောက်ထပ်ပြောရမည့် ဖုန်းတွေတစ်ခုပြီးတစ်ခု ဆက်တိုက်ခေါ်ချလိုက်၏။

ဒေါ်မြသက်ကတော့ စီစဉ်ထားတဲ့အတိုင်း အပေါ်ထပ်အိပ်





ခန်းဆီကို ပန်းသစ်တော်ကိုပါ ခေါ်ချသွားခဲ့ပြီ။

“ဘာမှအားမငယ်နဲ့နော် သမီးလေး ... မောင်လရောင်ခေတ်က သမီးလေးကို လက်ဖျားနဲ့တောင်လာမတို့စေရပါဘူး၊ ဒေါ်မြတာဝန်ယူတယ် ... အားလုံးကိုလည်း ဒေါ်မြသဘောပေါက်နားလည်တယ်၊ မငိုနဲ့ ... မငိုနဲ့ ... ညက တစ်ညလုံးလည်း သမီးလေးမအိပ်ခဲ့ရတော့ စိတ်လျှော့ပြီး ဒီအိပ်ရာပေါ်မှာ နားနားနေနေအိပ်လိုက် ... ”

“ဒီ ... ဒီ အိပ်ရာက ... ”

“ဒါ ... မောင်လရောင်ခေတ်က သူ့ချစ်သူမိန်းကလေးနဲ့ လက်ထပ်ပြီးတာနဲ့ အတူအိပ်ဖို့ ကြိုတင်ပြင်ဆင်ထားတဲ့ မင်္ဂလာခုတင်ပါ ... ”

“ဘုရားရေ ... ”

ပန်းသစ်တော် မင်္ဂလာခုတင်ကြီးကိုကြည့်ကာ ဘုရားတလိုက်မိရပြီ။ တစ်ကိုယ်လုံးလည်း ချွေးယိုင်ကာ နှုတ်ခမ်းတွေဖြူဖျော့အေးစက်သွားသည်။

“ဟင့်အင်း ... ဟင့်အင်း ... ဒီခုတင်ပေါ်မှာ သမီးမအိပ်ဘူးနော် အန်တီမြ ... သမီး သူ့ကိုဘယ်တော့မှ အရှုံးမပေးဘူး၊ ဒီခုတင်အောက်ကြမ်းပြင်မှာပဲ သမီးအိပ်မယ်”

စောင်တွေ ခေါင်းအုံးတွေအောက်ကို ဆွဲချပစ်သည်။

“ရမလား ... ရမလား သမီးကို သူဒီလိုသိမ်းပိုက်လို့ရမလား”

ဒေါ်လည်းပွသည်။

မျက်ရည်လည်းကျသည်။

ဒေါ်မြကတော့ အခြေအနေတွေအားလုံးကို ရိပ်မိသိရှိနေသ



www.burmeseclassic.com

www.burmeseclassic.com



လို၊ မျက်နှာလေးကပြုံးလျက်။

"သမီးလေးရယ် ... ဒီအပေါ်ထပ်မှာ သမီးလေးကြိုက်သလို နေခွင့်ရှိပါတယ်၊ မောင်လရောင်ခေတ်က သမီးလေးကို ပြန်မလွှတ်တော့တာ သူသိပ်ချစ်လို့နေမှာပါ ... "

"အိုး ... ဒါချစ်တာလားဟင် ... ဒေါ်ကြီးမြရဲ့ သမီးမှာ ချစ်သူရှိနေတာကို သိသိကြီးနဲ့ မတရားအနိုင်ကျင့်ပြီး ဒီခြံထဲကိုခေါ်လာတာ"

"မောင်လရောင်ခေတ်က ဒီလိုအနိုင်ကျင့်စော်ကားတတ်တဲ့ သူတစ်ယောက်မဟုတ်နိုင်ပါဘူး သမီးလေးရယ် ... ကဲ ... ကဲ မျက်ရည်လေးသုတ်ပြီး အိပ်လိုက်နော် သမီးလေး ... ခုလောလောဆယ် ဘာကိုမှ သမီးလေးမတွေးနဲ့ ... ဒေါ်ကြီးမြ သမီးလေးနားမှာ တစ်ချိန်လုံး ထိုင်စောင့်ပေးမယ်"

"အဟင့် ... ဒေါ်ကြီးမြ ထိုင်စောင့်လည်း သမီးကတော့ လစ်တာနဲ့ထွက်ပြေးမှာပဲ သမီးကို သနားရင် ကူညီပါနော် ဒေါ်ကြီးမြ ... သူ ... သူက မေမေ့ကိုမုန်းလို့ သမီးကိုလက်ထပ်ဖို့ကြိုးစားခဲ့တာ၊ လက်ထပ်ပြီးရင်လည်း တမြေ့မြေ့နဲ့ သမီးကို နှိပ်စက်တော့မှာ သိလား ဒေါ်ကြီးမြရဲ့ ... အဟင့် ... ဟင့် ... "

"စောစောက ပန်းချီကားကြီးတွေရှေ့မှာ ပြောနေတာတွေအားလုံး ဒေါ်ကြီးမြကြားပါတယ် သမီးလေးရယ် ... မောင်လရောင်ခေတ်နေရာကကြည့်မယ်ဆိုရင်လည်း အဖေနဲ့အမေနဲ့ဝေးပြီး ဒုက္ခရောက်လာခဲ့ရတာလေ၊ လောကကြီးတစ်ခုလုံးကို သူနာကျည်းခဲ့မှာပေ့ါ သမီးလေးကိုတော့ သူတကယ်ချစ်လို့ လက်ထပ်ချင်တာပဲနေမှာပါ ... အခုလည်း ဒီတစ်တိုက်လုံးမှာ ပြင်ဆင်ထားသမျှတော်





အားလုံးဟာ သမီးလေးအတွက်ပါ၊ ဟို ... ဗီရိုထဲမှာဆိုရင် နောက်ဆုံးပေါ်မိန်းကလေးဝတ် အထည်ဆန်းတွေမှန်သမျှ နိုင်ငံခြားကနေမှာပြီး အပြည့်အစုံထည့်ထားခဲ့တာ၊ ဒီဘက်ဗီရိုက သမီးလေးဝတ်ရမယ့် ရတနာပစ္စည်းမျိုးစုံထည့်ထားတဲ့ ဗီရို ... စိန်တွေ၊ ရွှေတွေ၊ ရတနာပစ္စည်းမျိုးစုံတွေ ဒီအထဲမှာ အဆင်သင့်အကုန်ပြင်ဆင်ထားပြီးသား ... "

"ဟင့်အင်း ... ဟင့်အင်း အဲဒါတွေအားလုံး ကျွန်မ ဘာတစ်ခုမှ မမက်ဘူး ဒေါ်ကြီးမြ ... ကျွန်မ ဦးလရောင်ခေတ်ကိုမုန်းတယ် အခုလောက်ဆိုရင် ဟိုမှာကျန်ခဲ့တဲ့ ကျွန်မချစ်သူက ကျွန်မအတွက်စိတ်ပူပြီးတော့ အရမ်းခံစားနေရတော့မှာ ... ကျွန်မ ... ကျွန်မကို ပြန်ခွင့်ပေးပါနော် ဒေါ်ကြီးမြ ... ကျွန်မ ပြန်ပါရစေ ဒေါ်ကြီးမြရယ်"

တစ်ပေါက်ချင်းပြုတ်ကျလာသည့် မျက်ရည်စက်တွေကိုသည်း ပန်းသစ်တော်ထိန်းမထားနိုင်တော့ပါ။ ခေါင်းလေးကို ဘယ်ညာခါယမ်းနေသည့် ဒေါ်ကြီးမြရဲ့ ပုံရိပ်ကလေးက ပန်းသစ်တော်ရဲ့ မျက်ဝန်းလေးထဲမှာ ဖြည်းဖြည်းချင်း မှုန်ဝါးလာလျက်။

ဆန္ဒရယ် ... ပန်းသစ်တော်ကို လာကယ်ပါဦး။

ဆန္ဒကိုပဲ ပန်းသစ်တော် အရမ်းချစ်ခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

"ဦးလရောင်ခေတ် ... ရှိလား ... "

"ခင်ဗျား ... တံခါးဖွင့်နော် ... "

"ကျွန်တော့်ချစ်သူကို ခင်ဗျားပိတ်လှောင်မထားနဲ့"

"ဒိုး ... "

"ဂျိုး ... "

ခြံတံခါးကြီးကို တဒုံးဒုံးထုပြီး အပြင်ကနေ ဆန္ဒအော်နေသည်။

တစ်နေကုန်စုံစမ်းရင်း လိုက်ရှာခဲ့ရသမျှ ညနေစောင်းမှောင်ချိန်ရောက်တော့မှ ပန်းသစ်တော်ရှိနေသည့်နေရာကို ဆန္ဒရောက်လာခဲ့ရတာပါ။ ညကလည်း တစ်ညလုံး မအိပ်ခဲ့ရတာမို့ တစ်ကိုယ်လုံး ကိုင်ရိုက်ခံထားရသလို နုံးခွေချိနဲ့ကာ ဆန္ဒပုံစံလေးက နွမ်းယိုလျှက်။

ဆံပင်ရှည်တွေက ပုခုံးစွန်းနှစ်ဖက်မှာ ကပိုကရိုလေး ဝဲဖြာကျနေသည်။ ဘာပဲပြောပြော ဦးလရောင်ခေတ်က ပန်းသစ်တော်ကို သူ့ခြံထဲမှာ ခေါ်ထားလိုက်ပြီဆိုသည့် သတင်းက ဆန္ဒကိုတုန်





လှုပ်ခြောက်ခြားစေခဲ့တာမဟုတ်လား။ ပန်းသစ်တော်ဟာ ဆန္ဒရဲ့ ယယ်ချစ်ဦးမို့ စွန့်လွှတ်ဆုံးရှုံးမခံနိုင်တာ ဆန္ဒက အသိဆုံး။

ဒီသတင်းကိုလည်း ကြီးကြီးသန်းကပေးလို့ ဆန္ဒရခဲ့တာလေ။ ဒီလိုရတော့မှ ...

သူငယ်ချင်းတွေကိုခေါ်ပြီး ပန်းသစ်တော်နောက်ကို ဆန္ဒလိုက်ခဲ့ရတာပေါ့။

"ဦးလရောင်ခေတ် ... "

"တံခါးဖွင့်ပါ ... "

"ဒိုး ... ဒိုး ... "

တံခါးကြီးကို အဆက်မပြတ်ထုရိုက်ရင်း အသံပေးအော်ဟစ်နေပေမယ့် ခြံထဲမှာ လှုပ်ရှားလာသည့် အရိပ်အယောင်လေးကိုပင် ဆန္ဒမတွေ့ရ။

တိုက်မြင့်ကြီးရဲ့ အပေါ်ထပ်မှာရော အောက်ထပ်မှာပါ မီးရောင်တွေ ထိန်ထိန်ငြီးနေတာကိုတော့ ဆန္ဒတွေ့နေရသည်။

"ဟိတ် ... ဘယ်သူလဲဟင် ... "

"ခြံပြင်ကနေ အော်နေတာ ဘယ်သူတွေလဲကွ ... "

ရုတ်တရက် ခြံမီးတွေ လင်းထိန်သွားသလို ခြံတံခါးဘက်ကို ပြေးလာရင်း အော်လိုက်သည့် ယောကျ်ားတစ်ယောက်ရဲ့ အော်ဟစ်လှမ်းမေးသံကိုပါ ကြားလိုက်ရသည်။

ဆန္ဒ ကြည့်လိုက်တော့ ...

သော့တွဲကြီးတစ်တွဲကိုကိုင်ကာ ခြံတံခါးဆီကို ပြေးလာနေသည့် လူကြီးတစ်ယောက်။

"ဦးလရောင်ခေတ်နဲ့တွေ့ချင်လို့ လာတာပေါ့ဗျ။ ဒါ ... ဒါ



www.burmeseclassic.com

www.burmeseclassic.com



ဦးလရောင်ခေတ်နေတဲ့ ခြံ ဟုတ်တယ်မို့လား ... ဦးလရောင်ခေတ် ဘယ်မှာလဲ ... ကျွန်တော် သူနဲ့တွေ့ချင်တယ်"

"မင်းနာမည် ဘယ်သူလဲ ..."

ခြံတံခါးကို ဖွင့်မပေးဘဲ အထဲကနေ ပြန်အော်မေးနေသည်။

"မင်းဆန္ဒ ..."

"ရတယ် ... ဦးညို ... ကျွန်တော်ရှင်းလိုက်မယ် ..."

"ဟင် ..."

ဦးညိုဆိုတဲ့ ခြံစောင့်အဖိုးကြီးနောက်မှာ တောင့်တင်းသော ကိုယ်ဟန်နှင့် မတ်မတ်တင်းတင်းလျှောက်လာနေတာ ဦးလရောင်ခေတ်။ သူကလည်း ခြံပြင်ကနေ အော်ဟစ်ဆူညံနေသည့် အသံတွေကြားလို့၊ အပေါ်ထပ်ကနေ ဆင်းလာတာပါ။

မင်းဆန္ဒတဲ့လား။

ဟွန်း ... မဆိုးပါဘူး။ ခြံရှေ့မှာ ဒီလိုလာအော်တာ ခံစားချက်တွေ ပေါက်ကွဲလာပြီဆိုတဲ့သဘောပေ့ါ။ ဘယ်သူတွေပါသေးလဲ ဟင်။ ဘော်ဒါတွေ ... တပွေ့တစ်ပိုက်ကြီးနဲ့ ... ကိုယ့်ခြံရှေ့မှာ မင်းပြဿနာလာရှာတာလား။

"ဆန္ဒ ..."

"ခင်ဗျား ... ခင်ဗျား ဘာလုပ်တာလဲဟင် ... ဦးလရောင်ခေတ် ... ပန်းသစ်တော်ကို ခင်ဗျားခေါ်ထားတယ်ဆိုလို့ ခင်ဗျားနောက်ကို ကျွန်တော်လိုက်လာတာ ... ကျွန်တော့်ချစ်သူ ပန်းသစ်တော် ဘယ်မှာလဲ ..."

"ဆန္ဒ ... ခြံရှေ့မှာ လာပြီး မင်းစွတ်အော်မနေနဲ့ ... ဒါ ဂုဏ်သိက္ခာနဲ့အဆင့်အတန်းနဲ့ ကိုယ်နေနေတဲ့ ရပ်ကွက် ..."





"ဘာပြောတယ်ဗျ ... ဂုဏ်သိက္ခာအဆင့်အတန်းနဲ့နေတဲ့ ရပ်ကွက် ဟုတ်လား ... ဟား ဟား ... ခင်ဗျား ရယ်စရာ ဟာသစကားတွေ မပြောနဲ့နော် ဦးလရောင်ခေတ် ... ချစ်သူရှိနေတဲ့ ကောင်မလေးတစ်ယောက်ကို အရှက်မရှိ သိက္ခာမရှိတဲ့မျက်နှာနဲ့ သိမ်းပိုက်သွားတဲ့လူတွေနေတဲ့ရပ်ကွက်လို့ ခင်ဗျားပြောလိုက်စမ်းပါဗျ ... ဟား ... ဟား ..."

ခြံတံခါးသံတိုင်တွေကို ခပ်တင်းတင်းဆုပ်ကိုင်ရင်း ဆန္ဒရယ်ချလိုက်တော့ ဦးလရောင်ခေတ်က ရီဝေကြေကွဲနေသည့် မျက်ဝန်းတွေနဲ့ ဆန္ဒကို မျက်တောင်ပင့်ကြည့်သည်။

"ဆန္ဒနော် ... မင်းကိုယ့်ကိုမလျှောင်နဲ့၊ ကိုယ် ... ဒီည မင်းကို ပြောပြစရာတွေအများကြီးရှိနေတာ မင်းရောက်လာတော့ ကိုယ့်အတွက်အဆင်ပြေသွားတာပေ့ါ၊ ကဲ ... မင်းခြံထဲကို ဝင်လိုက်"

ခြံတံခါးကြီးကို ဦးလရောင်ခေတ်ကိုယ်တိုင်ဖွင့်ပေးသည်။

"ခင်ဗျား ဘာပြောမှာလဲ ဦးလရောင်ခေတ် ... ဒီဇာတ်လမ်းမှာ ပန်းသစ်တော်ကို အရမ်းဖွဲ့လမ်းသွားလို့ လက်ထပ်ဖို့ကြိုးစားနေတာပါလို့ ... ခင်ဗျား ပြောဦးမှာမို့လား ... ခင်ဗျား ... အောက်တန်းကျနဲ့ ဦးလရောင်ခေတ်ရာ ... ယောကျ်ားပီပီသသနဲ့ ခင်ဗျားသတ္တိရှိတယ်ဆိုရင် ပန်းသစ်တော်ကို ကျွန်တော့်လက်ထဲ ပြန်ထည့်လိုက်ပါ ..."

"တီ ... တီ ..."

"ဟာ ..."

ကားဟွန်းသံကြားလို့ ဆန္ဒနောက်ကို လှည့်ကြည့်လိုက်တော့ ခြံတံခါးဝမှာ ကားကိုရပ်ရင်း ကားပေါ်က ဆင်းလာတာ ဒေါ်[illegible]မေ



www.burmeseclassic.com

www.burmeseclassic.com



သော်ပါ ...”

“ဘုရားရေ ... မင်း ... မင်းကပါ ဒီကိုရောက်နေတယ်ဟုတ်လား ... မင်းဆန္ဒ ...”

အားလုံး ဆိုမိကြပြီ။

ဦးလရောင်ခေတ်ကတော့ မဲ့ပြုံးလေးပြုံးကာ ပုခုံးလေးကို တွန့်လျှက်။

“ကဲပါ ... အန်တီ၊ အားလုံးအထဲရောက်မှ ရှင်းကြတာပေ့ါ ... ကျွန်တော် ... အားလုံးကို ဖိတ်ခေါ်ပါတယ် ...”

“မင်း ... မင်း ငါ့ကို တော်တော်ဒုက္ခပေးတယ်၊ ဒီလိုနေရာအထိ မင်းလိုက်လာရဲတာ ငါတော်တော်အံ့သြတယ် ... ငါ ... သမီးကို ရဖို့ မင်းခုထိ မျှော်လင့်နေတုန်းပဲလား မင်းဆန္ဒ ... ငါက ငါ့သမီးကို မောင်လရောင်ခေတ်လက်ထဲကိုတောင် အပ်ထားလိုက်ပြီလေ ... မင်းဆန္ဒရဲ့ ...”

ဆန္ဒဘာမှပြန်မပြောဘဲ နှုတ်ခမ်းလေးကိုပဲ ဂရုမစိုက်သလို မဲ့ပစ်လိုက်မိသည်။ ဒီညကတော့ ... ထောင်ပဲကျကျ၊ တန်းပဲကျကျ ဆန္ဒက အပြတ်ရှင်းတော့မှာ။

“ဟင် ... မောင်လရောင်ခေတ်၊ ဒီ ... ဒီ ... ပန်းချီကားကြီးတွေက ...”

ဧည့်ခန်းထဲအရောက်မှာတော့ နံရံထက်က ပန်းချီကားကြီးတွေကိုကြည့်ကာ ... ဒေါ်မေမေသော် အသက်မရှူနိုင်တော့သလို ဖြစ်သွားသည်။

နောက်က ဝင်လိုက်လာသည့် ဦးမောင်မောင်ပြုံးကတော့ ပန်းချီကားတွေကို တစ်ချက်လေးပဲ မော့ကြည့်ပြီး မျက်နှာကို ငိုက်





စိုက်ချလျှက် တစ်ဖက်လှည့်သွားသည်။

“အဟင်း ... ဒီအခန်းထဲကိုရောက်တာနဲ့ အန်တီအံ့သြသွားမယ်ဆိုတာ ကျွန်တော်သိပါတယ် ... ဒါ ကျွန်တော့်ဘဝရဲ့ ပုံရိပ်ပန်းချီကားတွေပါ ... ကျွန်တော်ငယ်ငယ်က အရမ်းဆင်းရဲခဲ့လို့ လမ်းပေါ်မှာ စွန်လိုက်ရင်း မုန့်ဖိုးရှာခဲ့တာ၊ လိုက်လို့ရတဲ့စွန်ကလေးတွေကို ပြန်ရောင်းခဲ့တာ ... အမေက အိမ်ဖော်မဖြစ်နေလို့ အဖေနဲ့ အမေကို အဖွားကခွဲခဲ့တာ ... အဖေနောက်ကို လိုက်ခဲ့ပြန်တော့လဲ အိမ်ဖော်မသားဆိုပြီး အဖွားကနှိမ်ခဲ့လို့ အိမ်ကထွက်ပြေးခဲ့တာ၊ အဖေယူမယ့်နောက်မိန်းကလည်း လမ်းပေါ်မှာ သကြားမုန့်ဖတ်ထုပ်လိုက်ရောင်းခဲ့တဲ့ ကောင်မလေးတစ်ယောက်ကို အဆင့်အတန်းခွဲပြီး ပါးရိုက်ခဲ့တာ၊ ဒါတွေကို မှတ်တမ်းတင်ထားတဲ့အနေနဲ့ ဒီပန်းချီကားတွေရေးပြီး အမှတ်တရ ချိတ်ဆွဲထားခဲ့တာပါ”

“ဘုရားရေ ... ဒါ ... ဒါဆို မင်းက ... မင်းက ...”

“ဟုတ်ကဲ့ ... ကျွန်တော့်ငယ်နာမည်ကတော့ လမ်းဗိုလ်ပါ”

“လမ်းဗိုလ် ...”

ဒေါ်မေမေသော် ဒီနာမည်လေးကို ကြားလိုက်တာနှင့် မျက်လုံးအစုံက ပြူးကျယ်ဝိုင်းစက်ကာ တစ်ကိုယ်လုံးကပါ အေးစက်တုန်ခါလို့သွားခဲ့ရပြီ။

“မင်း ... မင်း ...”

“ဟာ ... အန်တီ ... ကျွန်တော်ငယ်နာမည်လေးကို ပြောလိုက်တာနဲ့ အန်တီဘာဖြစ်လို့ ဒီလောက်မျက်နှာပျက်သွားရတာလဲ၊ ဒီနာမည်ကို အန်တီသိနေလို့လား ... ဒီနာမည်ကို အန်တီကြားဖူးနေလို့လား၊ ဟုတ်ကဲ့ ... ကျွန်တော်ငယ်ငယ်က အရမ်းဆင်းရဲခဲ့သလိုလူတွေရဲ့အထင်သေးတာ နှိမ်တာကို အရမ်းခံစားခဲ့ရပါတယ်အန်တီ၊



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ... ကျွန်တော့်အမေကိုယ်တိုင်က သူများအိမ် သူများခြံမှာ အဝတ်လျှော် ထမင်းချက် လုပ်ခဲ့ရတဲ့အိမ်ဖော်မဆိုတော့ ကျွန်တော်က အိမ်ဖော်မသားဖြစ်နေတာပေါ့၊ ဒီလိုအခြေအနေမျိုးမှာ အန်တီသမီး ပန်းသစ်တော်ကို ကျွန်တော်က လက်ထပ်ရမှာဆိုတော့ အန်တီ့ကို မျိုးရိုးမသန့်ခဲ့တာ ... ကျွန်တော် အားနာနေတာ အန်တီ ... ဟင်း ... ဟင်း ... ”

ခနိုးခနဲ့ရယ်လိုက်တဲ့ လရောင်ခေတ်ရဲ့ရယ်သံကိုလည်း ဒေါ်မေမေသော် ... နားမထောင်ရဲတော့သလို မျက်ဝန်းအကြည့်တွေကို ရင်ဆိုင်လိုက်ရမှာလည်း လိပ်ပြာမသန့်တော့သလို ဖြစ်သွားရသည်။ သို့သော် ... တုန်အက်လာသည့်အသံတွေကို ထိန်းကာ ဒေါ်မေမေသော် ပြန်ပြောလိုက်မိတာက ...

“မင်း ... မင်းက လမ်းဗိုလ်ဆိုရင် အန် ... အန်တီကို မင်းမှတ်မိရမှာပေါ့ ... အန် ... အန်တီက မေလေ ... မေ မင်းကို လမ်းပေါ်မှာ ကားနဲ့တိုက်မိရင်း မင်းဖေဖေနဲ့မင်္ဂလာပွဲကိုဖျက်ခဲ့တဲ့ မေလေ ... ”

“ဗျာ ... ”

မသိချင်ဟန်ဆောင်ပြီး လရောင်ခေတ် အံ့ဩဟန်ပြလိုက်ပြီ။

“အန် ... အန်တီက မေဟုတ်လား ... ဟာ ... အဲဒါဆို အန်တီ့ကို ကျွန်တော်သိတာပေါ့။ အန်တီပဲ ... ကျွန်တော့လို အိမ်ဖော်မသားကို သားတစ်ယောက်အဖြစ်နဲ့ လက်ခံအသိအမှတ်မပြုနိုင်ဘူးဆိုပြီး မင်္ဂလာပွဲကို ဖျက်သွားခဲ့တာလေ ... ဒါကို အခု ... သားမက်တစ်ယောက်အဖြစ်နဲ့ လက်ခံရတော့မယ်ဆိုတော့





သားမက်ဆိုတာလည်း သားပဲလေ အန်တီရဲ့ ... ဟား ... ဟား လောကကြီးက အရမ်းရယ်ဖို့ကောင်းလိုက်တာ အန်တီရယ် ... အန်တီအသိအမှတ်မပြုချင်တဲ့ အန်တီရဲ့သားတစ်ယောက်နေရာကိုမှ ကျွန်တော်က ရောက်လာခဲ့ရတယ်လို့ အန်တီရယ် ... ဟား ... ဟား ... ”

“ဟား ... ဟား ... ”

လရောင်ခေတ်က မသိချင်ဟန်ဆောင်ပြီး ရယ်ချလိုက်တာ တကယ့်ကို ခွက်ထိုးခွက်လှန်လေးပါ။ ဆန္ဒကတော့ ... သူတို့ဘာတွေပြောနေမှန်းမသိဘဲ မျက်နှာထားတည်တည်လေးနဲ့ ဆိုဖာဆက်တီထိုင်ခုံကြီးပေါ်မှာ ငြိမ်ငြိမ်လေးထိုင်နေခဲ့တာ ဦးမောင်မောင်ပြုံးတစ်ယောက်တည်းရယ်သာ ... မှန်ကြည့်စားပွဲပေါ်က ဂျာနယ်တစ်စောင်ကို ကိုင်ကြည့်တိုက်ပြန်ချလိုက်နှင့် ထိုင်ရမလို ထရမလိုဖြစ်နေသည်။

“မင်း ... မင်း ... ဟိုတုန်းက အန်တီပြောခဲ့တာတွေကို ဗွေမယူပါနဲ့နော် ... မောင်လရောင်ခေတ် ... မင်းကို အန်တီ တောင်းပန်ပါတယ်၊ အခုလည်း ... ပန်းသစ်တော်ရဲ့မေမေဟာ အန်တီမှန်း မင်းသိသွားလို့ မင်္ဂလာပွဲကိုတော့ မဖျက်လိုက်ပါနဲ့”

“စိတ်မရှိပါနဲ့အန်တီ ... ဝမ်းနည်းပါတယ်၊ ကျွန်တော် ... အန်တီ့သမီးကို လက်မထပ်နိုင်တော့ပါဘူး ... ”

“ဟင် ... မောင်လရောင်ခေတ် ... မင်းဘယ်လိုပြောလိုက်တာလဲ”

“ဒါ ... အိမ်ဖော်မသားတစ်ယောက်ဖြစ်နေလို့ ဒီစကားကို ကျွန်တော်ပြောလိုက်တာပါ ... အန်ကယ်ကိုလည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်၊ အန်ကယ့်ဇနီး ဒေါ်မေမေသော်က ကျွန်တော်ဆယ်နှစ်သားအရွယ်လောက်မှာ အိမ်ဖော်မသားဆိုပြီး ကျွန်တော့်ကို နှိမ်ချခဲ့တာ၊ ကျွန်တော်မမေ့နိုင်လို့ပါ ... အန်ကယ်ရယ်၊ မရှိဆင်းရဲတဲ့ဘဝမှာရောက်နေလို့ သူများအိမ်မှာ အဝတ်လျှော် ထမင်းချက်လုပ်ခဲ့ရတာ လူတောထဲမတိုးရဲတဲ့အထိရောက်အောင် အထင်သေးနှိမ်ချစရာလားအန်ကယ် ... ”

“ဟို ... ဟိုလေ လမ်းဗိုလ်ဆိုတဲ့နာမည်လေးကို အကြောင်းတိုက်ဆိုင်လာတိုင်း မေပြောပြောနေလို့ အန်ကယ်လည်းသိထားတာ ကြာပါပြီ မောင်လရောင်ခေတ် ... မမျှော်လင့်ဘဲ မေပြောပြောနေတဲ့ လမ်းဗိုလ်ဆိုတာ မောင်လရောင်ခေတ်ဖြစ်နေတာကို သိလိုက်လို့ အန်ကယ်လည်း အံ့ဩရပါတယ် ... ဘာလဲဟင် မောင်လရောင်ခေတ် ... မေ ဒီလိုပြောခဲ့လို့ မောင်လရောင်ခေတ်ရင်ထဲမှာ နာကျည်းနေခဲ့တာလား ... ”

ဒီမေးခွန်းကိုနားထောင်ရင်း လှည့်မကြည့်ဘဲ နှုတ်ခမ်းတွန့်ပြုံးလိုက်တာ အတိတ်ကိုသတိရပြီး ရင်နာသွားရလို့ပါ၊ အဲဒီတုန်းက မင်္ဂလာပွဲပျက်သွားလို့ လောကကြီးကိုစိတ်နာပြီး အရက်သောက်မူးယမ်းကားမောင်းရင်းနဲ့ ဖွားရော ဖေဖေပါ ကားတိုက်အက်စီးဒင့်ဖြစ်ပြီးဆုံးခဲ့တာ ... ဒီမေဆိုတဲ့ မိန်းမတစ်ယောက်ကြောင့်မဟုတ်ရင် ဘယ်သူ့ကြောင့်ဖြစ်ရတော့မှာလဲ၊ ကံကြမ္မာရဲ့ နတ်ဘုရားတွေဟာ ကောင်းသူကိုကယ်ပြီး မကောင်းသူကိုပယ်တတ်တာ လောကမမှုတာပေမယ့် လရောင်ခေတ် ဒီနေ့အထိ နာကျင်လာခဲ့ရတာလည်း မေဆိုတဲ့ မိန်းမတစ်ယောက်ကိုပါပဲ။

မေးခွန်းကို ချက်ခြင်းပြန်မဖြေသေးဘဲ ပန်းချီကားကြီးတစ်





ချပ်ကို လက်ပိုက်မဖြုတ်ဘဲ လရောင်ခေတ်က စူးစူးလဲ့လဲ့မော့ကြည့်သည်။ ဒေါ်မေမေသော်ဆီက ဟင့်ခနဲရှိုက်ငိုလိုက်သံကြားတော့ ထပ်ပြီးတော့မဲ့ကာ ပြုံးလိုက်မိသေး၏။

ပြီးတော့မှ ... ဦးမောင်မောင်ပြုံးဘက်ကို မဲ့ပြုံးလေးကိုဖြေချမပစ်ဘဲ နှုတ်ခမ်းပေါ်မှာ သည်အတိုင်းလေးချိတ်ကာ ...

“ဟွန်း ... နာကျည်းတာပေါ့ အန်ကယ် ... ဆင်းရဲလို့ ဒုက္ခရောက်လို့ လမ်းပေါ်မှာ သကြားမုန့်ဖတ်ထုပ်တောင်းလေးထမ်းပြီး လိုက်ရောင်းနေရတဲ့ ကောင်လေးတစ်ယောက်ကို လူလယ်ကောင်မှာ ပါးရိုက်ပြီး နှိမ်ချစော်ကားသွားတာ ဘယ်သူက မေ့နိုင်မှာလဲ”

“ဒါ ... ဒါဆို မောင်လရောင်ခေတ်က သမီးလေးနဲ့မင်္ဂလာပွဲကိစ္စကို တကယ်ဖျက်သိမ်းလိုက်တော့မှာပေါ့ ... ”

“ဖျက်တယ် အန်ကယ် ... ”

“အဟင့် ... မလုပ်ပါနဲ့ မောင်လရောင်ခေတ် ... ဟိုတုန်းက ဒုက္ခရောက်နေတဲ့ အိမ်ဖော်မသားပေမယ့် အခု မောင်လရောင်ခေတ်က အရမ်းချမ်းသာနေပြီလေ ... အန် ... အန်တီ့သမီးလေးကို နောင်ရေးစိတ်မပူဘဲ ချမ်းသာစေချင်လို့ မောင်လရောင်ခေတ်နဲ့ အန်တီသဘောတူခဲ့တာပါ မောင်လရောင်ခေတ်ရယ် ... အိမ်ဖော်မသားမကလို့ မကောင်းတာလုပ်စားတဲ့မိန်းမတစ်ယောက်ရဲ့ သားပဲဖြစ်ဖြစ်၊ မောင် ... မောင်လရောင်ခေတ်ကို အန်တီရဲ့သားတစ်ယောက်အဖြစ် အသိအမှတ်ပြုပါရစေ ... အဟင့် ... အဟင့် ... မောင်လရောင်ခေတ်ကို ... အန်တီပြောခဲ့တာတွေအားလုံး တောင်းပန်ပါတယ်မောင်လရောင်ခေတ်ရယ် ... အန်တီကို ဗွေမယူပါနဲ့”

ဒီစကားတွေနားထောင်ပြီး ဟားတိုက်လို့သာ လရောင်ခေတ် ရယ်ချင်နေမိပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း … မလုပ်ပါနဲ့အန်တီ … ကျွန်တော်က အန်တီပြော ခဲ့သလို အိမ်ဖော်မသားပါ၊ ပန်းသစ်တော်ကလည်း ကျွန်တော့်ကို မချစ်ပါဘူး … ဘယ်လောက်အထိ ကျွန်တော့်ကို ပန်းသစ်တော် နေသလဲဆိုရင် ဒီနေ့ … တစ်နေကုန် ဘယ်သူ့ကိုမှအဝင်မခံဘဲ အခန်းတံခါးကို အသေပိတ်ထားတယ်လေ … သူချစ်တာ မင်းဆန္ဒ ပါ၊ ဒါကြောင့်မို့ … ကျွန်တော်ဆုံးဖြတ်လိုက်ပါပြီ၊ သူတို့ချစ်သူခြင်း ပေါင်းရဖို့အတွက် ကျွန်တော် နောက်ဆုတ်ပေးလိုက်တော့မယ်"

"ဟာ … လက်မခံဘူး … လက်မခံဘူး၊ ဒါကို … အန်တီ ဘယ်လိုမှ လက်မခံနိုင်ဘူး မောင်လရောင်ခေတ် … အန်တီသဘော တူခဲ့တာ မင်းနဲ့ပဲသဘောတူခဲ့တာ … မင်းဆန္ဒလို အဆင့်အတန်းမရှိ တဲ့ ကောင်လေးလက်ထဲကို အန်တီအထည့်မခံနိုင်ဘူး"

"ဟာ … အန်တီ၊ ကျွန်တော်လည်း ဘာထူးလို့လဲ၊ ပိုက်ဆံ တွေချမ်းသာနေပေမယ့် ကျွန်တော်လည်း အိမ်ဖော်မသားပဲလေ အန်တီရဲ့ … ဟား … ဟား …"

"ဟင် … ဆန္ဒ …"

ရုတ်တရက် လှုပ်ရှားလိုက်တာ ဆန္ဒပါ။

သူတို့ဘာတွေပဲပြောပြော ဘယ်လိုပဲဖြစ်နေ ဖြစ်နေ အရေး ကြီးတာ ဆန္ဒဒီကိုလိုက်လာတာ ပန်းသစ်တော်နဲ့တွေ့ချင်လို့ပါ။ အလစ်မှာ အပေါ်ထပ်ကို ပြေးတက်တော့ ဒေါ်မေမေသော် မျက် လုံးပြူးသွားသည်။

"ဆန္ဒ …"

"ဆန္ဒ …"

ဘယ်သူအော်တာကိုမှ ဆန္ဒမကြား။

"ပန်းသစ်တော်ရေ …"





"ပန်းသစ်တော် …"

"နင် ဘယ်မှာလဲ …"

"နင် … ဘယ်အခန်းထဲမှာလဲ …"

"နင့်ကို ငါလိုက်ရှာနေတယ် ပန်းသစ်တော် …"

"နင် … အပြင်ကို ထွက်ခဲ့ပါ …"

တကြော်ကြော်အော်ရင်း အပေါ်ကို ဆန္ဒပြေးတက်သွား သည်။

ပန်းသစ်တော်ကလည်း ဆန္ဒအသံလေးကို ကြားလိုက်တော့ ကြမ်းပြင်ပေါ်မှာ ခွေခွေလေးလှဲအိပ်နေရင်းမှ ရုတ်တရက် ထ,ထိုင် လိုက်မိ၏။

"ဆန္ဒ … အခုအော်နေတာ ဆန္ဒလား …"

"ဟုတ်တယ် … ပန်းသစ်တော် … နင်ဘယ်မှာလဲ၊ နင်ဘယ် အခန်းထဲမှာလဲ … တံခါးဖွင့်ပါ … နင်နဲ့တွေ့ချင်လို့ ငါလိုက်လာ တာ"

ကြည်နူးရတော့မှာလား … ရင်နင့်ရတော့မှာလား။

ပန်းသစ်တော် တံခါးလော့ခ်တွေကိုဖွင့်ကာ အပြင်ကိုထွက် လိုက်မိပြီ။

"ဆန္ဒရယ် … နင် … နင် …"

ဝမ်းသာအားရ ပြေးဖက်လိုက်မိတာ ဘာကိုမှ သတိမရနိုင် တော့အောင်ပါ။

"အဟင့် … နင် ဆန္ဒ … ဆန္ဒ … ပန်းသစ်တော်ဆီကို လိုက်လာတယ်နော် … ဆန္ဒနဲ့ပန်းသစ်တော်မခွဲရတော့ဘူးနော်၊ ဒီ တစ်ခါဘယ်သူမှ လိုက်ရှာလို့မရအောင် အဝေးဆုံးတို့ထွက်ပြေးကြ



www.burmeseclassic.com

www.burmeseclassic.com



မယ်လေ ဆန္ဒ ... မကောင်းဘူးလား ... ”

ပန်းသစ်တော်က အရပ်ကလေး မမှီမကမ်းနဲ့ ခြေဖျားလေးထောက်ကာ ဖက်ထားတာကို ပြန်မလွှတ်သေးဘဲ အငမ်းမရမေးသည်။ ဆန္ဒ ဘာပြောရမှန်းမသိပါ။ ဝမ်းသာတာရော ဝမ်းနည်းတာပါ နှစ်ခုရောပေါင်းကာ ရင်ထဲမှာ တဖျတ်ဖျတ်ခါနေရတာမို့ နှုတ်ဖျားကနေ ပြောရမယ့်စကားတွေက ထွက်ကျမလာ။

“ပန်း ... ပန်းသစ်တော် ပြောနေတာ ဆန္ဒကြားရဲ့လား။ ဦးလရောင်ခေတ်ကို လက်မခံနိုင်လို့ တံခါးဖွင့်မပေးဘဲပိတ်ထားတာ အခုရော ... ဦးလရောင်ခေတ်ဘယ်မှာလဲ ဒီအပေါ်ကိုရောက်အောင် ဆန္ဒ ဘယ်လိုလုပ်တက်လာတာလဲ ... ”

“ဦးလရောင်ခေတ်ကိုယ်တိုင် ခြံတံခါးဖွင့်ပေးလို့ ဝင်လာတာ ... ”

“ဟင် ... ဦးလရောင်ခေတ်ကိုယ်တိုင် ဖွင့်ပေးတာ”

ရင်ဘတ်ခြင်းခွာပြီး ဆန္ဒမျက်ဝန်းတွေကို ပန်းသစ်တော်မော့ကြည့်သည်။ မယုံနိုင်အောင် ခံစားလိုက်ရပေမယ့် ခုချိန်မှာ မယုံလို့မဖြစ်အောင် ... ဆန္ဒက ပန်းသစ်တော်ရှေ့မှာ ရောက်နေခဲ့တာမို့လား။

ပုခုံးကိုလွှတ်ချပြီး ဆန္ဒခါးကို ပန်းသစ်တော်ပြောင်းဖက်သည်။

“သမီး ... ပန်းသစ်တော် ... ”

“ဟင် ... ”

အပေါ်ထပ်ကို စုပြုံပြေးတက်လာတာ ဖေဖေတို့ မေမေတို့ပါ။





ဦးလရောင်ခေတ်က သူတို့အားလုံးရဲ့နောက်မှာ ...

လူကြီးတွေရှေ့မှာမို့ နှစ်ယောက်သားတင်းကြပ်နေအောင် ဖက်ထားသည့်လက်တွေကို တစ်ပြိုင်တည်းလိုလိုမှာပဲ ပြန်လွှတ်လိုက်ကြသည်။ ဒေါ်မေမေသော်ကတော့ စားမတတ် ဝါးမတတ်မျက်လုံးတွေနှင့်ဆန္ဒကိုပဲ စိုက်ကြည့်ကာ ရှေ့ကိုတစ်လှမ်းချင်းတက်လာ၏။ ဦးမောင်မောင်ပြုံးက ကလေးတွေနားအထိ ဆက်မလိုက်လာဘဲ လှေကားထိပ်အစပ်မှာပဲ ရပ်ကျန်ခဲ့သည်။ ဘာမှမပြောချင်တော့သလို ခေါင်းကိုလည်း ငိုက်စိုက်ချပစ်၏။

“မင်း ... မင်း ... ဒီအပေါ်ကနေ အခုချက်ခြင်းပြန်ဆင်းစမ်း မင်းဆန္ဒ ... ”

အနားကိုရောက်လာပြီး ပန်းသစ်တော်နားကနေ အတင်းတွန်းဖယ်ပစ်ဖို့ ဒေါ်မေမေသော် ကြိုးစားသည်။ ပုခုံးကိုစုကိုင်ကာ ဆောင့်တွန်းလိုက်သလို သူ့သမီးလက်ကိုလည်း ဒေါ်မေမေသော် ဝင်ဆွဲသည်။

“မောင်လရောင်ခေတ်က နောက်ဆုတ်လိုက်ပြီပြောလို့ မင်းက အတင့်ရဲနေတာလား မင်းဆန္ဒ ... မင်းကြောင့် ဒီပွဲကို အပျက်မခံနိုင်ဘူးလို့ငါပြောနေတာ ပန်းသစ်တော်ကို ငါပေးစားမှာ လရောင်ခေတ်နဲ့ပဲ ပေးစားမှာ ... ”

“သမီး ... လက်မခံဘူးဖေဖေ ... ဦးလရောင်ခေတ်ကို သမီး မချစ်ဘူး၊ သူ့အကြောင်းကို မေမေမသိဘူးလား ... သူက လမ်းဗိုလ်လေ အိမ်ဖော်မသားဆိုပြီး မေမေအပျိုဘဝတုန်းက ပါးရိုက်ခဲ့တဲ့ လမ်းဗိုလ်လေ ... မေမေရဲ့ ... သူ ပန်းသစ်တော်ကို မေမေ့သမီး မှန်းသိသိကြီးနဲ့ လက်ထပ်ဖို့အတင်းကြိုးစားခဲ့တာ၊ မေမေ့ကို ခံချင်



www.burmeseclassic.com

www.burmeseclassic.com



လို့ မေမေ့ကို လက်စင်ပေးချင်လို့ တမင်ကြိုးစားခဲ့တာ ... ”

“ဟင် ... မောင်လရောင်ခေတ်ပြောတော့ ... ”

“အလကားမေမေ ... သူပြောတာကို မေမေမယုံနဲ့၊ သူ့ကို အိမ်ဖော်မသားဆိုပြီး မေမေက နှိမ်ခဲ့အထင်သေးခဲ့လို့ သမီးကို လက်ထပ်ယူပြဖို့ သူက ကြိုးစားခဲ့တာ၊ သမီးကိုရပြီးရင်လည်း အထက်စီးကနေ နှိပ်စက်တော့မှာ ... ”

“အို ... ကြည့်စမ်း ... ”

ဒေါ်မေမေသော် ရင်ထိတ်ခဲ့ရပြီ။

“မေမေရယ် ... အပေါ်ယံရွှေမှုန်ကြဲထားတဲ့ ပကာသန အဆောင်အယောင်တွေကို မေမေ မမက်မောစမ်းပါနဲ့၊ ဆန္ဒလို မေတ္တာစစ်မေတ္တာမှန်နဲ့ တကယ်ချစ်လာတဲ့ ကောင်လေးတစ်ယောက်ကိုပဲ မေမေရဲ့သားတစ်ယောက်အဖြစ်နဲ့ လက်ခံအသိအမှတ်ပြုပေးပါမေမေ ... ဦးလရောင်ခေတ်နဲ့ဆိုရင် စိန်စီတဲ့ ကြိုးပုခက်ပေါ်မှာ အိပ်ရမယ်ဆိုရင်တောင် မျက်ရည်စက်လက်နဲ့ သမီး အိပ်နေရမှာ ... ”

“ဟွန်း ... ”

ဒီစကားကို ပန်းသစ်တော်ပြောတော့ ဒေါ်မေမေသော် နောက်ကနေ နှုတ်ခမ်းလေးမဲ့ကာ လရောင်ခေတ် ပြုံးသည်။

“ဟုတ်လားဟင် ... မောင်လရောင်ခေတ် သမီးလေးပြောတာအမှန်တွေပဲလား ... ”

ဒေါ်မေမေသော် အားတုန့်အားနာကြည့်ရင်း မေးမိသည်။

“ဟုတ်ပါတယ်အန်တီရယ် ... ကျွန်တော် အန်တီကို အမှန်တွေပဲပြောလိုက်တော့မယ်၊ ဟုတ်တယ် ... ပန်းသစ်တော်ပြောသ





လိုပဲ အိမ်ဖော်မသားဆိုတဲ့ ရင့်သည်းတဲ့ နှိမ့်ချဆက်ဆံမှုတွေကို နာကျည်းခဲ့လို့ အန်တီသမီးကို ကျွန်တော်လက်ထပ်ယူဖို့ ကြိုးစားခဲ့တာပါကို ... သိသိကြီးနဲ့အန်တီက ပေးစားမယ်ဆိုရင်လည်း ကျွန်တော် ခြင်းဘဲ လက်ထပ်လိုက်ပါ့မယ် ... ”

“ဟာ ... ခင်ဗျားပြောတာ ကျွန်တော်လက်မခံဘူးနော် ဦးလရောင်ခေတ် ... နာကျည်းချက်တစ်ခုကိုအခြေခံပြီး အတ္တတွေကြီးမားစွာနဲ့ အပြစ်မဲ့ ဖြူစင်တဲ့နှလုံးသားတွေကို တိုက်ခိုက်ဖို့ ခင်ဗျား မကြိုးစားနဲ့ ... ပန်းသစ်တော်ဆိုတာ ကျွန်တော်သိပ်ချစ်ခဲ့တဲ့သူ ... ကျွန်တော်တို့နှစ်ယောက်ကို တစ်သက်တာဝေးအောင်လုပ်မယ်ဆိုရင် ခင်ဗျားကိုသတ်ပြီး ကြိုးစင်ပေါ်ကို ကျွန်တော်တက်မယ်”

“ဆန္ဒရယ် ... အဟင့် ... ဟင့် ... ဟင့် ... ”

မေမေလက်ထဲကနေ ပန်းသစ်တော် ရုန်းထွက်ကာ ဆန္ဒနောက်မှာ သွားရပ်သည်။

“သမီး ... လာစမ်း ... မေမေ့ဆီကိုပြန်လာစမ်း ... ”

ပန်းသစ်တော်ဒီလိုလုပ်တော့ ဒေါ်မေမေသော် ဇွေ့ဇွေ့ခုန်သွား၏။

“ဟင့်အင်း မေမေ ... သမီး မေမေ့ကိုလည်းမယုံတော့ဘူး၊ မေမေက သမီးနဲ့ဆန္ဒတို့ အတင်းခွဲတော့မှာ၊ ဒီတိုက်ကြီးထဲကနေ ဆန္ဒထွက်သွားရင် သူ့နောက်ကို သမီးလိုက်သွားတော့မယ် ... သမီးတို့နှစ်ယောက်က ငယ်ငယ်လေးကတည်းက အသည်းနင့်အောင်ချစ်လာကြတဲ့ချစ်သူတွေပါ မေမေရယ် ... ဆန္ဒနဲ့သမီးကို မခွဲပါနဲ့၊ သမီးတောင်းပန်ပါတယ်နော် ... မေမေ ... အဟင့် ... ဟင့် ... ”



www.burmeseclassic.com

www.burmeseclassic.com



ပန်းသစ်တော် မျက်ဝန်းလေးထဲမှာ မျက်ရည်တွေက ချက်ခြင်း ပြည့်သွားသည်။

"တော်စမ်း ... ပန်းသစ်တော် ဒီအချိန်ရောက်မှ ဒီစကားတွေ လာမပြောနဲ့တော့ ... မင်းဆန္ဒဆိုတာ မေမေတို့နဲ့အဆင့်ခြင်းတူသလား ... မင်္ဂလာဆောင်ရင်တောင် သူများကသနားလို့ပေးနေထားတဲ့ခြံမှာ မုန့်ရောင်းစားရတဲ့ မိန်းမတစ်ယောက်နဲ့တွဲပြီး မင်္ဂလာစင်မြင့်ပေါ်ကို မေမေတက်ရမလား၊ မတန်မရာတွေ မေမေ့ကို လာမပြောနဲ့ ... မောင်လရောင်ခေတ်နဲ့ လက်ထပ်ဖို့ကိစ္စကိုပဲ မေမေစီစဉ်မယ် ... "

"ဒီလိုလုပ်ပါ အန်တီ ... ခဏနေရင် ကျွန်တော်နေတဲ့ဒီခြံကို အန်တီအရမ်းအထင်သေးခဲ့တဲ့ ကျွန်တော့်မေမေ ရောက်လာတော့မှာပါ ... ရောက်လာတာနဲ့ ခြံဝကနေထွက်ပြီး ကျွန်တော် မေမေကို ခြေသလုံးဖက်ပြီး အန်တီတောင်းပန်ပါ ... မေမေကလည်း အဲလို အထင်သေးခံ ... အနှိမ်ခံခဲ့ရလို့ အန်တီကိုအရမ်းမုန်းနေတာ၊ မေမေ ခွင့်လွှတ်ရင် ကျွန်တော်ခွင့်လွှတ်တယ် ... မေမေရဲ့ အဆုံးအဖြတ်ကို ကျွန်တော် နာခံမယ် ... "

"ဟင် ... ဒါဆို မောင်လရောင်ခေတ်ရဲ့မေမေက ဒီကမ္ဘာပေါ်မှာ ရှိသေးတယ်ပေါ့ ... ချမ်းသာလာတော့မှ ဒီမေမေကို မောင်လရောင်ခေတ် ပြန်ရှာတွေ့ခဲ့ပြီပေါ့ ... "

"ဒါပေါ့ အန်တီရယ် ... ကမ္ဘာပေါ်မှာ ကိုယ့်ကိုဝမ်းနဲ့လွယ်ပြီး မွေးခဲ့ရတဲ့အမေဆိုတာ နှစ်ယောက်မှမရှိနိုင်တာ ... မကြာခင် ဒီခြံကြီးထဲကို အချွေအရံတွေများစွာနဲ့ တခမ်းတနား မေမေရောက်လာတော့မှာပါ။ ဒီမေမေကို ကျွန်တော်ဘဝရဲ့ကျေးဇူးရှင် ကိုကြီး





နေလုံးနီကိုယ်တိုင် ဒီခြံကြီးထဲကို ခေါ်လာမှာလေ ... စောစောက ဖုန်းဆက်ထားတာတော့ နေ့လည်ထဲက မေမေ့ကိုခေါ်ပြီး အလှပြင်ပေးနေကြတာတဲ့ ... ဟွန်း ... မေမေက ဆင်းရဲလို့သာ ဟိုတုန်းက အိမ်ဖော်မလုပ်ခဲ့ပေမယ့် မာနကအရမ်းကြီးတာ သိလားအန်တီ"

"တီ ... တီ ... "

"ဟော ... ပြောရင်းဆိုရင်း ဖုန်းဝင်လာပြီ ... "

လရောင်ခေတ် ဟန်းဖုန်းလေးကိုဖွင့်ကာ နားထောင်လိုက်သည်။

"ဟဲလို ... ကိုကြီးလား ... "

ဖုန်းပြောနေတာ တကယ့်ကို စမတ်ကျတဲ့စတိုင်လ်လေးနဲ့ လရောင်ခေတ်က ပြောနေတာပါ။

"လာ ... ဆန္ဒ ... "

"ဟင် ... "

အားလုံး ဖုန်းပြောနေတဲ့အာရုံရောက်နေခိုက်မှာ ဆန္ဒလက်ကိုဆွဲပြီး အပေါ်ထပ်ကနေ ပြေးဆင်းခဲ့တာ ပန်းသစ်တော်။

"ဟင် ... ပန်းသစ်တော် ... "

ဒေါ်မေမေသော် အော်လိုက်သံက အထိတ်တလန့်လေးနဲ့ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားခဲ့ပုံပင်။

တားလို့လည်းမရ။

သူတို့နှစ်ယောက်နောက်ကို ပြေးလိုက်ဖို့လည်း ကိုယ့်မှာ မလွယ်။ ဒီကြားထဲ ဦးမောင်မောင်ပြုံးက ကလေးနှစ်ယောက်ကို ပိတ်မထားဘဲ ကိုယ်လက်ကိုပဲ လှမ်းဆွဲကာ တားလိုက်တာ[illegible] တော့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင် ... ရှင်ဘာလုပ်တာလဲ ဟိုမှာ ... ထွက်ပြေးကုန်ကြပြီလေ ... ရှင် ... ရှင် ... မတားဘဲ ဘာဖြစ်လို့ ဒီအတိုင်းရပ်ကြည့်နေတာလဲ"

"သွားပါစေမိန်းမရာ ... အရာရာကို ကံတရားက ဆုံးဖြတ်ပေးသွားမှာပါ"

"ဒုက္ခပါပဲ"

ဒေါ်မေမေသော် မျက်နှာပျက်ခဲ့ပြီ။

"ဩော် ... ဟုတ်ကဲ့ ကိုကြီး၊ ဒီမှာ ဦးမောင်မောင်ပြုံးရေ အန်တီ ဒေါ်မေမေသော်ပါ၊ အဆင်သင့်ရောက်နေပါပြီ၊ ကျွန်တော်တို့ ခြံဝကနေ စောင့်နေပါ့မယ် ... စိတ်ချပါ ... အားလုံးအဆင်ပြေပါတယ် ... "

ဖုန်းကို ပိတ်လိုက်ပြီးတော့မှ ဒီဘက်လှည့်ပြောသည်။

"ဟွန်း ... မေမေကတော့ အိမ်ဖော်မလုပ်စားခဲ့တာတောင် ကိန်းခန်းကြီးသလားတော့မမေးနဲ့ ... ကုမ္ပဏီမှာ ရှိသမျှ ဒါရိုက်တာတွေရော ရှယ်ယာရှင်တွေရော ကုမ္ပဏီရဲ့အချောအလှ ဝန်ထမ်းမိန်းကလေးတွေနဲ့ပါ ကားရှစ်စီးနဲ့ကို ခြံရံပြီး တစ်ခမ်းတနားလာနေတာတဲ့လေ ... "

"ပန်း ... ပန်းသစ်တော်က ဆင်းပြေးသွားပြီ မောင်လရောင်ခေတ်ရဲ့ ... "

"ဟွန်း ... ပြဿနာမရှိပါဘူး သူတို့ဘယ်လောက်ပြေးပြေး သူတို့နောက်ကို ကျွန်တော့်လူတွေက လိုက်သွားကြမှာ ... "

"အို ... တော်ပါသေးရဲ့ မောင်လရောင်ခေတ်ရယ်၊ ဒီလိုဟာကွက်မရှိအောင် ကွက်တိစီစဉ်ညွှန်ကြားတတ်လို့ ဒီလောက်ထိ





မောင်လရောင်ခေတ် ချမ်းသာလာခဲ့တာ၊ အန်တီကတော့ ... မောင်လရောင်ခေတ်မေမေရောက်လာတာနဲ့ အရင်ကပြောမှားဆိုမှား အထင်သေးခဲ့မိတာတွေကို ဒူးပဲထောက်ရထောက်ရ ခြေသလုံးပဲဖက်ရ ဖက်ရ ... သူကျေနပ်သွားအောင် အန်တီ တောင်းပန်မှာပါ မောင်လရောင်ခေတ်ရယ် ... ဒါ ... ဒါ ရှက်စရာမဟုတ်ဘူးလို့ ထင်တယ်နော်၊ ဒါ ... ရှက်စရာမဟုတ်ပါဘူးနော် မောင်လရောင်ခေတ်"

"လာ ... အန်တီ နောက်ထပ် ... ငါးမိနစ်လောက်ဆိုရင် ကားတွေစီတန်းပြီး ခြံဝကို ရောက်လာကြတော့မှာ အရေးကြီးတာ မေမေ ကျေနပ်အောင် အန်တီ့ဘက်က ပျော့ပျော့ပြောင်းပြောင်းလေးနဲ့ ခေါင်းလေးငုံ့ပြီး တောင်းပန်ပေးဖို့ပါပဲ ... "

"အို ... တောင်းပန်တယ် ... တောင်းပန်တယ်၊ ဒီမင်္ဂလာပွဲဖြစ်ဖို့ ဘယ်သူ့ကိုပဲ အောက်ကျခံ တောင်းပန်ရ တောင်းပန်ရ အန်တီ တောင်းပန်မယ် ... မောင်လရောင်ခေတ် ဘာမှမစိုးရိမ်နဲ့ အဲဒါတွေ အားလုံး အန်တီတာဝန်ထား ... "

"ဟွန်း ... "

နှုတ်ခမ်းလေးမဲ့ပြီး လရောင်ခေတ်ပြုံးလိုက်တဲ့ အပြုံးလေးရဲ့ အဓိပ္ပာယ်ကို ဘယ်သူကရော ခွဲခြားလို့သာနိုင်မှာတဲ့လဲ။ ကံကြမ္မာဆိုတဲ့အရာမျိုးကရော ထိန်းချုပ်သူမရှိဘဲ အလိုလိုလည်နေတဲ့ စက်ဝိုင်းတစ်ခုတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

ကားမီးရောင်တန်းတွေက ခြံတံခါးမြင့်မြင့်ကြီးဆီသို့ ဖြာကျကာ ဝင်းခနဲ ... ဝင်းခနဲ လက်လက်သွားသည်။ သူတို့လာကြပြီဆိုတာသိတော့ လှိုက်မောရင်ခုန်ခြင်းတွေက ရင်ထဲကိုသိသာစွာတိုးဝင်နေရာယူလာကြ၏။

စုစုပေါင်း အကောင်းစားအိစက်သော ကားတွေကပဲ ရှစ်စီးတိတိ။

ရှေ့ဆုံးမှာ နက်ပြာရောင်ဖိတ်ဖိတ်လက်သော ဆလွန်းကားလှလှလေးက ခြံတံခါးဝမှာပင် ကားကို ငြိမ့်ခနဲ ထိုးရပ်သည်။

"လာပြီ ... အန်တီ ... အန်တီ ဒီမှာပဲ ခေါင်းလေးငုံ့ပြီးရပ်နေနော် ... ကျွန်တော် ... မေမေနဲ့အန်တီကို မိတ်ဆက်ပေးမယ်"

လရောင်ခေတ်ရဲ့အပြုံးလေးက ကြည်စင်စွာ တောက်ပလျှက်။

ကားဆီကိုပြေးသွားပြီး ထိုင်စီးသူဘက်မှ နောက်ခန်းတံခါးကို သူကိုယ်တိုင်ဖွင့်ပေးသည်။ ခေါင်းငုံ့ထားဆိုပေမယ့် ဒီလိုကိန်းခန်းကြီးကြီးနှင့်တခမ်းတနားရောက်လာသည့် မောင်လရောင်ခေတ်ရဲ့





မေမေကို မကြည့်ဘဲလည်း ဒေါ်မေမေသော် မနေနိုင်ပြန်ပါ။

ကိုယ်ရပ်ခွင့်ပေးသည့်နေရာကလေးနှင့် အနည်းငယ်အလှမ်းကွာနေတာ မှန်သော်ငြားလည်း မျက်ဝန်းအကြည့်တွေက ကားတံခါးဖွင့်တာကိုပင် မစောင့်နိုင်တော့ဘဲ ကားရပ်ရာနေရာလေးဆီသို့ ရင်တထိတ်ထိတ်နှင့်ပင် ရောက်သွားခဲ့ရ၏။

"အို ... ကြည့်စမ်း ... "

သူက အနားကိုရောက်မလာခင် ပြုံးပြက်သော စိန်တွေဆီက အရောင်လက်လက်တွေ မျက်စိကြိမ်းလောက်အောင် ရောက်လာတာက ဒေါ်မေမေသော်ကို အသက်ရှုမှားအောင် စွဲဆောင်သွားသည်။

ခမ်းနားလိုက်တာ ...

ကျက်သရေရှိလိုက်တာ။

"ကိုမောင်ရယ် ... ဟိုမှာကြည့်ပါဦး မောင်လရောင်ခေတ်ရဲ့မေမေက နေတာထိုင်တာ ဝတ်တာစားတာကအစ ခေတ်မှီလိုက်တာနော် ... အရပ်ကလည်းမြင့်မြင့်လေးနဲ့ ရွှေကိုင်းပါဝါမျက်မှန်လေးနဲ့ဆိုတော့ ကြည့်ရတာ ကျက်သရေရှိလိုက်တာ၊ ကြည့်ပါဦး ကြည့်ပါဦး ... စိန်တွေဝတ်ထားတာလည်း ညွတ်နေလိုက်တာ၊ ဟင်း ဟင်း ... ဒါမျိုးမှ မေကလည်း ခမည်းခမက်တော်ချင်တာ၊ တောင်းပန်မယ် ... တောင်းပန်မယ် ... သမ္မာဒေဝနတ်အပေါင်းတို့ရှင့် တပည့်တော်မ အမိုက်အမဲလေးကို ဖွေမယူပါနဲ့၊ ခမည်းခမက်ကြီးကလည်း တပည့်တော်မ ပြောမှားဆိုမှားရှိခဲ့တာတွေအားလုံးအတွက် ခွင့်လွှတ်ပေးနိုင်အောင် နတ်ဒေဝါအပေါင်းတို့က တပည့်တော်မဘက်ကနေ ကူညီစောင့်ရှောက်ပေးကြပါ ... ဟင်း ...



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ... ”

ပင့်သက်ကိုချရင်း ဒေါ်မေမေသော် တဖွဖွရွတ်ကာ တိုင်တည်မိသည်။

တိုင်တည်ရင်လည်း ကားပေါ်ကဆင်းလာသည့် လူအုပ်ရဲ့တွေဘက်ကို မျှော်မျှော်ကြည့်ရတာအမော။ ဘယ်လိုပဲ မျှော်ကြည့်ကြည့် ... ဒေါ်မေမေသော်ရဲ့ မျက်ဝန်းအကြည့်တွေက မောင်လရောင်ခေတ်ရဲ့မေမေ့ဆီမှာပဲ သိမ်ငယ်စွာ ငေးဝဲနေရ၏။

“ဟာ ... မေ ... လက်အုပ်ချီမထားနဲ့လေ၊ ခမည်းခမက်ဖြစ်မယ့်သူတွေ ရှယ်တူခြင်းတွေ့တာ ဒီလောက်တောင် ကျွတ်နေစရာလား ... မင်းဟာက ... ”

ဦးမောင်မောင်ပြုံး မျက်စောင်းရှယ်လျှက် ဇနီးသည်ဖြစ်သူကို မကျေမနပ်လှမ်းသတိပေးသည်။ ဟုတ်တော့လည်းဟုတ်သား ဟိုက အနားကိုရောက်မလာခင် ကိုယ့်မှာက အိတ်ပဲပြေးဆွဲရတော့မလို ခြေသလုံးပဲပြေးဖက်ရတော့မလို ဖြစ်နေတာ။ ကားတွေ ခြံဝမှာ တစ်စီးပြီးတစ်စီး ထိုးရပ်လာကတည်းက၊ ဂဏှာမငြိမ်ဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုနေရမှန်းလည်းမသိ။

“မေသိပါတယ်ကိုမောင်ရယ် ... ဟိုတုန်းက မေပြောမိခဲ့တာတွေအတွက် အရမ်းအားနာနေလို့ ... နေရခက်နေတာ၊ ဟော ... ဟော ... ဟိုမှာ ... ဟိုမှာ ... ဒီဘက်ကိုလာနေပြီ ... ”

“ဟင် ... မေ ... ဒါ ... ဒါ ... ဘယ်သူလဲ၊ သူ့ကို ကိုမောင်မြင်ဖူးသလိုပဲ ... ”

“ဟုတ်တယ် ... ကိုမောင် မေလည်းတွေ့ဖူးသလိုပဲ”

“ထား ... ထားညိုလား ... ”





“ဘုရားရေ ... ”

ကြည့်စမ်း ... ဒေါ်မေမေသော်တို့ဘက်ကို အရွှေအရုံတွေခြံရံလျှက် တစ်လှမ်းခြင်းလျှောက်လာနေတာ ထားညိုမှ ထားညိုအစစ် ... ။

ဘယ်လိုဖြစ်တာလဲ။

ထားညိုလို မိန်းမတစ်ယောက်က မောင်လရောင်ခေတ်ရဲ့အမေတဲ့။ ဘုရား ... ဘုရား ... ရုပ်ခြင်းတူတာပဲဖြစ်ပါစေ ထားညိုမဖြစ်ပါစေနဲ့။

ထားညို မဖြစ်ပါစေနဲ့။

ယောက်ယက်ခတ်သွားသည့်ရင်ကို ထိန်းမရတော့သလို မျက်နှာတစ်ခုလုံးလည်း ဖြူဖျော့သွေးပျက်ကာ နေရာမှာတောင်ရပ်နေလို့မရတော့ပါ။

လူတွေအားလုံးကတော့ ဒေါ်မေမေသော်တို့ရှေ့ကို တစ်လှမ်းခြင်း လျှောက်လို့လာနေခဲ့ကြပြီ။

“အဟင်း ... ဟင်း ... ဟင်း ... ”

“ဘာလဲ ... မေသော်၊ တို့ကိုကြည့်ပြီး မေသော်အရမ်းအံ့သြနေတာလား။ ကံကြမ္မာဆိုတာ စက်ဝိုင်းလို တစ်ကျော့ပြန်ပြန်ပြီးလည်တတ်တဲ့အရာမျိုးလေ ... လရောင်ခေတ်ဆိုတာ အိမ်ဖော်မဆိုတဲ့ထားညို ပထမအိမ်ထောင်နဲ့ရခဲ့တဲ့ သားကြီးလမ်းဗိုလ်ပါ”

“ဟင် ... ”

ဒေါ်မေမေသော် ခပ်လိုက်မိတဲ့မျက်တောင်တွေ အောက်ကိုပြန်ကျမလာတော့ပါ။

“နေ့လည်ကပဲ သားလမ်းဗိုလ်က အိမ်ကိုလိုက်လာပြီး မအေ



www.burmeseclassic.com

www.burmeseclassic.com



ကိုဖက်ပိုင်လို့ ... ရှင်းပြခဲ့တာလေ ... ရုတ်တရက်ဆိုတော့ ခြောက်နှစ်သားအရွယ်လေးကတည်းက ကွဲကွာခဲ့ရတဲ့ သားလမ်းဗိုလ်ကို ထားညီလည်းဘယ်မှတ်မိပါ့မလဲ ... ခုတော့ ... ထားညီကို အလှပြင်ဆိုင်ခေါ်သွားပြီး ကုမ္ပဏီဝန်ထမ်းမိန်းကလေးတွေက အလှဖြင်ပေးနေလို့ ဒီကိုရောက်လာတာ နောက်ကျသွားတာ ... "

"အဟင့် ... မေ ... မေသော် ... မေသော် တောင်းပန်ပါတယ်ထားညီ ... "

"အို ... မေသော် ... "

ထားညီရဲ့ခြေသလုံးကို ဖက်တောင်းပန်ဖို့ ဖျတ်ခနဲ ... အားထောက်ထိုင်ချလိုက်တာလည်း ဒေါ်မေမေသော်ပဲဖြစ်ခဲ့ပြီး ဦးမောင်မောင်ပြုံးကတော့ သည်အတိုင်း တောင့်တောင့်ကြီးရပ်ကာ ခေါင်းငိုက်စိုက်ချလျှက်။

လက်နှစ်ဖက်စလုံးကို ကိုယ်ဘေးမှာဆန့်ကပ်ကာ စကားလည်း တစ်လုံးမှမပြောနိုင်။

"ဒီ ... ဒီလို မလုပ်နဲ့လေ မေသော် ... ထားညီ ... မေသော့်ကို ဖွေမယူပါဘူး၊ ထားညီဘဝနိမ့်ကျခဲ့လို့ လူတကာအထင်သေးတာကို ထားညီခံစားခဲ့ရတာ ... မေသော်ပြောခဲ့တာတွေအားလုံးအတွက် ထားညီ ခွင့်လွှတ်ပါတယ် ... "

"အဟင့် ... ဟင့် ... ထားညီရယ် ... နောက်ဆိုရင်လေ ဘယ်လိုနိမ့်ကျတဲ့လူမျိုးကိုမှ အဆင့်အတန်းခွဲပြီး မေသော်မဆက်ဆံတော့ပါဘူး၊ ဒီလိုဆက်ဆံမိခဲ့လို့ ... နာကျည်းစရာ ကြေကွဲစရာတွေဖြစ်ခဲ့တာတွေအားလုံးအတွက်လည်း မေသော် ... တောင်းပန်ပါတယ် ... အဟင့် ... မေသော့်ကို ခွင့်လွှတ်ပါနော် ... ထားညီ"





"ခွင့်လွှတ်ပါတယ် မေသော်ရယ် ... ထားညီ ခွင့်လွှတ်ပါတယ်"

ဒါကို လရောင်ခေတ်က ပင့်သက်ရှိုက်ရင်း ဒေါ်မေမေသော်ရဲ့ ပုခုံးလေးနှစ်ဖက်ကို အသာအယာထူမကာ ...

"ထပါ အန်တီ ... မေမေ့ကို ဒီလိုတောင်းပန်တာမြင်လိုက်ရလို့ ကျွန်တော်လည်း ခွင့်လွှတ်နားလည်နိုင်တဲ့ အင်အားနဲ့သတ္တိတွေရခဲ့ပါပြီ ... "

ဒေါ်မေမေသော် ငိုရှိုက်ရင်း သူ့လက်ထဲမှာပါလာခဲ့၏။

"တကယ်တော့ ဒီဇာတ်လမ်းမှာ ဗီလိန်ဇာတ်ရုပ်အဖြစ်နဲ့ဝင်ပြီး ကျွန်တော်က ပန်းသစ်တော်ကို ဟန်ဆောင်လက်ထပ်ဖို့ကြိုးစားခဲ့တာပါ။ ဒီလိုကြိုးစားမှ အလုပ်မလုပ်ဘဲ လမ်းပေါ်မှာလေလွင့်နေတဲ့ အမေတူဖအေကွဲ ကျွန်တော့်ညီလေးမင်းဆန္ဒ အလုပ်ကိုကြိုးစားလုပ်မှာလေ ... မြန်မာပြည်ကိုပြန်ရောက်လာကတည်းက ကျွန်တော်ရှာခဲ့တာ ကျွန်တော့်မေမေပါ ... တွေ့တော့လည်း မေမေဟာ သူများပိုင်တဲ့ခြံမှာ ခိုကပ်နေရပြီး ဒုက္ခရောက်နေတဲ့ အချိန်မှာ ကျွန်တော်ညီ မင်းဆန္ဒက ရည်းစားတစ်ယောက်ထားပြီး အနိုင်ကျင့်နှိပ်စက်နေတာ ကျွန်တော်တွေ့ခဲ့ရတယ် ... ဒါကို ကျွန်တော်လက်မခံနိုင်ခဲ့လို့ ကျွန်တော့်ညီကို လမ်းကြောင်းမှန်ပေါ်ရောက်အောင် တည့်ပေးချင်တဲ့ဆန္ဒနဲ့ သူမခံချင်ဖြစ်လာအောင် ချစ်သူအပေါ်မှာ တကယ်မြတ်နိုးတန်ဖိုးထားချစ်စိတ်တွေဖြစ်လာအောင် ပန်းသစ်တော်ကို တကယ်လက်ထပ်တော့မယ်ဟန်နဲ့ ဒီဇာတ်လမ်းမှာ ကျွန်တော် ပါဝင်လာခဲ့တာပါ ... "

"ဒါ ... ဒါဆို မောင်လရောင်ခေတ်က သမီးလေးပန်းသစ်



www.burmeseclassic.com

www.burmeseclassic.com



တော်ကို တကယ်ချစ်ခဲ့တာ မဟုတ်ဘူးပေါ့ ... ”

“ဟွန်း ... ကျွန်တော် ဘယ်လိုပြောရမလဲ ... ”

ဒီမေးခွန်းကိုတော့ လရောင်ခေတ်က အလွယ်တကူ မဖြေနိုင်ပါ။ ပန်းသစ်တော်ကို တက္ကစီကားလေးပေါ်မှာ စတွေ့ခဲ့စဉ်က ခံစားမှုတွေ အမြင့်ဆုံးကိုရောက်ခဲ့တာ မင်းဆန္ဒက အနိုင်ကျင့်နေတာကိုတွေ့ခဲ့တာ။ သူတို့နှစ်ယောက်ရဲ့နောက်ကြောင်း ရာဇဝင်ကို စုံစမ်းရင်း အမေ့ကို မမျှော်လင့်ဘဲ ပြန်တွေ့ခဲ့တာ။

ကိုယ့်ညီလေးဖြစ်နေမှန်းသိတော့မှ အချစ်ကိုမြှုသိပ်ခဲ့ရတာပါ။

“ဖြေလေ ... မောင်လရောင်ခေတ် ... ”

“ဝမ်းနည်းပါတယ်အန်တီ ... ဒီမေးခွန်းကို ကျွန်တော်မဖြေပါရစေနဲ့ ... ”

“ဟင် ... ဘာဖြစ်လို့လဲ”

“ကျွန်တော်က မင်းဆန္ဒရဲ့အစ်ကိုဖြစ်နေလို့ပါ ... ”

လရောင်ခေတ် ပြုံးလိုက်တာ နာကျင်စွာနဲ့ပါ။

“တကယ်တော့ ဒီဇာတ်လမ်းမှာ အရေးကြီးခဲ့တာ အန်တီဒေါ်မေမေသော်ကို ကိုယ်ချင်းစာခံစားနားလည်မှုတွေနဲ့ နောင်တရစေချင်ခဲ့တာပါ၊ ခုတော့ ... ညီလေးမင်းဆန္ဒကလည်း သူချစ်တဲ့မိန်းကလေးတစ်ယောက်ကို လက်ထပ်နိုင်ဖို့အတွက် အလုပ်ကိုကြိုးစားလုပ်တဲ့လူငယ်လေးတစ်ယောက်ဖြစ်လာခဲ့သလို သူချစ်သူကိုသူဘယ်လောက်ထိချစ်သလဲဆိုတာလည်း သက်သေပြနိုင်ခဲ့ပါပြီ၊ ဒီမြင်ကွင်းဟာ ကျွန်တော်သိပ်မြင်ချင်ခဲ့တဲ့မြင်ကွင်းပါ၊ ဒါကြောင့်မို့ ဒီဇာတ်လမ်းလေးရဲ့အဆုံးသတ်လေးကို ကျွန်တော် သိပ်ကိုကျေနပ်





ပါတယ် ... ”

“ဟာ ... လရောင်ခေတ် ... ဒါကို မကျေနပ်နဲ့ဦး၊ ကလေးနှစ်ယောက်နောက်ကို လိုက်သွားတဲ့လူတွေဆီက အခုပဲဖုန်းဝင်လာတယ်၊ ဗိုလ်တထောင်ကမ်းနားက ဆိပ်ခံဘောတံတားကြီးပေါ်မှာ မင်းဆန္ဒနဲ့ပန်းသစ်တော်ရောက်နေတယ်တဲ့ ... သူတို့နှစ်ယောက်ကိုခွဲတာနဲ့ ရေထဲခုန်ချပြီး နှစ်လောင်းပြိုင်သေပွဲဝင်ကြမလို့တဲ့”

“ဘာပြောတယ်ဗျ ... ကိုကြီး ... ”

ဦးနေလုံးနီပြုံးကြည့်နေတာ ခံစားချက်တွေများစွာနဲ့ပါ။

ဒီဘက်မှာ ခွင့်လွှတ်မှုတွေ နားလည်မှုတွေနဲ့ ပြေလည်သွားကြပေမယ့် အဖြစ်မှန်ဇာတ်လမ်းအမှန်ကို မသိကြသေးတဲ့ ချစ်သူနှစ်ယောက်အတွက်ကတော့ ဦးလရောင်ခေတ်ကိုပဲ အမှန်းကြီးမုန်းရင်း ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၁)

"ခင်ဗျားတို့နော် ... "

"ကျွန်တော်တို့နှစ်ယောက်အနားကို ဘယ်သူမှ မကပ်ကြနဲ့"

"ကပ်တာနဲ့ နှစ်ယောက်လက်ခြင်းတွဲပြီး ရေထဲကိုခုန်ချပစ်မယ်"

"ဒီဘဝမှာ မပေါင်းရလည်း နောင်ဘဝကျမှ ပေါင်းမယ်"

"အဟင့် ... ဟင့် ... ဟင့် ... "

"ပန်းသစ်တော် ... နင်မငိုနဲ့သိလား၊ နင့်ငါ့ကို တကယ်ချစ်တယ်မို့လား ... ချစ်ရင် ငါ့လက်ကိုဆွဲထား၊ ငါတို့ထွက်ပြေးလို့မရအောင် ဦးလရောင်ခေတ်က ထောင်ချောက်တွေဆင်ပြီး အကွက်စေ့စေ့နဲ့ပိတ်ဖမ်းထားတာ၊ ဒီလူလက်ထဲကို နင်ဘယ်တော့မှမပါစေရဘူး ... ငါလည်းဘယ်တော့မှ ဦးလရောင်ခေတ်ကို ဒူးမထောက်ဘူး"

"ဆန္ဒ ... မင်းအခုရပ်လိုက်စမ်း ... "

"ဟာ ... ဟိုမှာ ဦးလရောင်ခေတ်လိုက်လာပြီ"





ဘောတံတားအမှောင်ရိပ်ထဲကို လက်နှိပ်ဓာတ်မီးရောင်တွေ တဝင်းဝင်းနဲ့ဆင်းလာနေတဲ့လူနှစ်ယောက်၊ တစ်ယောက်ကိုမသိပေမယ့် တစ်ယောက်ကတော့ သေချာပါတယ်။ ဟွန်း ... ဘယ်သူဖြစ်ရမှာလဲ။

ဆန္ဒအရမ်းမုန်းတဲ့ ဦးလရောင်ခေတ်ပဲပေ့ါ။

"ခင်ဗျား ... ခင်ဗျား မလာနဲ့နော် ဦးလရောင်ခေတ် ... ခင်ဗျားကို အရမ်းမုန်းလို့ပြောနေတာ၊ ကျွန်တော်တို့နှစ်ယောက်ရှေ့ကနေ ခင်ဗျား ... အခုပြန်ထွက်သွား ... "

"ဆန္ဒရာ ... ကိုကြီးပြောမယ့်စကားကို ညီနားထောင်ပါဦး"

"ညီ ... ဟုတ်လား ... ဟား ... ဟား ... "

ဆန္ဒက ပန်းသစ်တော်လက်ကလေးကို ခပ်တင်းတင်းလေးဆုပ်ကိုင်ရင်း အရူးလေးတစ်ယောက်လို ရယ်ချလိုက်မိပါပြီ။

"ဟား ... ဟား ... "

ဆန္ဒက ခေါင်းလေးမော့ကာ ရယ်နေသလို ပန်းသစ်တော်က ဆန္ဒကိုယ်ကလေးနှင့်ကွယ်ကာ နောက်မှာ ပြေးရပ်သည်။ ပန်းသစ်တော် ... ရှင့်နောက်ကို ဘယ်တော့မှ ပြန်မလိုက်ဘူး ဦးလရောင်ခေတ် ... အချစ်ကို ငွေနဲ့သိမ်းပိုက်ချင်တဲ့ ရှင့်လုပ်ရပ်တွေကို ကျွန်မအရမ်းအော့နှလုံးနာတယ်။ ဆန္ဒပြောသလို ရှင့်ရဲ့အမိန့်တွေကို နာခံမယ့်အစား ဟောဒီနောက်က အမှောင်ရိပ်ရေပြင်ထဲကိုပဲ ကျွန်မတို့နှစ်ယောက်ခုန်ချမယ်။ ဒါ ... နောင်ဘဝအတွက်ပါ ကျွန်မတို့နှစ်ယောက်ရဲ့အချစ်တွေကို ဂုဏ်တွေ ငွေတွေ ပကာသနတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှခွဲလို့မရနိုင်တဲ့ နောင်ဘဝသစ်တစ်ခုဆီကိုပဲ ကျွန်မတို့ရောက်အောင်သွားမယ်။

"ဟား ... ဟား ... "

ဆန္ဒရယ်သံလေးက ဘောတံတားစွန်းထိပ်တစ်ဖက်မှာ လှိုင်တက်နေသည်။

ဟိုဘက်ကိုကြည့်လိုက်တော့ ရေပြင်ကျယ်ကြီး။ သူတို့နှစ်ယောက်အတွက် ပြေးစရာလည်းမြေမရှိတော့ပါ။ ထပ်ဆုတ်စရာလည်း ခြေတစ်လှမ်းစာလေးလောက်ပဲ ကျန်တော့သည်။ ပန်းသစ်တော်ကတော့ မထိန်းချုပ်နိုင်တော့သမျှ မျက်ရည်တွေကို တဟင့်ဟင့်လေးနဲ့ပဲ သွန်ချပစ်နေသည်။

"ခင်ဗျား ... ခင်ဗျား မရှက်ဘူးလား ဦးလရောင်ခေတ် ... ခင်ဗျားရဲ့ချမ်းသာသမျှစည်းစိမ်တွေနဲ့ ပုံလဲ လက်ထပ်ဖို့ကြိုးစားခဲ့လို့ ကျွန်တော်တို့ချစ်သူနှစ်ယောက် ဒီနေရာထိရောက်အောင် ထွက်ပြေးခဲ့ရတာလေဗျာ၊ ကျွန်တော်နောက်ဆုံးပြောခဲ့ချင်တာက ခင်ဗျားကိုအသေမုန်းတယ် ... ခင်ဗျားအလကားလူ၊ အရှက်သိက္ခာတစ်စက်မှ မရှိတဲ့လူ ... ခင်ဗျားအရူး၊ ပိုက်ဆံတွေချမ်းသာသလောက် သွက်သွက်ခါနေအောင် ရူးနေတဲ့အရူး ... ဟား ... ဟား"

ဆန္ဒအရမ်းမုန်းခဲ့လို့ နာနာကျည်းကျည်းပြောချလိုက်တာပါ။

ဒီလိုပြောပေမယ့် ဦးလရောင်ခေတ်ကတော့ နာကျင်မသွားခဲ့ပါ။ နောက်ထပ် ခြေလှမ်းတွေကိုလည်း ထပ်မတိုးတော့ဘဲ နှုတ်ခမ်းလေးမဲ့ကာ ပြုံးကြည့်လျက်။





"မင်း ... မင်း ပန်းသစ်တော်ကို သိပ်ချစ်သလားဟင် ဆန္ဒ"

"ဟာ ... ခင်ဗျားဘယ်လိုမေးလိုက်တာလဲ ... "

"ကိုယ်မေးတာ ရှင်းရှင်းလေးပါ ... "

"ခင်ဗျား ... ခင်ဗျား အခုမှလာပြီး အူကြောင်ကြောင် မေးခွန်းတွေလာမမေးနဲ့နော် ... ဦးလရောင်ခေတ်၊ ပန်းသစ်တော်ကို သိပ်ချစ်လို့ လက်ထပ်ယူနိုင်အောင်ဆိုပြီး ပောာဒီပုခုံးလေးတွေ စုတ်ပြဲနေအောင် အုတ်တွေသဲတွေ ဝင်ထမ်းခဲ့တာ ... ဒါကို ကုမ္ပဏီပိုင်ရှင်ကြီးခင်ဗျားက သူများချစ်သူကို အတင်းဝင်လုခဲ့တာလေ"

"ဒါဆို မင်းကကိုယ့်ကို သိပ်နာကျည်းနေတယ်ပေါ့ ... "

"ဟာ ... နာကျည်းတာတောင်မကဘူး ခင်ဗျား ... အသေသတ်ပစ်ချင်နေတာ"

"ဟွန်း ... ရတယ်လေ ... ဆန္ဒ ကိုယ်အခုလိုက်လာတာ မင်းတို့နှစ်ယောက်ကိုခွဲဖို့လိုက်လာတာ မဟုတ်ပါဘူး ... ဒါ ကိုယ်ပြောခဲ့တဲ့ဇာတ်လမ်းထဲက ကိုယ့်ရဲ့ကျေးဇူးရှင် ကိုကြီးနေလုံးနီပါ၊ သူက မင်းတို့နှစ်ယောက်လုံးနားလည်သွားအောင် ရှင်းပြပေးလိမ့်မယ် ... ဟုတ်ပြီနော် ... နားလည်သွားရင်သာ ကိုယ့်ကိုလိုက်မရှာကြပါနဲ့ ... "

"ဘယ် ... ဘယ်လို ... "

ဆန္ဒအံ့ဩသွားချိန်မှာပဲ ကိုကြီးနေလုံးနီဘက်ကို သူကလှည့်လိုက်ပြီး ...

"ကိုကြီးရာ ကျွန်တော်ခံစားချက်တွေအားလုံးကို ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါတယ်၊ ဒီညီနဲ့ညီမလေး နားမလည်နိုင်သေးတာကို ကိုကြီးကပဲ ကျွန်တော့်ကိုယ်စားရှင်းပြပေးပါ ... ကျွန်တော်စိတ်တွေ အရမ်းပင်ပန်းသွားလို့ တစ်နေရာရာမှာ လွတ်လွတ်လပ်လပ်က လေး သွားအနားယူပြီး ကျွန်တော် အိပ်စက်ပါရစေ ... ”

“လမ်းမိုလ် ... မင်း ... ”

ကြည့်စမ်း ... ဒီလိုသူဌေးကြီးဘဝရောက်နေတာတောင် ကိုကြီးနေလုံးနီက ဦးလရောင်ခေတ်ကို ခေါ်လိုက်တာ လမ်းမိုလ် တဲ့။

ခေါ်လိုက်ပေမယ့် ဦးလရောင်ခေတ်က လှည့်မကြည့်တော့ ဘဲ ဆန္ဒတို့နှစ်ယောက်ရှေ့ကနေ ချာခနဲ လှည့်ထွက်သွားခဲ့ပြီ။

“ဟုတ်တယ် ဆန္ဒ ... တကယ်တော့ လမ်းမိုလ်ကို မင်းတို့ အထင်လွဲနေတာပါ ... သူမြန်မာပြည်ကိုပြန်လာတာ သူခြောက်နှစ် သားအရွယ်က စွန့်ခွာခဲ့ရတဲ့အမေကို ရှာချင်လို့မြန်မာပြည်ကို ပြန် လာခဲ့တာပါ ... အမေကို ပြန်ရှာမတွေ့ခင်မှာ သူသိပ်ချစ်တဲ့ ကောင် မလေးတစ်ယောက်ကို တွေ့နေပြီလို့ ညစတေးလျှမှာ ရောက်နေ တဲ့ကိုယ့်ဆီကို ဖုန်းဆက်ပြောခဲ့တယ်လေ ... အဲဒါ ပန်းသစ်တော်ကို ပြောခဲ့တာပါ၊ တကယ်လည်း သူကပန်းသစ်တော်ကို သိပ်ချစ်ခဲ့တာ ဒါပေမယ့်ကွာ ... မမျှော်လင့်ဘဲ ဆန္ဒတို့အိမ်ကို လမ်းမိုလ်ရောက် သွားတော့မှ သူ့အမေကို လမ်းမိုလ်က ပြန်ရှာတွေ့သွားခဲ့တာ၊ အဲဒါ ဘယ်သူလဲဆိုတော့ ဆန္ဒအမေ ဒေါ်ထားထားညိုက ပထမအိမ် ထောင်နဲ့ညားခဲ့တဲ့ လမ်းမိုလ်ရဲ့အမေဖြစ်နေခဲ့တာလေ၊ ဆန္ဒနဲ့ဆိုရင်





မအေတူဖအေကွဲ ညီအစ်ကိုနှစ်ယောက်ပေါ့ ... ”

“ဗျာ ... ဦးလရောင်ခေတ်က မေမေရဲ့ပထမအိမ်ထောင်က မွေးခဲ့တဲ့သား ဟုတ်လား၊ ဒါ ... ဒါဆို ဦးလရောင်ခေတ်ပြောနေတဲ့ ဇာတ်လမ်းထဲက အိမ်ဖော်မဆိုတာ ကျွန်တော့်မေမေပေါ့ ... ”

ဆန္ဒမယုံချင်ပေမယ့် ယုံလိုက်ရပြီ။

အိမ်မှာဆို ဆန္ဒက မေမေရဲ့အကြီးဆုံးသားပေမယ့် မေမေ အမြဲခေါ်နေခဲ့တာက သားငယ်လေး ... သားငယ်လေးလို့ပဲ အမြဲ ခေါ်လာတာလေ၊ ကြည့်စမ်း ... မေမေ့မှာ သားကြီးတစ်ယောက်ရှိ ခဲ့လို့ ဆန္ဒကို သားငယ်လေးလို့ မေမေ အမြဲခေါ်ခဲ့တာပေါ့။

ဘုရား ... ဘုရား ...

ဦးနေလုံးနီ ဆက်ရှင်းပြနေတဲ့စကားတွေကိုလည်း ဆန္ဒရော ပန်းသစ်တော်ပါ နားထောင်နိုင်စွမ်းမရှိတော့ပါ။

“အဲဒါ ... ပန်းသစ်တော်ကို သိပ်ချစ်ခဲ့ပေမယ့် သူ့ညီလေးရဲ့ ချစ်သူဖြစ်နေလို့ သူကအားလုံးကို နှုတ်ဆက်ပြီး မြန်မာပြည်ကနေ ပြန်ထွက်သွားတော့မှာ ... လက်ရှိကုမ္ပဏီရဲ့ရှယ်ယာတွေအားလုံး ကိုလည်း သူ့အမေဒေါ်ထားထားညိုနာမည်နဲ့ အကုန်လွှဲခဲ့မယ်၊ ဆန္ဒ ကိုလည်း ကုမ္ပဏီရဲ့ဒါရိုက်တာအဖြစ်နဲ့ ရွေးချယ်တာဝန်ပေးခဲ့မယ်”

“ကျွန်တော် ... ကျွန်တော် ... ”

ဆန္ဒ ဘာမှမပြောနိုင်တော့ပါ။

ဦးလရောင်ခေတ်ကို တစ်ညလုံးပြန်လိုက်ရှာတော့လည်း ဘယ်မှာမှ အဆက်အသွယ်မရ။ ဟန်းဖုန်းကိုဆက်တော့လည်း ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားသည်လို့ပဲ ဆက်တိုက်ဖြေနေသည်။

နောက်ဆုံးတွေ့ခွင့်ရခဲ့တာ ...

မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အဦထဲမှာ ပါ။

အနောက်တိုင်းဝတ်စုံလေးကို ဝတ်ထားတဲ့ ကိုကြီးလရောင်ခေတ်တစ်ယောက် ပိုးပဝါဖြူလေးကို လည်ပင်းမှာပတ်လို့။

"ကိုကြီး ... "

ခေါ်သံကိုကြားပေမယ့် ကိုကြီးလရောင်ခေတ် လှည့်မကြည့်တာ ရင်နင့်နေလို့လား။ လေက တဟူးဟူးတိုက်နေတော့ လည်ပင်းမှာပတ်ထားသည့် ပိုးပဝါဖြူလေးက တဖျတ်ဖျတ်လှုပ်နေသည်။

"ကျွန်တော်နဲ့ပန်းသစ်တော် ကိုကြီးကို နှုတ်ဆက်ကန်တော့ချင်လို့လိုက်လာတာပါ ... "

ဆန္ဒက ကိုကြီးလရောင်ခေတ်နောက်ကနေ ခပ်တိုးတိုးလေး ပြောလိုက်ပေမယ့် ...

"ဟွန်း ... ဒီလိုနှုတ်ဆက်တာကို ကိုယ်မကြိုက်ဘူးညီ၊ နှုတ်ဆက်တယ်ဆိုတာ တစ်ခုခုကိုစွန့်လွှတ်တာ၊ တွယ်တာမြတ်နိုးမှုတွေအားလုံးကို နှုတ်ဆက်ပါတယ်ဆိုတဲ့စကားလေးတစ်လုံးနဲ့ ဖြတ်ချပစ်တာ ... ဖြစ်နိုင်ရင် ကိုကြီးကိုနှုတ်မဆက်ပါနဲ့၊ ညီသိပါတယ် ခြောက်နှစ်သားအရွယ်လေး လမ်းဗိုလ်ဆိုတဲ့ကောင်လေးကို လမ်းပေါ်မှာထားခဲ့ပြီး အားလုံးကစွန့်ခွာ နှုတ်ဆက်သွားကြတာ ... ကိုကြီး မျက်ရည်တွေ ဘယ်လောက်ထိကျခဲ့ရမလဲဆိုတာ ညီမျက်လုံးထဲမှာ မြေး





မြင်ပြီးတော့ ကြည့် ... ကြည့်စမ်း ... ဟော အခုလည်း အမေနဲ့ညီလေး ညီမလေးတွေကိုပြန်တွေ့ခဲ့လို့ ပျော်ရွှင်ရမယ်မှ မကြံရသေးဘူး၊ နှုတ်ဆက်ခွဲခွာဖို့ ဖြစ်လာခဲ့ရပြန်ပြီ ... "

"အဲဒါ ကိုကြီးက ပြန်ထွက်သွားတာလေ ... မြန်မာပြည်မှာ တစ်သက်လုံးနေလို့ ရပါလျက်နဲ့ ... ကိုကြီးပြန်ထွက်သွားတာ ကျွန်တော် နားမလည်ဘူး ... "

"ညီရယ် ... မျှော်လင့်ချက်မဲ့တဲ့ နေရာတစ်ခုမှာ ဘယ်သူကဆက်ပြီးတော့ ရှင်သန်ချင်မှာလဲ၊ ကိုကြီးဟာ မမျှော်လင့်ဘဲ သံပတ်ပေးခံထားရတဲ့ စက်ရုပ်တစ်ရုပ်ဖြစ်သွားပြီဆိုတာသိလို့ မြန်မာပြည်ကနေ ပြန်ထွက်သွားဖို့ ကိုကြီးဆုံးဖြတ်လိုက်တာပါ၊ ဒါပေမဲ့ ... အရိုးသားဆုံးဝန်ခံရရင် ကိုကြီးရဲ့အသည်းနှလုံးတွေ မြန်မာပြည်မှာကျန်ခဲ့ပါတယ်"

"ဟင် ... "

ဒီစကားလေးကြောင့် ပန်းသစ်တော် ရင်နင့်သွားသည်။

ဆန္ဒကလည်း နားလည်စွာ ပြုံးလိုက်၏။

"ကို ... ကိုကြီးက တော်တော်ခံစားချက်ပြင်းထန်တယ်နော်၊ အသည်းလည်း အရမ်းမာသလိုပဲ ... ဘာပဲပြောပြော ကိုကြီးရင်ထဲက စကားတွေကို ကျွန်တော် နားလည်ပါတယ်"

"ဆန္ဒ ... "

"ဟင် ... ဘာလဲ ပန်းသစ်တော် ... "

"ဆန္ဒခွင့်ပြုမယ်ဆိုရင် ကိုကြီးလရောင်ခေတ်နဲ့ပန်းသစ်တော်နှစ်ယောက်တည်း စကားပြောချင်တယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရပါတယ် ပန်းသစ်တော် ... ဒါ ငါ့ကိုကြီးပါ ... ဟွန်း ..."

ဆန္ဒက ခပ်လှမ်းလှမ်းက ခုံတန်းလေးမှာ တစ်ယောက် တည်းသွားထိုင်ပြီး စောင့်ပေးသည်။

ပန်းသစ်တော် ... ကိုကြီးလရောင်ခေတ်နောက်မှာပဲ ခြေ တစ်လှမ်းတိုးကာ ရပ်လိုက်မိ၏။

"ကို ... ကိုကြီးလရောင်ခေတ် ..."

"ပြောပါ ... ပန်းသစ်တော် မင်းဘာပြောချင်လို့လဲ ..."

"ကိုကြီးကို ပန်းသစ်တော် ဘယ်တော့မှ နှုတ်မဆက်ဘူး နော်"

"ကျေးဇူးတင်ပါတယ်"

"မြန်မာပြည်မှာကျန်ခဲ့တယ်ဆိုတဲ့ ကိုကြီးရဲ့အသည်းနှလုံး တွေကိုလည်း ရနိုင်သမျှ ပန်းသစ်တော်ရဲ့ အသည်းထောင့်လေးတစ် နေရာမှာ နောက်ထပ်ဘဝများစွာထိရှိနေအောင် ပန်းသစ်တော် သိမ်းထားပေးပါ့မယ် ... ဘယ်လိုအရောင်မျိုးနဲ့မှ ချယ်သဖန်ဆင်း လို့မရနိုင်တဲ့ အဖြူထည်သက်သက်အမြတ်နိုးရဆုံး ပစ္စည်းလေးတစ်ခု အနေနဲ့ပေါ့ ... တကယ်တော့ အချစ်ဆိုတာ ဘယ်တော့မှ နှစ်ခါပြန် စိုက်ခွင့်မရှိတဲ့ သစ်ပင်လေးတစ်ပင်ပါ ... တစ်သက်မှာ တစ်ခါပဲ စိုက်ခွင့်ရှိသလို ဘယ်တော့မှလည်း နှစ်ပွင့်ပွင့်ခွင့်မရှိပါဘူး"

"ဟွန်း ..."

မမြင်ရပေမယ့် ကိုကြီးလရောင်ခေတ်ရဲ့ နှုတ်ခမ်းလေးတွေ တွန့်ကွေးသွားလေမလား။





"အဲဒါကို နားလည်ပေးတဲ့အတွက် ကိုကြီးကိုလည်း ပန်းသစ် တော်က အမြဲထာဝရ ကျေးဇူးတင်သတိရနေမှာပါ၊ အားလုံးကို တရိပ်ရိပ်နဲ့ ပြန်တွေးကြည့်တော့မှ အဝါရောင်ပန်းစည်းလေးနဲ့လိုက် ခဲ့တဲ့ကိုကြီးကို လူလယ်ကောင်မှာ အရိုင်းစိုင်းဆုံးတုန့်ပြန်ခဲ့တာ ပန်း သစ်တော် နောင်တရမိပါတယ် ... ကြေကွဲဝမ်းနည်းနေတဲ့လူတစ် ယောက်ရဲ့မျက်လုံးထဲက ကဗျာတစ်ပုဒ်ကို အလွယ်တကူ ဘာသာ ပြန်ဖတ်နိုင်ဖို့အတွက် ကြေကွဲဝမ်းနည်းစွာ ခံစားတတ်တဲ့အသည်း နှလုံးတွေ လိုအပ်တယ်ဆိုတာလည်း ကိုကြီးနဲ့တွေ့မှ ပန်းသစ်တော် နားလည်ခဲ့ပါပြီ၊ ပန်းသစ်တော်ကို ... သိပ်ချစ်ခဲ့တဲ့ကိုကြီးရဲ့အချစ် တွေကို ဒီဘဝမှာ မတုန့်ပြန်နိုင်ခဲ့တာကိုတော့ ကိုကြီးခွင့်လွှတ်ပေး ပါ၊ ပန်းသစ်တော်ရဲ့ဆန္ဒက မြန်မာပြည်ကနေ ဖြူစင်တဲ့မေတ္တာ သင်္ကေတလေးကို ပန်းသစ်တော်လိုချင်ပါတယ် ... ဖြစ်နိုင်ရင် ကိုကြီးလည်ပင်းမှာပတ်ထားတဲ့ အဖြူရောင်ပိုးပဝါလေး ပန်းသစ် တော်ကို ပေးခဲ့ပါလားဟင် ကိုကြီး ..."

"ဘာ ... ဘာပြောတယ် ..."

"ပိုးပဝါလေးပေးခဲ့ပါ ကိုကြီးရယ် ..."

"အဟင့် ..."

တောင့်တောင့်လေးရပ်ရင်း ပန်းသစ်တော် ရှိုက်ငိုခဲ့ရပါပြီ။

ကိုကြီးလေယာဉ်ပေါ်တက်တော့ လက်တစ်ဖက်က ဆန္ဒ လက်ကိုကိုင်ရင်း လက်တစ်ဖက်က ပိုးပဝါလေးကို လေထဲမြှောက် ပြနှုတ်ဆက်နေမိတာ ပန်းသစ်တော်ပါ။ ဆန္ဒကတော့ ပန်းသစ်တော် ရဲ့ ပုခုံးလေးကို ခပ်တင်းတင်းလေးဖက်လို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကြီးထွက်သွားတော့မှ ချစ်သူရဲ့မျက်ရည်ဖြိုးဖြိုးလေးတွေကို ဆန္ဒက သုတ်ပေးရဦးမှာလေ။ သူငယ်ချင်းတွေကလည်း ချစ်သူနှစ်ယောက်ကိုကြည့်ကာ ဝမ်းသာဝမ်းနည်းမျက်ရည်စလေးတွေနဲ့။

တကယ်တော့ အချစ်ဆိုတာ ...

ရယူခြင်းလား ... စွန့်လွှတ်ခြင်းလားဆိုတာ မသိနိုင်ခင်မှာပဲ

ပြင်းထန်တဲ့ မိုးသက်မုန်တိုင်းတွေက တိုက်ခတ်သွားခဲ့တာပါ။

ဒါကို ... ကျော်လွှားနိုင်မယ်ဆိုရင်တော့ ...

ပျော်ရွှင်ခြင်း အလင်းတန်းလေးတွေက ချစ်သူတို့ရဲ့လက်တစ်ကမ်းအကွာမှာ အမြဲရှိနေမှာပဲ မဟုတ်ပါလား။

စာချစ်ပရိသတ်အပေါင်းကို
လေးစားချစ်ခင်ကျေးဇူးတင်လျှက် ...
လွှန်းတာမှီ

BURMESE CLASSIC .com

www.burmeseclassic.com